Strengthening Pre-service Teacher Education in Myanmar

# မြန်မာနိုင်ငံ လုပ်ငန်းခွင်အကြိုဆရာအတတ်သင် ပညာရေးအစီအစဉ်

## တတိယနှစ်၊ ဒုတိယစာသင်နှစ်ဝက်

# EDU3116
# သင်ရိုးညွှန်းတမ်းနှင့် သင်ပြနည်းဆိုင်ရာ လေ့လာမှုများ - လူမှုရေးဘာသာ

မူလတန်းအထူးပြု

ဆရာလမ်းညွှန်

# နိဒါန်း

လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ သင်ရိုးညွှန်းတမ်းတွင် သင်ရိုးညွှန်းတမ်းအညွှန်းဘောင်၊ သင်ရိုးမာတိကာများ၊ ကျောင်းသားကိုင်စာအုပ်များနှင့် ဆရာလမ်းညွှန်များ စသည်တို့ ပါဝင်သည်။ လေးနှစ်သင် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ အစီအစဉ်အတွက် သင်ရိုးညွှန်းတမ်းကို အခြေခံပညာ သင်ရိုးညွှန်းတမ်းနှင့် လိုက်လျောညီထွေမှုရှိစေရန်နှင့် ဆရာအတတ်သင် ကျောင်းသားများအား မြန်မာနိုင်ငံ မူလတန်းနှင့် အလယ်တန်းကျောင်း စာသင်ခန်းများတွင် ထိရောက်စွာ သင်ကြားနိုင်ရန် လိုအပ်သော တတ်ကျွမ်းမှုများ တတ်မြောက်သွားစေရန် စီစဉ်ရေးဆွဲထားပါသည်။ ဤသင်ရိုးညွှန်းတမ်းကို ဆရာတစ်ဦး အနေဖြင့် သိသင့်သည်များ၊ စာသင်ခန်းအတွင်း၌ လုပ်ဆောင်ရမည်များနှင့် ပတ်သက်၍ မျှော်မှန်းထားသည်များကို ရှင်းလင်းစွာ ဖော်ပြထားသည့် ဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက်အညွှန်းဘောင် (Teacher Competency Standards Framework – TCSF) အပေါ် အခြေခံ၍ ရေးဆွဲထားခြင်းဖြစ်ပါသည်။

ဤသင်ရိုးညွှန်းတမ်းကို ခရုပတ်ပုံ သင်ရိုးညွှန်းတမ်း ချဉ်းကပ်နည်း (Spiral Curriculum Approach) ဖြင့် ပြုစုထားပြီး ဆရာအတတ်သင် ကျောင်းသားများသည် မိမိတို့ သိထားပြီးသော အယူအဆ သဘောတရားများကို လေးနှစ်တာကာလအတွင်း၌ အပြန်ပြန်အလှန်လှန် လေ့လာကြရမည် ဖြစ်သည်။ ထိုသို့ ပြန်လှန်လေ့လာခြင်းဖြင့် ဆရာအတတ်သင် ကျောင်းသားများ၏ အသိပညာနှင့် နားလည်သဘောပေါက်မှုများ ပိုမိုနက်ရှိုင်း ကျယ်ပြန့်လာမည် ဖြစ်သည်။ ဤသို့ဖြစ်လာစေရန် လေးနှစ်သင် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ သင်ရိုးကို အပိုင်း (၂) ခုဖြင့် ပိုင်းခြားသတ်မှတ်ထားသည်။ ပထမအပိုင်း cycle 1 (ပထမနှစ် နှင့် ဒုတိယနှစ်) တွင် သင်ယူထားသည့် အယူအဆ သဘောတရားများအား ဒုတိယအပိုင်း cycle 2 (တတိယနှစ် နှင့် စတုတ္ထနှစ်) တွင် ပို၍နက်ရှိုင်းစွာ ပြန်လည်ထပ်ကျော့သွားမည် ဖြစ်သည်။ သို့မှသာ ဆရာအတတ်သင် ကျောင်းသားများသည် မိမိတို့ သင်ယူခဲ့ပြီးသော အယူအဆ သဘောတရားများကို ပြန်လည်လေ့လာနိုင်ခြင်း၊ လက်တွေ့လုပ်ကိုင် စမ်းသပ်နိုင်ခြင်း၊ စာသင်ခန်းအတွင်း လုပ်ဆောင်လေ့ရှိသည်များကို မိမိတို့ အတန်းဖော်များနှင့် ပြန်လည်ဝေမျှ ပြောဆိုနိုင်ခြင်း၊ မိမိတို့၏ သင်ကြားရေးကျွမ်းကျင်မှု အမျိုးမျိုးအနက်မှ အချို့သော အပိုင်းများကို ပိုမိုနက်နဲစွာ ဆင်ခြင်နိုင်ခြင်းများလည်း ရရှိလာနိုင်မည်ဖြစ်သည်။

ဤသင်ရိုးညွှန်းတမ်း၏ ဖွဲ့စည်းပုံသည် ဘက်စုံပေါင်းစပ်ထားသော ချဉ်းကပ်မှုပုံစံ (Integrated Approach) ဖြင့် ရေးဆွဲထားသောကြောင့် သင့်လျော်သော ကြိုတင်ပြင်ဆင်မှု၊ လက်တွေ့ အသုံးချမှုနှင့် အတွေ့အကြုံတို့ကို အထောက်အကူပေးသည့် သင်ယူမှုဖြစ်စဉ်မှတစ်ဆင့် ဘာသာရပ်ဆိုင်ရာ အသိပညာသင်ကြားရေးနှင့် ပညာရေးဆိုင်ရာသီအိုရီများကို နားလည် သဘောပေါက်စေခြင်းဖြစ်သည်။ သို့ဖြစ်၍ ဤသင်ရိုးညွှန်းတမ်းသည် ဘာသာရပ်ဆိုင်ရာ အသိပညာများကိုသာ အလေးပေးခြင်း မဟုတ်ဘဲ သက်ဆိုင်ရာ အသက်အရွယ်အုပ်စုအလိုက် သင်ကြားသင်ယူမှုအခြေအနေများတွင် အသိပညာ၊ ကျွမ်းကျင်မှုနှင့် စိတ်နေသဘောထား များကို ထိရောက်စွာ အသုံးပြုသင်ကြားတတ်စေရန် လိုအပ်သော ကျွမ်းကျင်မှုနှင့် စိတ်နေသဘောထားများကိုလည်း အလေးပေးထားပါသည်။ တတ်ကျွမ်းမှုတစ်ရပ်တွင် ပါဝင်သော အစိတ်အပိုင်းများဖြစ်သည့် အသိပညာ၊ ကျွမ်းကျင်မှုများ၊ စိတ်နေသဘောထား များနှင့် ၎င်းတို့ကို ထိရောက်စွာ အသုံးချနိုင်ခြင်း စသည်တို့ကို အလေးပေးထားသောကြောင့် ဤသင်ရိုးညွှန်းတမ်းကို တတ်ကျွမ်းမှု အခြေပြုသင်ရိုးညွှန်းတမ်း (Competency–based Curriculum) ဟု ခေါ်ဆိုပါသည်။

သို့ဖြစ်ပါ၍ တတ်ကျွမ်းမှုအခြေပြု သင်ရိုးညွှန်းတမ်းဆိုသည်မှာ သင်ယူသူကို ဗဟိုပြုပြီး ကျောင်းသားများ၊ ဆရာများနှင့် လူ့အဖွဲ့အစည်းများ၏ ပြောင်းလဲနေသော လိုအပ်ချက်များနှင့် ဆီလျော်ကိုက်ညီမှုရှိသည်။ အယူအဆ သဘောတရားသစ်များကို လေ့လာသင်ယူသည့် အခါတွင်လည်း ၎င်းတို့ကို အသုံးချပြီး အောက်ပါအတိုင်း ပြန်လည်သုံးသပ်နိုင်သည်။

၁။ သင်ယူခြင်း (မည်သည်ကို မည်သို့သင်ကြားမည်ဟု အစီအစဉ်ချမှတ်ခြင်း)
၂။ အသုံးချခြင်း (သင်ကြားသင်ယူမှုဆိုင်ရာများကို လေ့ကျင့်ခြင်း) နှင့်
၃။ ပြန်လည်သုံးသပ်ခြင်း (မိမိ၏ သင်ကြားမှုပုံစံအား ပြန်လည်ဆန်းစစ်အကဲဖြတ်ခြင်း)

လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာသင် အစီအစဉ်ပါ သင်ရိုးကို သင်ယူပြီးချိန်တွင်လည်း ဆရာအတတ်သင် ဘွဲ့ရကျောင်းသားများသည် အထက်ဖော်ပြပါ သင်ယူ – အသုံးချ – ပြန်လည်သုံးသပ် ဟူသည့် စက်ဝန်းသံသရာ (cycle of learn–apply–reflect) ကို မိမိတို့ သင်ကြားပို့ချရာတွင် အသုံးချခြင်းအားဖြင့် အနာဂတ်မြန်မာမျိုးဆက်သစ် ကလေးငယ်တို့၏ သင်ယူမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို ထိရောက်စွာ ပံ့ပိုးကူညီပေးနိုင်ရန် ရည်မှန်းထားသည်။

ဤသင်ရိုးညွှန်းတမ်း ပြုစုရေးသားရာတွင် နည်းပညာဆိုင်ရာ အကူအညီများကို ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့အစည်း (ယူနက်စကို – UNESCO) ၏ "မြန်မာနိုင်ငံ လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ အရည်အသွေးတိုးမြှင့်ရေး" (Strengthening Pre-service Teacher Education in Myanmar) စီမံချက် မှတစ်ဆင့် ထောက်ပံ့ပေးထားသည်။ ဤသင်ရိုးညွှန်းတမ်းရေးဆွဲရေးအတွက် ဘဏ္ဍာရေးအထောက်အပံ့ကို ဖင်လန်အစိုးရက ပေးအပ်ထားပါသည်။

# မာတိကာ

နိဒါန်း ....................................................................................................က
မာတိကာ....................................................................................................ဃ
ဤဆရာလမ်းညွှန်ကို မည်သို့အသုံးပြုရမည်နည်း။ ..........................................................၁
အခန်း ၅။ လူမှုရေးဘာသာရပ်ကို သင်ကြား သင်ယူခြင်း (အပိုင်း ၂) .......................... ၆၆
၅.၁။ မူလတန်းဆင့် လူမှုရေးဘာသာရပ်အတွက် ရင်းမြစ်များ ............................ ၆၈
၅.၁.၁။ လူမှုရေးဘာသာသင်ကြားခြင်းကို သိပ္ပံနည်းကျ ချဉ်းကပ်ခြင်း........... ၆၈
စာသင်ချိန် (၁) ....................................................................................၇၁
စာသင်ချိန် (၂).................................................................................... ၇၈
၅.၁.၂။ မူလတန်းဆင့် လူမှုရေးဘာသာရပ် သင်ကြားခြင်းအတွက်
သင်ထောက်ကူပစ္စည်းများ ........................................................ ၈၅
စာသင်ချိန် (၁) .................................................................................. ၈၇
စာသင်ချိန် (၂)....................................................................................၉၃
၅.၁.၃။ မူလတန်းဆင့် လူမှုရေးဘာသာရပ်တွင်
ဒေသန္တရ ရင်းမြစ်များကို အသုံးပြုခြင်း ................................... ၉၆
စာသင်ချိန် (၁) .................................................................................. ၉၈
စာသင်ချိန် (၂).................................................................................. ၁၀၃
ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန် မေးခွန်းများအတွက်
ကျောင်းသားများထံမှ မျှော်မှန်းထားသောအဖြေများ.........................................၁၀၆
အခန်းဆုံးအနှစ်ချုပ် ......................................................................................၁၀၈
အဓိကအချက်များ.........................................................................................၁၀၈
အခန်းဆုံးပြန်လည်သုံးသပ်စဉ်းစားခြင်း ............................................................ ၁၁၀
ဆက်လက်ဖတ်ရှုရန်စာရင်းများ ...................................................................... ၁၁၁
အခန်း ၆။ ပထဝီဝင် (အပိုင်း ၂) ....................................................................၁၁၂
၆.၁။ ဒေသန္တရ ပထဝီဝင် .................................................................................၁၁၆
၆.၁.၁။ ကမ္ဘာ့မြောက်ပိုင်း (ပြင်သစ်နိုင်ငံ)............................................. ၁၁၆
၆.၁.၂။ ကမ္ဘာ့တောင်ပိုင်း (အိန္ဒိယနိုင်ငံ) ...............................................၁၂၅

၆.၁.၃။ ဒေသန္တရပထဝီဝင်အတွက် သင်ပြမှုပုံစံတစ်ခု ရေးဆွဲခြင်း ............... ၁၃၅
ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန် မေးခွန်းများအတွက်
ကျောင်းသားများထံမှ မျှော်မှန်းထားသောအဖြေများ ..........................................၁၄၂
၆.၂။ လက်တွေ့ပထဝီဝင်ဆိုင်ရာ ကျွမ်းကျင်မှုများ ............................................ ၁၄၄
၆.၂.၁။ မြေပုံများ အသုံးပြုခြင်း ................................................................. ၁၄၄
စာသင်ချိန် (၁) .....................................................................................၁၄၆
စာသင်ချိန် (၂).......................................................................................၁၅၀
၆.၂.၂။ ဥတုရာသီနှင့် မိုးလေဝသ ............................................................... ၁၅၄
စာသင်ချိန် (၁) .....................................................................................၁၅၆
စာသင်ချိန် (၂).......................................................................................၁၆၀
၆.၂.၃။ လက်တွေ့ပထဝီဝင်အတွက် သင်ပြမှုပုံစံ တစ်ခု ရေးဆွဲခြင်း ............၁၆၆
ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန် မေးခွန်းများအတွက်
ကျောင်းသားများထံမှ မျှော်မှန်းထားသောအဖြေများ ..........................................၁၇၂
အခန်းဆုံးအနှစ်ချုပ် ...........................................................................................၁၇၄
အဓိကအချက်များ.............................................................................................၁၇၄
အခန်းဆုံးပြန်လည်သုံးသပ်စဉ်းစားခြင်း ..............................................................၁၇၆
ဆက်လက်ဖတ်မှတ်စရာများ ...............................................................................၁၇၇
အခန်း ၇။ သမိုင်း (အပိုင်း ၂) ............................................................................၁၇၈
၇.၁။ ကမ္ဘာ့သမိုင်း .............................................................................................၁၈၀
၇.၁.၁။ ရှေးဦးလူနေမှုများ .............................................................................၁၈၀
စာသင်ချိန် (၁) .....................................................................................၁၈၂
စာသင်ချိန် (၂).......................................................................................၁၈၆
၇.၁.၂။ ဥရောပတိုက်ရှိ ပြောင်းလဲမှုများ ........................................................ ၁၉၁
စာသင်ချိန် (၁) ..................................................................................... ၁၉၃
စာသင်ချိန် (၂).......................................................................................၂၀၁
စာသင်ချိန် (၃) ..................................................................................... ၂၀၆
၇.၁.၃။ စက်မှုတော်လှန်ရေး .............................................................................၂၁၀
ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန် မေးခွန်းများအတွက်
ကျောင်းသားများထံမှ မျှော်မှန်းထားသောအဖြေများ ..........................................၂၁၆

အခန်းဆုံးအနှစ်ချုပ် ........................................................................................ ၂၁၈
အဓိကအချက်များ........................................................................................ ၂၁၈
အခန်းဆုံးပြန်လည်သုံးသပ်စဉ်းစားခြင်း ........................................................ ၂၂၀
ဆက်လက်ဖတ်မှတ်စရာများ ........................................................................ ၂၂၁
အခန်း ၈။ စစ်ဆေးအကဲဖြတ်ခြင်း........................................................................ ၂၂၂
၈.၁။ လူမှုရေးဘာသာရပ်ရှိ စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာ ချဉ်းကပ်နည်းများ .... ၂၂၄
၈.၁.၁။ စစ်ဆေးအကဲဖြတ်ခြင်း၏ အခန်းကဏ္ဍ........................................ ၂၂၄
၈.၁.၂။ သင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်း .............................................. ၂၃၁
၈.၁.၃။ သင်ယူပြီး စစ်ဆေးအကဲဖြတ်ခြင်း .............................................. ၂၃၈
၈.၁.၄။ လူတိုင်းအကျုံးဝင်သော စစ်ဆေးအကဲဖြတ်ခြင်း ............................ ၂၄၄
ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန် မေးခွန်းများအတွက်
ကျောင်းသားများထံမှ မျှော်မှန်းထားသောအဖြေများ ....................................... ၂၅၂
အခန်းဆုံးအနှစ်ချုပ် ........................................................................................ ၂၅၃
အဓိကအချက်များ........................................................................................ ၂၅၃
အခန်းဆုံးပြန်လည်သုံးသပ်စဉ်းစားခြင်း ........................................................ ၂၅၄
ဆက်လက်ဖတ်မှတ်စရာများ ........................................................................ ၂၅၅
ခက်ဆစ်အဘိဓာန် ............................................................................................ ၂၅၆
ကျမ်းကိုးစာရင်း .............................................................................................. ၂၆၁
နောက်ဆက်တွဲများ.......................................................................................... ၂၆၈
နောက်ဆက်တွဲ (၁)။ သင်ခန်းစာ (၅.၁.၁)၊ စာသင်ချိန် (၁) အတွက်
ရင်းမြစ် ဆန်းစစ်လေ့လာချက် ...................................... ၂၆၈
နောက်ဆက်တွဲ (၂)။ သင်ခန်းစာ (၆.၁.၂) အတွက် မီဒီယာဆောင်းပါး................ ၂၇၅

# ဤဆရာလမ်းညွှန်ကို မည်သို့အသုံးပြုရမည်နည်း။

## လူမှုရေးဘာသာရပ် ဆရာလမ်းညွှန်ကို မည်သူအသုံးပြုမည်နည်း။

ဤဆရာလမ်းညွှန်သည် ပညာရေးဒီဂရီကောလိပ် ကျောင်းသားများ[၁] အား တတိယနှစ် လူမှုရေးဘာသာရပ် ကျောင်းသားကိုင်စာအုပ်ကို သင်ကြားရာတွင်ကူညီပံ့ပိုးပေးမည့် ဆရာများ[၂] အတွက် စီစဉ်ရေးသား ပြုစုထားသော စာအုပ်ဖြစ်ပါသည်။ လူမှုရေးဘာသာရပ်ကို သင်ပြစဉ် ကျောင်းသားကိုင်စာအုပ်နှင့် တွဲ၍ ဤဆရာလမ်းညွှန်ကို အသုံးပြုရန်ဖြစ်သည်။ ကျောင်းသားကိုင်စာအုပ်၏ အခန်းများနှင့် သင်ခန်းစာ တစ်ခုချင်းစီအတွက် သင်ယူမှုရလဒ်များ အောင်မြင်ပေါက်မြောက်စေရန် ဤဆရာလမ်းညွှန်တွင် ကျောင်းသားများအား ညွှန်ကြားရမည့် အချက်များကို တစ်ဆင့်ပြီးတစ်ဆင့် ရှင်းလင်းစွာ ဖော်ပြထားသည်။

## လူမှုရေးဘာသာရပ်ကို မည်သည့်အချိန်၊ မည်သည့်နေရာတွင် သင်ယူရမည်နည်း။

လေးနှစ်သင် ပညာရေးဒီဂရီကောလိပ် သင်ကြားရေးအစီအစဉ်တွင် တတိယနှစ် လူမှုရေး ဘာသာရပ်ကို သင်ကြားရန် (ပထမစာသင်နှစ်ဝက်တွင် ၃၆ ချိန်၊ ဒုတိယစာသင်နှစ်ဝက်တွင် ၂၄ ချိန်) စုစုပေါင်း စာသင်ချိန် (၆၀) ချိန် လျာထားပါသည်။ သင်ကြားပို့ချမည့်နေရာမှာ သင်တို့၏ ပညာရေးဒီဂရီကောလိပ်တွင် ဖြစ်ပါသည်။

## တတိယနှစ် လူမှုရေးဘာသာရပ် ဆရာလမ်းညွှန်တွင် မည်သည့်အရာများ ပါဝင်သနည်း။

ဤလူမှုရေးဘာသာရပ် ဆရာလမ်းညွှန်နှင့် ကျောင်းသားကိုင်စာအုပ် ဖွဲ့စည်းထားပုံနှင့် အကြောင်းအရာများကို လေးနှစ်သင်ပညာရေးဒီဂရီကောလိပ် လူမှုရေးဘာသာရပ် သင်ရိုးမာတိကာများနှင့် ကိုက်ညီမှုရှိစေရန် လမ်းညွှန်ထားပါသည်။

၁ ဤဆရာလမ်းညွှန်တွင် ဖော်ပြထားသော ကျောင်းသားသည် ပညာရေးဒီဂရီကောလိပ်ကျောင်းသားများကို ရည်ညွှန်းပါသည်။

၂ ဤဆရာလမ်းညွှန်တွင် ဖော်ပြထားသော ဆရာသည် ပညာရေးဒီဂရီကောလိပ်ဆရာများကို ရည်ညွှန်းပါသည်။

တတိယနှစ် လူမှုရေးဘာသာရပ်တွင် အောက်ပါအခန်းများ ပါဝင်ပါသည်။

- လူမှုရေး ဘာသာရပ် မိတ်ဆက်
- လူမှုရေး ဘာသာရပ်ကို သင်ကြား၊သင်ယူခြင်း
- ပထဝီဝင်
- သမိုင်း
- စစ်ဆေးအကဲဖြတ်ခြင်း

ဤဆရာလမ်းညွှန်သည် ကျောင်းသားကိုင်စာအုပ်နှင့် ဖွဲ့စည်းပုံ တူညီပါသည်။ အခန်းတစ်ခန်းချင်းစီ နှင့် သင်ခန်းစာတိုင်းတွင် **မျှော်မှန်းထားသော သင်ယူမှုရလဒ်များ** နှင့် **ရရှိသွားမည့်တတ်ကျွမ်းမှုများ** ပါရှိပါသည်။ ဤသည်မှာ အခန်းအဆုံး၌ ကျောင်းသားများ သိသင့်သောအရာ၊ လုပ်ဆောင်နိုင်သင့်သော အရာများကို မျှော်မှန်းထားသည်များ ဖြစ်ပါသည်။

ဆရာလမ်းညွှန်တွင် သင်ခန်းစာ တစ်ခုချင်းစီအတွက် အောက်ပါခေါင်းစဉ်များ ပါဝင်ပါသည် –

**ရရှိသွားမည့် တတ်ကျွမ်းမှုများ။** သင်ခန်းစာတွင် အလေးပေးဖော်ပြထားသော ဆရာများအတွက် တတ်ကျွမ်းမှုစံသတ်မှတ်ချက်အညွှန်းဘောင် (Teacher Competency Standards Framework – TCSF) သည် ဆရာများတတ်ကျွမ်းရမည်များကို မီးမောင်းထိုးပြထားသော တတ်ကျွမ်းမှုများ ဖြစ်သည်။

**အချိန်။** စာသင်ချိန် စုစုပေါင်းဖြစ်ပြီး သင်ရိုးညွှန်းတမ်းအရ သင်ခန်းစာများ အတွက် ခွဲဝေသတ်မှတ်ထားသော မိနစ် (၅၀) စာသင်ချိန်များဖြစ်ပါသည်။

**သင်ယူမှုနည်းလမ်းများ။** သင်ခန်းစာတစ်ခုအတွက် အကြံပြုထားသော သင်ယူမှု လုပ်ငန်းများတွင် အသုံးပြုရမည့် သင်ယူမှုနည်းလမ်းများကို ခြုံငုံဖော်ပြခြင်း ဖြစ်သည်။

**စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများ။** သင်ခန်းစာ၏ သင်ယူမှုလုပ်ငန်းများ မပြုလုပ်မီ၊ ပြုလုပ်စဉ်နှင့် ပြုလုပ်ပြီးနောက်ပိုင်းတွင် အသုံးပြုရန် အကြံပြုထားသည့် စစ်ဆေးအကဲဖြတ်မှု နည်းလမ်းများကို ခြုံငုံဖော်ပြထားခြင်းဖြစ်သည်။

**လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ။** ဘာသာရပ်ဆိုင်ရာဗဟုသုတရင်းမြစ်များအတွက် အကြောင်းအရာခေါင်းစဉ်များနှင့် ရည်ညွှန်းစာအုပ်များ၊ နည်းပညာဆိုင်ရာ ကြိုတင်ပြင်ဆင်မှုများ၊ အခြားသောဘာသာရပ်များနှင့် ဆက်နွယ်မှု၊ စာသင်ခန်းဖွဲ့စည်းပုံ၊ အချိန်စီမံခန့်ခွဲမှုနှင့် မျှော်မှန်းထားသော အဖြေများအတွက် ရည်ညွှန်းချက်များ ပါဝင်ပါသည်။

**လိုအပ်သော ရင်းမြစ်များ။** ပုံနှိပ်ထားသော ကြားခံဆက်စပ်စာရွက်များ (printed media) ၊ ကားချပ်များ၊ ရောင်စုံစာရွက်များ၊ မာကာများ၊ ဝက်ဘ်ဆိုက်ဒ်လင့်များ၊ ဗီဒီယိုများ၊ ကုန်ကျစရိတ်သက်သာသော/အခမဲ့ရရှိနိုင်သော ရင်းမြစ်များနှင့် လက်တွေ့လုပ်ဆောင်နိုင်သော ပစ္စည်းကိရိယာများ။

**သင်ယူမှုလုပ်ငန်းများ။** သင်ခန်းစာတိုင်းတွင် သတ်မှတ်ထားသော အချိန်အတွင်း မျှော်မှန်းထားသော သင်ယူမှုရလဒ်များကို ကျောင်းသားများရရှိရန် အထောက်အကူပြုသော သင်ယူမှုလုပ်ငန်းများ ပါဝင်ပါသည်။ သင်ခန်းစာတိုင်းတွင် ဘာသာရပ်နှင့်ပတ်သက်ပြီး ကျောင်းသားများ၏ ရှိပြီးအသိပညာ (သို့မဟုတ်) စိတ်ဝင်စားမှုကို နှိုးဆွပေးသည့်လုပ်ငန်းနှင့် စတင် သင်ကြားသင့်သည်။ သင်ယူမှုလုပ်ငန်းအမျိုးမျိုးသည် သင်ကြားသင်ယူမှုတွင် တတ်ကျွမ်းမှု အခြေပြုသော ချဉ်းကပ်နည်းများနှင့် ဆီလျော်မှုရှိသည်။

**ဆရာ့မှတ်စု။** သင်ခန်းစာကို စီစဉ်ထားသည့်အတိုင်း အဆင်ပြေစွာ ဆောင်ရွက်နိုင်ခြင်း ရှိ/မရှိ နှင့် ရှေ့မဆက်မီ ကျောင်းသားများ ထိရောက်စွာသင်ယူနိုင်ရေးအတွက် အလေးထားရမည့် အချက်များ ရှိ/မရှိ စစ်ဆေးနိုင်ရန် ဆရာ့မှတ်စုကို ညွှန်ကြားချက်ဇယားကွက်များဖြင့် သင်ခန်းစာ၏ အဓိကအပိုင်းများတွင် အလျဉ်းသင့်သလို ထည့်သွင်းထားပါသည်။

**စစ်ဆေးအကဲဖြတ်ခြင်း။** စစ်ဆေးအကဲဖြတ်ခြင်းကို လုပ်ငန်းတစ်ခုချင်းစီ၏ အဆုံးတွင် လုပ်ဆောင်ရသည်။ အောင်မြင်မှုရလဒ်အား အကဲဖြတ်ရန်နှင့် ရှေ့ဆက်သင်ကြားမှုတွင် အထောက်အကူပြုရန်အတွက် လုပ်ငန်းတစ်ခုချင်းအပေါ်တွင် သင်ယူနေစဉ် စစ်ဆေးအကဲဖြတ်မှု လုပ်ဆောင်ပုံကို ရှင်းလင်းပြသခြင်း (သို့မဟုတ်) အနှစ်ချုပ်၍

ပြန်လည်ပြောဆိုရှင်းပြခြင်းဖြစ်သည်။ အမျိုးမျိုးသော စစ်ဆေးအကဲဖြတ်ခြင်းနည်းလမ်းများကို မည်သို့အသုံးပြုရမည် ဟူသော ညွှန်ကြားချက်များသည် စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများကို စုစည်းပေးထားသော သင်ထောက်ကူသေတ္တာ (Toolbox for assessment approaches) တွင် ပါဝင်ပါသည်။

**ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ။** သင်ယူမှုလုပ်ငန်းတစ်ခုချင်းစီအပေါ် စစ်ဆေးအကဲဖြတ်မှုနှင့် ပတ်သက်၍ ကျောင်းသားများထံမှ ရရှိနိုင်သော တုံ့ပြန်ချက်အဖြေများကို ဤနေရာတွင် စုစည်းဖော်ပြထားပါသည်။

**ကျောင်းသားများ၏နားလည်မှုကို စစ်ဆေးခြင်း။** သင်ခန်းစာတစ်ခုလုံးအားခြုံငုံခြင်းဖြစ်သည်။ သင်ခန်းစာပြီးဆုံးချိန်တွင် တတ်ကျွမ်းမှုများ၊ ဆရာများအတွက် စံသတ်မှတ်ချက် အညွှန်းဘောင်တွင်ပါဝင်သော ဆရာ့တတ်ကျွမ်းမှုစံများအား မည်မျှသော အတိုင်းအတာအထိ အောင်မြင်ပြီးမြောက်ကြောင်း ပြန်လှန်သုံးသပ်ခြင်းဖြစ်သည်။ ဆရာ့တတ်ကျွမ်းမှု စံအညွှန်းကိန်းများသည် သင်ခန်းစာပါအကြောင်းအရာများတွင် မည်သို့ ပါဝင်ပတ်သက်နေကြောင်းကို အနှစ်ချုပ်ပေးသည်။ ကျောင်းသားများအား ၎င်းတို့သည် မည်သည့်အကြောင်းအရာကို မည်သို့သင်ယူခဲ့ကြကြောင်းကို ရှင်းလင်းတိကျစွာ အသိပေးပါသည်။

**ထပ်ဆောင်းလုပ်ဆောင်ရမည့် သင်ယူမှုလုပ်ငန်းများ။** ဤဆရာလမ်းညွှန်ရှိသင်ခန်းစာအချို့တွင် သင်ယူမှုလုပ်ငန်းများကို ဆီလျော်အောင် ပြုပြင်၍ ကျောင်းသားများ၏ သင်ယူမှုကို ပိုမိုထိရောက်မှုရှိစေရန် ထပ်မံလှုံ့ဆော်ပေးနိုင်မည့် အကြံပြုချက်များ ပါဝင်ပါသည်။ ထပ်ဆောင်းလုပ်ဆောင်ရမည့် သင်ယူမှုလုပ်ငန်းများသည် ကွဲပြားသော သင်ယူမှု လိုအပ်ချက်များနှင့် စိတ်ဝင်စားမှုများရှိသည့် ကျောင်းသားများကို သင်ကြားရာ၌ ပြောင်းလွယ်ပြင်လွယ်ရှိခြင်း၏ အကျိုးကျေးဇူးများကို အလေးပေးဖော်ပြထားခြင်းဖြစ်သည်။ ယင်းလုပ်ငန်းများကို အတန်းချိန်အတွင်း မဖြစ်မနေ လုပ်ဆောင်ရန် မလိုအပ်ပါ။

**လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရမည့် သင်ယူမှုလုပ်ငန်းများ။** ဤဆရာလမ်းညွှန်ရှိ သင်ခန်းစာ အချို့တွင် ကျောင်းသားများ၏ ကွဲပြားသော သင်ယူမှုလိုအပ်ချက်များနှင့် စိတ်ဝင်စားမှုများအား ထည့်သွင်းစဉ်းစား၍ တတ်ကျွမ်းမှုများ၊ ဆရာများအတွက် စံသတ်မှတ်ချက် အညွှန်းဘောင်တွင် ပါဝင်သော ဆရာ့တတ်ကျွမ်းမှုစံများ ပေါက်မြောက်အောင်မြင်စေရန် သင်ယူမှုလုပ်ငန်းများကို ဆီလျော်အောင် ပြုပြင်နိုင်ရန် အကြံပြုချက်များ ပါဝင်ပါသည်။ လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရမည့် သင်ယူမှုလုပ်ငန်းများသည် လူတိုင်းအကျုံးဝင်၍ ပြောင်းလွယ်ပြင်လွယ်ရှိသော သင်ကြား၊ သင်ယူမှု ပုံစံများအတွက် အလေးထားဖော်ပြထားခြင်းဖြစ်သည်။ ယင်းလုပ်ငန်းများအား အတန်းချိန်အတွင်း မဖြစ်မနေ လုပ်ဆောင်ရန် မလိုအပ်ပါ။

ဆရာလမ်းညွှန်တွင် အခန်းငယ်တစ်ခုချင်းစီအတွက် အောက်ပါတို့ပါဝင်ပါသည်။

**ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန် မေးခွန်းများအတွက် ကျောင်းသားများထံမှ မျှော်မှန်းထားသောအဖြေများ။** အခန်းငယ်တစ်ခုပြီးတိုင်း ကျောင်းသားကိုင်စာအုပ်တွင် ပါသော ပြန်လည်ဆန်းစစ်ရန် မေးခွန်းများအတွက် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများကို ထည့်ပေးထားပါသည်။ ဤအပိုင်းသည် ဆရာများဖြစ်ကြသည့် သင်တို့၏ အသိပညာများကို တိုးမြှင့်ပေးပြီး ကျောင်းသားကိုင်စာအုပ်ပါ မေးခွန်းများကို ဖြေဆိုသော ကျောင်းသားများ၏ အဖြေအပေါ် မှန်/မမှန် အတည်ပြုပေးရန် အထောက်အကူပြုပါသည်။ ဤအပိုင်းသည် သင်ခန်းစာသင်ကြားမှုတွင် ပါဝင်ခြင်းမရှိပါ။

ဆရာလမ်းညွှန်၏ အခန်းတစ်ခုချင်းစီတွင် **အခန်းဆုံးအနှစ်ချုပ်** ပါရှိသည်။ အခန်းဆုံးအနှစ်ချုပ်တွင် အောက်ပါတို့ပါဝင်သည် –

**အဓိကအချက်များ။** အခန်းတစ်ခုလုံးကို အကျဉ်းချုပ်ပြီး တင်ပြခြင်းဖြစ်သည်။ အခန်းတစ်ခန်းတွင်ပါသော အကြောင်းအရာများမှ ကျောင်းသားများ သိရှိသင့်သည့် အဓိကအချက်များကို အသိပေးဖော်ပြထားခြင်းဖြစ်သည်။

**အခန်းဆုံးပြန်လည်သုံးသပ်စဉ်းစားခြင်း။** ဤအပိုင်းသည် ကျောင်းသားကိုယ်တိုင် လေ့လာသင်ယူခဲ့သည်များမှ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ကျောင်းသားကိုင်စာအုပ်တွင် ပါဝင်ပါသည်။ ယင်းအကြောင်းအရာများကို သင်တို့ သိရှိစေနိုင်ရန် ဤနေရာတွင် ထပ်မံ ဖော်ပြထားပါသည်။ သင်၏ တာဝန်မှာ ကျောင်းသားများအား ဤအပိုင်းကို ဖတ်ရှုရန်အတွက် တိုက်တွန်းပေးရန်ဖြစ်ပါသည်။ အခန်းဆုံး ပြန်လည်သုံးသပ် စဉ်းစားခြင်းသည် သင်ခန်းစာ၏ အစိတ်အပိုင်းတစ်ခု မဟုတ်ပါ။ ဤအပိုင်းသည် ကျောင်းသားများအတွက် ပြန်လည်သုံးသပ်ရန် အချက်နှင့် သင်ယူခဲ့ပြီးသော သင်ခန်းစာ (အခန်း) တွင် သင်ယူမှုနှင့်ဆိုင်သော မေးခွန်းများ ပါဝင်ပါသည်။

**ဆက်လက်ဖတ်မှတ်စရာများ။** သက်ဆိုင်သောအခန်းများအလိုက် ဖတ်စရာ ထပ်ဆောင်း ရင်းမြစ်များနှင့် ပတ်သက်သော အကြံပြုချက်များကို ဖော်ပြထား ပါသည်။ သင်ခန်းစာခေါင်းစဉ်နှင့် စပ်လျဉ်းပြီး သင်ကိုယ်တိုင် ပိုမိုသိရှိ နားလည်ရန်အတွက် ဤရင်းမြစ်များကို အသုံးပြုနိုင်သည် (သို့မဟုတ်) ကျောင်းသားများကို ဤရင်းမြစ်များအား စာကြည့်တိုက်၊ အင်တာနက် (သို့မဟုတ်) ပညာရေးဒီဂရီကောလိပ်၏ အွန်လိုင်းစာကြည့်တိုက်တွင် ရှာဖွေရန် တွန်းအားပေးနိုင်ပါသည်။

ကျောင်းသားကိုင်စာအုပ်တွင် ပါဝင်သော သင်ယူမှုလုပ်ငန်းများသည် ကျောင်းသား တစ်ဦးချင်းစီတို့က မိမိဘာသာမိမိ လေ့လာနိုင်စေရန် ဦးတည်ရေးဆွဲထားကြောင်း သတိပြုပါ။ တစ်ခါတစ်ရံတွင် ကျောင်းသားကိုင်စာအုပ်ပါ တစ်ဦးချင်းသင်ယူမှုလုပ်ငန်းများကို ဆရာလမ်းညွှန်တွင် အကြမ်းဖျင်းဖော်ပြထားသော သင်ယူမှုလုပ်ငန်းများနှင့် ပေါင်းစပ်၍ လုပ်ဆောင်နိုင်မည်။ ကျောင်းသားကိုင်စာအုပ်မှ သင်ယူမှုလုပ်ငန်းများကို အိမ်စာအလုပ် အဖြစ်ပေးခြင်း (သို့မဟုတ်) ကျောင်းသားများအား ၎င်းတို့ ပုံမှန်နှုန်းထားအတိုင်း လုပ်ဆောင်ရန် တိုက်တွန်းခြင်းတို့ကို လုပ်ဆောင်နိုင်ပါသည်။

ဆရာလမ်းညွှန်တွင် ပါဝင်သော သင်ယူမှုလုပ်ငန်းဆိုင်ရာ အသေးစိတ်ဖော်ပြချက်များသည် သင်ခန်းစာများ စီစဉ်ရေးဆွဲရန်နှင့် ပို့ချရန် အထောက်အကူဖြစ်သော်လည်း ဤလမ်းညွှန်တွင် ပါဝင်သော ညွှန်ကြားချက်များသည် အကြံပြုချက်များသာဖြစ်ပါသည်။ သင်၏ စာသင်ခန်း အတွင်းမှ ကျောင်းသားများသည် ခြားနားသော ပင်ကိုစရိုက်လက္ခဏာနှင့် သင်ယူမှုလိုအပ်ချက်များ

ရှိနိုင်ပါသည်။ ပညာရေးဒီဂရီကောလိပ် ဆရာတစ်ယောက်အနေဖြင့် ကျောင်းသားများ၏ လိုအပ်ချက်၊ စိတ်ပါဝင်စားမှု၊ စွမ်းရည်တို့နှင့် သင့်တော်သော သင်၏ ကိုယ်ပိုင် သင်ယူမှု လုပ်ငန်းများကို ပြုစုရန် အားပေးပါသည်။ သင်ခန်းစာများကို လိုအပ်လျှင် လိုအပ်သလို အနည်းအများ ပြောင်းလဲမှုများနှင့် လိုက်လျောညီထွေရှိအောင် ပြင်ဆင်ညှိနှိုင်းမှုများကို လွတ်လပ်စွာ ပြုလုပ်နိုင်ပါသည်။

## တတ်ကျွမ်းမှု အခြေပြုသင်ရိုးညွှန်းတမ်း ဆိုသည်မှာအဘယ်နည်း။

ပညာရေးဒီဂရီကောလိပ် ဘာသာရပ်အားလုံး၏ ကျောင်းသားကိုင်စာအုပ်နှင့် ဆရာလမ်းညွှန် တို့သည် တတ်ကျွမ်းမှုအခြေပြု ချဉ်းကပ်မှုအတိုင်း လိုက်နာသည်။ ဤတတ်ကျွမ်းမှုအခြေပြု ချဉ်းကပ်မှုကို လေးနှစ်သင် ပညာရေးဒီဂရီကောလိပ် သင်ရိုးညွှန်းတမ်းမူဘောင်တွင် ထည့်သွင်း ရေးဆွဲထားပြီး ၎င်းသည် ဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက် အညွှန်းဘောင် (TCSF) အပေါ်တွင် အခြေခံထားသည်။ တတ်ကျွမ်းမှုအခြေပြု ချဉ်းကပ်မှု ဆိုသည်မှာ ပညာရေး ဒီဂရီကောလိပ် သင်ရိုးညွှန်းတမ်းသည် ဘာသာရပ်ဆိုင်ရာ အကြောင်းအရာများကိုသာ အလေးပေးသည် မဟုတ်ဘဲ အသိပညာ၊ ကျွမ်းကျင်မှုနှင့် စိတ်နေသဘောထားများ တိုးတက် ဖွံ့ဖြိုးလာပြီး ၎င်းတို့အား တကယ့်လက်တွေ့ဘဝအခြေအနေတွင် ပြန်လည်၍အသုံးချရန် အလေးထားခြင်းဖြစ်သည်။ တတ်ကျွမ်းမှုအခြေပြုသင်ရိုးညွှန်းတမ်းများသည် သင်ယူသူဗဟိုပြု ဖြစ်ပြီး ကျောင်းသားများ၊ ဆရာများနှင့် လူ့အဖွဲ့အစည်း၏ ပြောင်းလဲဖြစ်ပေါ်နေသော လိုအပ်ချက်များနှင့်အညီ ပြုပြင်ပြောင်းလဲနိုင်ကြသည်။

ဆရာအတတ်သင်ပညာရေး၏ တတ်ကျွမ်းမှုအခြေပြုချဉ်းကပ်မှုနှင့် ကိုက်ညီစေရန်အတွက် အောက်ဖော်ပြပါ အခြေခံသဘောတရားများကို ဆရာလမ်းညွှန်တွင် ပေါင်းစပ်ထည့်သွင်း ထားပါသည်။၃

- **နောက်ခံအခြေအနေနှင့်ဆက်စပ်ပေးခြင်း (Contextualisation)** ။ သင်ယူမှုဆိုင်ရာ အကြောင်းအရာနှင့် သင်ယူမှုလုပ်ငန်းများသည် ကျောင်းသားများ၏ နေ့စဉ်ဘဝ အခြေအနေများနှင့် ဆက်စပ်ပေးနိုင်ရန်အတွက် မြန်မာနောက်ခံအခြေအနေပေါ်တွင် အခြေပြုလျက် ပြင်ဆင်ရေးဆွဲထားသည်။

၃ Adapted from the Glossary of curriculum terminology (UNESCO–International Bureau of Education, 2013)

- **ကြိုတင်လေ့လာပြင်ဆင်စေသော သင်ကြား၊ သင်ယူမှုဖြစ်စဉ် (Flipped classroom)။** ဤသင်ကြားနည်းနှင့်ဆိုင်သော အယူအဆ၊ သဘောတရားနှင့် နည်းစနစ်သည် စာသင်ခန်းအတွင်း ဆရာက ဦးဆောင်ပို့ချသင်ကြားပေးခြင်းအစား ဘာသာရပ်ပါ/မော်ဂျူးပါ အကြောင်းအရာများကို ကျောင်းသားကိုယ်တိုင် ပြန်လည်သုံးသပ်ခြင်း၊ ဆွေးနွေးခြင်း စူးစမ်းလေ့လာခြင်းတို့ကို ဆရာနှင့်အတူ ပြုလုပ်ရန် အခွင့်အလမ်းများကို ပေးသည်။ ပုံမှန်အားဖြင့် ကျောင်းသားများသည် သင်ကြားချိန်မတိုင်မီ မိမိကိုယ်ပိုင်လေ့လာသင်ယူမှုနှုန်းဖြင့် ကြိုတင် ဖတ်ရှုထားကြရပါမည်။ စာသင်ချိန်သည် ထိုလေ့လာသင်ယူထားသည်များကို ဆရာ၏ ပံ့ပိုးကူညီမှုဖြင့် အချင်းချင်းဆွေးနွေးခြင်း၊ ပြဿနာဖြေရှင်းခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းအားဖြင့် လေးနက်စွာ နားလည်သဘောပေါက်လာကြမည်ဖြစ်သည်။

- **ပူးပေါင်းဆောင်ရွက်သင်ယူခြင်း။** ဤချဉ်းကပ်မှုသည် ကျောင်းသားများအား အုပ်စုအလိုက် ဆောင်ရွက်မှုဖြင့် ပြဿနာအားဖြေရှင်းခြင်း (သို့မဟုတ်) လုပ်ငန်းဆောင်တာတစ်ခုအား ပြီးမြောက်စေခြင်းဖြစ်သည်။ သင်ယူနားလည်သဘောပေါက်မှုသည် အတန်းဖော် အချင်းချင်းသော်လည်းကောင်း၊ အွန်လိုင်းပေါ်မှ သော်လည်းကောင်း၊ တစ်ဦးနှင့် တစ်ဦး မျက်နှာချင်းဆိုင်တကက်ကြွစွာ ထိတွေ့ဆက်ဆံ ဆွေးနွေးခြင်းများ မှတစ်ဆင့် ဖြစ်ပေါ်သည်။ ပူးပေါင်းဆောင်ရွက်သင်ယူခြင်း၏ အဓိကဝိသေသလက္ခဏာများမှာ – တူညီသော အလုပ် (သို့မဟုတ်) လုပ်ငန်းတစ်ခုရှိခြင်း၊ အုပ်စုငယ်ဖြင့် လေ့လာသင်ယူခြင်းနှင့် ပူးပေါင်း ဆောင်ရွက်တတ်သော အမူအကျင့်ရှိခြင်းတို့ဖြစ်ပြီး ဆိုလိုသည်မှာ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်မှီခို ဆောင်ရွက်ရခြင်းနှင့် တစ်ဦးချင်းစီ၏ တာဝန်ယူမှု တာဝန်ခံမှုရှိရခြင်း – စသည်တို့ ဖြစ်သည်။[၄]

- **ပြဿနာဖြေရှင်းခြင်း။** ဤအပိုင်းတွင် ပြဿနာကို အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ ပြဿနာ၏ အကြောင်းရင်းခံအား ဆုံးဖြတ်ခြင်း၊ အဖြေတစ်ခုရရန်အတွက် ဦးစားပေး အစီအစဉ် သတ်မှတ်ခြင်းနှင့် ပြောင်းလဲအသုံးပြုနိုင်သော နည်းလမ်းများ ရွေးချယ်ဖော်ထုတ်ခြင်းနှင့် အဖြေကို အကောင်အထည်ဖော်ဆောင်ခြင်းတို့ ဖြစ်ပါသည်။ ဆရာလမ်းညွှန်တွင် ပါဝင်သော သင်ယူမှုအကြောင်းအရာများနှင့် လုပ်ငန်းများသည် ကျောင်းသားများ၏ ပြဿနာဖြေရှင်းခြင်း ကျွမ်းကျင်မှုများကို သင့်တော်သလို အသုံးချနိုင်ရန် အခွင့်အလမ်းများကို ပေးထားပါသည်။

---

၄ Lejenue's Collaborative Learning for Educational Achievement. (1999).

## သင်ရိုးရည်ရွယ်ချက်နှင့် ဖော်ပြချက်

ဤဘာသာရပ်သည် ကျောင်းသားများ၏ သမိုင်းနှင့် ပထဝီဝင်ဆိုင်ရာ လေ့လာစူးစမ်းမှု အရည်အချင်းများ ဖွံ့ဖြိုးတိုးတက်စေမည် ဖြစ်ပါသည်။ ၎င်းတို့၏ လေ့လာမှုများမှတစ်ဆင့် ယနေ့ကမ္ဘာနှင့် လူသားတို့၏ ဘဝများအပေါ် ဒေသတွင်း၊ ပြည်တွင်းနှင့် နိုင်ငံတကာ ပတ်ဝန်းကျင်၊ လူမှုအဖွဲ့အစည်းနှင့် ယဉ်ကျေးမှု အသွင်ဆင်တူမှု၊ ကွဲပြားမှုများက မည်ကဲ့သို့ သက်ရောက်သည်ကို စတင်နားလည်လာလိမ့်မည်ဖြစ်သည်။ ကျောင်းသားများ အလယ်တန်း ကျောင်းများတွင် ဝင်ရောက်လုပ်ကိုင်သောအခါ၌ ကျောင်းသင်ရိုးညွှန်းတမ်း၏ ယခုကဏ္ဍကို သင်ကြားနိုင်ရန်အတွက်လည်း ဤဘာသာရပ်က ကြိုတင်ပြင်ဆင်ပေးမည် ဖြစ်ပါသည်။ ပညာရေးဒီဂရီကောလိပ် သင်ရိုးညွှန်းတမ်းမူဘောင်အရ ၎င်းတို့သည် ပထမနှစ်နှင့် ဒုတိယနှစ်တွင် လူမှုရေးဘာသာရပ်နှင့် ပတ်သက်သည့် အခြေခံဗဟုသုတများ ဖွံ့ဖြိုးလာရန်နှင့် လူမှုရေး ဘာသာရပ်ကို သင်ကြားရန်အတွက် အခြေခံသင်နည်းဗေဒဆိုင်ရာ အသိပညာများ ဖွံ့ဖြိုးလာစေရန် မျှော်မှန်းထားပါသည်။ တတိယနှစ်နှင့် စတုတ္ထနှစ်တွင်မူ လူမှုရေးဘာသာရပ်ဆိုင်ရာ ပိုမိုနက်နဲသော အသိပညာဗဟုသုတများ ထပ်မံဖွံ့ဖြိုးလာပြီး လူမှုရေးဘာသာရပ်ကိုပိုမို၍ စနစ်တကျ နားလည်မှု၊ လမ်းညွှန်မှုနှင့် စစ်ဆေးအကဲဖြတ်မှုတို့ကို ရရှိလာလိမ့်မည်ဖြစ်ပါသည်။

## အခြေခံပညာရေး ရည်မှန်းချက်များ

ဤလူမှုရေးဘာသာရပ်၏ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံ၏ အခြေခံပညာတွင် သတ်မှတ်ထားသော လူမှုရေးဘာသာသင်ရိုးညွှန်းတမ်းကို သင်ကြားနိုင်ရန် ပြင်ဆင်ပေးခြင်းဖြစ်သည်။ မူလတန်း ကျောင်းသားများကို ထိရောက်စွာသင်ကြားနိုင်မည့် ဆရာများ ဖြစ်လာစေရန်အတွက် ဘာသာရပ်နှင့်ဆိုင်သော အခြေခံကျွမ်းကျင်မှုများ ကောင်းမွန်စွာရရှိစေရန် သူငယ်တန်း၊ မူလတန်းအဆင့်များနှင့် ကိုက်ညီသော စာပေစံများကို သင်ယူရမည်ဖြစ်သည် (ပညာရေး ဒီဂရီကောလိပ် သင်ရိုးညွှန်းတမ်း အညွှန်းဘောင်၊ ၂၀၁၉)။

အခြေခံပညာရေး ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် –

(က) ကျောင်းနေအရွယ်ကလေးတိုင်း အခြေခံပညာရေးကို ပြီးဆုံးသည်အထိ သင်ယူ တတ်မြောက်ရန်

(ခ) အခြေခံပညာအဆင့်အလိုက် တွေးခေါ်ကြံဆဝေဖန်ပိုင်းခြားနိုင်သော အသိဉာဏ်ရှိပြီး ဗလငါးတန်နှင့် ပြည့်စုံသူများဖြစ်ရန်

(ဂ) ပြည်သူ့နီတိ၊ ဒီမိုကရေစီကျင့်စဉ်နှင့် လူ့အခွင့်အရေးဆိုင်ရာစံနှုန်းများဖြင့် ဥပဒေကို လေးစားလိုက်နာတတ်သည့် တာဝန်သိစိတ်၊ တာဝန်ယူစိတ်ရှိသူများဖြစ်ရန်

(ဃ) အမြင်ကျယ်မှုရှိပြီး စူးစမ်းရှာဖွေလေ့လာလိုသော စိတ်ဓာတ်နှင့် ပူးပေါင်းတီထွင်ကြံဆ ဆောင်ရွက်တတ်သူများဖြစ်ရန်

(င) ပြည်ထောင်စုစိတ်ဓာတ်ဖွံ့ဖြိုးပြီး တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့နှင့် သမိုင်းအမွေအနှစ်တို့ကို တန်ဖိုးထား၍ ထိန်းသိမ်းမြှင့်တင်နိုင်ပြီး ယင်းတို့ကို လက်ဆင့်ကမ်းနိုင်သည့် နိုင်ငံသားများဖြစ်ရန်

(စ) သဘာဝပတ်ဝန်းကျင်ကို မြတ်နိုးကာကွယ်ထိန်းသိမ်းပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုး တိုးတက်မှုဆိုင်ရာ အသိပညာ၊ အတတ်ပညာကို လက်ဆင့်ကမ်းနိုင်သူများဖြစ်ရန်

(ဆ) နိုင်ငံတကာအဆင့်မီ ပညာရပ်ဝန်းကျင်ကောင်းများ ဖန်တီးပေးရန်နှင့် ခေတ်နှင့် လျော်ညီသော နည်းပညာများကို ထိရောက်စွာ အသုံးပြုခြင်းဖြင့် သင်ကြားသင်ယူမှု အရည်အသွေး မြင့်မားရန်

(ဇ) အားကစားနှင့် ကာယပညာလုပ်ငန်းများနှင့် ကျောင်းကျန်းမာရေးလုပ်ငန်းများတွင် ကျောင်းသားများ ပါဝင်ဆောင်ရွက်ခြင်းဖြင့် ကိုယ်ခန္ဓာ ကျန်းမာကြံ့ခိုင်ပြီး အားကစားစိတ်ဓာတ် ဖွံ့ဖြိုးလာရန်

(ဈ) နည်းပညာနှင့် သက်မွေးပညာရေးနှင့် အဆင့်မြင့်ပညာရေးအတွက် အခြေခံကောင်းများရရှိရန်

(ည) လူတစ်ဦးချင်းဖြစ်စေ၊ လူ့အဖွဲ့အစည်းအလိုက်ဖြစ်စေ မတူကွဲပြားမှုများအား နားလည်လက်ခံ၍ တန်းတူညီမျှမှုကို တန်ဖိုးထားလေးစားပြီး ငြိမ်းချမ်းရေး အခြေခံအသိများနှင့်အညီ လက်တွေ့ကျင့်သုံး နေထိုင်တတ်သူများဖြစ်ရန်

## မူလတန်းကျောင်းသားများအတွက် လူမှုရေးဘာသာရပ်အတွက် သင်ယူမှုရလဒ်များ

- ၂၁ ရာစု မြန်မာနိုင်ငံ၏ ပတ်ဝန်းကျင်၊ လူမှုအဖွဲ့အစည်း၊ စီးပွားရေးနှင့် ယဉ်ကျေးမှုတို့ကို ဖော်ပြတတ်မည်။
- သမိုင်းဝင်အထင်ကရပုဂ္ဂိုလ်များ၊ အဓိကကျသော အဖြစ်အပျက်များကို လေ့လာခြင်းမှတစ်ဆင့် မြန်မာနိုင်ငံ၏ ပတ်ဝန်းကျင်၊ လူမှုအဖွဲ့အစည်း၊ စီးပွားရေးနှင့် ယဉ်ကျေးမှုတို့အကြောင်း ဆွေးနွေးတတ်မည်။
- ၂၁ ရာစု မြန်မာနိုင်ငံတွင် ပတ်ဝန်းကျင်၊ လူမှုအဖွဲ့အစည်း၊ စီးပွားရေးနှင့် ယဉ်ကျေးမှုတို့က နေ့စဉ်လူမှုဘဝအပေါ် သက်ရောက်မှုကို ရှင်းပြတတ်မည်။
- မြန်မာနှင့် အခြားကမ္ဘာ့နိုင်ငံများ၏ အဓိကအချက်အလက်များ၊ ရှုထောင့်များကို သိရှိလာမည်။
- သမိုင်းနှင့် ပထဝီဝင်ဆိုင်ရာ အချက်အလက်များအပေါ် သိရှိသတိမူမိခြင်းမှတစ်ဆင့် ပတ်ဝန်းကျင်၊ လူမှုအဖွဲ့အစည်း၊ စီးပွားရေးနှင့် ယဉ်ကျေးမှုတို့ မည်ကဲ့သို့ ဖွံ့ဖြိုးတိုးတက်လာနိုင်သည်ကို ပြန်လည်သုံးသပ်တတ်လာမည်။
- ‘သဘာဝပတ်ဝန်းကျင်ဆိုင်ရာသက်ရောက်မှု’ နှင့် ‘ရေရှည်တည်တံ့နိုင်စွမ်း’ ဟူသည့် ဝေါဟာရများက မည်သည့်အဓိပ္ပာယ်ဆောင်သည် ဆိုသည်ကို နားလည်လာမည်။
- ‘သဘာဝပတ်ဝန်းကျင်ဆိုင်ရာသက်ရောက်မှု’ နှင့် ‘ရေရှည်တည်တံ့နိုင်စွမ်း’ တို့ကို ဆင်ခြင်သုံးသပ်ခြင်းဖြင့် မြန်မာနိုင်ငံကို ကမ္ဘာကြီး၏ အစိတ်အပိုင်းတစ်ရပ်အဖြစ်နှင့် မည်ကဲ့သို့ ပံ့ပိုးနိုင်သနည်း ဆိုသည်ကို လေ့လာဆန်းစစ်တတ်မည်။
- သမိုင်းနှင့် ပထဝီဝင်ဆိုင်ရာ အရည်အချင်းများ ဖွံ့ဖြိုးတိုးတက်မှုက မြန်မာနိုင်ငံသားများကို ၂၁ ရာစုတွင် မည်ကဲ့သို့ အသိပညာများပြီး ဗဟုသုတကြွယ်ဝသော နိုင်ငံသားများ ဖြစ်စေနိုင်သည်ကို အကဲဖြတ်တတ်မည် ဖြစ်ပါသည်။

## လူမှုရေးဘာသာရပ် ဆရာများအတွက် အဓိကတတ်ကျွမ်းမှု စံသတ်မှတ်ချက်များ

ဤအပိုင်းတွင် မြန်မာနိုင်ငံ၏ လုပ်ငန်းခွင်စတင်တာဝန်ထမ်းဆောင်စ ဆရာများအတွက် တတ်ကျွမ်းမှုစံသတ်မှတ်ချက် အညွှန်းဘောင် (TCSF) မှ လူမှုရေးဘာသာရပ်နှင့် ဆက်နွှယ်သော အဓိကတတ်ကျွမ်းမှု စံသတ်မှတ်ချက်များကို ဖော်ပြပါမည်။ ထိုတတ်ကျွမ်းမှု စံသတ်မှတ်ချက်များသည် ဆရာအတတ်သင် ကျောင်းသားများ မည်သည့်အရာများကို သိရှိထားသင့်ပြီး၊ ပညာရေးဒီဂရီ

ကောလိပ်မှ ဘွဲ့ရသွားသောအခါ မည်သည့်အရာများ ရရှိတတ်ကျွမ်းသွားမည်ကို ယေဘုယျ ခြုံငုံပြသပေးသည့် လမ်းညွှန်တစ်ခု ဖြစ်ပါသည်။ ၎င်းတတ်ကျွမ်းမှု စံသတ်မှတ်ချက်များသည် လူမှုရေးဘာသာရပ် သင်ရိုးမာတိကာပါ အကြောင်းအရာ အခန်းများအတွက် ချမှတ်ထားသည့် မျှော်မှန်းထားသော သင်ယူမှုရလဒ်များနှင့် ချိတ်ဆက်မှုရှိပါသည်။

**ဇယား (က)။ တတိယနှစ် လူမှုရေးဘာသာရပ်၊ မူလတန်းအထူးပြု ဆရာများအတွက် အဓိကတတ်ကျွမ်းမှု စံသတ်မှတ်ချက်များ**

| တတ်ကျွမ်းမှု စံသတ်မှတ်ချက် | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ |
|---|---|---|
| **(က–၁) ကျောင်းသားများ မည်သို့သင်ယူသည်ကို သိသည်။** | (က) (၁.၁) ကျောင်းသားများ၏ အသက်အရွယ်၊ ဖွံ့ဖြိုးမှုအဆင့် နှင့် လိုက်လျောညီထွေစွာ မည်သို့ သင်ယူကြသည်ကို နားလည်သဘောပေါက်ကြောင်း ပြသသည်။ | (က) (၁.၁.၁) ကျောင်းသားများ၏ သိမှုဆိုင်ရာဖွံ့ဖြိုးမှု၊ ကာယဖွံ့ဖြိုးမှု၊ ပေါင်းသင်းဆက်ဆံရေးဖွံ့ဖြိုးမှု၊ စိတ်လှုပ်ရှားခံစားမှုဆိုင်ရာ ဖွံ့ဖြိုးမှုနှင့် စာရိတ္တပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုများသည် သူတို့၏ သင်ယူမှုအပေါ် မည်ကဲ့သို့ အကျိုးသက်ရောက်မှုရှိကြောင်း ဥပမာဖြင့်ဖော်ပြသည်။<br><br>(က) (၁.၁.၂) ကျောင်းသားများ၏ သိမှုဆိုင်ရာဖွံ့ဖြိုးမှု၊ ဘာသာစကားဆိုင်ရာဖွံ့ဖြိုးမှု၊ ပေါင်းသင်းဆက်ဆံရေး ဖွံ့ဖြိုးမှု၊ စိတ်လှုပ်ရှား ခံစားမှုဖွံ့ဖြိုးမှုများနှင့် ကာယဖွံ့ဖြိုးမှုများအရ သင်ယူမှုလုပ်ငန်းများကို ပြင်ဆင်သည်။ |
| **(က–၂) ပညာရေးဆိုင်ရာ နည်းပညာများကို ဆီလျော်စွာ အသုံးပြုနိုင်မှုအား သိသည်။** | (က) (၂.၁) သင်ကြားသင်ယူမှု ဆိုင်ရာ နည်းဗျူဟာအမျိုးမျိုး နှင့် ရင်းမြစ်အမျိုးမျိုးကို ဆီလျော်စွာ အသုံးပြုနိုင်မှုအား နားလည်သဘောပေါက်ကြောင်း ပြသသည်။ | (က) (၂.၁.၁) ကျောင်းသားများ အချင်းချင်း အပြန်အလှန် ပြောဆိုဆက်သွယ်ခြင်း၊ စူးစမ်းလေ့လာခြင်း၊ ပြဿနာဖြေရှင်းခြင်း၊ တီထွင်ဖန်တီးခြင်း အခွင့်အလမ်းများကို ပံ့ပိုးပေးသည့် သင်ယူမှု အတွေ့အကြုံများကို ပြင်ဆင်ဆောင်ရွက်သည်။<br><br>(က) (၂.၁.၂) ကျောင်းသားများသင်ယူမှုတွင် အထောက်အကူပြုရန် ကျောင်းသုံးစာအုပ်များတွင် ဖော်ပြထားသည့် သင်ကြားနည်းများ၊ နည်းဗျူဟာများ၊ သင်ကြားသင်ယူမှု အထောက်အကူ ပစ္စည်းများနှင့် ကုန်ကျစရိတ်နည်းသည့် ထပ်ဆောင်းပစ္စည်းများကို အသုံးပြုသည်။ |

| တတ်ကျွမ်းမှု စံသတ်မှတ်ချက် | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ |
|---|---|---|
| **(က–၄) သင်ရိုးညွှန်းတမ်း အကြောင်းသိသည်။** | (က) (၄.၁) အခြေခံပညာ သင်ရိုးညွှန်းတမ်းတွင် ဖော်ပြထားသည့် သင်ရိုးဖွဲ့စည်းပုံ၊ အကြောင်းအရာနှင့် မျှော်မှန်းထားသော သင်ယူမှုရလဒ်များကို နားလည်သဘောပေါက်ကြောင်း ပြသသည်။ | (က) (၄.၁.၁) အဆင့်အလိုက်၊ အတန်းအလိုက်၊ ဘာသာရပ်အလိုက် သင်ကြားသော မူလတန်း သင်ရိုးညွှန်းတမ်းသင်ယူမှု၏ အဓိကအသိသညာများ၊ အကြောင်းအရာများ၊ သင်ယူမှု ဦးတည်ချက်များနှင့် သင်ယူမှုရလဒ်များကို ဖော်ပြသည်။<br><br>(က) (၄.၁.၂) သင်ရိုးညွှန်းတမ်း၏ လိုအပ်ချက်များကို ထင်ဟပ်စဉ်းစားပြီး ဆီလျော်သော သင်ကြား၊ သင်ယူမှု လုပ်ငန်းများနှင့် သင်ထောက်ကူပစ္စည်းများ ပါဝင်သော သင်ပြမှုပုံစံများကို ပြင်ဆင်ရေးဆွဲသည်။<br><br>(က) (၄.၁.၃) မူလတန်းသင်ရိုးညွှန်းတမ်း၏ စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာမူများကို ဖော်ပြသည်။ |
| **(က–၅) ဘာသာရပ် အကြောင်းအရာကို သိသည်။** | (က) (၅.၁) အတန်း(အဆင့်) တစ်ခုခုတွင် သင်ကြားရန် တာဝန်ပေးအပ်ထားသော ဘာသာရပ်အကြောင်းအရာကို နားလည်သဘောပေါက်ကြောင်း ပြသသည်။ | (က) (၅.၁.၁) အတန်းအဆင့်များအလိုက် သင်ကြားသော ဘာသာရပ်ဆိုင်ရာ အဓိကအသိသညာများ၊ ကျွမ်းကျင်မှုများ၊ နည်းလမ်းများနှင့် အသုံးချမှုများကို ဖော်ပြသည်။<br><br>(က) (၅.၁.၂) ကျောင်းသားများ ဘာသာရပ်ဆိုင်ရာ အကြောင်းအရာများနှင့် ကျွမ်းကျင်မှုများ သင်ယူရာတွင် အထောက်အပံ့ပြုနိုင်ရန် တိကျမှန်ကန်ဆီလျော်သော သတင်းအချက်အလက်များ၊ နမူနာများနှင့် လေ့ကျင့်ခန်းများကို သင်ခန်းစာများတွင် ထည့်သွင်းသည်။<br><br>(က) (၅.၁.၃) အတန်းအဆင့်အလိုက် သင်ကြားရမည့် စာတတ်မြောက်မှု၊ အခြေခံ သင်္ချာတတ်မြောက်မှု၊ သိပ္ပံနှင့် လူမှုရေး ဘာသာရပ်များ၏ အဓိကနယ်ပယ်များတွင် သင်ယူမှုတိုးတက်မြင့်မားစေရန် အသုံးပြုထားသော၊ လက်တွေ့ဘဝနှင့် ဆက်စပ်သော ချဉ်းကပ်နည်းများကို ဖော်ပြသည်။ |

| တတ်ကျွမ်းမှု စံသတ်မှတ်ချက် | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ |
|---|---|---|
| **(ခ–၁) သင်ကြားမှုနည်းဗျူဟာ အမျိုးမျိုးကို အသုံးပြု၍ သင်ရိုးညွှန်းတမ်း အကြောင်းအရာကို သင်ကြားသည်။** | (ခ) (၁.၁) ဘာသာရပ်ဆိုင်ရာ အသိပညာများနှင့် အကြောင်းအရာများကို ရှင်းလင်းစွာနှင့် ကလေးများအား ကိုယ်ရောစိတ်ပါ ပါဝင်ဆောင်ရွက်မှုရှိအောင် သင်ကြားနိုင်စွမ်းရှိကြောင်း ပြသည်။ | (ခ) (၁.၁.၂) ကျောင်းသားများ၏ ယခင်ရှိပြီး အသိပညာ၊ စိတ်ဝင်စားမှု၊ နေ့စဉ်ဘဝ၊ ဒေသလိုအပ်ချက်များနှင့် ချိတ်ဆက်နိုင်မည့် သင်ကြားရေးဆိုင်ရာ အထောက်အကူပစ္စည်းများကို ရွေးချယ်သည်။ |
| | (ခ) (၁.၂) သင်ကြားသင်ယူမှုတွင် ပညာရေးဆိုင်ရာ နည်းပညာများနှင့် နည်းဗျူဟာ အမျိုးမျိုးကို အသုံးပြု သင်ကြားနိုင်စွမ်းရှိကြောင်း ပြသည်။ | (ခ) (၁.၂.၁) အတန်းတွင်းအခြေအနေ၊ အတန်း အရွယ်အစား၊ အတန်းအမျိုးအစားတို့အတွက် သင့်လျော်ကိုက်ညီသော သင်ကြားနည်းများ၊ သင်ယူမှု နည်းဗျူဟာများကို အသုံးပြုသည်။ |
| | (ခ) (၁.၃) ကျောင်းသားများ၏ သင်ယူနိုင်မှုစွမ်းရည်၊ အတွေ့အကြုံများနှင့် ကိုက်ညီသော သင်ပြမှုပုံစံကို ကောင်းမွန်စွာ ရေးဆွဲပြင်ဆင်နိုင်ကြောင်း ပြသည်။ | (ခ) (၁.၃.၁) စာသင်ချိန်အားလုံးကို ထိရောက်စွာ အသုံးပြုနိုင်ရန် သင်ခန်းစာကို ဖွဲ့စည်းပြင်ဆင်သည်။<br><br>(ခ) (၁.၃.၂) ကျောင်းသားများ သင်ယူမှုတွင် စိတ်ဝင်စားမှုရှိရန်၊ ၎င်းတို့၏ သင်ယူလိုစိတ်ကို လှုံ့ဆော်နိုင်ရန်၊ ယခင်သင်ယူပြီးသော အကြောင်းအရာများကို သင်ယူမှု အသစ်များနှင့် ချိတ်ဆက်နိုင်ရန် သင်ခန်းစာကို နိဒါန်းပျိုးပေးသည်။<br><br>(ခ) (၁.၃.၃) ကျောင်းသားများ၏ စိတ်ဝင်စားမှုများ၊ အတွေ့အကြုံများကို တုံ့ပြန်ပေးနိုင်ပြီး သင်ယူမှုနယ်ပယ်များကို ပေါင်းစပ်မှုရှိသည့် အစီအစဉ်တကျရှိသော၊ ထိထိမိမိအလေးထားသော သင်ယူမှုအတွေ့အကြုံများကို ကြိုတင်ပြင်ဆင်သည်။ |
| **(ခ–၂) ကျောင်းသားများ၏ သင်ယူမှုကို စစ်ဆေးအကဲဖြတ်ခြင်း၊ လေ့လာကြီးကြပ်ခြင်းနှင့် အစီရင်ခံခြင်း** | (ခ) (၂.၁) ကျောင်းသား၏ သင်ယူမှုကို လေ့လာကြီးကြပ် တည့်မတ်ပေးရန်နှင့် စစ်ဆေးအကဲဖြတ်နိုင်ရန် စွမ်းရည်များကို ပြသသည်။ | (ခ) (၂.၁.၁) ကျောင်းသားများ၏ သင်ယူမှုရလဒ်များကို ပေါက်မြောက်အောင်မြင်ရန် အထောက်အကူပေးနိုင်ရန် အတွက် သင်ခန်းစာ၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် စစ်ဆေးအကဲဖြတ်နည်းများကို သုံးသည်။<br><br>(ခ) (၂.၁.၃) ကျောင်းသားများ၏နားလည်မှုကို စစ်ဆေးနိုင်သည့်၊ သုံးသပ်အကြံပြုချက်များ ပေးနိုင်သည့် မေးခွန်းမေးနည်းနှင့် ဆွေးနွေးနည်းများကို အသုံးပြုသည်။ |

| တတ်ကျွမ်းမှု စံသတ်မှတ်ချက် | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ |
|---|---|---|
| **(ဂ-၁) ဆရာလုပ်ငန်းတွင် တာဝန်ထမ်းဆောင်သည်။** | (ဂ) (၁.၂) ဆရာအဖြစ် အသက်မွေးဝမ်းကျောင်း ပြုရာတွင် မိမိ၏လက်တွေ့ သင်ကြားမှုများအား လွှမ်းမိုးနေသော နောက်ခံစိတ်ကူး၊ အတွေးအခေါ်များကို နားလည်ကြောင်းပြသသည်။ | (ဂ) (၁.၂.၁) သင်ကြားသင်ယူမှုဆိုင်ရာ ချဉ်းကပ်နည်းနှင့် သက်ဆိုင်သည့် သဘောတရားများနှင့် အယူအဆများကို ဖော်ထုတ်သတ်မှတ်သည်။ |
| **(ဂ-၃) ကျောင်းသားအားလုံး ပညာရေး အရည်အသွေး မြင့်မားစေရန်နှင့် ပညာရေး တန်းတူမျှမှုရရှိနိုင်ရန် တိုးမြှင့်ဆောင်ရွက်သည်။** | (ဂ) (၃.၂) ကျောင်းသားများ၏ မတူကွဲပြားသော ခြားနားချက်များကို လေးစားပြီး ကျောင်းသားအားလုံး မိမိတို့၏ စွမ်းရည်အလိုက် သင်ယူနိုင်သည်ဟူသော ယုံကြည်မှုသဘောထားကို ဖော်ပြသည်။ | (ဂ) (၃.၂.၁) သင်ခန်းစာအကြောင်းအရာများ၊ သင်ယူမှုလုပ်ငန်းများတွင် ကျောင်းသားများ အားလုံးပါဝင်ခွင့်ရရှိရန်၊ ဆရာနှင့် အပြန်အလှန် ပြောဆိုဆက်သွယ်ခွင့်ရရှိရန် စာသင်ခန်းကို ဖွဲ့စည်းသည်။ |
| | (ဂ) (၃.၃) ကျောင်းသားများ၏ မတူကွဲပြားသော ယဉ်ကျေးမှု ဓလေ့ထုံးစံများကို နားလည်ပြီး ကမ္ဘာ့နိုင်ငံသားဖြစ်ရေးအတွက် ပြုစုပျိုးထောင်ပေးနိုင်စွမ်း ရှိကြောင်း ပြသသည်။ | (ဂ) (၃.၃.၁) ရေရှည်တည်တံ့မှု၊ တန်းတူညီမျှမှု၊ တရားမျှတမှု၊ ကျောင်းသားများ၏ အခွင့်အရေးများ၊ တာဝန်များနှင့်ပတ်သက်သည့် အယူအဆများကို စာသင်ခန်း၊ ကျောင်းအခြေပြုလုပ်ငန်းများတွင် ပေါင်းစပ်ဆောင်ရွက်နိုင်သည်။ |
| **(ဃ-၁) မိမိ၏ သင်ကြားရေး လက်တွေ့ဆောင်ရွက်မှုများကို ပြန်လည်ထင်ဟပ်သုံးသပ်သည်။** | (ဃ) (၁.၁) မိမိ၏ လက်တွေ့ သင်ကြားမှု လုပ်ငန်းများနှင့် ကျောင်းသားများ၏ သင်ယူမှုအပေါ် ယင်းတို့၏ အကျိုးသက်ရောက်ပုံကို ပုံမှန်ထင်ဟပ်စဉ်းစား သုံးသပ်သည်။ | (ဃ) (၁.၁.၂) လက်တွေ့သင်ကြားမှုလုပ်ငန်းနှင့် ကျောင်းသားများ၏ သင်ယူမှုတိုးတက်မြင့်မားစေရန် ရင်းမြစ်အမျိုးမျိုးမှ ရရှိသော သတင်းအချက်အလက်များကို အသုံးပြုသည်။<br><br>(ဃ) (၁.၁.၃) ဆရာတစ်ယောက်အနေဖြင့် မိမိတို့၏ ဆရာအတတ်ပညာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး အတွက် နယ်ပယ်များ ဖော်ထုတ်နိုင်ရန် အတွေ့အကြုံများ၊ လုပ်ငန်းဆောင်ရွက်မှုများကို ပုံမှန်ထင်ဟပ်သုံးသပ်သည်။ |

| တတ်ကျွမ်းမှု စံသတ်မှတ်ချက် | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ |
|---|---|---|
| **(ဃ–၂) သင်ကြားရေး လက်တွေ့ဆောင်ရွက်မှုများ တိုးတက်မြင့်မားရေးအတွက် လုပ်ဖော်ကိုင်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်သည်။** | (ဃ) (၂.၁) အခြားဆရာများထံမှ သင်ယူခြင်းဖြင့်လည်းကောင်း၊ သင်ကြားရေး အတတ်ပညာဆိုင်ရာ စွမ်းရည် ဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းများအားဖြင့် လည်းကောင်း၊ မိမိ၏ လက်တွေ့သင်ကြားမှုများကို တိုးတက်စေသည်။ | (ဃ) (၂.၁.၁) လေ့လာကြီးကြပ်သူများ၊ လုပ်ဖော်ကိုင်ဖက်များနှင့် လက်တွေ့သင်ကြားမှုများကို ဆွေးနွေးသည်။ အပြုသဘောဆောင်သော သုံးသပ်အကြံပြုချက်များကို စိတ်ဆန္ဒထက်သန်စွာ လက်ခံရယူသည်။ |

*ရင်းမြစ်* – မြန်မာနိုင်ငံဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက်အညွှန်းဘောင် (TCSF)၊ လုပ်ငန်းခွင်၌ စတင်တာဝန်ထမ်းဆောင်သော ဆရာများ (၂၀၂၀ ခုနှစ်) (စာ. ၇၉ – ၁၁၀)

## အရွယ်ရောက်သူလူငယ်များအား သင်ကြားပို့ချခြင်း

သင်၏စာသင်ခန်းအတွင်းရှိ ကျောင်းသားများသည် အရွယ်ရောက်သူလူငယ်များ ဖြစ်ကြသည်။ အထောက်အထားများအရ ယင်းလူငယ်များသည် အောက်ပါအခြေအနေများတွင် အကောင်းဆုံး သင်ယူကြသည်။

- ဘာသာရပ်ပါအကြောင်းအရာများသည် ယင်းတို့၏ ယခင်ကရှိပြီးသားအသိ၊ အတွေ့အကြုံများနှင့် ချိတ်ဆက်မှုရှိသောအခါ
- အတန်းတွင်းအတန်းပြင် သင်ယူမှုများတွင် တက်ကြွစွာ ပါဝင်ရန် အခွင့်အလမ်း ရသောအခါနှင့်
- မိမိ၏သင်ယူမှုကို မိမိတာဝန်ယူရပြီး လေးနက်စွာ စဉ်းစားတွေးခေါ်ရသည့် ကျွမ်းကျင်မှု၊ ပေါင်းသင်းဆက်ဆံပြောဆိုရသော ကျွမ်းကျင်မှုများ ဖွံ့ဖြိုးစေအောင် ပြုလုပ်စေသောအခါတို့တွင် ဖြစ်သည်။

ဤဆရာလမ်းညွှန်တွင် အဆိုပြုထားသည့် အမျိုးမျိုးသော သင်ကြားသင်ယူမှု နည်းဗျူဟာများသည် အရွယ်ရောက်သူ လူငယ်များအား သင်ကြားသည့် သဘောတရားများမှ ‘အလေ့အကျင့်ကောင်းများ’ ကို အခြေခံထားသည်။

## ၁။ ဆီလျော်မှုရှိပါစေ။

အရွယ်ရောက်သူ လူငယ်များသည် ဦးတည်ချက်ရည်မှန်းချက်ပန်းတိုင်ရှိပြီး လက်တွေ့ကျလေ့ရှိသည်။ ၎င်းတို့၏ သင်ယူမှုများသည် နေ့စဉ်ဘဝတွင် အဘယ်ကဲ့သို့ အရေးပါကြမည်ဆိုသည်ကို နားလည်သဘောပေါက်လိုကြသည်။ ဆိုလိုသည်မှာ ကျောင်းသားများ သင်ခန်းစာကို သင်ယူလိုက်ခြင်းအားဖြင့် မည်သည့်အရာများကို တတ်မြောက်သွားမည်၊ အဘယ်ကြောင့် သင်ယူရရန်လိုအပ်သည် ဆိုသည့်အချက်နှင့် ပတ်သက်၍ တိကျရှင်းလင်းမှုရှိသော ပန်းတိုင်နှင့် ရည်မှန်းချက်များရှိရန် အရေးကြီးသည်။ ကျောင်းသားများသည် ယင်းတို့၏ အနာဂတ် အသက်မွေးမှုလုပ်ငန်းနှင့် ယခုသင်ယူနေသော အကြောင်းအရာများသည် တစ်ခုနှင့်တစ်ခု ဆက်နွှယ် ပတ်သက်နေသည်ကို သိမြင်ရန်လိုအပ်သည်။ ကျောင်းသားများ ယခု မည်သည်ကို သင်ယူနေကြသည် (သို့မဟုတ်) တစ်ဦးချင်း သင်ယူနေခြင်းများသည် ဆရာဖြစ်လာမည့် ၎င်းတို့အတွက် အဘယ်မျှ အသုံးဝင်သည်ကို ရှင်းလင်းစွာပြောပြရပါမည်။

## ၂။ သင့်ကျောင်းသားများ၏ နောက်ခံဘဝအခြေအနေများကို သိပါ။

သင်၏ကျောင်းသားများသည် အနည်းဆုံး (၁၈) နှစ် ဘဝအတွေ့အကြုံများနှင့်အတူ ရောက်ရှိလာကြမည်ဖြစ်သည်။ ဘာသာရပ်ပါအကြောင်းအရာ သင်ခန်းစာများသည် ကျောင်းသားများ သင်ယူပြီးစီးခဲ့သည့် ပညာရေးအဆင့်နှင့် ၎င်းတို့နေ့စဉ်ဘဝအဖြစ်အပျက်များကို ထင်ဟပ်နေစေသင့်ပါသည်။ အရွယ်ရောက်သူလူငယ်များ၏ အတွေ့အကြုံနှင့် ဗဟုသုတများကို တန်ဖိုးထားခြင်းအားဖြင့် လေးစားမှုပြပေးရန် လိုသည်။ သင်ယူမှုအပေါ် နားလည်သဘောပေါက်စေရန်နှင့် သင်ခန်းစာ အကြောင်းအရာကို ဆက်စပ်နိုင်စေရန် ကျောင်းသားများ၏ လက်တွေ့ဘဝအတွေ့အကြုံများ၊ သင်ယူခဲ့သော အသိပညာဗဟုသုတများအား သင်ခန်းစာ၏ မည်သည့်နေရာနှင့် ချိတ်ဆက်ပေးရမည်ကို ရှာဖွေရပါမည်။

## ၃။ စူးစမ်းလေ့လာဖော်ထုတ်မှုကိုအားပေးပါ။

အရွယ်ရောက်သူလူငယ်များဖြစ်သည့် ကျောင်းသားများသည် ယင်းတို့၏ သင်ယူမှုများကို ကိုယ်တိုင်လမ်းညွှန်မှုတို့ဖြင့် လုပ်ဆောင်နိုင်စွမ်းရှိကြပါသည်။ ပြဿနာဖြေရှင်းခြင်းနှင့် ပူးပေါင်းလုပ်ဆောင်ခြင်း လိုအပ်သော သင်ယူမှုလုပ်ငန်းများသည် ကျောင်းသားများအား

သင်ခန်းစာအကြောင်းအရာများကို လေးနက်စွာနှင့် အဓိပ္ပာယ်ရှိစွာ ဆက်စပ်နိုင်ရန် ကူညီပေးသည်။ ဤသို့ပြုလုပ်ရန် ကျောင်းသားများအား အုပ်စုလိုက်ဆွေးနွေးစေခြင်းများ၊ လက်တွေ့ဘဝနှင့် ဆက်စပ်သော လေ့ကျင့်မှုများနှင့် အခြားသူများကို သင်ပြပေးရန် အခွင့်အလမ်းများပေးပြီး တက်ကြွစွာ ပါဝင်လာစေရန် နည်းလမ်းများကို ရှာဖွေပါ။ ဤသို့ပြုလုပ်ပေးခြင်းသည် သင့်ကိုယ်သင် ဆရာတစ်ဦးဖြစ်နေခြင်းထက် ပံ့ပိုးကူညီသူတစ်ဦးအဖြစ်တွေးမိစေနိုင်ပါသည်။ စာသင်ခန်း အတွင်းရှိ ကျောင်းသားများအား ၎င်းတို့စိတ်ဝင်စားသောအရာကို ရှာဖွေစေပြီး တွေ့ရှိသွားသော စိတ်ဝင်စားမှု နောက်လိုက်၍ သင်ယူမှုကို ကိုယ်တိုင်ဦးစီးဦးဆောင်ပြုလျက် သင်ယူစေခြင်းမျိုးကို တိုက်တွန်းအားပေးနိုင်ပါသည်။

## လူတိုင်းအကျုံးဝင်၍ သာတူညီမျှမှုရှိသော စာသင်ခန်းတွင်း အလေ့အထများအတွက် လမ်းညွှန်ချက်များ

လူတိုင်းအကျုံးဝင်ပါဝင်မှု ဆိုသည်မှာ လူအားလုံးသည် မည်သည့်ပုံစံနှင့်မျှ ခွဲခြားဆက်ဆံခံရခြင်း မရှိဘဲ တန်းတူအခွင့်အရေးများအား နှစ်ခြိုက်စွာ ခံစားရရှိနိုင်မှုကို သေချာစေသော အပြုအမူ ဖြစ်သည်။ ပညာရေးတွင် လူတိုင်း အကျုံးဝင်ပါဝင်မှု ဆိုသည်မှာ ၁၉၈၉ ခုနှစ်၊ ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ သဘောတူညီချက်တွင် ချမှတ်ခဲ့သည့်အတိုင်း ကလေး တစ်ယောက်အား ၎င်း၏ ကျား၊မ ဖြစ်တည်မှု၊ ဘာသာစကား၊ တိုင်းရင်းသားဖြစ်မှု၊ ကိုးကွယ်ယုံကြည်မှု၊ မသန်စွမ်းမှု၊ လူမှုစီးပွားအခြေအနေနှင့် ပထဝီဝင်နေရာ စသည်တို့ကို ပဓာနမထားဘဲ ပညာသင်ယူခွင့် ရရှိနိုင်ရေး ဖြစ်သည်။ ပညာရေးဝန်ကြီးဌာန (MoE) ၏ မျှော်မှန်းချက်မှာ ကုလသမဂ္ဂသဘောတူညီချက်မှ သတ်မှတ်ချက်များကို လိုက်နာစောင့်ထိန်းရာတွင် သိသာထင်ရှားသော တိုးတက်မှုများ ရှိစေရန် ဖြစ်သည်။ ပညာရေးအတွက် ရေရှည်တည်တံ့ ခိုင်မြဲသော ဟန်ချက်ညီပန်းတိုင် (SDG) အား ရောက်ရှိအောင်မြင်နိုင်ရန်မှာလည်း ပညာရေး ဝန်ကြီးဌာန (MoE) ၏ ရည်မှန်းချက် ဖြစ်သည်။ ပညာရေးအတွက် ရေရှည်တည်တံ့ခိုင်မြဲသော ဟန်ချက်ညီပန်းတိုင် ဆိုသည်မှာ *SDG ပန်းတိုင် (၄) – လူသားအားလုံးအကျုံးဝင်ကာ ညီညွတ်မျှတပြီး အရည်အသွေးရှိသည့် ပညာသင်ယူနိုင်ရေးနှင့် ဘဝတစ်လျှောက် အစဉ်လေ့လာသင်ယူနိုင်သော အခွင့်အလမ်း ရရှိရေး* ဖြစ်သည်။

လူတိုင်းအကျုံးဝင်ပါဝင်မှုနှင့် ပညာရေးဒီဂရီကောလိပ်၏ အဆင့်တိုင်း၌ သင်ယူသူနှင့် ရင်းနှီးကျွမ်းဝင်သော ပတ်ဝန်းကျင်တို့အား ဖန်တီးထားခြင်းတို့မှတစ်ဆင့် SDG ပန်းတိုင် (၄) သို့ ရောက်ရှိအောင်မြင်နိုင်သည်ဟု နားလည်သဘောပေါက်ထားနိုင်သည်။ ဆရာများက လူတိုင်းအကျုံးဝင်ပါဝင်မှုနှင့် သာတူညီမျှရှိသော စာသင်ခန်းအလေ့အထများကို ၎င်းတို့၏ ကျောင်းသားများအား စံနမူနာအဖြစ် ပြသနိုင်သလို အုပ်ချုပ်သူများကလည်း ခွဲခြားဆက်ဆံခြင်းအား ဆန့်ကျင်သည့် မူဝါဒ အပါအဝင် လူတိုင်းအကျုံးဝင်ပါဝင်မှုကို ဖော်ကျူးနေသည့် တာဝန်များ၊ မျှော်မှန်းအဆိုပြုချက်များနှင့် မူဝါဒများအား ဖန်တီးခြင်းတို့ဖြင့် ကူညီလုပ်ဆောင်နိုင်ပါသည်။

ဆရာတစ်ယောက်အနေဖြင့် စာသင်ခန်းအတွင်း ကျား၊မ ရေးရာ ခွဲခြားမှုမရှိဘဲ တန်းတူ ဆက်ဆံခြင်းကို တက်ကြွစွာ ဖော်ဆောင်ခြင်းသည် သင်၏ သင်ကြားမှုတွင် မရှိမဖြစ် အရေးပါသော အင်္ဂါရပ်တစ်ခု ဖြစ်သည်။ ကျောင်းသားများသည် ၎င်းတို့၏ ပါဝင်ဆောင်ရွက်မှုများကို အညီအမျှ တန်ဖိုးထားသည်ဟု ခံစားရပြီး၊ သင်ယူမှုကို အညီအမျှ လက်လှမ်းမီရယူနိုင်သည့် ဘေးကင်းလုံခြုံ၍ အပြုသဘောဆောင်သော သင်ယူမှုဝန်းကျင်ကို ရရှိစေရန် သင် အသုံးပြုမည့် သင်ကြားသင်ယူမှု နည်းလမ်းများနှင့် ရင်းမြစ်များကို သတိပြုရွေးချယ်ရန် လိုအပ်ပါသည်။

ကျောင်းသားများ ပညာရေးကို လက်လှမ်းမီရယူနိုင်ကြောင်း သေချာစေရန်မှာ သင့် တာဝန်ဝတ္တရား ဖြစ်သလို လူတိုင်းအကျုံးဝင်ပါဝင်မှုနှင့် ကျား၊မ တန်းတူညီမျှမှု၏ အရေးပါပုံကို ကျောင်းသားများ နားလည်သဘောပေါက်၊ တန်ဖိုးထားရန်နှင့် ၎င်းတို့ကိုယ်ပိုင် သင်ကြားမှုအလေ့အကျင့်များနှင့် ပတ်သက်သော အသိပညာများကို ရယူရန်မှာလည်း သင့် တာဝန်ဝတ္တရား ဖြစ်သည်။ လူတိုင်း အကျုံးဝင်ပါဝင်ပြီး သင်ယူသူနှင့် ရင်းနှီးကျွမ်းဝင်သော ပတ်ဝန်းကျင်များအား ပြည့်စုံစွာ ရှင်းလင်းဖော်ပြပြီး (သို့မဟုတ်) သွယ်ဝိုက်ဖော်ပြပြီး ဖန်တီးခြင်းနှင့် စပ်လျဉ်းသော စာသင်ခန်းတွင်း ဖွံ့ဖြိုးတိုးတက်လာသည့် ကျွမ်းကျင်မှုများ၊ အသိပညာ၊ တန်ဖိုးထားမှုများနှင့် စိတ်နေသဘောထား များသည် ကျောင်းသားများ၏ အနာဂတ် စိတ်နေသဘောထားများအပေါ် ရေရှည်သက်ရောက်မှုများ ရှိနိုင်ပါလိမ့်မည်။

## လူတိုင်းအကျုံးဝင်သည့် သင်ယူမှု ပတ်ဝန်းကျင်တစ်ခုကို ကူညီပံ့ပိုးရန်အတွက် ယေဘုယျ နည်းဗျူဟာများ

ကျောင်းသားများ လေ့လာသင်ယူရာတွင် ပေါက်မြောက်အောင်မြင်မှု ရရှိစေရန်အတွက် ၎င်းတို့အား ကူညီပံ့ပိုးပေးသည့် အရည်အသွေးမြင့် လူတိုင်းအကျုံးဝင် သင်ယူမှုပတ်ဝန်းကျင် တစ်ခုကို ဖန်တီးရန်မှာ ဆရာများတွင် တာဝန်ရှိပါသည်။

- ကျောင်းသားတစ်ဦးချင်းစီအကြောင်း စဉ်းစားပြီး ၎င်းတို့၏ ကျား၊မ ဖြစ်တည်မှု၊ မသန်စွမ်းဖြစ်မှု၊ ကိုးကွယ်ရာဘာသာ၊ တိုင်းရင်းသားဖြစ်မှု၊ ဘာသာစကား၊ ပထဝီဝင်ဆိုင်ရာ ဆက်စပ်အကြောင်းအရာနှင့် လူမှုစီးပွား အခြေအနေတို့ကြောင့် တွေ့ကြုံကောင်းတွေ့ကြုံရနိုင်သည့် အဟန့်အတားများကို ထည့်သွင်းစဉ်းစားပါ။
- သင့်ကိုယ်ပိုင် ဘက်လိုက်မှုများကို သတိထားပြီး သင်၏ လုပ်ဆောင်ချက်များနှင့် သင်ကြားမှုနည်းလမ်းများကို ပြန်လည်သုံးသပ်ပါ။
- ကျား၊မအားလုံး ပါဝင်ကြောင်းနှင့် အသိအမှတ်ပြုခံရကြောင်း သေချာအောင် လုပ်ဆောင်ပါ။ ကျား၊မရေးရာ တရားသေမှတ်ယူမှုများကို အားပေးခြင်း မပြုလုပ်မိအောင် သတိပြုပါ။
- တိုင်းရင်းသား (သို့မဟုတ်) ဘာသာရေး အုပ်စုအမျိုးမျိုး တွေ့ကြုံခဲ့ရသည့် (သို့မဟုတ်) ဆက်လက်တွေ့ကြုံနေရသည့် ဖယ်ထုတ်ထားမှုကို သတိထား ဆင်ခြင်ပါ။
- တိုင်းရင်းသားဘာသာစကားပြော အုပ်စုများမှလာသည့် ကျောင်းသားများအနေနှင့် ကျောင်းတွင် ညွှန်ကြားချက်များပေးသည့် ဘာသာစကားကို အသုံးပြုရာ၌ မိမိကိုယ်ကို ယုံကြည်စိတ်ချမှု မရှိခြင်းမျိုး ဖြစ်ကောင်းဖြစ်နိုင်ကြောင်း သတိပြုပါ။ ကျောင်းသား အားလုံး ရင်းနှီးမည့် အသုံးအနှုန်းများကို အသုံးပြုပြီး သင်ခန်းစာတစ်လျှောက် နားလည်မှုကို စစ်ဆေးပါ။ လိုအပ်ပါက ကျောင်းသားအားလုံးအတွက် အဓိက စာရွက်စာတမ်းများနှင့် သင်ထောက်ကူပစ္စည်းများအား ဘာသာပြန်ထားချက်များကို ပံ့ပိုးပေးပါ။
- ကွဲပြားခြားနားသော ဘာသာရေးအလေ့အကျင့်များကို လက်ခံအသိအမှတ်ပြုပြီး အတန်းထဲရှိသူအားလုံးကို ကိုယ်စားပြုရန် ကြိုးစားလုပ်ဆောင်ပါ။ အတန်းထဲ ရှိသူများအား အများဆုံးလွှမ်းမိုးထားသော ယဉ်ကျေးမှု (သို့မဟုတ်) ဘာသာရေးသို့ ဘက်လိုက်မှု မရှိပါစေနှင့်။

- လုပ်ငန်းများနှင့် ဥပမာများသည် လူမှုစီးပွားအုပ်စုအားလုံးမှ ကျောင်းသားများအတွက် နားလည်လွယ်ပြီး အားလုံးပါဝင်ဆောင်ရွက်နိုင်ကြောင်း သေချာအောင်လုပ်ဆောင်ပါ။ နယ်မြေဒေသနှင့် ဆက်နွှယ်နေသော ဒေသဆိုင်ရာ ဥပမာများနှင့် ရရှိရန်လွယ်ကူသော၊ စရိတ်နည်းသော၊ အရန်သင့်ရနိုင်သော သင်ထောက်ကူပစ္စည်းများကို အသုံးပြုပါ။
- မသန်စွမ်းကျောင်းသားများအတွက် နေရာပြင်ဆင်မှုများကို ပံ့ပိုးပေးပြီး သင်ခန်းစာများကို ပြောင်းလဲပြုပြင်ပေးပါ။
- သင်ယူမှုပုံစံအမျိုးမျိုးအတွက် အလိုက်သင့်ဖြစ်စေရန် ရုပ်ပုံအချက်ပြမှုများ၊ အကြားအာရုံ အချက်ပြမှုများနှင့် ဖြစ်နိုင်ပါက အထိအတွေ့အာရုံ အချက်ပြမှုများမှတစ်ဆင့် သင်ခန်းစာ၏ သင်ယူမှုအချက်များကို တင်ပြကြောင်း သေချာအောင်လုပ်ဆောင်ပါ။
- တူညီသော သင်ယူမှုတတ်ကျွမ်းမှုများနှင့် သင်ယူမှုရလဒ်များကို လေ့လာဖော်ထုတ်ရန် အလို့ငှာ ကွဲပြားခြားနားသော ကျောင်းသားများအတွက် အမျိုးမျိုးသော လုပ်ငန်းများကို ပြောင်းလွယ်ပြင်လွယ်ဖြစ်အောင် လုပ်ဆောင် တင်ဆက်ပါ။
- ကျောင်းသားအားလုံးအတွက် မျှော်မှန်းချက်များကို မြင့်မားစွာထားပါ။ သင်ယူမှုရလဒ်များကို ကျောင်းသားတစ်ဦးချင်းစီ ရရှိတတ်မြောက်သွားအောင် ကူညီပေးရန် အလေးပေး ဆောင်ရွက်ပါ။

## စာသင်ခန်းအတွင်း ကျား၊မ အကျုံးဝင်ပါဝင်မှုကို သေချာအောင် လုပ်ဆောင်ပါ။

စာသင်ခန်းအတွင်း အသုံးပြုသည့် ဘာသာစကား၊ ယဉ်ကျေးမှုဓလေ့များအရ အမျိုးသားများနှင့် အမျိုးသမီးများအပေါ် မျှော်မှန်းထားသော စံသတ်မှတ်ချက်များ၊ အခန်းကဏ္ဍများနှင့် တာဝန်ဝတ္တရားများမှတစ်ဆင့် ကျား၊မ ရေးရာ တရားသေမှတ်ယူထားခြင်းများအား အမှုမဲ့အမှတ်မဲ့ ပြန်လည်အားပေးမှုကို ဖြစ်စေတတ်ပါသည်။ သို့ဖြစ်၍ ကျား၊မ အားလုံးပါဝင်သော စာသင်ခန်းဝန်းကျင်တစ်ခုကို အားပေးဖော်ဆောင်ခြင်းဖြင့် အခြေခံပညာ စာသင်ခန်းများအတွင်း ကျောင်းသားတို့၏ ကျား၊မ တန်းတူညီမျှမှုကို ကောင်းမွန်စွာ အထောက်အကူပြုသည့် ကျား၊မ ရေးရာ အလေးထား သိရှိနားလည်မှုကို ထည့်သွင်းစဉ်းစား လုပ်ဆောင်သည့် အလေ့အကျင့်များ တည်ဆောက်မှုကို အားပေးကူညီရပါမည်။

- အသံများ (ပြောဆိုမှုများ)၊ နာမည်များ၊ ကိုးကားမှုများနှင့် ဥပမာများတွင် အမျိုးသားကိုယ်စားပြုမှုနှင့် အမျိုးသမီးကိုယ်စားပြုမှုတို့သည် ညီတူညီမျှ ရှိနေကြောင်း သေချာအောင် လုပ်ဆောင်ပါ။
- ရုပ်ပုံဥပမာများသည် တည်ရှိနေပြီးသော မည်သည့်တရားသေမှတ်ယူမှုမျိုးကိုမဆို အားပေးထောက်ခံနေခြင်း မရှိကြောင်း သေချာအောင် လုပ်ဆောင်ပါ။
- စာသင်ခန်းအတွင်းတွင် ကျား၊မ ရေးရာ သာတူညီမျှမှုနှင့် လူတိုင်းအတွက် အကျုံးဝင်သော ဘာသာစကားကို အသုံးပြုပါ။ သင်၏ ကျောင်းသားများကိုလည်း ထိုနည်းတူ ကျင့်သုံးရန် ပြောပါ။
- ကျောင်းသားများအား ကျား၊မ ရေးရာသဘောကို သတိပြုမိစေရန် ကူညီအားပေးပါ။ ကျား၊မ ရေးရာဘက်လိုက်ခြင်း သဘောထားများကို မြင်လာအောင် အသားပေး ရှင်းပြပါ။ ကျောင်းသားများအား ၎င်းတို့၏ ကိုယ်ပိုင်အပြုအမူများကို ပြန်လည် သုံးသပ်ရန် အားပေးပါ။
- ဘာသာရပ်မျိုးစုံကို သင်ကြားသည့်အခါ အပြန်အလှန် ပြောဆိုဆွေးနွေးရာတွင် ကျောင်းသားများနှင့် ကျောင်းသူများကို ညီတူညီမျှ ပြောဆိုဆွေးနွေးဖြစ်ကြောင်း၊ သင်ကြားရာတွင် ကျောင်းသားများကိုရော ကျောင်းသူများကိုပါ ညီတူညီမျှ အမည်တပ်ခေါ်ဆိုခြင်း၊ ပါဝင်ဆောင်ရွက်စေခြင်းတို့ရှိကြောင်း သေချာအောင် လုပ်ဆောင်ပါ။ ဥပမာ – မေးခွန်းမေးသောအခါ၊ မိမိဆန္ဒအလျောက် လုပ်လိုသူများ ရွေးသောအခါ၊ လုပ်ငန်းခေါင်းဆောင် ရွေးသောအခါ၊ ချီးကျူးအသိအမှတ်ပြုစကား ပြောသောအခါ၊ မျက်လုံးချင်း ဆုံကြည့်သောအခါ (သို့မဟုတ်) ကျောင်းသား အမည်များကို မှတ်မိအောင် ပြုလုပ်သည့်အခါများ၌ပင် ညီမျှမှုရှိပါစေ။
- အတန်းတွင်း၌ အုပ်စုဖွဲ့ခြင်း/ခွဲခြင်း၊ ထိုင်ခုံနေရာ စီစဉ်ခြင်း၊ အတန်းကို အလှဆင်ခြင်းများ ပြုလုပ်ရာတွင် ကျား၊မ ရေးရာကို အလေးထား သိရှိနားလည် သတိပြုမိပြီး ညီမျှမှုရှိစေရန် စီစဉ်ဆောင်ရွက်ပါ။

## ကျောင်းသားများ၏ လိုအပ်ချက်အလိုက် သင်ခန်းစာပြုပြင်ပြောင်းလဲခြင်းဆိုင်ရာ အသေးစိတ် လမ်းညွှန်ချက်များ

| အခြေအနေများ | လမ်းညွှန်ချက်များ |
|---|---|
| သင်ခန်းစာခေါင်းစဉ်ကို စိတ်မဝင်စားသော ကျောင်းသားများ | ၎င်းတို့၏ ဘဝနှင့် ခေါင်းစဉ်အကြား သက်ဆိုင်သည့် ဆက်စပ်မှုများရှိအောင် လုပ်ဆောင်ပေးပါ။ |
| | ခေါင်းစဉ်အား လက်တွေ့အသုံးပြုနိုင်ပုံများကို ပြသပါ။ |
| | ၎င်းတို့၏ စိတ်ဝင်စားမှုနှင့် ဆက်စပ်နေသော ဥပမာများကို အသုံးပြုပါ။ |
| | သင်ခန်းစာအကြောင်းအရာတွင် ကျောင်းသားများ အတူတကွ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည့် ဂိမ်းကစားပွဲများနှင့် လုပ်ငန်းများ ပါဝင်ပါစေ။ |
| လုပ်ငန်းများတွင် စိတ်အားတက်ကြွမှုမရှိသော ကျောင်းသားများ ပါဝင်ခြင်း | စာသင်ခန်းတွင် ရွေးချယ်စရာများကို ပံ့ပိုးပေးပါ။ |
| | အတန်းဖော်အခြေပြု သင်ယူမှုအတွက် အခွင့်အလမ်းများကို တိုးမြှင့်ပေးပါ။ |
| | သင်ယူမှုလုပ်ငန်းများသည် ထိုက်သင့်သော ခက်ခဲမှုအဆင့်အတန်းများ၌ ရှိနေကြောင်း သေချာအောင် လုပ်ဆောင်ပါ။ |
| စာသင်ခန်းတွင် ပါဝင်ရန် ကျောင်းသားများ တွန့်ဆုတ်နေခြင်း | ပါဝင်ရန်အတွက် ရွေးချယ်စရာများကို ပံ့ပိုးပေးပါ။ |
| | အတန်းဖော်အချင်းချင်း/အုပ်စုငယ်များအကြား ပါဝင်မှုအတွက် မျှော်မှန်းချက်များကို ပြောင်းလွယ်ပြင်လွယ်ရှိပါစေ။ |
| | တိတ်ဆိတ်ငြိမ်သက်နေလေ့ရှိသော ကျောင်းသားများအား ပါဝင်ရန် အားပေးပြီး ပံ့ပိုးပေးပါ။ |
| အလုပ်များကို ပိုမိုလျင်မြန်စွာ လုပ်ဆောင်ပြီးစီးသော ကျောင်းသားများ | ထပ်ဆောင်းလုပ်ငန်းများ အဆင်သင့်ဖြစ်အောင် ရေးဆွဲထားပါ။ |
| လုပ်ငန်းများကို လုပ်ဆောင်ပြီးစီးရန် အချိန်ပို၍ကြာမြင့်တတ်သော ကျောင်းသားများ | လိုအပ်ပါက အလုပ်များကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ရန် အချိန်ထပ်တိုးပေးပါ။ |
| အမြင်အာရုံအသုံးပြု သင်ကြားမှုကို ပိုမိုကောင်းမွန်စွာ တုံ့ပြန်နိုင်သည့် ကျောင်းသားများ (အကြားအာရုံ မသန်စွမ်းကျောင်းသားများ အပါအဝင်) | အရာဝတ္ထုများ/ရုပ်ပုံများ၊ ရုပ်ပုံစုစည်းမှုများ ပါဝင်သည့် ရောင်စုံပြ အချက်အလက်တို့ကို အသုံးပြုပါ။ |
| အကြားအာရုံအသုံးပြု သင်ကြားမှုကို ပိုမိုကောင်းမွန်စွာ တုံ့ပြန်နိုင်သည့် ကျောင်းသားများ (အမြင်အာရုံ မသန်စွမ်းကျောင်းသားများ အပါအဝင်) | ဟောပြောပို့ချခြင်း (သို့မဟုတ်) ဆွေးနွေးမှု အခြေပြု သင်ယူခြင်း၊ အတန်းဖော် အခြေပြုလုပ်ငန်းများ၊ စာအုပ်များကို အသံထွက် ဖတ်ပြထားသည့် အသံဖိုင်များ၊ စာသားကို အသံထွက်ပြနိုင်သည့် ဆော့ဖ်ဝဲလ်များကို အသုံးပြုပါ။ |
| သင်ယူရာတွင် (သို့မဟုတ်) အာရုံစူးစိုက်ရာတွင် အခက်အခဲရှိသည့် ကျောင်းသားများ | အချက်အလက် အပိုင်းအစငယ်များ၊ မကြာခဏ ထပ်ကျော့လုပ်ဆောင်မှုများ၊ ဥပမာ အမျိုးမျိုး၊ ခိုင်လုံသော သင်ယူမှုအတွေ့အကြုံများ၊ လက်တွေ့သရုပ်ပြသင်ကြားခြင်း၊ လက်တွေ့သင်ကြားခြင်းတို့ကို အသုံးပြုပါ။ |

| အခြေအနေများ | လမ်းညွှန်ချက်များ |
|---|---|
| ကိုယ်လက်လှုပ်ရှားမှုနည်းလမ်းကို အသုံးပြုခြင်းဖြင့် ပိုမိုကောင်းမွန်စွာ သင်ယူနိုင်သော ကျောင်းသားများ | လက်တွေ့သင်ကြားခြင်း၊ အရာဝတ္ထုများကို ထိတွေ့ခြင်း၊ ထိတွေ့နိုင်သော ဂရပ်ဖစ်ပုံများ၊ မကြာခဏ ရွေ့လျားခြင်း၊ စီမံကိန်းအခြေပြုသင်ယူခြင်းတို့ကို အသုံးပြုပါ။ |
| ယဉ်ကျေးမှုကွဲပြားစုံလင်သော ကျောင်းသားများ | ယဉ်ကျေးမှုနှင့် ဆက်နွှယ်နေသော သင်ထောက်ကူများနှင့် ညွှန်ကြားချက်ပေးခြင်း နည်းလမ်းများကို အသုံးပြုပါ။ |
| မသန်စွမ်းကျောင်းသားများ | အခက်အခဲ တွေ့ကြုံရခြင်းမရှိဘဲ အထောက်အပံ့ အကူအညီပေးနိုင်သော ကျောင်းသားများနှင့်အတူ အုပ်စုဖွဲ့ပေးပါ။ |
| အကြားအာရုံမသန်စွမ်းသော ကျောင်းသားများ | စာသင်ခန်း၏ ရှေ့နားတွင် ထိုင်စေပါ။ |
| | နှုတ်ခမ်းကြည့်ဖတ်ခြင်း (lip-reading) ကို လုပ်ဆောင်နိုင်ရန်အလို့ငှာ သင်၏ နှုတ်ခမ်းများကို သေချာစွာ မြင်နိုင်စေရန်အတွက် ၎င်းတို့ကို စာသင်ခန်း၏ ရှေ့နားတွင် ထိုင်စေပါ။ |
| | ဆက်သွယ်မှုပြုလုပ်ရန်အတွက် စာဖြင့် ရေးသားပံ့ပိုးပေးပါ။ |
| အမြင်အာရုံမသန်စွမ်းသော ကျောင်းသားများ | သင်ပုန်းနားတွင် ထိုင်စေပါ။ |
| | အမြင်အာရုံ ထင်ရှားအောင် ပြုပြင်ထားသည့် အရွယ်အစားကြီးမားစွာ ပုံနှိပ်ထားသော သင်ထောက်ကူပစ္စည်းများကို အသုံးပြုပါ။ |
| | ညွှန်ကြားချက်များကို နှုတ်ဖြင့်ရော ပုံဖြင့်ပါ ပံ့ပိုးပေးပါ။ |
| | အခြားအာရုံများကို အသုံးပြုခြင်းဖြင့် ပါဝင်ဆောင်ရွက်နိုင်မည့် လုပ်ငန်းအမျိုးမျိုးကို ပံ့ပိုးပေးပါ။ |
| ပုံနှိပ်စာလုံးများမှတစ်ဆင့် မိမိကိုယ်ကို ဖော်ပြလိုသော ကျောင်းသားများ (စကားပြောဆိုရာတွင် အခက်အခဲရှိသည့် ကျောင်းသားများ အပါအဝင်) | နေ့စဉ်မှတ်တမ်း (ဂျာနယ်)၊ ကွက်လပ်ဖြည့် လုပ်ငန်းများ၊ စာစီစာကုံးများ၊ ဇာတ်လမ်းပုံပြင်များ (သို့မဟုတ်) ကဗျာများကို အသုံးပြုပါ။ |
| နှုတ်ဖြင့် ဖော်ပြလိုသော ကျောင်းသားများ (စာရေးသားရာတွင် အခက်အခဲရှိသည့် ကျောင်းသားများ အပါအဝင်) | စာသင်ခန်းတွင်း ဆွေးနွေးခြင်း (သို့မဟုတ်) မေးခွန်းများကို ‘ပြန်လည်အစီရင်ခံခြင်း’ တို့ကို အသုံးပြုပါ။ |

| အခြေအနေများ | လမ်းညွှန်ချက်များ |
|---|---|
| ရုပ်ပုံများ၊ သရုပ်ပြပုံများဖြင့် အကောင်းဆုံးဆက်သွယ်နိုင်သော ကျောင်းသားများ (စကားပြောဆိုရာတွင် (သို့မဟုတ်) စာရေးသားရာတွင် အခက်အခဲရှိသည့် ကျောင်းသားများ အပါအဝင်) | ရုပ်ပြပုံများ၊ ပိုစတာပြုလုပ်ခြင်းများ (သို့မဟုတ်) အခြားပန်းချီအနုပညာပုံစံများကို အသုံးပြုပါ။ |
| သရုပ်ပြသင်ကြားခြင်းနှင့် ရွေ့လျားခြင်းတို့မှတစ်ဆင့် မိမိကိုယ်ကို ပိုမိုကောင်းမွန်စွာ ဖော်ပြနိုင်သော ကျောင်းသားများ | ဒရာမာပြဇာတ်များ၊ တစ်ခန်းရပ် ဟာသပြဇာတ်များ၊ ခန္ဓာကိုယ်လှုပ်ရှားမှုများ၊ နမူနာပုံစံငယ်များ တည်ဆောက်ခြင်း မှတစ်ဆင့် သင်ကြားပါ။ |
| ဖြေဆိုခြင်းမပြုမီ အချိန်ယူစဉ်းစားရန် လိုအပ်သော ကျောင်းသားများ (ဒုတိယဘာသာစကားအဖြစ် သင်ယူသူများ အပါအဝင်) | သင်နှင့်/သို့မဟုတ် အတန်းဖော်များနှင့် မျှဝေဖြေဆိုခြင်းမပြုမီ အဖြေများကို စဉ်းစားရန်အတွက် ၎င်းတို့ကို အချိန်ပေးပါ။ |
| ရွေ့လျားရာတွင် အကန့်အသတ်ရှိသော ကျောင်းသားများ | ရွေ့လျားမှုပြုလုပ်ရန် လိုအပ်ပါက ၎င်းတို့၏ အခြားခန္ဓာကိုယ် အစိတ်အပိုင်းများကို အသုံးပြုခြင်း (သို့မဟုတ်) ဝှီးချဲလ်ရွေ့လျားမှုကို အသုံးပြုခြင်းဖြင့် အသိပညာကို သရုပ်ပြသင်ကြားရန် ကျောင်းသားများကို ခွင့်ပြုသော အပြောင်းအလဲများ ပါဝင်သည့် သင်ခန်းစာအဖြစ် ညှိနှိုင်းပြင်ဆင်ပါ။ |
| | ၎င်းတို့၏ တတ်ကျွမ်းမှုကို စာဖြင့် (သို့မဟုတ်) နှုတ်ဖြင့်လည်း သရုပ်ပြနိုင်ပါသည်။ |
| အာရုံကြောနှင့် ခန္ဓာကိုယ် မသန်စွမ်း (Complex physical disabilities) ကျောင်းသားများ | စာရေးသားခြင်းကို ပံ့ပိုးပေးမည့် အကူစာရေးပေးသူတစ်ဦးကို အသုံးပြုပါ။ |
| သင်ယူမှု/ဖွဲ့စည်းတည်ဆောက်မှု ဆိုင်ရာတွင် အခက်အခဲရှိသော ကျောင်းသားများ | အတန်းဖော်အချင်းချင်း ကူညီပံ့ပိုးစေပါ။ |
| | ဝါကျအစ စကားလုံးများ၊ အဓိကဝေါဟာရ စာရင်းများ၊ ရုပ်ပုံများ၊ လုပ်ဆောင်ရမည့် အချက်များ၊ လုပ်ငန်းပြီးမြောက်မှုကို စစ်ဆေးရန် စာရင်းများကို အသုံးပြုပါ။ |

## သင်ယူတတ်မြောက်မှုတိုးမြှင့်ရန် အားလုံးပါဝင်မှုနှင့် အရည်အသွေးပြည့်မီမှုရှိသော စစ်ဆေးအကဲဖြတ်ခြင်း

သမားရိုးကျ စစ်ဆေးအကဲဖြတ်ခြင်းနည်းလမ်းများသည် ကျောင်းသားအများအပြားအတွက် အဟန့်အတားများကို ဖြစ်စေတတ်သည်။ လူတိုင်းအကျုံးဝင် ပါဝင်နိုင်သည့် စစ်ဆေးအကဲဖြတ်ခြင်းသည် သင်ယူမှုအခွင့်အလမ်းများအား ကျောင်းသားများ လက်လှမ်းမီရယူခြင်းကို အမြင့်ဆုံးဖြစ်စေရန်သာမက ၎င်းတို့တစ်ဦးချင်းစီ၏ ကွဲပြားခြားနားချက်များကို ထည့်သွင်းစဉ်းစားပြီး ပညာရေးအရည်အသွေးကို တိုးတက်စေရန် ပါဝင်လုပ်ဆောင်ရန်ကိုလည်း ခွင့်ပြုပေးသည်။

- သင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်းကို မကြာခဏ အသုံးပြုပါ။ သင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်းမှ ရရှိသည့် ညွှန်ကြားချက်ပေးခြင်းဆိုင်ရာ ဆုံးဖြတ်ချက်များကို လွှမ်းမိုးနိုင်မည့် အချက်အလက်ကို အသုံးပြုပါ။
- ကျောင်းသားအားလုံး လက်လှမ်းမီပါဝင်နိုင်ရန်အတွက် စစ်ဆေးမှုများကို ပုံဖော်ရေးဆွဲပြီး ပြုပြင်ပြောင်းလဲပါ။
- ညွှန်ကြားချက်အားလုံးသည် ရှင်းလင်းပြီး နားလည်သဘောပေါက်ရန် လွယ်ကူကြောင်း၊ မေးခွန်းများသည် ကျောင်းသားများ ဖတ်ရှုနိုင်သည့် အဆင့်အတန်းများဖြစ်ကြောင်း၊ သရုပ်ပြပုံများသည် ရှင်းလင်းပြီး ဖတ်ရှုရလွယ်ကူကြောင်း သေချာအောင် လုပ်ဆောင်ပါ။
- ပံ့ပိုးမှုလိုအပ်သော မသန်စွမ်းကျောင်းသားများအား အဖြေများကို ရေးသားရန် (သို့မဟုတ်) မေးခွန်းများကို နားလည်သဘောပေါက်စေရန် လိုအပ်သလို အထောက်အကူပြု ပံ့ပိုးရန် ခွင့်ပြုပါ။ (ဥပမာအားဖြင့် အခြားပညာသင်နှစ်/ အခြားအတန်းမှ အတန်းသားများ (သို့မဟုတ်) လက်ထောက်ဆရာမှတစ်ဆင့် ကူညီပံ့ပိုးနိုင်သည်။)
- သင်ယူမှုပန်းတိုင်သို့ ဦးတည်နေသည့် စံအမှတ်ပါဝင်သော စစ်ဆေးအကဲဖြတ်ရန် သတ်မှတ်ချက်ဇယားကို အသုံးပြုပါ။ (ထိုဇယားတွင်) “အထောက်အထား မရှိသေး”၊ “စတင်နေဆဲ”၊ “တိုးတက်ဆဲ” နှင့် “အမှီအခိုကင်း” စသည်တို့ကို အဆင့်သတ်မှတ်ချက်စကားများအဖြစ် အသုံးပြုပါ။ သင်ခန်းစာအပေါ် (သို့မဟုတ်) တစ်ဦးချင်းစီ၏ သင်ယူမှုပန်းတိုင်များအပေါ် မူတည်ပြီး စံအမှတ်များကို ပြုပြင်ညှိနှိုင်းနိုင်ပါသည်။ အခြားနည်းလမ်းများတွင် စစ်ဆေးရန်အချက်များပါသော စာရင်းများ၊ ပုဂ္ဂိုလ်ရေးဆိုင်ရာ တုံ့ပြန်အကြံပြုချက်၊ ကျောင်းသားများ၏ မိမိကိုယ်ကို စစ်ဆေးအကဲဖြတ်ခြင်း၊ အလေးပေး ရွေးချယ်မှုများ ပါဝင်သည့် သင်ယူမှုဆိုင်ရာ အထောက်အထား မှတ်တမ်းများနှင့် တိုးတက်ရန် လိုအပ်သည့်နယ်ပယ်များ ပါဝင်သည်။
- သင်ခန်းစာတစ်ခုအား နားလည်သဘောပေါက်မှုကို စစ်ဆေးရာတွင် နည်းလမ်းတစ်ခုထက်မက ရှိကြောင်း သေချာအောင် လုပ်ဆောင်ပါ။ စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းအမျိုးမျိုးမှတစ်ဆင့် သင်ယူမှုကို ပြောဆိုရေးသားဖော်ပြနိုင်မည့် ရွေးချယ်စရာအများအပြားကို ကျောင်းသားများအတွက် ပံ့ပိုးပေးပါ။

## စစ်ဆေးအကဲဖြတ်လုပ်ငန်းများ၌ ပါဝင်ဆောင်ရွက်ရာတွင် အခက်အခဲများ တွေ့ကြုံရနိုင်သော ကျောင်းသားများ အတွက် ညှိနှိုင်းဆောင်ရွက်ပေးမှုများ

| ညှိနှိုင်းဆောင်ရွက်ပေးမှု အမျိုးအစားများ | အကြံဉာဏ်များ |
|---|---|
| တင်ပြခြင်းကို လုပ်ဆောင်ရာတွင် ညှိနှိုင်းဆောင်ရွက်ပေးမှုများ | စစ်ဆေးအကဲဖြတ်ခြင်းကို အသံထွက် ရွတ်ဖတ်ခြင်း (အသံသွင်းထားခြင်း (သို့မဟုတ်) အရွယ်ရောက်ပြီး စာဖတ်သူ) |
| | စစ်ဆေးအကဲဖြတ်ခြင်းအတွက် အရွယ်အစား ကြီးမားစွာ ပုံနှိပ်ထားခြင်း |
| | အကြားအာရုံကို အထောက်အကူပေးရန်အတွက် အသံကို ချဲ့ထားပေးခြင်း (အကြားအာရုံအထောက်အကူပြု အသံချဲ့ကိရိယာများ) |
| | ကွန်ပျူတာ မျက်နှာပြင်ပေါ်ရှိ စာသားများကို အသံထွက် ဖတ်ပြပေးနိုင်သော ဆော့ဖ်ဝဲလ်များ |
| မေးခွန်းများဖြေဆိုရာတွင် ညှိနှိုင်းဆောင်ရွက်ပေးမှုများ | မေးခွန်းများ ဖြေကြားရာတွင် ကူညီပေးသည့် ကွန်ပျူတာကို အသုံးပြုခြင်း (သို့မဟုတ်) အကူစာရေးပေးသူတစ်ဦးကို အသုံးပြုခြင်း |
| | သီးခြားစာအုပ်တွင် ဖြေဆိုခြင်းမပြုစေဘဲ ပုံနှိပ်စာအုပ်ထဲတွင် အဖြေများကို တိုက်ရိုက်ဝိုင်း၍ ဖြေဆိုစေခြင်း |
| | အချက်အလက်များကို စုစည်းဖော်ပြသည့် ကိရိယာများကို အသုံးပြုခြင်း။ ဥပမာ – ဂဏန်းတွက်စက်များ၊ အချက်အလက်စီမံခန့်ခွဲမှု ကိရိယာများ၊ စာလုံးပေါင်းသတ်ပုံ စစ်ဆေးပေးသည့် ကိရိယာများ၊ အဘိဓာန်များ |
| နေရာပြင်ဆင်ရာတွင် ညှိနှိုင်းဆောင်ရွက်ပေးမှုများ | အနှောင့်အယှက်ကို အနည်းဆုံးသို့ လျှော့ချရန်အတွက် သီးခြားတစ်နေရာတွင် စာမေးပွဲစစ်ဆေးပေးခြင်း |
| | အုပ်စုငယ်အတွင်း စစ်ဆေးခြင်း |
| | အခန်းတွင်း အလင်းရောင်ကို ချိန်ညှိပေးခြင်း (ကျောင်းသားများ၏ လိုအပ်ချက်အလိုက် အလင်းရောင်ကို တိုးပေးခြင်း (သို့မဟုတ်) လျှော့ချပေးခြင်း) |
| | ဆူညံသံလျှော့ချသည့် ကြားခံကိရိယာ (နားကြပ်) များကို ပံ့ပိုးပေးခြင်း။ ဥပမာ – headphones, ear plugs, earphones |
| အချိန်ကို ညှိနှိုင်းဆောင်ရွက်ပေးမှုများ | စာမေးပွဲကို ပြီးဆုံးသည်အထိ ဖြေဆိုနိုင်စေရန် အချိန်တိုးပေးခြင်း |
| | ခေတ္တနားချိန် အများအပြား (သို့မဟုတ်) မကြာခဏ ပေးခြင်း |
| | စစ်မေးမှုအစီအစဉ်ကို ပြောင်းလဲပေးခြင်း (ဥပမာ – စိုးရိမ်ပူပန်မှုကို လျှော့ချရန် အတွက် ပိုမိုလွယ်ကူသော ဘာသာရပ်များကို ပံ့ပိုးပေးခြင်း) |
| | တစ်နေ့တည်းအပြီး စစ်ဆေးခြင်းထက် နေ့ရက်များစွာ အချိန်ပေး၍ စစ်ဆေးခြင်း |

## ပြန်လည်သုံးသပ်ခြင်းအလေ့အကျင့်ဖြင့် လူတိုင်းအကျုံးဝင် သင်ကြားရေးကို မြှင့်တင်ပါ။

ကျောင်းသားများ၏ နောက်ခံအခြေအနေ မည်သို့ပင် ရှိစေကာမူ ၎င်းတို့အားလုံး လက်လှမ်းမီ သင်ယူနိုင်သော၊ ပါဝင်ချိတ်ဆက် ဆောင်ရွက်နိုင်သော အရည်အသွေးပြည့်ပညာရေးအား သင်က ပံ့ပိုးပေးနေကြောင်း သေချာစေရန်အတွက် သင်၏ သင်ကြားခြင်းအလေ့အကျင့်ကို ပုံမှန် ပြန်လည်သုံးသပ်သင့်ပါသည်။ သင်ခန်းစာတစ်ခုပြီးတိုင်း သင်၏ ပြန်လည်သုံးသပ်ခြင်း အတွက် အောက်ပါမေးခွန်းများအကြောင်းကို စဉ်းစားပါ –

### ၁။ ကျောင်းသားအားလုံးကို ထည့်သွင်းစဉ်းစားပြီး သင်ကြားမှုကို ပြင်ဆင်သည်။

- သင်ခန်းစာလုပ်ငန်းများသည် ကျောင်းသားများ၏ စိတ်ဝင်စားမှုများနှင့် အတွေ့အကြုံများကို ထည့်သွင်းစဉ်းစားထားပါသလား။
- သင်ကြားမှု နည်းဗျူဟာများနှင့် နည်းလမ်းများကို ပြောင်းလဲအသုံးပြုပါသလား။
- ကျောင်းသားများသည် သင်ခန်းစာလုပ်ငန်းများ၏ ရည်ရွယ်ချက်များကို နားလည် သဘောပေါက်ပါသလား။
- သင်ပြမှုပုံစံသည် ရရှိလိုသော သင်ယူမှုရလဒ်များအား သင်ယူပြီးမြောက်မှုကို ပံ့ပိုးပေးပါသလား။
- မည်သူ့အတွက် မည်သည့်အရာက အဆင်ပြေပြီး မည်သည့်အရာက အဆင်မပြေပါသနည်း။ ဘာသာရပ်သင်ကြားရာတွင် ပိုမိုကောင်းမွန်သော နည်းလမ်း ရှိပါသလား။
- ကျောင်းသားများ၏ သင်ယူမှုပုံစံ၊ ဦးစားပေးမှု၊ စွမ်းရည်နှင့် လိုအပ်ချက် အမျိုးမျိုးကို မျှော်လင့်ထားပါသလား။ ၎င်းတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်အတွက် လုပ်ငန်းများကို ပုံဖော်ရေးဆွဲထားပါသလား။
- ကျောင်းသားများ၏ နားလည်သဘောပေါက်မှုနှင့် သိရှိပြီး အသိပညာတို့ကို မည်ကဲ့သို့ ထည့်သွင်းစဉ်းစားပါသနည်း။ နားလည်သဘောပေါက်မှုကို အဆင့်ဆင့် ပံ့ပိုးရန်နှင့် လိုအပ်ချက် အမျိုးမျိုးအား ဖြည့်ဆည်းပေးနိုင်ရန်အတွက် ကျွန်ုပ်၏ သင်ခန်းစာကို မည်ကဲ့သို့ ပြုပြင်ပြောင်းလဲလျက် ရှိပါသနည်း။

## ၂။ သင်ခန်းစာများသည် ကျောင်းသားအားလုံးပါဝင်မှုကို အားပေးသည်။

- ကျောင်းသားအားလုံးကို သူတို့အမည်ဖြင့် ရည်ညွှန်းခေါ်ဆိုရာတွင် ကျား၊မ မရွေး ညီတူညီမျှ ရည်ညွှန်းခေါ်ဆိုပါသလား။
- ကျောင်းသားများ၏ စိတ်ဝင်စားမှုကို ချိတ်ဆက်ပေးမည့် ဒေသဆိုင်ရာ၊ ယဉ်ကျေးမှုဆိုင်ရာနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများ ရှိပါသလား။
- သင်ခန်းစာ သင်နေစဉ်အတွင်း ၎င်းတို့လည်း ပြောဆိုနိုင်သည်ဟု ကျောင်းသားများ ခံစားရပါသလား။

## ၃။ ၎င်းတို့ကိုယ်ပိုင် သင်ယူမှုတွင် ကျောင်းသားများ တက်ကြွစွာ ပါဝင်သည်။

- ၎င်းတို့ကိုယ်ပိုင် သင်ယူမှုအတွက် တာဝန်ယူရန် ကျောင်းသားများကို တိုက်တွန်း အားပေးပါသလား။
- စာသင်ခန်းပတ်ဝန်းကျင်သည် အမှီအခိုကင်းသော သင်ယူမှုကို တိုက်တွန်း အားပေးပါသလား။
- ကျွန်ုပ်သည် သင်ခန်းစာကို ရေးဆွဲရာတွင် ကျောင်းသားများအား ၎င်းတို့ သင်ယူပုံအတွက် ရွေးချယ်စရာ အခြေခံသဘောတရားကို ခွင့်ပြုထားပါသလား။

## ၄။ အခြားသူများ၏ သင်ယူမှုတွင် ကူညီပံ့ပိုးပေးရန် ကျောင်းသားများအား တိုက်တွန်း အားပေးသည်။

- ထိုင်ခုံနေရာချထားမှုသည် ကျောင်းသားများ အပြန်အလှန်ဆက်သွယ်မှုကို တိုက်တွန်းအားပေးပါသလား။
- ကျောင်းသားများကို နှစ်ယောက်တစ်တွဲ (သို့မဟုတ်) အုပ်စုလိုက် လုပ်ဆောင်ရန် မျှော်လင့်ထားပါသလား။
- သင်ခန်းစာ၏ ပန်းတိုင်များကို အောင်မြင်စေရန်အတွက် ကျောင်းသားတစ်ဦးနှင့် တစ်ဦး ကူညီကြပါသလား။

**၅။ ကျောင်းသားများ အခက်အခဲနှင့် တွေ့ကြုံရသောအခါ အထောက်အပံ့များကို ပံ့ပိုးပေးသည်။**

- ကျောင်းသားများ အခက်အခဲတွေ့နေရသည်ကို ကျွန်ုပ်က သတိထား စောင့်ကြည့်နေပါသလား။
- ကျောင်းသားများသည် အကူအညီတောင်းနိုင်သည်ဟု ခံစားရပါသလား။

**၆။ စာသင်ခန်းတွင်းစည်းကမ်းသည် အပြန်အလှန်လေးစားမှုကို အခြေခံထားသည်။**

- အလှည့်ကျ ပြောဆိုရန်၊ နားထောင်ရန် စည်းကမ်းချမှတ်ထားပါသလား။
- ၎င်းတို့၏ အသံများကို ညီတူညီမျှ ကြားရသည် (၎င်းတို့အားလုံး ညီတူညီမျှ ပြောဆိုနိုင်သည်) ဟု ကျောင်းသားများ ခံစားရပါသလား။
- အနိုင်ကျင့်ခြင်း၊ ကျား၊မ ရေးရာ တရားသေ မှတ်ယူခြင်းနှင့် ခွဲခြားဆက်ဆံရာ ရောက်သော ဘက်လိုက်မှုများကို ရှုတ်ချတားမြစ်ထားပါသလား။

**၇။ စိုးရိမ်ပူပန်မှု (သို့မဟုတ်) မကျေနပ်မှုကို ခံစားရသောအခါ စကားပြောဆိုရန် တစ်စုံတစ်ယောက် ရှိသည်ဟု ကျောင်းသားများက ခံစားရသည်။**

- ကျောင်းသားများ၏ နောက်ခံအကြောင်းအရာ မည်သို့ရှိသည်ဖြစ်စေ၊ ကျောင်းသားအားလုံး၏ စိုးရိမ်ပူပန်မှုကို နားထောင်ပါသလား။
- ကျွန်ုပ်နှင့် တစ်ဦးချင်း တွေ့ဆုံဆွေးနွေးရန် ကျောင်းသားများကို ခွင့်ပြုပေးထားပါသလား။
- တိုက်တွန်းအားပေးပြီး အပြုသဘောဆောင်သည့် သင်ယူမှုပတ်ဝန်းကျင် တစ်ခုကို ကျွန်ုပ် ဖန်တီးထားပါသလား။

**၈။ စစ်ဆေးအကဲဖြတ်ခြင်းသည် ကျောင်းသားအားလုံး၏ အောင်မြင်မှုသို့ ပါဝင်ဖြည့်ဆည်းပေးသည်။**

- သင်ယူမှုကို အားပေးရန်အတွက် စစ်ဆေးအကဲဖြတ်ခြင်းကို ကျွန်ုပ် အသုံးပြုပါသလား။

- စစ်ဆေးအကဲဖြတ်ခြင်းနည်းလမ်းများသည် ကျောင်းသားအားလုံး အကျုံးဝင်ပါဝင်နိုင်ပြီး လက်လှမ်းမီနိုင်ပါသလား။
- ကျောင်းသားများ သင်ယူရမည်ဟု ယူဆထားသော အရာများကို ၎င်းတို့ အမှန်တကယ် သင်ယူနေပါသလား။
- ကျောင်းသားများ၏ လုပ်ငန်းအတွက် အပြုသဘောဆောင်သော တုံ့ပြန်အကြံပြုချက်များကို ပေးပါသလား။
- စစ်ဆေးမှု (သို့မဟုတ်) စာမေးပွဲများအတွက် ကျောင်းသားများကို ၎င်းတို့ တစ်ဦးချင်းစီ၏ လိုအပ်ချက်များနှင့် ကိုက်ညီအောင် ကျွန်ုပ် ကူညီလျက်ရှိပါသလား။
- ကွဲပြားစုံလင်ခြင်းကို လေးစားကြောင်း သေချာစေရန် ပေါင်းစည်းထားသည့် ပုံမှန်စစ်ဆေးအကဲဖြတ်ခြင်း စနစ်တစ်ခုအတွင်းမှာပင် ဆရာများက လုပ်ဆောင်ပါသလား။

## သင်ကြား၊ သင်ယူမှုနည်းလမ်းများကို စုစည်းပေးထားသော သင်ထောက်ကူသေတ္တာ

ဤဆရာလမ်းညွှန်တွင် ကျောင်းသားကိုင်စာအုပ်ပါ သင်ခန်းစာ တစ်ခုစီအတွက် အကြံပြုထားသော သင်ယူမှုလုပ်ငန်းများပါဝင်သည်။ အဆိုပါ သင်ယူမှုလုပ်ငန်းများကို သင်ခန်းစာပြင်ဆင်ရာတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ တင်ပြထားခြင်းဖြစ်သည်။ သို့သော် ကျောင်းသားများ ရရှိစေလိုသည့် အသိပညာ၊ ကျွမ်းကျင်မှုများနှင့် စိတ်နေသဘောထားများ တိုးတက်ဖွံ့ဖြိုးစေရန် ဆရာလမ်းညွှန်ပါ အကြံပြုချက်များအတိုင်း တစ်သဝေမတိမ်း လိုက်နာလုပ်ဆောင်ရန် မဟုတ်ပါ။ သင်ကြားရမည့် ကျောင်းသားများ၏ နောက်ခံအခြေအနေများနှင့် လိုအပ်ချက်များအရ အသင့်လျော်ဆုံးဖြစ်မည့် သင်ခန်းစာများ၊ သင်ကြားနည်းများကို အသုံးပြုရန် တိုက်တွန်းပါသည်။

အောက်ဖော်ပြထားသော သင်ယူမှုလုပ်ငန်းများကို ဤလမ်းညွှန်တွင် အသုံးပြုထားပါသည်။ သင်၏သင်ခန်းစာများ ပြင်ဆင်ရာတွင်လည်းကောင်း၊ သင်ခန်းစာများကို လိုက်လျောညီထွေစွာ ပြုပြင်ရာတွင်လည်းကောင်း အထောက်အကူဖြစ်စေရန် အသုံးပြုနိုင်ပါသည်။ ဤသင်ကြားသင်ယူမှုနည်းလမ်းများသည် ပြီးပြည့်စုံပြီဟု မဆိုနိုင်ပါ။ သင့်အနေဖြင့် အခြားသင်ကြားပို့ချမှုနှင့် သင်ယူမှုဆိုင်ရာနည်းလမ်းများကို ဉာဏ်ဖွင့်စဉ်းစားကြည့်ရန် ဆန္ဒရှိပါက http://www.theteachertoolkit.com/index.php/tool/all-tools (သို့မဟုတ်) အခြားအလားတူ ဝက်ဘ်ဆိုက်ဒ်များသို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

## လုပ်ငန်းတာဝန်များ (Assignments)

ကျောင်းသားများအား ပေးနိုင်သော လုပ်ငန်းတာဝန်များတွင် ပုံစံတကျ သီကုံးရေးသားမှုများ၊ ကျောင်းသားတစ်ဦးချင်းစီ၏ ဆောင်ရွက်မှုကို စုစည်းထားသော သင်ယူမှုအထောက်အထား မှတ်တမ်း (Portfolios) ၊ ပြန်လည်သုံးသပ်ချက်နေ့စဉ်မှတ်တမ်း (ဂျာနယ်) များ ပါဝင်နိုင်သည်။ အခြားသော ဖွံ့ဖြိုးမှုဆိုင်ရာ လုပ်ငန်းငယ်များလည်း ပါဝင်နိုင်သည်။ ဥပမာ – ဖတ်ထားသော စာများအပေါ် မေးသော မေးခွန်းများကို ဖြေဆိုခြင်းကဲ့သို့သော အိမ်စာအလုပ်များဖြစ်သည်။ လုပ်ငန်းတာဝန်များသည် ကျောင်းသားများအား ယခင်က သင်ကြားခဲ့ပြီးဖြစ်သော အကြောင်းအရာများအား ပြန်လည်သုံးသပ်ရန်အတွက် အားပေးကူညီပေးသည်။ လုပ်ငန်းတာဝန်များသည် ကျောင်းသားများအား ရှေ့ဆက်သင်ယူမှုများအတွက် ပြင်ဆင်ရန် အထောက်အကူ ဖြစ်စေနိုင်ပါသည်။ ဥပမာ – သင်ခန်းစာ မသင်ကြားမီ ဆရာက ကျောင်းသားများအား ကျောင်းသားကိုင်စာအုပ်ပါ ထိုသင်ခန်းစာကို ကြိုတင်ဖတ်ရန် မှာကြားခြင်း။

## ဖြစ်ရပ် လေ့လာခြင်း (Case studies)

ဖြစ်ရပ်များလေ့လာခြင်းအားဖြင့် ကျောင်းသားများသည် ၎င်းတို့သင်ယူထားသည့် အချက်များကို ဇာတ်လမ်းများ၊ ဇာတ်ကွက်ဖြစ်ရပ်များတွင် အသုံးချကြရသည့်အတွက်ကြောင့် ကျောင်းသားများ၏ ပြဿနာဖြေရှင်းနိုင်ခြင်းစွမ်းရည်နှင့် ဝေဖန်သုံးသပ်တွေးခေါ်နိုင်ခြင်း အလေ့အကျင့်ဆိုင်ရာ ကျွမ်းကျင်မှုများ တိုးတက်လာစေသည်။ ပထမဦးစွာ ကျောင်းသားများသည် ဖြစ်ရပ်များကို ဖတ်ကြရသည်။ ထို့နောက် ဇာတ်ကွက်နှင့် ပတ်သက်၍ မေးထားသော အဖွင့်မေးခွန်းတစ်ခု (သို့မဟုတ်) မေးခွန်းများကို ဖြေဆိုရန် ဆွေးနွေးကြသည်။ အများအားဖြင့် ကျောင်းသားများသည် ဖြစ်ရပ်များတွင် တင်ပြထားသော ပြဿနာအတွက် အဖြေများကို အဆိုပြုရလေ့ရှိကြသည်။

## ဦးဆောင်ညွှန်ကြားသော လုပ်ငန်းများ (Directed activities)


ဤလုပ်ငန်းများသည် ဆရာက ချမှတ်ပေးသော လုပ်ငန်းများဖြစ်ကြပြီး ကျောင်းသားများက တစ်ဦးချင်း ဆောင်ရွက်ရသော လုပ်ငန်းများဖြစ်သည်။ ဥပမာ – လက်တွေ့တန်းပြ လေ့ကျင့်နေချိန်

အတွင်းတွင် အခြေခံပညာကျောင်းမှ ဆရာတစ်ဦးဦးကို တွေ့ဆုံမေးမြန်းသော လုပ်ငန်းများ (သို့မဟုတ်) သင်နည်းတစ်ခုအား တစ်ဦးတည်း သုတေသနပြုလုပ်ခြင်း လုပ်ငန်းများဖြစ်သည်။ လမ်းညွှန်ချက်အတိုင်း ဆောင်ရွက်ရသော လုပ်ငန်းများ၏ နောက်ဆက်တွဲ အနေဖြင့် ကျောင်းသားများအား ၎င်းတို့သင်ယူခဲ့သည်များ၊ အချင်းချင်းထံမှသင်ယူခဲ့သည်များကို ပြန်လည်မျှဝေရန် အခွင့်အလမ်း ပေးသည့်အနေဖြင့် အနီးကပ်ဆွေးနွေးသင်ကြားခြင်း၊ ဆွေးနွေးပွဲများ၊ နှီးနှောဖလှယ်ပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ပေးသည်။

## ပြခန်းလှည့်လည် ကြည့်ရှုသင်ယူခြင်း (Gallery walk)

ဤလုပ်ငန်းတွင် ကျောင်းသားများသည် အုပ်စုလိုက် ဆွေးနွေးဖြေဆိုသော လုပ်ငန်း (သို့မဟုတ်) ပိုစတာတစ်ခုစီကို ပြုလုပ်ကြပြီး နေရာအသီးသီးတွင်ချိတ်ဆွဲပြသကြသည်။ အုပ်စုများအလိုက် ပိုစတာများကို လှည့်လည်ကြည့်ရှုကြပြီး သုံးသပ်ချက်၊ ဝေဖန်ချက်၊ မေးခွန်း (သို့မဟုတ်) အကြောင်းအရာကို ထပ်ဆောင်းဖြည့်စွက်ချက်များ ရေးကြသည်။

သင်သည် ကျောင်းသားများ၏ လုပ်ဆောင်ထားမှုများအား ပြသရန် အလားတူလုပ်ငန်းမျိုးကို ပြုလုပ်နိုင်သည်။ တစ်ဦးချင်း (သို့မဟုတ်) အုပ်စုလိုက် လုပ်ဆောင်ထားသော ပိုစတာများကို အခန်းပတ်လည်တွင် ပြသထားနိုင်သည်။ ကျောင်းသားများက လှည့်ပတ်ကြည့်ပြီး ၎င်းတို့ မေးလိုသော မေးခွန်းများ၊ ဝေဖန်ချက်များကို ပိုစတာပေါ်တွင်ရေးကြသည်။




## ဂရပ်ဖစ်ပုံများ အသုံးပြုသင်ယူခြင်း (Graphic organisers)

ရုပ်ပုံများဖြင့် စုစည်းဖော်ပြခြင်းသည် ကျောင်းသားများအား ဉာဏ်ဖွင့်စဉ်းစားစေပြီး ၎င်းတို့၏အတွေးများ၊ စိတ်ကူးများကို ပိုမိုလွယ်ကူစွာ နားလည်လာစေရန် စုစည်းရာ၌ အထောက်အကူပြုသည့် ရိုးရှင်းပြီး ထိရောက်မှုရှိသော နည်းလမ်းတစ်ခုဖြစ်သည်။ ရုပ်ပုံများဖြင့် စုစည်းဖော်ပြခြင်းကို ဉာဏ်ဖွင့်စဉ်းစားရန်၊ အစီအစဉ်ပြုလုပ်ရန်၊ ပြဿနာဖြေရှင်းရန်နှင့် ဆုံးဖြတ်ချက်ချရန် မည်သည့် သင်ခန်းစာတွင်မဆို အသုံးပြုနိုင်သည်။ အသုံးများသော ရုပ်ပုံများဖြင့် စုစည်းဖော်ပြခြင်းအချို့ကို သင်၏ ဆရာလမ်းညွှန်တွင် တွေ့ရပါမည်။


- **စိတ်ကူးပုံဖော်ခြင်း (Mind Mapping/Concept Map)**

  စိတ်ကူးပုံဖော်ခြင်းကို အသိပညာများ **(concepts)**၊ စိတ်ကူးများ တစ်ခုနှင့်တစ်ခု မည်သို့ဆက်စပ်နေကြောင်းကို မြင်သာအောင်ပြပေးခြင်းဖြစ်သည်။ ဉာဏ်ဖွင့်စဉ်းစားပြီး ရရှိလာသော အချက်အလက်များကို စုစည်းရန် အသုံးဝင်သည်။ စိတ်ကူးပုံဖော်ခြင်းကို ပုံစံအမျိုးမျိုးဖြင့်ပြနိုင်သည်။ ခက်ခဲမှုအဆင့်အမျိုးမျိုးဖြင့်လည်း ပြနိုင်သည်။ ရှေးဦးစွာ ကျယ်ပြန့်၍ ယေဘုယျကျသည့် ခေါင်းစဉ်နှင့် စတင်ပြီး အတွေးအခေါ် အယူအဆများကို ချိတ်ဆက်နိုင်ရန် ထိုအကြောင်းအရာ၏ ခေါင်းစဉ်ခွဲလေးများ (သို့မဟုတ် ပိုမိုအသေးစိတ်သော အသိသညာများ) ကို ဆက်သွယ်သည်။ အောက်တွင်ရိုးရှင်းသော စိတ်ကူးပုံဖော်ခြင်းကို တင်ပြထားပါသည်။



- **ဗင်ပုံဖြင့်သင်ကြားသင်ယူခြင်း (Venn diagram)**

မတူသော အကြောင်းအရာ (သို့မဟုတ်) စိတ်ကူး နှစ်ခု (က) နှင့် (ခ) ကို နှိုင်းယှဉ်လိုသောအခါ Venn diagram ကိုသုံးသည်။ စက်ဝိုင်းနှစ်ခုထပ်နေသောနေရာသည် (က) နှင့် (ခ) တို့၏တူနေသော လက္ခဏာများဖြစ်ကြသည်။ ထပ်မနေသောနေရာများမှာ (က) နှင့် (ခ) တို့၏သီးသန့် ကိုယ်ပိုင်လက္ခဏာများ ဖြစ်ကြသည်။




- **သိခြင်း၊ သိလိုခြင်း၊ သိနားလည်သွားခြင်း ဇယားကွက် (KWL Chart)**

ဤနည်းလမ်းသည် အခန်းတစ်ခန်း၊ သင်ခန်းစာတစ်ခုကို မသင်မီ၊ သင်နေဆဲနှင့် သင်ပြီးချိန်များတွင် အကြောင်းအရာ၊ သတင်းအချက်အလက်များကို စုစည်းနိုင်ရန် ကျောင်းသားများအား ကူညီပေးနိုင်သည်။ ကျောင်းသားများအား သင်ခန်းစာ ခေါင်းစဉ် အသစ်တစ်ခုကို စိတ်ဝင်စားလာစေရန် ယခင်ကသိပြီးသောအချက်များကို နှိုးဆွပေးသည်။ အခန်း၏ သင်ယူမှုဦးတည်ချက်များ **(unit objectives)** ကို ပြောပြပြီး ကျောင်းသားများ၏ သင်ယူမှုကို ကြီးကြပ်ပေးသည်။ ဤနည်းကို အုပ်စုလုပ်ငန်း၊ အတန်းလုပ်ငန်း (သို့မဟုတ်) တစ်ဦးချင်းလုပ်ငန်းအဖြစ် ပေးနိုင်သည်။ သင်ခန်းစာ (သို့မဟုတ်) အခန်း **(unit)** ကို မသင်မီ ကျောင်းသားများအား ပထမ ကော်လံ နှစ်ခုတွင် မိမိတို့သိပြီးသည့်အကြောင်းအရာနှင့် သိလိုသောအကြောင်းအရာများကို ဖြည့်ပါစေ။ သင်ခန်းစာ (သို့မဟုတ်) အခန်း **(unit)** ကို သင်ပြီးချိန်တွင် ၎င်းတို့ သင်ယူတတ်မြောက်သွားသော အကြောင်းအရာများကို ဖြည့်ရပါမည်။

| K<br>သိပြီး အချက်များ | W<br>သိလိုသောအချက်များ | L<br>သိနားလည်သွားသော<br>အချက်များ |
|---|---|---|
| | | |

- **တီပုံဇယားကွက် (T Chart)**

တီပုံဇယားကွက်ကားချပ်သည် ကျောင်းသားများအား ခေါင်းစဉ်တစ်ခုကို ရှုထောင့်နှစ်မျိုးမှ ကြည့်တတ်ရန် ကူညီပေးသည်။ ဥပမာ – ကောင်းသောအကျိုးဆက်များနှင့် ဆိုးသောအကျိုးဆက်များ (သို့မဟုတ်) မှန်ကန်သောအချက်နှင့် ထင်မြင်ချက်။

| ခေါင်းစဉ် (၁) | ခေါင်းစဉ် (၂) |
|---|---|
| | |

## အုပ်စုလုပ်ငန်း (Group work)

အုပ်စုလုပ်ငန်းဆိုသည်မှာ ကျောင်းသားများအား လုပ်ငန်းတစ်ခုအပေါ် ပူးပေါင်းလုပ်ဆောင်စေခြင်းကို ဆိုလိုသည်။ ဥပမာ – အောက်တွင်ဖော်ပြထားသော ဖြတ်ဆက်လုပ်ငန်းကိုကြည့်ပါ။ အုပ်စုလုပ်ငန်းသည် ကျောင်းသားများ တက်ကြွသည့် သင်ယူနိုင်မှုကို ဖြစ်စေသည်။ အုပ်စုလုပ်ငန်းသည် ကျောင်းသားများအား လေးနက်စွာဆန်းစစ်ဝေဖန်ခြင်း၊ ဆက်သွယ်

ပြောဆိုခြင်းနှင့် ဆုံးဖြတ်ချက်ချခြင်းဟူသည့် ကျွမ်းကျင်မှုများကို လေ့ကျင့်ပေးသည်။ ကျောင်းသားများသည် အုပ်စုအတွင်း မေးခွန်းများဖြေခြင်း၊ တင်ပြရန်ဖန်တီးတီထွင်ခြင်း၊ သင်ပြမှုပုံစံရေးခြင်း ဖြစ်ရပ်များကို ခွဲခြမ်းစိတ်ဖြာခြင်း၊ သရုပ်ဆောင်ခြင်းဖြင့် သင်ယူခြင်းနှင့် အခြားသော သင်ယူမှုလုပ်ငန်းများကို ပြုလုပ်ကြသည်။ အုပ်စုဝင်များအားလုံး အုပ်စုလုပ်ငန်းတွင် နှစ်မြှုပ်ပါဝင်လုပ်ဆောင်လာကြစေရန် တစ်ဦးချင်းစီ တာဝန်ယူရမည့် လုပ်ငန်းများကို ခွဲခြားပေးနိုင်ပါသည်။ ဥပမာ – မှတ်တမ်းတင်သူ၊ တင်ပြသူ၊ အုပ်စုခေါင်းဆောင် စသည်အားဖြင့် သတ်မှတ်တာဝန်ပေးနိုင်သည်။

## ဖြတ်ဆက်လုပ်ငန်းပေးခြင်း (Jigsaw)

ဖြတ်ဆက်လုပ်ငန်းတွင် အုပ်စုငယ်လေးများသည် သင်ခန်းစာခေါင်းစဉ်မှ အပိုင်းတစ်ပိုင်းတွင် ကျွမ်းကျင်သူများ ဖြစ်ကြပြီး ထိုကျွမ်းကျင်သောအပိုင်းကို အချင်းချင်းပြန်လည်သင်ပြပေးရသော လုပ်ငန်းဖြစ်သည်။ ဤသို့ပြုလုပ်ရခြင်းက ကျောင်းသားများအား အခြားသူများနှင့်အတူ အလုပ်လုပ်နိုင်သည့် အခွင့်အလမ်းကို ရရှိစေပြီး မတူကွဲပြားသော ရှုထောင့်အမြင်များကို သိရှိနိုင်သည်။ ကျောင်းသားတစ်ဦးစီသည် အခြားကျောင်းသားတစ်ယောက်၏ သင်ယူမှုအတွက် တာဝန်ရှိသလို ကျောင်းသားများက အုပ်စုအဖွဲ့ဝင်တစ်ဦးစီတွင် အုပ်စုအား အထောက်အကူ ပြုပေးရန် အရေးပါသည်ကို သိမြင်လာသည့်အတွက်ကြောင့် ဤဖြတ်ဆက်သင်နည်းသည် အထူးထိရောက်မှု ရှိနေခြင်းဖြစ်သည်။ ဤနည်းအားဖြင့် ကျောင်းသားများသည် ဆက်သွယ် ပြောဆိုခြင်း၊ ပြဿနာဖြေရှင်းခြင်းနှင့် ဝေဖန်ပိုင်းခြားစဉ်းစားခြင်း အပါအဝင် အရေးကြီးသော ကျွမ်းကျင်မှုစွမ်းရည် အများအပြားကို အသုံးပြုရန်လေ့ကျင့်ရပါမည်။

## ဟောပြောပို့ချခြင်း (Lecture)

ဟောပြောပို့ချချက်များသည် အဓိကအားဖြင့် ဟောပြောပို့ချသူနှင့် ကျောင်းသားများ အုပ်စုအကြား တစ်လမ်းသွား ဆက်သွယ်မှုများဖြစ်သည်။ ဤဟောပြောပို့ချချက်များသည် အကြောင်းအရာသစ်များကို တိုက်ရိုက်သင်ကြားမှုအတွက် အသုံးဝင်သည်။ ဟောပြောပို့ချမှု ပြုလုပ်နေစဉ် အတောအတွင်း သင်သည် ကျောင်းသားများအား မေးခွန်းများမေးရန်၊ မေးခွန်းများကို ဖြေကြားရန် အခါအားလျော်စွာ ရပ်နားစေခြင်းဖြင့်လည်းကောင်း (သို့မဟုတ်) ကျောင်းသားအား အကြောင်းအရာအပေါ်တွင် စဉ်းစားသုံးသပ်စေခြင်းများ ပြုလုပ်စေခြင်းဖြင့် လည်းကောင်း ပါဝင်ပတ်သက်မှု ရှိစေနိုင်သည်။

## အုပ်စုငယ်ဖြင့်စမ်းသပ်သင်ကြားခြင်း (Micro–teaching)

အုပ်စုငယ်ဖြင့် စမ်းသပ်သင်ကြားနေစဉ်အတွင်း ကျောင်းသားတစ်ဦး (သို့မဟုတ်) ကျောင်းသား အုပ်စုငယ်တစ်ခုသည် သင်ခန်းစာအားလုံး (သို့မဟုတ်) အစိတ်အပိုင်းကို ၎င်းတို့အချင်းချင်း သင်ကြားပေးကြသည်။ ယင်းနောက် ၎င်းတို့သည် လက်တွေ့ကျွမ်းကျင်မှု စွမ်းရည်များ တိုးတက်စေရန်နှင့် ၎င်းတို့၏ သင်ယူ တတ်မြောက်ထားသည်များကို အသုံးချရန် သင်ခန်းစာ အသေးစားအပေါ် အကြံပြုသုံးသပ်ချက်များ ရယူကြပြီး အုပ်စုငယ်ဖြင့် စမ်းသပ်သင်ကြားခြင်း အတွေ့အကြုံများအပေါ် ပြန်လည်သုံးသပ်ကြသည်။ အုပ်စုငယ်ဖြင့် စမ်းသပ်သင်ကြားခြင်းသည် လက်တွေ့တန်းပြ သင်ခန်းစာလေ့လာမှုနှင့် နေရာချထားသော ကျောင်းများတွင် လက်တွေ့ သင်ကြားရေးများအတွက် ပြင်ဆင်ရန် အရေးပါသော အခွင့်အလမ်းတစ်ရပ် ဖြစ်သည်။ ဤသင်ကြားနည်းသည် ဆရာများ အဓိက သင်ကြားလေ့ကျင့်ရမည်များကို လေ့ကျင့်ရန် အခွင့်အလမ်းပေးသည်။ ဥပမာ – အဖွင့်မေးခွန်းများမေးခြင်း (သို့မဟုတ်) ကျောင်းသားများအား အပြုသဘောဆောင်သော အကြံပြုသုံးသပ်ချက်များပေးခြင်း ဖြစ်သည်။

## နမူနာလုပ်ပြခြင်း (Modelling)

နမူနာလုပ်ပြခြင်း ဆိုသည်မှာ ကျောင်းသားများက သဘောတရား အသစ် (သို့မဟုတ်) ချဉ်းကပ်နည်းအသစ်တစ်ခုကို လေ့လာကြည့်ရှု သင်ယူနိုင်ရန် ဆရာက နမူနာသင်ပြခြင်း ဖြစ်သည်။ ဆရာတစ်ဦးအနေဖြင့် သင်နှစ်သက်သော သင်ယူမှုလုပ်ငန်း (သို့မဟုတ်) သင်ပြနည်းတစ်ခုကို နှုတ်က ပြောပြသည်ထက် လက်တွေ့သရုပ်ပြခြင်း ဖြစ်သည်။

ယင်းနောက် နမူနာသင်ပြခြင်းအပေါ်ဆွေးနွေးခြင်းဖြစ်သည်။ ဆရာက သင်ယူမှုလုပ်ငန်း (သို့မဟုတ်) သင်ပြနည်းကို မည်သို့ တင်ပြခဲ့သည်၊ သင်ယူသူအနေဖြင့် ကျောင်းသားများအပေါ် မည်သည့် သက်ရောက်မှုရှိခဲ့သည် ဆိုသည့်အချက်အပေါ် ဆက်လက်ဆွေးနွေးစေနိုင်ပါသည်။ ဤနည်းလမ်းက သင်ကြားပို့ချမှုတွင် နမူနာလုပ်ပြခြင်းနည်း၏ အခန်းကဏ္ဍကို မီးမောင်းထိုးပြခြင်း ဖြစ်သည်။ ပညာရေးဒီဂရီကောလိပ် ကျောင်းသားများအား အနာဂတ်တွင် ၎င်းတို့ သင်ကြားပို့ချမည့် အခြေခံပညာ ကျောင်းသားများအတွက် မည်သို့ ဆက်စပ်အသုံးပြုနိုင်သည်ကို ထင်ဟပ်သုံးသပ်ရန် အားပေးသည်။

## ကြည့်ရှုလေ့လာခြင်း (Observation)

ကျောင်းသားများသည် အချင်းချင်း (သို့မဟုတ်) ကျွမ်းကျင်သူဆရာများထံမှ စာသင်ကြားပို့ချမှုကို ကြည့်ရှုလေ့လာနိုင်သည်။ ယင်းနောက်ကြည့်ရှုလေ့လာခဲ့မှုများကို နားလည်သဘောပေါက်စေရန်အတွက် ပုံစံချထားသည့် လေးနက်စွာ ပြန်လည်သုံးသပ်စဉ်းစားရသော ဆွေးနွေးပွဲများတွင် ဆွေးနွေးကြသည်။ သင်သည် ကျောင်းသားတစ်ဦး၏ သင်ခန်းစာတစ်ခုလုံး (သို့မဟုတ်) အစိတ်အပိုင်းတစ်ခု သင်ကြားခြင်းကို ကြည့်ရှုလေ့လာနိုင်သည်။ ယင်းနောက် ကျောင်းသားများ၏ စဉ်းစားတွေးခေါ်မှုနှင့် လေ့ကျင့် သင်ကြားမှုများကို လေ့လာစူးစမ်းရန်နှင့် ထိုသို့စဉ်းစားခြင်းနှင့် လေ့ကျင့်ခြင်း ဖွံ့ဖြိုးတိုးတက်စေရန် ဆွေးနွေးပွဲများ ဆက်လက်ပြုလုပ်သည်။ ဤနည်းလမ်းသည် စာတွေ့နှင့် လက်တွေ့အကြား ဆက်စပ်မှုပြုပေးရန်နှင့် ကျောင်းသားများအား ၎င်းတို့၏ တိုးတက်မှုများအပေါ် တိကျသော အကဲဖြတ်မှုများ လုပ်ဆောင်ရာတွင် ကူညီပံ့ပိုးရန် အလွန်ကောင်းမွန်သော အခွင့်အလမ်း တစ်ရပ်ဖြစ်သည်။

## လက်တွေ့လုပ်ဆောင်ခြင်းများ (Practicals)

လက်တွေ့လုပ်ဆောင်ခြင်းများတွင် ဆရာအဖြစ် သင် လုပ်ဆောင်သော သရုပ်ပြသင်ကြားမှုများ (ဥပမာ – သိပ္ပံစမ်းသပ်မှုဆိုင်ရာ လက်တွေ့လုပ်ဆောင်မှုကို လမ်းညွှန်ပြသခြင်း) နှင့် ကျောင်းသားများ ဦးဆောင်သော (သို့မဟုတ်) ပါဝင်သော လက်တွေ့လုပ်ဆောင် သင်ကြားမှုများ (ဥပမာ – ကျောင်းသားများအား သင်္ချာဆိုင်ရာ စူးစမ်းရှာဖွေမှုပြုလုပ်စေခြင်းနှင့် ၎င်းနှင့်ဆက်စပ်နေသော လုပ်ငန်းပေးစာရွက်ကို ဖြည့်စွက်စေခြင်း) ပါဝင်သည်။ ဤနည်းလမ်းသည် ကျောင်းသားများအား သင်ယူမှုလုပ်ငန်းအမျိုးမျိုးသည် မူလတန်း ကျောင်းသားများအား မည်သို့ သင်ယူတတ်မြောက်စေကြောင်းကို နားလည်ရန် အထောက်အပံ့ပေးသည်။ လက်တွေ့လုပ်ဆောင်ခြင်းများက ကျောင်းသားများအား သဘောတရား (Theory) နှင့် ဆရာများအနေဖြင့် ၎င်းတို့၏ဖွံ့ဖြိုးတိုးတက်လာသော အလေ့အကျင့် (Practice) များကို ဆက်စပ်ပေးရာတွင် အထောက်အကူဖြစ်စေသည်။

## QR Codes

QR Code များသည် ဝက်ဘ်လိပ်စာများသို့ ဝင်ရောက်ရန် (သို့မဟုတ်) သတ်မှတ်သတင်းအချက်အလက်၏ ချိတ်ဆက်လင့်ခ်များအား စစ်ဆေးရန် ဖုန်းမှတစ်ဆင့် လွယ်ကူစွာ အသုံးပြုနိုင်သည့် နည်းလမ်းတစ်ခု ဖြစ်သည်။ ချိတ်ဆက်လင့်ခ်များကို နှိပ်ခြင်းထက် စတုရန်းပုံ အကွက်နက်လေးများ စုစည်းထားသည့် QR Code ဟု သိကြသော အရာလေးကို စကဲင်န်ဖတ်နိုင်ပါသည်။

ကျောင်းသားများသည် ပထမဦးစွာ မိုဘိုင်းဒေတာ (သို့မဟုတ်) အင်တာနက်ကွန်နက်ရှင်ကို အသုံးပြုပြီး iOS Apple Store (သို့မဟုတ်) Google Play တို့မှ QR code scanner/reader ကို စမတ်ဖုန်းများအသုံးပြုပြီး ဒေါင်းလုတ်ချရန် လိုအပ်ပါလိမ့်မည်။ Scanner ကို ဒေါင်းလုတ်ချပြီးသောအခါ ချိတ်ဆက်ပြီးသော ကျောင်းသားများသည် ၎င်းတို့၏ ဖုန်းကို မြှောက်ကိုင်ထား၍ ကင်မရာဖြင့်ချိန်ကာ QR code ကို စကဲင်န်ဖတ်ပြီး ပေးထားသော အချက်အလက်ရှိရာနေရာသို့ သွားရောက်ကြည့်ရှုနိုင်ပါသည်။ ဤ code များကို ၎င်းတို့၏ ကိုယ်ပိုင်စာသင်ခန်းများတွင် အသုံးပြုရန် ကျောင်းသားများကို တိုက်တွန်းအားပေးသင့်ပြီး code များအား လွယ်ကူလျင်မြန်စွာ အသုံးပြုပုံကိုလည်း သိထားသင့်သည်။

ဤ code များသည် ကြိုတင်လေ့လာပြင်ဆင်စေသော သင်ကြား၊သင်ယူမှု ဖြစ်စဉ်နည်းလမ်း အတွက် အလွန်ကောင်းမွန်သော သင်ထောက်ကူတစ်မျိုး ဖြစ်နိုင်ပြီး ချိတ်ဆက်လင့်ခ်များ၊ ဝက်ဘ်ဆိုက်ဒ်များကို အလွယ်တကူ ဝင်ရောက်ကြည့်ရှုရန်နှင့် လုပ်ငန်းပုံစံလွှာများကို ဒေါင်းလုတ်ချရန် ကျောင်းသားများကို ခွင့်ပြုပေးသည်။ နိဒါန်းပျိုးခြင်း လုပ်ငန်းများ၊ စစ်ဆေးအကဲဖြတ်ခြင်းများ၊ စစ်တမ်းကောက်ယူခြင်းများနှင့် အခြားသင်ယူမှုလုပ်ငန်းများကို စာသင်ခန်းတွင်း အင်တာနက်အွန်လိုင်းစာမျက်နှာများ အသုံးပြုခြင်း၌ ထည့်သွင်းရန်အတွက်လည်း ၎င်းတို့ကို အသုံးပြုနိုင်သည်။

သင်နှင့် သင်၏ကျောင်းသားများသည် scanner ကို အသုံးပြုလုပ်ဆောင်နိုင်ရန်အတွက် မိုဘိုင်းဒေတာ (သို့မဟုတ်) အင်တာနက်ကွန်နက်ရှင်ကို လိုအပ်လိမ့်မည်ဖြစ်ကြောင်း သတိထားပါ။

## စာဖတ်အဖွဲ့များ (Reading groups)

စာဖတ်အုပ်စုတစ်ခုသည် ပြဋ္ဌာန်းစာအုပ် တစ်အုပ်၊ အများအားဖြင့် ပညာရေးစာတမ်းတစ်ခုအား ခွဲခြမ်းစိတ်ဖြာလေ့လာရန်နှင့် နားလည်သဘောပေါက်ရန် အလေးပေးလုပ်ဆောင်ကြသည့် အုပ်စုငယ်တစ်ခု ဖြစ်သည်။ ကျောင်းသားများ အနေဖြင့် စာဖတ်အုပ်စုသို့ မလာမီ ယင်းစာတမ်း၏ အကြောင်းအရာများနှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေရန် စာတမ်းကို ကြိုတင်၍ ထုတ်ပေးထားရပါမည်။ ကျောင်းသားတစ်ဦးအား စာတမ်းကို အုပ်စုသို့ တင်ပြစေပြီး ယင်းစာတမ်းအပေါ် ဝိုင်းဝန်းဆွေးနွေးမှုများ ဆက်လက်ပြုလုပ်ခြင်း ဖြစ်သည်။ ဤနည်းလမ်းသည် ကျောင်းသားများအား ပညာရေးဆိုင်ရာ အရေးအသားနှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေသကဲ့သို့ စာတမ်းတွင် ပါဝင်သော စိတ်ကူးအတွေးအခေါ်များနှင့်လည်း အကျွမ်းတဝင်ရှိစေရန် အထောက်အကူပြုပေသည်။ ဆွေးနွေးမှုများသည် စာတမ်းများ၏ အကြောင်းအရာ၊ တင်ပြမှု (သို့မဟုတ်) ရေးသားသည့် နည်းစနစ်အပေါ် အလေးပေးဆွေးနွေးခြင်း ဖြစ်သည်။

## သရုပ်ဆောင်သင်ကြား သင်ယူခြင်း (Role-playing)

သရုပ်ဆောင်ခြင်းသည် ကျောင်းသားများအား အခြားလူများနှင့် အပြန်အလှန်ပြောဆို ဆက်ဆံခြင်း၊ မတူကွဲပြားသော နည်းလမ်းများကို စမ်းသပ်ကြည့်ရန် ပုံစံတူပြုလုပ်ထားသောအခင်းအကျင်း ဇာတ်ကွက်များတွင် ပါဝင်သရုပ်ဆောင်ခြင်းဖြင့် အခြေအနေ အစစ်အမှန်များကို စူးစမ်းဖော်ထုတ်ခွင့် ပေးသော နည်းလမ်းတစ်ခုဖြစ်သည်။ ဤနည်းလမ်းသည် ကျောင်းသားများအား ဖြစ်လေ့ရှိသော စိန်ခေါ်မှုအခက်အခဲများအကြား (သို့မဟုတ်) တိကျသော ရှုထောင့်အမြင်ဖြင့် သင်ကြားပို့ချမှုများကို လုံခြုံ၍ အထောက်အပံ့ပေးသော ပတ်ဝန်းကျင်တစ်ခုအတွင်း၌ လုပ်ဆောင်ခွင့် ရရှိစေပေသည်။

## ကိုယ်တိုင်လေ့လာသင်ယူခြင်း (Self-study)

ကိုယ်တိုင်လေ့လာမှုတစ်ခုတွင် ကျောင်းသားများသည် ဆရာအား ကြီးကြပ်လမ်းညွှန်သူ တစ်ဦးအနေဖြင့် သဘောထားလျက် ၎င်းတို့၏ ကိုယ်တိုင်သင်ယူမှုများအတွက် တာဝန်ယူကြခြင်း ဖြစ်သည်။ ဤနည်းလမ်းသည် စာသင်ခန်းအတွင်း မျက်နှာချင်းဆိုင်၍ ပညာရေးဒီဂရီကောလိပ် အခြေပြု အနီးကပ်သင်ယူမှုကို ပံ့ပိုးပေးပြီး သင်ယူမှုအသစ်ကို ပုံစံသွင်းရန်နှင့် အားဖြည့်ပေးရန်အတွက် အရေးကြီးပါသည်။ ကိုယ်တိုင်လေ့လာမှုကို

ဘာသာရပ်ခေါင်းစဉ်နယ်ပယ်နှင့် ဆက်စပ်သည်များကို ဖတ်ရှုခြင်းနှင့် လက်တွေ့လုပ်ဆောင်မှုအတွက် စီမံကိန်း ရေးဆွဲစီစဉ်ခြင်း (Action Plan) ကဲ့သို့သော ပုံစံအမျိုးမျိုးဖြင့် လုပ်ဆောင်နိုင်ပါသည်။ ကိုယ်တိုင်လေ့လာမှုတွင် ပညာရေး အထူးပြုနယ်ပယ်ဆိုင်ရာကို စဉ်းစားရန် အချိန်လည်းပါဝင်သည်။

## နှီးနှောဖလှယ်ပွဲများ (Seminars)

နှီးနှောဖလှယ်ပွဲများသည် အုပ်စုငယ်စုစည်းထားသော ပုံစံများဖြစ်သည်။ ယင်းပွဲများတွင် မေးခွန်းများကို ဆန်းစစ်ဖော်ထုတ် ဆွေးနွေးကြသည်။ အမြင်များအပေါ် အချေအတင် ဆွေးနွေးကြပြီး ပိုင်းခြားစိတ်ဖြာ လေ့လာကြသည်။ ကျောင်းသားများသည် နှီးနှောဖလှယ်ပွဲမကျင်းပမီ ကြိုတင်ပြင်ဆင်သည့်အလုပ် (သို့မဟုတ်) ကြိုတင်စာဖတ်ခြင်းများကို အပြီးအစီးလုပ်ဆောင်ထားလေ့ရှိသည်။ ဆရာတစ်ဦးအနေဖြင့် ဦးဆောင်မည်ဆိုပါက နှီးနှောဖလှယ်ပွဲကိုဦးဆောင်နေချိန်တွင် ကျောင်းသားများအားလုံးက ဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးကြရပါမည်။ နှီးနှောဖလှယ်ပွဲများ ပြုလုပ်ခြင်းသည် ကျောင်းသားများ ရင်းနှီးကျွမ်းဝင်ပြီးသော အကြောင်းအရာများအား ပိုမိုလေးနက်စွာစဉ်းစားတတ်လာစေရန် အလွန်ကောင်းမွန်သော နည်းလမ်းဖြစ်သည်။

## တွေး–တွဲ–မျှဝေ သင်ယူခြင်း (Think–Pair–Share)

တွေး–တွဲ–မျှဝေခြင်းသည် ရိုးရှင်းပြီး သင်ယူသူများ မေးခွန်းတစ်ခုကို ဖြေရန် (သို့မဟုတ်) ပြဿနာတစ်ခုကို ဖြေရှင်းရန် အတူတကွ ဆောင်ရွက်သော နည်းလမ်းဖြစ်သည်။ သင်၏အတန်းတွင် တွေး–တွဲ–မျှဝေခြင်းကို အသုံးပြုရန် အောက်ပါအဆင့်များကို ဆောင်ရွက်ပါ။

၁။ **တွေးပါ** ။ ။ သင်မည့်အကြောင်းအရာနှင့် ပတ်သက်သော တိကျသည့်မေးခွန်းတစ်ခုကို မေးခြင်းဖြင့် အစပြုပါ။ ကျောင်းသားများအား ထိုအကြောင်းအရာနှင့်ပတ်သက်ပြီး ၎င်းတို့ သိထားပြီးသော (သို့မဟုတ်) သင်ယူခဲ့ပြီးသော အချက်များကို စဉ်းစားပါစေ။

၂။ **ယှဉ်တွဲပါ** ။ ။ အတန်းဖော်နှင့် နှစ်ဦးတစ်တွဲ (သို့မဟုတ်) အုပ်စုငယ်ဖွဲ့ပါစေ။

၃။ **မျှဝေပါ** ။ ။ မိမိ၏အဖော်နှင့် နှစ်ဦးတစ်တွဲ (သို့မဟုတ်) အုပ်စုငယ်အတွင်း မျှဝေပါစေ။ မေးခွန်းနှင့် ပတ်သက်၍ အခြားသူများ၏အတွေးများကို ဆွေးနွေးပါစေ။ ဆရာက ဆွေးနွေးပွဲကို တစ်တန်းလုံးပုံစံဖြင့် ချဲ့ထွင်သွားနိုင်ပါသည်။

## အနီးကပ်ဆွေးနွေးသင်ကြားခြင်း (Tutorials)

အနီးကပ်ဆွေးနွေးသင်ကြားခြင်းသည် ဆရာနှင့် ကျောင်းသား တစ်ဦးချင်း (သို့မဟုတ်) ဆရာနှင့် အုပ်စုငယ်လိုက် တွေ့ဆုံမှုဖြစ်သည်။ အနီးကပ်ဆွေးနွေးသင်ကြားရာတွင် တစ်ဦးတစ်ယောက်ချင်း အသေးစိတ်ဆွေးနွေးမှုနှင့် စိတ်ကူးအတွေးအခေါ် ဖော်ထုတ်ရှာဖွေမှုကို ပြုလုပ်နိုင်သည်။ ယင်းတို့သည် လူမှုရေးထိန်းကျောင်းမှု (သို့မဟုတ်) ပညာရပ်ဆိုင်ရာကိစ္စများကို အဓိကထား ဆွေးနွေးသည်။ အခြားဖြစ်နိုင်သော ဆွေးနွေးမှုများမှာ ပညာရပ်ဆိုင်ရာအကြောင်းအရာနှင့် ပတ်သက်၍ အခက်အခဲတွေ့နေသူ ကျောင်းသားများအား ထောက်ပံ့ကူညီရန် (သို့မဟုတ်) အတန်းတွင်း သင်ယူမှုတွင် ပျက်ကွက်ခဲ့သူများကို ထောက်ပံ့ကူညီရာတွင် အသုံးပြုနိုင်သည်။

## အင်တာနက်အွန်လိုင်းစာမျက်နှာများ အသုံးပြုခြင်း (Virtual Learning Environment–VLE)

ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလျက်ရှိသော ဤကိရိယာသည် အပိုဆောင်းသင်ယူရန်နှင့် ကိုယ်တိုင်သင်ယူရန် သင်ကြားပို့ချရေး နည်းလမ်းတစ်ခုဖြစ်သည်။ ဤသင်ကြားနည်းတွင် လုပ်ငန်းများ၊ သင်ယူမှုစွမ်းရည်များ၊ ဝက်ဘ်ဆိုက်ဒ်နှင့် ချိတ်ဆက်မှုလင့်(ခ်)များကို မျှဝေပေးထားပြီး ဝီကီ၊ ဖိုရမ်နှင့် ဝက်ဘ်ဆိုက်ဒ်ကဲ့သို့သော ကိရိယာအမျိုးမျိုးကို အသုံးပြု၍ နားလည်သိရှိရန် စူးစမ်းဖော်ထုတ်ကြသည်။ အင်တာနက်အွန်လိုင်းစာမျက်နှာများ၊ အွန်လိုင်း စာကြည့်တိုက် အသုံးပြုခြင်းနည်းလမ်းဖြင့် သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ၊ ရင်းမြစ်များကို ရရှိနိုင်သည်။

## အလုပ်ရုံဆွေးနွေးပွဲများ (Workshops)

အလုပ်ရုံဆွေးနွေးပွဲများမှာ အုပ်စုလိုက်ဆွေးနွေးမှုများဖြစ်ကြသည်။ ယင်းဆွေးနွေးပွဲများတွင် ကျောင်းသားများသည် အကြောင်းအရာသစ်အပေါ် မိမိတို့၏ နားလည်သဘောပေါက်မှုနှင့် လေ့ကျင့်မှုများ တိုးတက်ဖွံ့ဖြိုးစေရန် ပါဝင်ဆောင်ရွက်ကြသည်။ ဤနည်းလမ်းသည် ပူးပေါင်းလုပ်ဆောင်မှု၊ ဆွေးနွေးမှုနှင့်အတူ ဆရာ၏ သင်ကြားပို့ချမှုလည်း ပါဝင်သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ခေါင်းစဉ်တစ်ခုကို အသေးစိတ်ဆွေးနွေးမှုများနှင့် သင်ယူနေသည်များကို အသုံးချရန်၊ လေ့ကျင့်နိုင်ရန်အတွက် ကျောင်းသားများအား အခွင့်အရေးပေးသည်။

## စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများကို စုစည်းပေးထားသော သင်ထောက်ကူသေတ္တာ

သင်ခန်းစာတစ်ခုကို မသင်ယူမီ၊ သင်ယူနေဆဲနှင့် သင်ယူပြီးချိန်များတွင် ကျောင်းသားများ၏ သင်ယူမှုကို ကြီးကြပ်ပေးရန် မတူညီသော နည်းလမ်းများစွာရှိပါသည်။ ဤဆရာလမ်းညွှန်တွင် စစ်ဆေးအကဲဖြတ်မှုနည်းလမ်းအမျိုးမျိုးကို ဖော်ပြထားသည်။ ကျောင်းသားများအား ၎င်းတို့၏ သင်ယူမှုကို နှုတ်အားဖြင့် (သို့မဟုတ်) စာအားဖြင့် အကဲဖြတ်သုံးသပ်ချက်များပေးခြင်းသည် သင်ယူနေစဉ် စစ်ဆေးအကဲဖြတ်ခြင်း၏ အရေးကြီးသောအပိုင်းဖြစ်ကြောင်း သတိထားရန် ဖြစ်ပါသည်။ ဆရာ၏ အကဲဖြတ်သုံးသပ်ချက်ပေးခြင်းသည် ကျောင်းသားများ သင်ယူရန်နှင့် နောင်တွင်လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များကို တိုးတက်စေရန် အထောက်အကူပြုသည်။ သင်ယူနေစဉ်စစ်ဆေးအကဲဖြတ်ခြင်းအား ပရောဂျက်လုပ်ငန်း (သို့မဟုတ်) စာမေးပွဲကြီး၊ အစမ်းစာမေးပွဲများနှင့် စစ်ဆေးသော သင်ယူပြီးစစ်ဆေးအကဲဖြတ်ခြင်း မတိုင်မီ ကျောင်းသားများအား လေ့ကျင့်ရန် အခွင့်အလမ်းပေးခြင်းဖြစ်သည်ဟု မှတ်ယူနိုင်ပါသည်။

ဤဆရာလမ်းညွှန်တွင် ဖော်ပြထားသော အသုံးများသည့် စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများမှာ –

### သရုပ်ပြသင်ကြားခြင်း (Demonstration)

သရုပ်ပြသင်ကြားခြင်း ဆိုသည်မှာ ကျောင်းသားများအား ၎င်းတို့သင်ယူနေသော ကျွမ်းကျင်မှုများကို ဆရာအားပြသစေခြင်းဖြစ်သည်။ ဥပမာ – ကျောင်းသားများအား ကနည်းတစ်ခုကို ကပြစေခြင်း၊ သိပ္ပံလက်တွေ့စမ်းသပ်ချက်၏ အဆင့် တစ်ဆင့် (သို့မဟုတ်) ကာယပညာမှ လှုပ်ရှားမှုတစ်ခုကို ပြုလုပ်စေခြင်းတို့ ဖြစ်သည်။ သရုပ်ပြခြင်းကို ကြည့်ရှုလေ့လာပြီး ကျောင်းသား၏ တိုးတက်မှုကို ကြီးကြပ်ပေးခြင်းနှင့် ပိုမိုတိုးတက်လာစေရန် အကြံပေးခြင်းများ ပြုလုပ်ပေးနိုင်သည်။ သင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်း ချဉ်းကပ်မှုများအနေနှင့် ဆရာက ကျောင်းသား၏ သရုပ်ပြမှုအပေါ်ပေးသော သုံးသပ်ချက်သည် ထိုကျောင်းသား၏ ကျွမ်းကျင်မှု တိုးတက်စေရန် ကူညီထောက်ပံ့ပေးသည်။

## အိမ်စာအလုပ်ပေးခြင်း (Homework assignments)

ကျောင်းသားများအား အကြောင်းအရာကိုဖတ်ပြီး မေးခွန်းဖြေစေခြင်း (သို့မဟုတ်) ထပ်ဆောင်း အချက်အလက်များ ရှာဖွေဖတ်ရှုစေခြင်း စသည့်လုပ်ငန်းများကို အိမ်စာအဖြစ် ပေး၍ စစ်ဆေးခြင်းသည် ကျောင်းသားများ၏ သင်ယူမှုလမ်းကြောင်းမှန်ကန်ခြင်း ရှိ/မရှိကို ကြီးကြပ်ပေးသော နည်းလမ်းကောင်းတစ်ခုဖြစ်သည်။ ပေးသော အိမ်စာအလုပ်အလိုက် အဖြေများကို တစ်တန်းလုံးနှင့် ဆွေးနွေးခြင်း၊ ပြီးမြောက်မှုကို စစ်ဆေးပေးခြင်း၊ သုံးသပ်ချက်များ ရေးပေးခြင်းများ ပြုလုပ်နိုင်သည်။

## နေ့စဉ်မှတ်တမ်း (ဂျာနယ်) ရေးသားခြင်း/ပြန်လည်သုံးသပ်ရေးသားခြင်း (Journal log/ reflection papers)

ကျောင်းသားများက မိမိတို့၏ ဆရာအတတ်ပညာ ဖွံ့ဖြိုးတိုးတက်မှုအပေါ် ခံစားချက်နှင့် အတွေးများကို နေ့စဉ်မှတ်တမ်း (ဂျာနယ်) ရေးခြင်းဖြစ်သည်။ ကျောင်းသားများသည် ဆရာတစ်ဦးဖြစ်လာရန်အတွက် မိမိတို့၏ တိုးတက်မှုများကို သုံးသပ်ခြင်းအားဖြင့် မိမိတို့၏ သင်ယူမှုကို လေးနက်စွာစဉ်းစားစေရန် နေ့စဉ်မှတ်တမ်း (ဂျာနယ်) နှင့် ပြန်လည်သုံးသပ်ချက် စာတမ်းများက ကူညီပေးသည်။ မိမိတို့၏ သင်ယူမှုကို သိရှိခြင်းဖြင့် သုံးသပ်ခြင်းသည် သင်ယူနေသော ဘာသာရပ်နှင့် အခြားဘာသာရပ်များကို ဆက်စပ်နိုင်ရန်၊ ကြုံတွေ့လာသော ပြဿနာများကို ဖြေရှင်းနိုင်ရန်နှင့် အတွေ့အကြုံမှ သင်ယူတတ်ရန် ကူညီပေးသည်။ ကျောင်းသားများက နေ့စဉ်မှတ်တမ်း (ဂျာနယ်) နှင့် ပြန်လည်သုံးသပ်ချက် စာတမ်းများကို ပြင်ဆင်ရာတွင် ဆရာများက အလေးထားဆင်ခြင် သုံးသပ်သင့်သော နယ်ပယ်များကို အကြံပေးနိုင်ပါသည်။

## ကြည့်ရှုလေ့လာခြင်း (Observation)

ပုံစံတကျမဟုတ်သော ကြည့်ရှုလေ့လာခြင်းတွင် အတန်းတွင်းလှည့်လည်ခြင်း၊ အုပ်စုများ ဆွေးနွေးနေစဉ် နားထောင်ခြင်းနှင့် မျက်လုံးချင်းဆုံအောင်ကြည့်ခြင်းတို့သည် ကျောင်းသားများ အကြောင်းအရာအား နားလည်မှု ရှိ/မရှိကို ယေဘုယျအားဖြင့် သိနိုင်သော နည်းလမ်းကောင်းများ ဖြစ်ကြသည်။ ပိုမိုပုံစံကျသော ကြည့်ရှုလေ့လာခြင်းတွင် ကျောင်းသား၏အဖြေများ (သို့မဟုတ်)

တင်ပြခြင်းကို စစ်ဆေးရန်အချက်များပါသော စာရင်း/ပုံစံ **(Checklist)** (သို့မဟုတ်) အမှတ်ပေးရန် စံသတ်မှတ်ချက်များပါသော စာရင်း/ပုံစံ **(Criteria)** ကို အသုံးပြုပြီး ကြည့်ရှုလေ့လာစစ်ဆေးသည်။ ထို့နောက် ကြည့်ရှုလေ့လာခဲ့သော တွေ့ရှိချက်များအပေါ် အခြေခံပြီး တုံ့ပြန်အကြံပြုချက်များကို ပေးသည်။

## အချင်းချင်းစစ်ဆေးအကဲဖြတ်ခြင်း (Peer–Assessment)

ကျောင်းသားများအား မိမိတို့အချင်းချင်း၏ အလုပ်ကို အကဲဖြတ်သုံးသပ်စေခြင်း (သို့မဟုတ်) အကဲဖြတ်ထင်မြင်ချက်ပေးစေခြင်းအား အချင်းချင်းစစ်ဆေးအကဲဖြတ်ခြင်း ဟုခေါ်သည်။ အချင်းချင်း စစ်ဆေးအကဲဖြတ်သည့် နည်းလမ်းများတွင် ကျောင်းသားများက စံသတ်မှတ်ချက်များ အပေါ် အခြေခံပြီး အချင်းချင်း တုံ့ပြန်သုံးသပ်ချက်များပေးနိုင်ရန် စစ်ဆေးရန်အချက်များပါသော စာရင်း **(Checklist)** (သို့မဟုတ်) အကဲဖြတ်ရန် သတ်မှတ်ချက်ဇယား **(Rubric)** လိုအပ်ပါသည်။ အုပ်စုငယ်ဖြင့် စမ်းသပ်သင်ကြားချိန်အတွင်း ကျောင်းသားများအချင်းချင်း အပြန်အလှန် ကြည့်ရှုလေ့လာပြီး ကြည့်ရှုလေ့လာသည့်ပုံစံကို ဖြည့်ခြင်းသည်လည်း အချင်းချင်းစစ်ဆေး အကဲဖြတ်ခြင်း ပုံစံတစ်ခုဖြစ်သည်။

## တင်ပြခြင်း (Presentation)

တင်ပြခြင်းသည် သရုပ်ပြသင်ကြားခြင်းနှင့် ဆင်တူဖြစ်သည်။ သို့သော် ကျောင်းသားများဘက်မှ ကြိုတင်ပြင်ဆင်မှုများ ပို၍ပြုလုပ်ရသည်။ အုပ်စု (သို့မဟုတ်) တစ်ဦးချင်းစီအား ၎င်းတို့၏ လုပ်ငန်းကို သင်ခန်းစာပြီးဆုံးချိန်တွင် တင်ပြစေခြင်းသည် နားလည်မှုကို စစ်ဆေးရန်၊ အသိမှားများကို ပြင်ပေးရန်နှင့် တုံ့ပြန်သုံးသပ်ချက်ပေးရန် အကောင်းဆုံးအခွင့်အလမ်း ဖြစ်သည်။

## စီမံချက်များ (Projects)

စီမံချက်များသည် ကျောင်းသားများတစ်ဦးချင်း (သို့မဟုတ်) အုပ်စုလိုက်ပူးပေါင်း၍ ပြီးဆုံးအောင် ဆောင်ရွက်ရသော လုပ်ငန်းများ ဖြစ်သည်။ ဤလုပ်ငန်းများသည် ကျောင်းသားများ၏ ဘာသာရပ်ဆိုင်ရာ အသိပညာနားလည်မှုနှင့် လုပ်ငန်းပြုလုပ်ရင်း တတ်မြောက်သွားသော

ဒီဇိုင်းဆွဲခြင်း၊ လိုအပ်သော အစီအစဉ်များပြုလုပ်ခြင်းနှင့် စီမံချက်လုပ်ငန်းများ ပြုစုခြင်းမှတစ်ဆင့် တတ်ကျွမ်းမှုများကို ပြသခွင့်ရရှိစေသည်။ ကျောင်းသားများသည် ခေါင်းစဉ်တစ်ခု (သို့မဟုတ်) နေ့စဉ်ဘဝပြဿနာတစ်ခုကို စူးစမ်းရှာဖွေလေ့လာရန် စီမံချက်/ပရောဂျက်တစ်ခုပြီးဆုံးသည်အထိ အချိန်အတန်ကြာအောင် ဆောင်ရွက်ကြရသည်။ ဆရာသည် အကဲဖြတ်ရန် သတ်မှတ်ချက်ဇယား **(Rubric)** အပါအဝင် စီမံချက်လုပ်ငန်းများ ပြီးစီးစေရန် ကျောင်းသားများအား ညွှန်ကြားချက်များ ပေးကြရန် မေတ္တာရပ်ခံပါသည်။

### အမေးအဖြေများ (Question and answer)

ကျောင်းသားများသည် သင်ယူနေသော အကြောင်းအရာကို နားလည်သဘောပေါက်မှု ရှိသည်/မရှိသည်ကို သိရှိရန် အပိတ်မေးခွန်းနှင့် အဖွင့်မေးခွန်းများ မေးခြင်းသည် ကျောင်းသားများ၏ သင်ယူမှုကို ကြီးကြပ်ပေးရန် ကောင်းမွန်သော နည်းလမ်းတစ်ခု ဖြစ်သည်။ အမေးအဖြေများ ပြုလုပ်နေစဉ် မတူညီသော ကျောင်းသားအမျိုးမျိုးအား အဖြေပေးရန် ဖိတ်ခေါ်ပါ။ မှန်ကန်သော အဖြေတစ်ခုသာရှိသည့် အပိတ်မေးခွန်းကို မေး၍ ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးနိုင်သကဲ့သို့ တစ်ခုထက်ပိုသော အဖြေများ ပေးနိုင်သည့် မေးခွန်းများကို မေးခြင်းဖြင့် ကျောင်းသားများ၏ စဉ်းစားတွေးခေါ်မှုကို ပိုမိုဖြစ်ထွန်းစေပြီး လေးနက်စွာဆွေးနွေးမှုကို လေ့ကျင့်ပေးနိုင်သည်။

### ဉာဏ်စမ်းမေးခွန်း (Quiz)

ကျောင်းသားများ၏ အသိပညာဗဟုသုတကို စမ်းသပ်စစ်ဆေးရန် ဉာဏ်စမ်းမေးခွန်းတိုများ မေးနိုင်ပါသည်။ ဉာဏ်စမ်းမေးခွန်းများကို အတန်းအတွင်းတွင် တစ်တန်းလုံးလုပ်ငန်း အနေဖြင့်သော်လည်းကောင်း၊ အတန်းချိန်ပြင်ပတွင် ဖြေဆိုစေခြင်းဖြင့် သော်လည်းကောင်း စစ်ဆေးနိုင်ပါသည်။ ဉာဏ်စမ်းမေးခွန်းများကို သင်ယူပြီးစစ်ဆေးအကဲဖြတ်ခြင်း (သို့မဟုတ်) စာမေးပွဲကြီးအတွက် လေ့ကျင့်ပေးသော နည်းလမ်းတစ်ခုအဖြစ်လည်း သုံးနိုင်သည်။

## မိမိကိုယ်ကို စစ်ဆေးအကဲဖြတ်ခြင်း (Self-assessment)

ဤအကဲဖြတ်ခြင်းသည် ကျောင်းသားများက ၎င်းတို့၏ အားသာချက်၊ အားနည်းချက်များကို ကိုယ်တိုင် စစ်ဆေးအကဲဖြတ်ခြင်းဖြစ်သည်။ ယင်းဖြစ်စဉ်သည် ကျောင်းသားများအတွက် လိုအပ်နေသေးသော အသိပညာ၊ ကျွမ်းကျင်မှုများကို နားလည်သဘောပေါက်စေပြီး ၎င်းတို့ကို ဖြည့်ဆည်းပေးရန်အတွက် အစီအစဉ်များချမှတ်ရန် ကူညီပေးသည်။ မိမိကိုယ်ကို စစ်ဆေးအကဲဖြတ်ခြင်းသည် ကျောင်းသားများအား မိမိ၏သင်ယူမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို မိမိကိုယ်တိုင် တာဝန်ယူတတ်စေရန် အားပေးသော နည်းလမ်းဖြစ်သည်။ အချင်းချင်း စစ်ဆေးအကဲဖြတ်ခြင်း ကဲ့သို့ပင် ကျောင်းသားများအား ၎င်းတို့ လုပ်ဆောင်ရမည့်လုပ်ငန်း (သို့မဟုတ်) တတ်မြောက်ထားရမည့် ကျွမ်းကျင်မှုများအား မည်သို့အသုံးချရမည်နှင့် စစ်ဆေးအကဲဖြတ် စံသတ်မှတ်ချက်များကို နားလည်ရန်နှင့် အသုံးပြုတတ်စေရန် ဆရာက ကူညီပြသပံ့ပိုးပေးရန် လိုအပ်ပါလိမ့်မည်။

### ရေးဖြေစာမေးပွဲများ (Written examinations)

ကျောင်းသားများ၏ ဘာသာရပ်ဆိုင်ရာ အခြေခံအသိပညာနှင့် သင်တန်းအတွင်း ဆွေးနွေးခဲ့သည့် သက်ဆိုင်ရာ သင်ကြားနည်းအတတ်ပညာများအပေါ် ပြန်လည်သုံးသပ်မှုတို့ကို စစ်ဆေးရန် ရေးဖြေစာမေးပွဲများကို ပုံမှန်အားဖြင့် စာသင်နှစ်ဝက်အဆုံးတိုင်းတွင် ကျင်းပပါသည်။

## သင်ခန်းစာတစ်ခုကို သင်ယူတတ်စေရန် ကူညီပံ့ပိုးပေးရာ၌ ကျင့်သုံးသင့်သော ယေဘုယျ နည်းလမ်းများ

ဤဆရာလမ်းညွှန်တွင် အကြံပြုထားသော သင်ယူမှုနည်းလမ်းအချို့သည် သင့်အတွက် အသစ်အဆန်း ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ သို့ဖြစ်၍ ကျောင်းသားများအား ရရှိသွားစေလိုသော သင်ယူမှုရလဒ်များကို ရရှိနိုင်စေရန် အဆိုပါသင်ယူမှုနည်းလမ်းများကို သင်ခန်းစာများတွင် မည်သို့ အသုံးပြုရမည်ဆိုသည်နှင့် ပတ်သက်၍ ဆရာသည် သေချာစွာဂရုတစိုက် စီစဉ်ရန် အချိန်ယူသင့်ပါကြောင်း အကြံပြုလိုပါသည်။

အောက်ဖော်ပြပါအချက်များသည် ကျောင်းသားများ သင်ယူရေးတွင် အထောက်အကူ ဖြစ်စေရန် သင်လုပ်ဆောင်နိုင်သည့် ဖြည့်စွက်အကြံပြုချက် အချို့ဖြစ်ပါသည်။

သင်ကြားပို့ချမှု မပြုလုပ်မီ သင်သည် အောက်ပါအချက်များကို လုပ်ဆောင်နိုင်ပါသည်။

- သင်ကြားပို့ချရန် သင်ခန်းစာပါ အကြောင်းအရာပမာဏ အနည်းငယ်ကို ရွေးချယ်ပါ။ မှတ်သားထားရမည့်အချက်မှာ ယေဘုယျအားဖြင့် မိနစ် (၅၀) စာသင်ချိန်၏ သုံးပုံတစ်ပုံကိုသာ သင်ခန်းစာပါ အကြောင်းအရာ သင်ကြားပို့ချရန် အသုံးပြုသင့်သည်ကို သတိရပါ။ သို့မှသာလျှင် ကျောင်းသားများသည် သင်ကြားသည့် အကြောင်းအရာများ၊ ကျွမ်းကျင်မှု စွမ်းရည်များကို လေ့ကျင့်နိုင်ရန် လုံလောက်သော အချိန် ရရှိမည်ဖြစ်ပြီး သင်ခန်းစာများကို ပို၍နက်နဲစွာ နားလည်သဘောပေါက်နိုင်မည် ဖြစ်သည်။
- သင်ခန်းစာအကြောင်းအရာမှ ကျောင်းသားများသင်ယူရန် အရေးပါဆုံးဟု ထင်မြင်ယူဆသော အဓိကအချက်များကို မှတ်စုရေးထားပါ။ အတန်းတွင်း သင်ကြားပို့ချမှုများ ပြုလုပ်သည့်အခါ ယင်းအဓိကအချက်များကို မပျက်မကွက် ဆွေးနွေးမိစေရန် အဆိုပါမှတ်စုကို ကိုးကားပါ။
- အကြောင်းအရာကို မည်သို့ သင်ကြားပို့ချပေးမည် ဆိုသည်နှင့် ပတ်သက်၍ ရှင်းလင်းသေချာအောင် လုပ်ဆောင်ပါ။ လိုအပ်ပါက ဤလမ်းညွှန်ပါ အကြံပြုချက်များကို ကိုးကားပါ။ အခြားဆရာများနှင့်လည်း တိုင်ပင်ဆွေးနွေးပါ။ သင်၏ စာသင်ခန်းအခြေအနေနှင့် ကိုက်ညီသော သင်ယူမှုလုပ်ငန်းများကို ကောင်းစွာ လုပ်ဆောင်နိုင်ရန် ဖော်ပြထားသော သင်ယူမှုအဆင့်များကို လွတ်လပ်စွာ ပြောင်းလဲမှုပြုလုပ်နိုင်သည်။
- သင်ယူမှုလုပ်ငန်းတစ်ခုစီအတွက် တစ်ဆင့်ပြီးတစ်ဆင့် မည်သို့လုပ်ဆောင်ရမည်ကို ကျောင်းသားများ နားလည်နိုင်စေရန် ညွှန်ကြားချက်များကို ရှင်းလင်းစွာ ရေးသားပြင်ဆင်ထားပါ။ ဤညွှန်ကြားချက်များကို ပါဝါပွိုင့်အသုံးပြု၍ဖြစ်စေ၊ လက်ကမ်းစာစောင်မှူဝေ၍ဖြစ်စေ၊ သင်ပုန်းပေါ်တွင် ရေးသား၍ဖြစ်စေ ပြသနိုင်ပါသည်။ ညွှန်ကြားချက်များကို ကျောင်းသားများအားလုံး ဖတ်ရှုနိုင်လောက်သည့် စာလုံးကြီးကြီးဖြင့် ရေးပါ။
- ညွှန်ကြားချက်များကို ဖြည်းဖြည်းနှင့်မှန်မှန် တစ်ဆင့်ပြီးတစ်ဆင့် နှုတ်ဖြင့် ရှင်းပြနိုင်ရန် ကြိုတင်လေ့ကျင့်ထားနိုင်ပါသည်။ ဤသို့လေ့ကျင့်ထားခြင်းသည် လုပ်ငန်းမစတင်မီ ကျောင်းသားများအား ညွှန်ကြားချက်များကို ရှင်းပြရန်အတွက် အဆင်သင့်ဖြစ်စေပါလိမ့်မည်။ ကျောင်းသားများသည်လည်း သူတို့မည်သည်ကို

ပြုလုပ်ရမည်ဆိုသည်ကို နားလည်သဘောပေါက်ကြမည်ဖြစ်သည်။ ဤသို့ ကြိုတင်လေ့ကျင့်ခြင်းကို သူငယ်ချင်းတစ်ဦး (သို့မဟုတ်) လုပ်ဖော်ကိုင်ဖက်တစ်ဦးနှင့် ပြုလုပ်နိုင်ပါသည်။ ထို့ပြင် မည်သည့်အကြောင်းအရာများကို ပိုမိုရှင်းလင်းစွာ ရှင်းပြရန် လိုအပ်သည်များရှိပါက အကြံပြုပြောဆိုရန် ၎င်းတို့အား တောင်းဆိုပါ။

- အချိန်ရပါက သင်ယူမှုလုပ်ငန်းလုပ်ဆောင်နေစဉ်အတွင်း ကျောင်းသားများအား လုပ်ဆောင်စေလိုသော လုပ်ငန်းလုပ်ဆောင်ပုံကို နမူနာသရုပ်ပြရန် ပြင်ဆင်ပါ။ ဤနမူနာလုပ်ဆောင်ပြမှုတွင် အခြားဆရာတစ်ဦး (သို့မဟုတ်) နှစ်ဦးအား ကျောင်းသားများအဖြစ် ပါဝင်စေပြီး အချိန်တိုသရုပ်ဆောင်သင်ကြားသင်ယူမှု (short role-play) ကို လုပ်ဆောင်နိုင်ပါသည်။ ဤသို့ လုပ်ဆောင်မှုသည် ကျောင်းသားများအား သူတို့ မည်သည့်အရာကို လုပ်ဆောင်သင့်ကြောင်း တိကျစွာ တွေ့မြင်နိုင်စေမည်ဖြစ်သည်။
- အကယ်၍ သင်ယူမှုလုပ်ငန်းပြီးဆုံးချိန်တွင် ကျောင်းသားများအား တစ်စုံတစ်ခု ပြုလုပ် ဖန်တီးစေရန် မျှော်မှန်းထားသည်ဆိုပါက သင့်အနေဖြင့် နမူနာတစ်ခု (သို့မဟုတ်) လုပ်ငန်းအပြီး ရရှိမည့်ရလဒ်တစ်ခုကို ပြင်ဆင်ထားရပါမည်။ ဤသည်မှာ ကျောင်းသားများ လုပ်ငန်းပြုလုပ်နေစဉ်အတွင်း ၎င်းတို့အနေဖြင့် မည်သည့်အရာကို ဖန်တီးရမည်ကို ရည်ရွယ်ထားသင့်ကြောင်းကို ပြသနိုင်ရန်၊ သိရှိစေရန်အတွက်ဖြစ်ပါသည်။

စာသင်ခန်းအတွင်း သင်ခန်းစာမစမီ (သို့မဟုတ်) သင်ယူမှုလုပ်ငန်းတစ်ခုခု မပြုလုပ်မီ အောက်ပါအချက်များကို လုပ်ဆောင်နိုင်မည်ဆိုပါက များစွာအထောက်အကူ ဖြစ်စေနိုင်ပါသည်။

- ကျောင်းသားများအား လုပ်ဆောင်ရန် ညွှန်ကြားထားသောအလုပ်များအတွက် လိုအပ်သည်များနှင့် သင်ယူမှုဆိုင်ရာ အထောက်အကူပြုပစ္စည်းများကို ပေးဝေပါ။ အွန်လိုင်းစာကြည့်တိုက်အား ကောင်းစွာအသုံးချရန်နှင့် လိုအပ်သော သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများကို အွန်လိုင်းစာကြည့်တိုက် (သို့မဟုတ်) အွန်လိုင်းမှ ရယူရန် ကျောင်းသားများအား တိုက်တွန်းပါ။
- သင်ခန်းစာအကြောင်းအရာများကို သင်ကြားပို့ချရာတွင် သင် လုပ်ဆောင်စေလိုသော သင်ယူမှုလုပ်ငန်းနှင့် ပတ်သက်သည့် ညွှန်ကြားချက်များကို

ကျောင်းသားများအား နားလည်စေရန် ရှင်းလင်းသော ညွှန်ကြားချက်များကို နှုတ်အားဖြင့်ဖြစ်စေ၊ စာအားဖြင့်ဖြစ်စေ ပေးပါ။

- ကျောင်းသားများ လုပ်ဆောင်သင့်သည်များကို အချိန်တိုသရုပ်ဆောင် သင်ကြားသင်ယူခြင်းနည်း (short role–play) ကို အသုံးပြုပြီး နမူနာလုပ်ပြပါ။
- အတန်းမစမီ သင် ပြင်ဆင်ထားသော သင်ယူမှုရလဒ် နမူနာပုံစံကို ကျောင်းသားများအား ပြသပါ။
- သင်ယူမှုလုပ်ငန်းအား မည်သို့ ပြုလုပ်ရမည်ဆိုသော ညွှန်ကြားချက်များအား နားလည်ကြောင်း သေချာစေရန် ကျောင်းသားတစ်ဦး (သို့မဟုတ်) နှစ်ဦး၊ သုံးဦးအား ၎င်းတို့နားလည်သလို ကိုယ်ပိုင်စကားအသုံးအနှုန်းဖြင့် အတန်းသို့ ပြန်လည်ရှင်းပြစေပါ။
- ကျောင်းသားများအား လုပ်ငန်းပြီးစီးအောင်ဆောင်ရွက်ရန် အချိန်မည်မျှရမည် ဖြစ်ကြောင်း ပြောပြထားပါ။

စာသင်ချိန်အတွင်း အောက်ပါအချက်များကို ဆောင်ရွက်ခြင်းဖြင့် သင်ကြားသင်ယူမှုကို အထောက်အကူ ဖြစ်စေနိုင်ပါသည်။

- သင် ပို့ချသင်ကြားပေးသော သင်ခန်းစာအကြောင်းအရာများ (သို့မဟုတ်) ကျောင်းသားများ လုပ်ဆောင်နေသော သင်ယူမှုလုပ်ငန်းအား ၎င်းတို့ နားလည်သဘောပေါက်မှု ရှိသည်/မရှိသည်ဟု ယူဆရသော လက္ခဏာသွင်ပြင်များကို အကဲခတ်ကြည့်ပါ။ အကယ်၍ အချို့အချက်များသည် ကျောင်းသားများအတွက် နားလည်ရန် ခက်ခဲနိုင်သည်ဟု သံသယဖြစ်ပါက ၎င်းခက်ခဲသော သတင်းအချက်အလက်များကို အခြားမတူကွဲပြားသော နည်းလမ်းဖြင့် ရှင်းပြပေးခြင်း (သို့မဟုတ်) ထိုသတင်းအချက်အလက်များကို တစ်ပိုင်းစီခွဲထုတ်ပြီး အပိုင်းလိုက် ရှင်းပြခြင်းကို ပြုလုပ်နိုင်သည်။
- စာသင်ခန်း၏ နေရာအနှံ့လှည့်လည်သွားလာပြီး အောက်ပါတို့ကို လုပ်ဆောင်နိုင်ပါသည်။

  - ကျောင်းသားများအားလုံး ပါဝင်လုပ်ဆောင်နေကြောင်း သေချာပါစေ။
  - ကျောင်းသားများတွင် မေးစရာမေးခွန်းများရှိလျှင် ဖြေဆိုပေးပါ။

- ကျောင်းသားများတွင် သင်ယူမှုလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သည်များ အားလုံး ရှိနေကြောင်း သေချာပါစေ။
- ကျောင်းသားများသည် သင်ယူမှုလုပ်ငန်းများအား ညွှန်ကြားထားသည့်အတိုင်း လုပ်ဆောင်နေခြင်း ရှိ/မရှိ လေ့လာကြည့်ခြင်းအားဖြင့် ကျောင်းသားများ၏ နားလည်သဘောပေါက်မှုကို စစ်ဆေးအကဲဖြတ်ပါ။

- ကျောင်းသားများအား မေးခွန်းများမေးရန် တိုက်တွန်းအားပေးပါ။
- အကယ်၍ နားလည်မှုလွဲနေကြောင်း တွေ့ရှိရလျှင် ထိုကျောင်းသားအား တိုက်ရိုက်ပြောဆိုရှင်းလင်းပါ။ ကျောင်းသားအားလုံး အကျိုးရှိမည့်အချက် ဖြစ်ပါက ကျောင်းသားအားလုံးကို အာရုံစိုက်ရန် ပြောပြီး ကျောင်းသားတိုင်းသိအောင် ရှင်းပြပေးပါ။
- သင်ခန်းစာများရှေ့မဆက်မီ **"ဆရာ့မှတ်စု"** ညွှန်ကြားချက်ဇယားကွက်တွင် ပါရှိသည့် အလေးပေးသိစေလိုသော အချက်များကို ကျောင်းသားများ ကောင်းစွာ သင်ယူနေကြောင်းကို သေချာစေရန်အတွက် ဖြစ်သည်။

အတန်းပြီးဆုံးချိန်တွင် အောက်ပါအချက်များ လုပ်ဆောင်ခြင်းဖြင့် အထောက်အကူ ဖြစ်စေနိုင်ပါသည်။

- သင်ခန်းစာ သင်ယူမှုပြီးဆုံးချိန်တွင် ကျောင်းသားများ အနေဖြင့် မည်မျှ နားလည်သွားသည်ကို ဆန်းစစ်အကဲခတ်ပါ။ ဤသို့ပြုလုပ်ခြင်းသည် သင်ခန်းစာကို အကျဉ်းချုပ်ရန် အခွင့်အလမ်းကိုရစေပြီး ကျောင်းသားများ၏ သင်ယူမှုရလဒ် ပေါက်မြောက်မှုကိုလည်း အချုပ်အားဖြင့် စစ်ဆေးအကဲဖြတ်နိုင်သည်။ ဤသင်ခန်းစာ သင်ကြားသင်ယူမှုက ဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက် အညွှန်းဘောင် (TCSF) နှင့် ကိုက်ညီအောင် မည်သို့ထောက်ပံ့ပေးကြောင်းကိုလည်း နားလည်သဘောပေါက်စေပါသည်။
- သင်ကြားပို့ချပေးထားသော အကြောင်းအရာများထဲမှ ကျောင်းသားများအား ၎င်းတို့ စိတ်ဝင်စားသည်ဟု ယူဆမှတ်ယူသော (သို့မဟုတ်) ၎င်းတို့ကို အံ့အားသင့်စေသော အချက်တစ်ခုကို ပြန်လည်ဝေမျှရှင်းလင်းစေခြင်းဖြင့် ၎င်းတို့၏ နားလည်သဘောပေါက်မှုကို အကဲဖြတ်နိုင်သည်။

- လတ်တလော သင်ပို့ချသင်ကြားပေးထားသော သင်ခန်းစာအကြောင်းအရာ အပေါ် မေးခွန်းများမေးရန်နှင့် ဝေဖန်သုံးသပ်မှုများ ပြုလုပ်ရန် ကျောင်းသားများကို တိုက်တွန်း အားပေးနိုင်သည်။
- ကျောင်းသားတစ်ဦး (သို့မဟုတ်) နှစ်ဦးတို့အား သင်ယူမှုလုပ်ငန်းပြုလုပ်ချိန်အတွင်း ၎င်းတို့လုပ်ဆောင်ခဲ့သည်များကို ပြန်လည်ဝေမျှရှင်းလင်းပေးရန် ညွှန်ကြားပါ။ အကယ်၍ သင်ယူမှုလုပ်ငန်းသည် သင်ကြားသင်ယူမှုပြီးနောက် ရရှိလာမည့်ရလဒ် အတွက် ပြင်ဆင်လုပ်ဆောင်ခြင်း မဟုတ်ပါက ကျောင်းသားတစ်ဦး (သို့မဟုတ်) နှစ်ဦးတို့အား ဤလုပ်ငန်းမှ ၎င်းတို့ သင်ယူရရှိခဲ့သော အရာများကို ဖော်ပြပေးရန် ညွှန်ကြားပါ။
- ကျောင်းသားတစ်ဦးစီမှ ၎င်းတို့၏ သင်ယူမှုလုပ်ငန်း (သို့မဟုတ်) အတွေးစိတ်ကူး များကို ဝေမျှတင်ပြပြီးပါက ၎င်းတို့ ဝေမျှပေးလိုက်သော အကြောင်းအရာမှ အတန်းသို့ အလေးပေးဖော်ပြလိုသည့် ရှုထောင့်တစ်ခု (သို့မဟုတ်) နှစ်ခုကို ရွေးချယ်ပါ။ သင်ရွေးချယ်သော အချက်များသည် သင်ယူမှုလုပ်ငန်းနှင့် ပတ်သက်ပြီး ကျောင်းသားများအားလုံး သင်ယူမှတ်သားစေလိုသည့် အဓိက အချက်များ ဖြစ်သင့်သည်။

စာသင်ခန်းအတွင်းတွင် ကျောင်းသားများ လွတ်လပ်စွာ မေးခွန်းများမေးနိုင်သော၊ ၎င်းတို့၏ အတွေးအမြင်များကို မျှဝေပေးနိုင်သော၊ လုံခြုံစိတ်ချမှုရှိသော သင်ယူမှုဝန်းကျင် တစ်ခုကို ဖန်တီးတည်ဆောက်ရန် ဟူသော အရေးကြီးသည့် အခန်းကဏ္ဍတစ်ခုကို ဆရာတစ်ဦးအနေဖြင့် လုပ်ဆောင်ရန် တာဝန်ရှိပါသည်။ သင်၏အကြံပြုချက်နှင့် ဝေဖန်သုံးသပ်ချက်များသည် ကျောင်းသားများအား မြန်မာနိုင်ငံ၏ ကလေးသူငယ်များနှင့် လူငယ်များ၏ သင်ယူမှုနှင့် ဘက်စုံဖွံ့ဖြိုးမှုကို ထောက်ပံ့မှုပေးနိုင်သည့် ဆရာများ ဖြစ်လာစေရန် ကူညီထောက်ပံ့ပေးနိုင်မည် ဖြစ်ပါသည်။

## ဇယား (ခ)။ တတိယနှစ် ဒုတိယစာသင်နှစ်ဝက် လူမှုရေးဘာသာရပ်၊ မူလတန်းအထူးပြု မာတိကာအကြောင်းအရာ

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ | | စာသင်ချိန် |
|---|---|---|---|---|---|---|
| | | | | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ | |
| ၅။ လူမှုရေးဘာသာရပ် သင်ကြား၊ သင်ယူခြင်း (အပိုင်း ၂) | ၅.၁။ မူလတန်းဆင့် လူမှုရေး ဘာသာရပ် အတွက် ရင်းမြစ်များ | ၅.၁.၁။ လူမှုရေး ဘာသာရပ် သင်ကြားခြင်းကို သိပ္ပံနည်းကျ ချဉ်းကပ်ခြင်း | • လူမှုရေးဘာသာရပ်ကို လေ့လာပြုစုရန် အသုံးပြုထားသော အချက်အလက် အမျိုးအစားများကို သတ်မှတ်ဖော်ထုတ်တတ်မည်။<br>• သမိုင်းဘာသာနှင့် ပထဝီဝင်ဘာသာ လေ့လာပြုစုရန် အသုံးပြုထားသော အချက်အလက် အမျိုးအစားများကို နှိုင်းယှဉ်ခွဲခြားတတ်မည်။<br>• မူလရင်းမြစ်၊ တစ်ဆင့်ခံရင်းမြစ်နှင့် ဆင့်ပွားရင်းမြစ်များ ကြားရှိ ကွာခြားချက်များကို ဖော်ပြတတ်မည်။<br>• လူမှုရေးဘာသာရပ်တွင် အချက်အလက်များ မှန်ကန်မှု၊ ဘက်လိုက်မှု နှင့် အတွေးအမြင် ရှုထောင့်များ၏ အခန်းကဏ္ဍကို အဓိပ္ပာယ်ဖွင့်ဆိုတတ်ပြီး လေးနက်စွာ ဝေဖန်ဆန်းစစ် လေ့လာတတ်မည်။ | (က) (၂.၁)<br>(က) (၄.၁)<br>(ခ) (၁.၁)<br>(ခ) (၁.၃) | (က) (၂.၁.၂)<br>(က) (၄.၁.၂)<br>(ခ) (၁.၁.၂)<br>(ခ) (၁.၃.၁) | ၂ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ | | စာသင်ချိန် |
|---|---|---|---|---|---|---|
| | | | | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ | |
| | | ၅.၁.၂။ မူလတန်းဆင့် လူမှုရေး ဘာသာရပ် သင်ကြားခြင်း အတွက် သင်ထောက်ကူ ပစ္စည်းများ | • မူလတန်းဆင့် လူမှုရေးဘာသာ သင်ကြားရာတွင် သင်ထောက်ကူပစ္စည်းများ အသုံးပြုခြင်းသည် အဘယ်ကြောင့် အရေးကြီးကြောင်း ရှင်းပြတတ်မည်။<br>• မူလတန်းဆင့် လူမှုရေးဘာသာ သင်ကြားရာတွင် အသုံးပြုနိုင်သော သင်ထောက်ကူပစ္စည်း စာရင်းတစ်ခုကို တီထွင် ဖန်တီးတတ်မည်။ | (က) (၂.၁)<br>(က) (၄.၁)<br>(ခ) (၁.၁)<br>(ခ) (၁.၃) | (က) (၂.၁.၂)<br>(က) (၄.၁.၂)<br>(ခ) (၁.၁.၂)<br>(ခ) (၁.၃.၁) | ၂ |
| | | ၅.၁.၃။ မူလတန်းဆင့် လူမှုရေး ဘာသာရပ်တွင် ဒေသန္တရ ရင်းမြစ်များကို အသုံးပြုခြင်း | • ၎င်းတို့ ဒေသရှိ ရင်းမြစ်များနှင့် စိတ်ဝင်စားဖွယ် ကောင်းသော နေရာများကို သတ်မှတ် ဖော်ထုတ်တတ်မည်။<br>• ကလေးများ၏ သင်ယူမှုကို မြှင့်တင်ရန် ဒေသန္တရ ရင်းမြစ်များ (ဥပမာ – လူကြီးသူမများ၊ ဒေသတွင်း သမိုင်းဝင် နေရာများနှင့် ပထဝီဝင် အနေအထားများ)ကို အသုံးပြုသည့် နည်းလမ်းများအား အကြံပြုတတ်မည်။ | (က) (၂.၁)<br>(က) (၅.၁)<br>(ဂ) (၃.၃) | (က) (၂.၁.၁)<br>(က) (၅.၁.၂)<br>(ဂ) (၃.၃.၁) | ၂ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ | | စာသင်ချိန် |
|---|---|---|---|---|---|---|
| | | | | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ | |
| ၆။ ပထဝီဝင် (အပိုင်း ၂) | ၆.၁။ ဒေသန္တရ ပထဝီဝင် | ၆.၁.၁။ ကမ္ဘာ့မြောက်ပိုင်း (ပြင်သစ်နိုင်ငံ) | • ကမ္ဘာ့မြောက်ပိုင်းနိုင်ငံတစ်နိုင်ငံဖြစ်သည့် ပြင်သစ်နိုင်ငံ၏ ပထဝီဝင် အနေအထား၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ ကျန်းမာရေး စောင့်ရှောက်မှု၊ ပညာရေး စသည့် ကဏ္ဍများပါဝင်သော အချက်အလက် မှတ်တမ်း တစ်ခုကို ပြုစုတတ်မည်။<br>• ကမ္ဘာ့မြောက်ပိုင်းနိုင်ငံတစ်နိုင်ငံ ဖြစ်သည့် ပြင်သစ်နိုင်ငံနှင့် ကမ္ဘာ့တောင်ပိုင်းနိုင်ငံတစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံတို့၏ လူဦးရေ အချက်အလက် မှတ်တမ်းများကို နှိုင်းယှဉ်တတ်ပြီး ကွဲပြားမှုများ၏ ဆက်နွယ်မှုတို့ကို စစ်ဆေး လေ့လာတတ်မည်။ | (က) (၄.၁)<br><br>(က) (၅.၁) | (က) (၄.၁.၁)<br>(က) (၄.၁.၂)<br>(က) (၅.၁.၁)<br>(က) (၅.၁.၂) | ၁ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ | | စာသင်ချိန် |
|---|---|---|---|---|---|---|
| | | | | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ | |
| | | ၆.၁.၂။ ကမ္ဘာ့တောင်ပိုင်း (အိန္ဒိယနိုင်ငံ) | • ကမ္ဘာ့တောင်ပိုင်းနိုင်ငံတစ်နိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံ၏ ပထဝီဝင်အနေအထား၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ ကျန်းမာရေး စောင့်ရှောက်မှု၊ ပညာရေး စသည့် ကဏ္ဍများ ပါဝင်သော အချက်အလက်မှတ်တမ်း တစ်ခုကို ပြုစုတတ်မည်။<br>• ကမ္ဘာ့တောင်ပိုင်း နိုင်ငံနှစ်နိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ လူဦးရေ အချက်အလက်မှတ်တမ်းကို နှိုင်းယှဉ်တတ်ပြီး ကွဲပြားမှုများ၏ ဆက်နွယ်မှုများကို စစ်ဆေးလေ့လာတတ်မည်။ | (က) (၄.၁)<br><br>(က) (၅.၁) | (က) (၄.၁.၁)<br>(က) (၄.၁.၂)<br>(က) (၅.၁.၁)<br>(က) (၅.၁.၂) | ၁ |
| | | ၆.၁.၃။ ဒေသန္တရပထဝီဝင်အတွက် သင်ပြမှုပုံစံတစ်ခု ရေးဆွဲခြင်း | • ဒေသန္တရပထဝီဝင် သင်ခန်းစာ ခေါင်းစဉ် တစ်ခုကို ရွေးချယ်၍ မူလတန်းအောက်ဆင့် ကျောင်းသားများ အတွက် ရိုးရှင်းသော သင်ပြမှုပုံစံ တစ်ခုကို စီစဉ်ရေးဆွဲတတ်မည်။ | (က) (၁.၁)<br>(က) (၂.၁)<br>(က) (၄.၁)<br><br>(ခ) (၁.၃)<br><br><br>(ဃ) (၁.၁)<br>(ဃ) (၂.၁) | (က) (၁.၁.၂)<br>(က) (၂.၁.၁)<br>(က) (၄.၁.၁)<br>(က) (၄.၁.၂)<br>(ခ) (၁.၃.၁)<br>(ခ) (၁.၃.၂)<br>(ခ) (၁.၃.၃)<br>(ဃ) (၁.၁.၂)<br>(ဃ) (၂.၁.၁) | ၁ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ |  | စာသင်ချိန် |
|---|---|---|---|---|---|---|
|  |  |  |  | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ |  |
|  |  |  | • သင်ခန်းစာ စီစဉ်ရေးဆွဲမှုဆိုင်ရာ ဆုံးဖြတ်ချက်များ အတွက် အခြေခံ အကြောင်းပြချက် တစ်ခုကို အတန်းဖော်များအား တင်ပြတတ်မည်။<br>• သင်ပြမှုပုံစံတစ်ခု ရေးဆွဲရာတွင် အတန်းဖော်များအား အပြုသဘော ဆောင်သော တုံ့ပြန်အကြံပြုချက်များ ပေးတတ်မည်။ |  |  |  |
|  | ၆.၂။ လက်တွေ့ ပထဝီဝင်ဆိုင်ရာ ကျွမ်းကျင်မှုများ | ၆.၂.၁။ မြေပုံများ အသုံးပြုခြင်း | • တိုက်ကြီးများကို သတ်မှတ်ဖော်ထုတ်ရန် မြေပုံ၊ ကမ္ဘာလုံး (သို့မဟုတ်) မြေပုံ စာအုပ်တို့ကို အသုံးပြုတတ်မည်။<br>• လတ္တီကျူကို ကိုးကား၍ ကမ္ဘာပေါ်ရှိ အဓိက ဥတုရာသီ ရပ်ဝန်းဒေသများကို အမျိုးအစား ခွဲခြားတတ်မည်။<br>• တိုက်ကြီးအမျိုးမျိုးနှင့် ၎င်းတို့၏ အဓိက အင်္ဂါရပ်များကို နှိုင်းယှဉ် ခွဲခြားတတ်မည်။ | (က) (၄.၁)<br>(က) (၅.၁) | (က) (၄.၁.၁)<br>(က) (၄.၁.၂)<br>(က) (၅.၁.၁)<br>(က) (၅.၁.၂) | ၂ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ | | စာသင်ချိန် |
|---|---|---|---|---|---|---|
| | | | | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ | |
| | | | • ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံ၏ တည်နေရာကို ရှာဖွေပြီး အမျိုးအစားခွဲခြားရန် မြေပုံကို အသုံးပြုတတ်မည်။<br>• ပညာရေးဒီဂရီကောလိပ် (သို့မဟုတ်) ဒေသဆိုင်ရာ နယ်မြေတစ်ခု၏ မြေပုံကို အခြေခံ မြေပုံဆွဲနည်း အသုံးပြု၍ ရေးဆွဲတတ်မည်။ | | | |
| | | ၆.၂.၂။ ဥတုရာသီနှင့် မိုးလေဝသ | • ဥတုရာသီနှင့် မိုးလေဝသ အကြားရှိ ဆက်နွယ်မှုကို အကဲဖြတ် သုံးသပ်တတ်မည်။<br>• မြန်မာနိုင်ငံအတွင်းရှိ မိုးလေဝသပုံစံများကို ဖြစ်ပေါ်စေသော အကြောင်းရင်းများကို ဆန်းစစ် လေ့လာတတ်မည်။ | (က) (၄.၁)<br>(က) (၅.၁) | (က) (၄.၁.၁)<br>(က) (၄.၁.၂)<br>(က) (၅.၁.၁)<br>(က) (၅.၁.၂) | ၂ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ | | စာသင်ချိန် |
|---|---|---|---|---|---|---|
| | | | | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ | |
| | | | • မြန်မာနိုင်ငံ ဒေသအသီးသီးနှင့် ရာသီအမျိုးမျိုးတွင် မိုးရွာသွန်းမှု ပုံစံများ ကွဲပြားကြောင်းနှင့် အပူချိန်တို့ မတူညီကြောင်း သတ်မှတ်ဖော်ထုတ်ရန် အချက်အလက်များအား အဓိပ္ပာယ်ဖွင့် ကောက်ချက်ချတတ်မည်။<br>• လူသားတို့၏ ဘဝရှင်သန်မှုတွင် ဥတုရာသီ၏ အကျိုးသက်ရောက်ပုံ နှင့် ဥတုရာသီအပေါ် လူသားတို့၏ ဘဝရှင်သန်မှုများက အကျိုး သက်ရောက်ပုံတို့ကို ဆွေးနွေးတတ်မည်။<br>• မြန်မာနိုင်ငံ၏ သဘာဝ ပတ်ဝန်းကျင်နှင့် လူမှု ပတ်ဝန်းကျင်တို့အပေါ် ရာသီဥတု ပြောင်းလဲမှုများကြောင့် ဖြစ်ပေါ်လာနိုင်သော အကျိုးသက်ရောက်မှု များကို လေးနက်စွာ ပြန်လည် သုံးသပ် တတ်မည်။ | | | |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ | | စာသင်ချိန် |
|---|---|---|---|---|---|---|
| | | | | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ | |
| | | ၆.၂.၃။ လက်တွေ့ပထဝီဝင်အတွက် သင်ပြမှုပုံစံတစ်ခု ရေးဆွဲခြင်း | • လက်တွေ့ပထဝီဝင် သင်ခန်းစာခေါင်းစဉ်တစ်ခုကို ရွေးချယ်၍ မူလတန်းအောက်ဆင့် ကျောင်းသားများအတွက် ရိုးရှင်းသော သင်ပြမှုပုံစံ တစ်ခု ရေးဆွဲတတ်မည်။<br>• သင်ခန်းစာ စီစဉ်ရေးဆွဲမှု ဆိုင်ရာ ဆုံးဖြတ်ချက်များ အတွက် အခြေခံ အကြောင်းပြချက် တစ်ခုကို အတန်းဖော်များအား တင်ပြတတ်မည်။<br>• သင်ပြမှုပုံစံ ရေးဆွဲခြင်း နှင့် စပ်လျဉ်း၍ အတန်းဖော်များအား အပြုသဘော ဆောင်သော တုံ့ပြန်အကြံပြုချက်များ ပေးတတ်မည်။ | (က) (၁.၁)<br>(က) (၂.၁)<br>(က) (၄.၁)<br>(ခ) (၁.၃)<br>(ဃ) (၁.၁)<br>(ဃ) (၂.၁) | (က) (၁.၁.၂)<br>(က) (၂.၁.၁)<br>(က) (၄.၁.၁)<br>(က) (၄.၁.၂)<br>(ခ) (၁.၃.၁)<br>(ခ) (၁.၃.၂)<br>(ခ) (၁.၃.၃)<br>(ဃ) (၁.၁.၂)<br>(ဃ) (၂.၁.၁) | ၁ |
| ၇။ သမိုင်း (အပိုင်း ၂) | ၇.၁။ ကမ္ဘာ့သမိုင်း | ၇.၁.၁။ ရှေးဦး လူနေမှုများ | • အစောပိုင်းလူနေမှု ဖွံ့ဖြိုးတိုးတက်ရန် အကျိုးပြုခဲ့သော ပထဝီဝင်ဆိုင်ရာ အကြောင်းရင်းများနှင့် နည်းပညာဆိုင်ရာ အကြောင်းရင်းများကို သတ်မှတ်ဖော်ထုတ် တတ်မည်။ | (က) (၄.၁)<br>(က) (၅.၁) | (က) (၄.၁.၁)<br>(က) (၄.၁.၂)<br>(က) (၅.၁.၁)<br>(က) (၅.၁.၂) | ၂ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ | | စာသင်ချိန် |
|---|---|---|---|---|---|---|
| | | | | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ | |
| | | | • တိုးတက်လာသော ရှေးဦး လူ့အဖွဲ့အစည်းများ၏ ယဉ်ကျေးမှုဆိုင်ရာ ပင်ကိုလက္ခဏာများနှင့် နိုင်ငံရေးဆိုင်ရာ ပင်ကို လက္ခဏာရပ်များကို နှိုင်းယှဉ် ခွဲခြားတတ်မည်။ | | | |
| | | ၇.၁.၂။ ဥရောပတိုက်ရှိ ပြောင်းလဲမှုများ | • မြေရှင်ပဒေသရာဇ် စီးပွားရေး၏ ဖွဲ့စည်းပုံ နှင့် အင်္ဂါရပ်များကို ဖော်ပြတတ်မည်။<br>• ခရူးဆိတ်စစ်ပွဲများနှင့် ပတ်သက်သော သုတေသန လေ့လာ တွေ့ရှိချက်များကို တင်ပြတတ်မည်။<br>• ၁၆ ရာစုနှင့် ၁၆ ရာစုလွန် ကာလများတွင် ဥရောပ ကိုလိုနီနယ်ချဲ့ခြင်း အတွက် အကြောင်းပြချက်များကို ရှင်းပြတတ်မည်။<br>• ပြင်သစ်တော်လှန်ရေး ဖြစ်ပွားရခြင်း၏ အကြောင်းရင်းများနှင့် အကျိုးဆက်များကို ဆန်းစစ် လေ့လာတတ်မည်။ | (က) (၄.၁)<br><br>(က) (၅.၁) | (က) (၄.၁.၁)<br>(က) (၄.၁.၂)<br>(က) (၅.၁.၁)<br>(က) (၅.၁.၂) | ၃ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ | | စာသင်ချိန် |
|---|---|---|---|---|---|---|
| | | | | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ | |
| | | ၇.၁.၃။ စက်မှုတော်လှန်ရေး | • စက်မှုတော်လှန်ရေး ပေါ်ပေါက်စေခဲ့သော အခြေအနေများကို ဖော်ပြတတ်မည်။<br>• စက်မှုတော်လှန်ရေး၏ ကောင်းကျိုး သက်ရောက်မှုများနှင့် ဆိုးကျိုးသက်ရောက်မှု များကို အကဲဖြတ် သုံးသပ်တတ်မည်။ | (က) (၄.၁)<br>(က) (၅.၁) | (က) (၄.၁.၁)<br>(က) (၄.၁.၂)<br>(က) (၅.၁.၁)<br>(က) (၅.၁.၂) | ၁ |
| ၈။ စစ်ဆေး အကဲဖြတ်ခြင်း | ၈.၁။ လူမှုရေး ဘာသာရပ်ရှိ စစ်ဆေး အကဲဖြတ်ခြင်း ဆိုင်ရာ ချဉ်းကပ်နည်းများ | ၈.၁.၁။ စစ်ဆေး အကဲဖြတ်ခြင်း၏ အခန်းကဏ္ဍ | • သင်ယူမှုရလဒ်များ၊ သင်ယူမှုလုပ်ငန်းများနှင့် စစ်ဆေးအကဲဖြတ်မှုတို့ အကြားရှိ ဆက်နွှယ်မှုကို ပြန်လည် သုံးသပ်တတ်မည်။<br>• မူလတန်းဆင့် လူမှုရေး ဘာသာရပ်တွင် စစ်ဆေးအကဲဖြတ်ခြင်း ကျွမ်းကျင်မှုများ ဖွံ့ဖြိုး တိုးတက်ရန်အတွက် မဟာဗျူဟာများကို သတ်မှတ် ဖော်ထုတ်တတ်မည်။ | (က) (၄.၁)<br>(ခ) (၂.၁)<br>(ဂ) (၃.၂) | (က) (၄.၁.၃)<br>(ခ) (၂.၁.၁)<br>(ခ) (၂.၁.၃)<br>(ဂ) (၃.၂.၁) | ၁ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ | | စာသင်ချိန် |
|---|---|---|---|---|---|---|
| | | | | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ | |
| | | ၈.၁.၂။ သင်ယူစဉ် စစ်ဆေး အကဲဖြတ်ခြင်း | • လူမှုရေးဘာသာ အတန်းတွင် ဆရာနှင့် ကျောင်းသား နှစ်ဦးစလုံးအတွက် သင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်း၏ အကျိုးကျေးဇူးများကို အကြမ်းဖျင်း ဖော်ပြတတ်မည်။<br>• မူလတန်းဆင့် လူမှုရေးဘာသာ သင်ခန်းစာတစ်ခုအတွက် သင်ယူစဉ် စစ်ဆေး အကဲဖြတ်ခြင်း လုပ်ငန်းတစ်ခုကို ဖန်တီးတတ်မည်။ | (က) (၄.၁)<br>(ခ) (၂.၁)<br><br>(ဂ) (၃.၂) | (က) (၄.၁.၃)<br>(ခ) (၂.၁.၁)<br>(ခ) (၂.၁.၃)<br>(ဂ) (၃.၂.၁) | ၁ |
| | | ၈.၁.၃။ သင်ယူပြီး စစ်ဆေး အကဲဖြတ်ခြင်း | • မူလတန်းဆင့် လူမှုရေးဘာသာ သင်ခန်းစာတစ်ခုအတွက် သင်ယူပြီး စစ်ဆေးအကဲဖြတ်ခြင်း လုပ်ငန်းတစ်ခုကို ဖန်တီးတတ်မည်။<br>• သင်ယူပြီး စစ်ဆေးအကဲဖြတ်ခြင်း လုပ်ငန်းတစ်ခုအတွက် အပြုသဘောဆောင်သော တုံ့ပြန်အကြံပြုချက်များ အချင်းချင်း ပေးတတ်မည်။ | (က) (၄.၁)<br>(ခ) (၂.၁)<br><br>(ဂ) (၃.၂) | (က) (၄.၁.၃)<br>(ခ) (၂.၁.၁)<br>(ခ) (၂.၁.၃)<br>(ဂ) (၃.၂.၁) | ၁ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ | | စာသင်ချိန် |
|---|---|---|---|---|---|---|
| | | | | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ | |
| | | ၈.၁.၄။ လူတိုင်းအကျုံးဝင်သောစစ်ဆေးအကဲဖြတ်ခြင်း | • မူလတန်းဆင့်လူမှုရေးဘာသာသင်ကြားခြင်းတွင် လူတိုင်းအကျုံးဝင်သောစစ်ဆေးအကဲဖြတ်ခြင်းကို ဖော်ပြတတ်မည်။<br>• မူလတန်းဆင့်လူမှုရေးဘာသာသင်ခန်းစာတစ်ခုအတွက် လူတိုင်းအကျုံးဝင်သောစစ်ဆေးအကဲဖြတ်မှုလုပ်ငန်းတစ်ခုကို ဖန်တီးတတ်မည်။ | (က) (၄.၁)<br>(ခ) (၂.၁)<br><br>(ဂ) (၃.၂) | (က) (၄.၁.၃)<br>(ခ) (၂.၁.၁)<br>(ခ) (၂.၁.၃)<br>(ဂ) (၃.၂.၁) | ၁ |
| စုစုပေါင်းစာသင်ချိန် | | | | | | ၂၄ |

အခန်း
၅

# လူမှုရေးဘာသာရပ်ကို သင်ကြား၊ သင်ယူခြင်း (အပိုင်း ၂)

ဤအခန်းတွင် ကျောင်းသားများသည် မူလတန်းအောက်ဆင့်အား အလေးပေး၍ မူလတန်း လူမှုရေးဘာသာရပ်အတွက် သင်ကြားသင်ယူခြင်း နည်းလမ်းများကို စမ်းသပ်လေ့လာသွားရမည် ဖြစ်သည်။ ၎င်းတို့သည် ရင်းမြစ်များ ဆန်းစစ်လေ့လာခြင်း၊ သင်ထောက်ကူပစ္စည်းများ အသုံးပြုခြင်းတို့ဖြင့် လူမှုရေးဘာသာရပ် သင်ကြားခြင်းကို သိပ္ပံနည်းကျ ချဉ်းကပ်၍ စမ်းသပ် လေ့လာသွားရမည်။ ကျောင်းသားများအနေဖြင့် ၎င်းတို့၏ လူမှုရေးဘာသာ အတန်းများတွင် ဒေသန္တရ ရင်းမြစ်များနှင့် စိတ်ဝင်စားဖွယ် နေရာဒေသများအား ပေါင်းစပ်သင်ကြားနိုင်သည့် နည်းလမ်းများကိုလည်း စူးစမ်းလေ့လာသွားရမည် ဖြစ်သည်။

### မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

**ဤအခန်းကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် –**

- လူမှုရေးဘာသာရပ်ကို လေ့လာပြုစုရန် အသုံးပြုထားသော အချက်အလက် အမျိုးအစားများကို သတ်မှတ်ဖော်ထုတ်တတ်မည်။
- သမိုင်းဘာသာနှင့် ပထဝီဝင်ဘာသာ လေ့လာပြုစုရန် အသုံးပြုထားသော အချက်အလက် အမျိုးအစားများကို နှိုင်းယှဉ်ခွဲခြားတတ်မည်။
- မူလရင်းမြစ်၊ တစ်ဆင့်ခံရင်းမြစ်နှင့် ဆင့်ပွားရင်းမြစ်များကြားရှိ ကွာခြားချက်များကို ဖော်ပြတတ်မည်။
- လူမှုရေးဘာသာရပ်တွင် အချက်အလက်များ မှန်ကန်မှု၊ ဘက်လိုက်မှုနှင့် အတွေးအမြင်ရှုထောင့်များ၏ အခန်းကဏ္ဍကို အဓိပ္ပာယ်ဖွင့်ဆိုတတ်ပြီး လေးနက်စွာ ဝေဖန်ဆန်းစစ် လေ့လာတတ်မည်။
- မူလတန်းဆင့် လူမှုရေးဘာသာ သင်ကြားရာတွင် သင်ထောက်ကူပစ္စည်းများ အသုံးပြုခြင်းသည် အဘယ်ကြောင့် အရေးကြီးကြောင်း ရှင်းပြတတ်မည်။

- မူလတန်းဆင့် လူမှုရေးဘာသာ သင်ကြားရာတွင် အသုံးပြုနိုင်သော သင်ထောက်ကူပစ္စည်း စာရင်းတစ်ခုကို တီထွင်ဖန်တီးတတ်မည်။
- ၎င်းတို့ ဒေသရှိ ရင်းမြစ်များနှင့် စိတ်ဝင်စားဖွယ်ကောင်းသောနေရာများကို သတ်မှတ် ဖော်ထုတ်တတ်မည်။
- ကလေးများ၏ သင်ယူမှုကို မြှင့်တင်ရန် ဒေသန္တရ ရင်းမြစ်များ (ဥပမာ – လူကြီးသူမများ၊ ဒေသတွင်း သမိုင်းဝင်နေရာများနှင့် ပထဝီဝင် အနေအထားများ) ကို အသုံးပြုသည့် နည်းလမ်းများအား အကြံပြုတတ်မည်။

## ရရှိသွားမည့် တတ်ကျွမ်းမှုများ

(က) (၂.၁) သင်ကြားသင်ယူမှုဆိုင်ရာ နည်းဗျူဟာအမျိုးမျိုးနှင့် ရင်းမြစ်အမျိုးမျိုးကို ဆီလျော်စွာ အသုံးပြုနိုင်မှုအား နားလည်သဘောပေါက်ကြောင်း ပြသသည်။

(က) (၄.၁) အခြေခံပညာသင်ရိုးညွှန်းတမ်းတွင် ဖော်ပြထားသည့် သင်ရိုးဖွဲ့စည်းပုံ၊ အကြောင်းအရာနှင့် မျှော်မှန်းထားသော သင်ယူမှုရလဒ်များကို နားလည် သဘောပေါက်ကြောင်း ပြသသည်။

(က) (၅.၁) အတန်း (အဆင့်) တစ်ခုခုတွင် သင်ကြားရန် တာဝန်ပေးအပ်ထားသော ဘာသာရပ်အကြောင်းအရာကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(ခ) (၁.၁) ဘာသာရပ်ဆိုင်ရာ အသိပညာများနှင့် အကြောင်းအရာများကို ရှင်းလင်းစွာနှင့် ကလေးများအား ကိုယ်ရောစိတ်ပါ ပါဝင်ဆောင်ရွက်မှုရှိအောင် သင်ကြားနိုင်စွမ်းရှိကြောင်း ပြသည်။

(ခ) (၁.၃) ကျောင်းသားများ၏ သင်ယူနိုင်မှုစွမ်းရည်၊ အတွေ့အကြုံများနှင့် ကိုက်ညီသော သင်ပြမှုပုံစံကို ကောင်းမွန်စွာ ရေးဆွဲပြင်ဆင်နိုင်ကြောင်း ပြသည်။

(ဂ) (၃.၃) ကျောင်းသားများ၏ မတူကွဲပြားသော ယဉ်ကျေးမှု ဓလေ့ထုံးစံများကို နားလည်ပြီး ကမ္ဘာ့နိုင်ငံသား ဖြစ်ရေးအတွက် ပြုစုပျိုးထောင်ပေးနိုင်စွမ်းရှိကြောင်း ပြသသည်။

# ၅.၁။ မူလတန်းဆင့် လူမှုရေးဘာသာရပ်အတွက် ရင်းမြစ်များ

ဤအခန်းငယ်တွင် ကျောင်းသားများသည် မူလတန်းအောက်ဆင့် လူမှုရေးဘာသာ အတန်းတစ်တန်း၌ သင်ယူမှုမြှင့်တင်ရန်အတွက် မူလရင်းမြစ်နှင့် တစ်ဆင့်ခံရင်းမြစ်များ အပါအဝင် ရင်းမြစ်များ၊ သင်ထောက်ကူပစ္စည်းများ၊ ဒေသန္တရ ရင်းမြစ်များနှင့် စိတ်ဝင်စားဖွယ် ကောင်းသော နေရာများအား အသုံးပြုပုံတို့ကို စူးစမ်းလေ့လာသွားရမည် ဖြစ်သည်။

## ၅.၁.၁။ လူမှုရေးဘာသာရပ် သင်ကြားခြင်းကို သိပ္ပံနည်းကျ ချဉ်းကပ်ခြင်း

**မျှော်မှန်းထားသော သင်ယူမှုရလဒ်များ**

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် –**

- လူမှုရေးဘာသာရပ်ကို လေ့လာပြုစုရန် အသုံးပြုထားသော အချက်အလက် အမျိုးအစားများကို သတ်မှတ် ဖော်ထုတ်တတ်မည်။
- သမိုင်းဘာသာနှင့် ပထဝီဝင်ဘာသာ လေ့လာပြုစုရန် အသုံးပြုထားသော အချက်အလက် အမျိုးအစားများကို နှိုင်းယှဉ်ခွဲခြားတတ်မည်။
- မူလရင်းမြစ်၊ တစ်ဆင့်ခံရင်းမြစ်နှင့် ဆင့်ပွားရင်းမြစ်များကြားရှိ ကွာခြားချက်များကို ဖော်ပြတတ်မည်။
- လူမှုရေးဘာသာရပ်တွင် အချက်အလက်များ မှန်ကန်မှု၊ ဘက်လိုက်မှုနှင့် အတွေးအမြင် ရှုထောင့်များ၏ အခန်းကဏ္ဍကို အဓိပ္ပာယ်ဖွင့်ဆိုတတ်ပြီး လေးနက်စွာ ဝေဖန်ဆန်းစစ် လေ့လာတတ်မည်။

## ရရှိသွားမည့် တတ်ကျွမ်းမှုများ

(က) (၂.၁.၂) ကျောင်းသားများသင်ယူမှုတွင် အထောက်အကူပြုရန် ကျောင်းသုံးစာအုပ်များတွင် ဖော်ပြထားသည့် သင်ကြားနည်းများ၊ နည်းဗျူဟာများ၊ သင်ကြားသင်ယူမှု အထောက်အကူ ပစ္စည်းများနှင့် ကုန်ကျစရိတ်နည်းသည့် ထပ်ဆောင်းပစ္စည်းများကို အသုံးပြုသည်။

(က) (၄.၁.၂) သင်ရိုးညွှန်းတမ်း၏ လိုအပ်ချက်များကို ထင်ဟပ်စဉ်းစားပြီး ဆီလျော်သော သင်ကြား၊ သင်ယူမှု လုပ်ငန်းများနှင့် သင်ထောက်ကူပစ္စည်းများ ပါဝင်သော သင်ပြမှုပုံစံများကို ပြင်ဆင်ရေးဆွဲသည်။

(ခ) (၁.၁.၂) ကျောင်းသားများ၏ ယခင်ရှိပြီး အသိပညာ၊ စိတ်ဝင်စားမှု၊ နေ့စဉ်ဘဝ၊ ဒေသ လိုအပ်ချက်များနှင့် ချိတ်ဆက်နိုင်မည့် သင်ကြားရေးဆိုင်ရာ အထောက်အကူ ပစ္စည်းများကို ရွေးချယ်သည်။

(ခ) (၁.၃.၁) စာသင်ချိန်အားလုံးကို ထိရောက်စွာ အသုံးပြုနိုင်ရန် သင်ခန်းစာကို ဖွဲ့စည်းပြင်ဆင်သည်။

**အချိန်** – မိနစ် (၅၀) ကြာ စာသင်ချိန် နှစ်ချိန်။

## သင်ယူမှုနည်းလမ်းများ

သင်ယူမှုလုပ်ငန်း (၁)။ ရင်းမြစ်များကို အမျိုးအစား ခွဲခြားခြင်း – မူလရင်းမြစ်၊ တစ်ဆင့်ခံ ရင်းမြစ်နှင့် ဆင့်ပွားရင်းမြစ်

သင်ယူမှုလုပ်ငန်း (၂)။ ရင်းမြစ်ကို ဆန်းစစ်လေ့လာခြင်း – အချက်အလက်၊ ဘက်လိုက်မှုနှင့် အတွေးအမြင် ရှုထောင့်

သင်ယူမှုလုပ်ငန်း (၃)။ ရင်းမြစ်ကို ဆန်းစစ်လေ့လာခြင်း – ခေတ်ပုံတစ်ပုံကို လေ့လာခြင်း

သင်ယူမှုလုပ်ငန်း (၄)။ ရင်းမြစ်ကို ဆန်းစစ်လေ့လာခြင်း – ခေတ်ပုံများကို နှိုင်းယှဉ်ခြင်း

**စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများ –** မေးခွန်းမေးမြန်းခြင်း၊ ကြည့်ရှုလေ့လာခြင်း၊ အချင်းချင်းဆွေးနွေးခြင်းနှင့် အတန်းလိုက်ဆွေးနွေးခြင်း၊ အချင်းချင်း စစ်ဆေးအကဲဖြတ်ခြင်း၊ ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း။

## လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ

ကျောင်းသားကိုင်စာအုပ်ရှိ သင်ခန်းစာ (၅.၁.၁) ကို ဖတ်ရှုပါ။

## လိုအပ်သော ရင်းမြစ်များ

သင်ယူမှုလုပ်ငန်း (၁)။ ကျောင်းသားကိုင်စာအုပ်၊ ဘောပင်

သင်ယူမှုလုပ်ငန်း (၂)။ ကျောင်းသားကိုင်စာအုပ်၊ ဘောပင်

သင်ယူမှုလုပ်ငန်း (၃)။ ကျောင်းသားကိုင်စာအုပ်၊ ဘောပင်

သင်ယူမှုလုပ်ငန်း (၄)။ ကျောင်းသားကိုင်စာအုပ်၊ ဘောပင်

## စာသင်ချိန် (၁)

# လူမှုရေးဘာသာ သင်ကြားခြင်းကို သိပွံနည်းကျ ချဉ်းကပ်ခြင်း

ဤစာသင်ချိန်ကို အောက်ပါအတိုင်း ဖွဲ့စည်းထားသည် –

| | |
|---|---|
| မိတ်ဆက် | ၅ မိနစ် |
| သင်ယူမှုလုပ်ငန်း (၁) | ၁၅ မိနစ် |
| သင်ယူမှုလုပ်ငန်း (၂) | ၂၀ မိနစ် |
| ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း | ၁၀ မိနစ် |

## မိတ်ဆက်

| | |
|---|---|
| **အချိန်** | ၅ မိနစ် |
| **စာသင်ခန်း ဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ ကျောင်းသားများအား ဒုတိယစာသင်နှစ်ဝက်မှ ကြိုဆိုပါ။ လူမှုရေးဘာသာ သင်ကြားရာ၌ သိပွံနည်းကျချဉ်းကပ်ခြင်းနှင့် ပတ်သက်၍ ကျောင်းသားများ၏ ထင်မြင်ယူဆချက်များကို မေးမြန်းပါ။

### ဆရာ့မှတ်စု

- အဖြေသုံးခု (သို့မဟုတ်) လေးခုရအောင် ယူပါ။
- ကျောင်းသားများအား တစ်ဦး၏ အဖြေကို တစ်ဦးက အခြေပြု စဉ်းစားဖြေဆိုတတ်စေရန် အားပေးပါ။
- ဤသို့ မေးမြန်းရခြင်း၏ ရည်ရွယ်ချက်မှာ အဖြေမှန်ကို ရယူရန် မဟုတ်ဘဲ ကျောင်းသားများ၏ နားလည်သဘောပေါက်မှုကို ဝေဖန်ပိုင်းခြား ခန့်မှန်းနိုင်ရန် ဖြစ်သည်။

၂။ လူမှုရေးဘာသာသင်ကြားခြင်းကို သိပ္ပံနည်းကျ ချဉ်းကပ်ခြင်းဆိုသည်မှာ ရင်းမြစ်များကို အသုံးပြု၍ သင်ကြား၊ သင်ယူခြင်းကို သိနားလည်စေခြင်း ဖြစ်ကြောင်း ကျောင်းသား များအား ပြောပြပါ။

၃။ ကျောင်းသားများအား ပထမ စာသင်နှစ်ဝက်တွင် သင်ယူခဲ့သော ပုဂံခေတ်နှင့် ပတ်သက်၍ ပြန်လည် စဉ်းစားရန် ညွှန်ကြားပါ။
ပုဂံခေတ်နှင့် ပတ်သက်သည့် အချက်အလက်များကို ကျွန်ုပ်တို့အနေဖြင့် မည်သည့် နေရာမှ ရယူနိုင်သနည်းဟု ကျောင်းသားများအား မေးမြန်းပါ။
ဖြစ်နိုင်ခြေရှိသောအဖြေများ – ကျောင်းသားများ ဖြေဆိုနိုင်ခြေရှိသော အဖြေများမှာ "ဘုရားများ၊ နံရံဆေးရေးပန်းချီများ၊ ကျောက်စာများ၊ ရာဇဝင်မှတ်တမ်းများ၊ ပြဇာတ်န်း စာအုပ်များ" အစရှိသည်တို့ ဖြစ်ကြသည်။

၄။ ဤအရာများအားလုံးသည် သမိုင်းဘာသာနှင့် ပတ်သက်၍ ကျွန်ုပ်တို့အား နားလည်သဘောပေါက်စေသည့် သမိုင်းဆိုင်ရာ ရင်းမြစ်များ (သို့မဟုတ်) အချက်အလက်များ ဖြစ်ကြောင်း ကျောင်းသားများအား ပြောပြပါ။
သင်ယူမှုရလဒ်များကို သင်ပုန်းပေါ်တွင် ချရေးပြီး အဆိုပါ ရလဒ်များမှာ သင်ယူမှုလုပ်ငန်း (၁) မှ (၄) အထိ လုပ်ဆောင်ခြင်းဖြင့် ရရှိနိုင်ကြောင်း ရှင်းပြပါ။

၅။ ပထမ သင်ယူမှုလုပ်ငန်းအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ကျောင်းသားများကို နှစ်ယောက်တစ်တွဲ တွဲပါ။

## သင်ယူမှုလုပ်ငန်း (၁)။ ရင်းမြစ်များကို အမျိုးအစားခွဲခြားခြင်း – မူလရင်းမြစ်၊ တစ်ဆင့်ခံရင်းမြစ်နှင့် ဆင့်ပွားရင်းမြစ်

| | |
|---|---|
| **အချိန်** | ၁၅ မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | နှစ်ယောက်တစ်တွဲ |

## ရည်ရွယ်ချက်

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ကျောင်းသားများအနေဖြင့် မူလရင်းမြစ်၊ တစ်ဆင့်ခံရင်းမြစ်နှင့် ဆင့်ပွားရင်းမြစ်များ၏ ကွဲပြားခြားနားချက်များကို ဖော်ပြတတ်ရန် ဖြစ်သည်။

၁။ သင်ခန်းစာ (၅.၁.၁) ကို ကျောင်းသားများအား အတွဲလိုက် ဖတ်စေပါ။

**ဆရာ့မှတ်စု**

ကျောင်းသားများသည် ယင်းသင်ခန်းစာကို တစ်ယောက်တည်း (သို့မဟုတ်) အတူတကွ ဖတ်နိုင်သည်။

ကျောင်းသားများအား ၎င်းတို့ ဖတ်ရှုစဉ် အဓိက စာလုံးများကို မျဉ်းသားထားရန် ညွှန်ကြားပါ။

၂။ ကျောင်းသားများအား သင်ခန်းစာ (၅.၁.၁) မှ အချက်အလက်များကို အသုံးပြု၍ ဇယား (၅.၁) ၏ ထိပ်ဆုံးဇယားတန်း၌ ဖြည့်စွက်ရန် ညွှန်ကြားပါ။

၃။ ကျောင်းသားများအား လေးထောင့်ကွက် (၅.၁) ကို ကြည့်ရှုပြီး နှစ်ယောက်တစ်တွဲ တွဲ၍ မူလရင်းမြစ်၊ တစ်ဆင့်ခံရင်းမြစ်နှင့် ဆင့်ပွားရင်းမြစ်များကို အမျိုးအစားခွဲခြားရန် ညွှန်ကြားပါ။

၄။ ကျောင်းသားများအား ၎င်းတို့ ခွဲခြားထားသော ရင်းမြစ်အမျိုးအစားများကို ဇယား (၅.၁) အောက်ဆုံး ဇယားတန်းတွင် ရေးသားစေပါ။

၅။ ကျောင်းသားများအား အခြားသော အတွဲတစ်တွဲကို ရှာ၍ ကျောင်းသားလေးဦး ပါဝင်သော အုပ်စု ဖွဲ့စေပါ။ ကျောင်းသားများအား ၎င်းတို့၏ ဇယားများကို အခြားသော အတွဲများ၏ ဇယားနှင့် နှိုင်းယှဉ်ရန် ညွှန်ကြားပါ။ ၎င်းတို့၏ အဖြေများ တူညီကြပါသလား (သို့မဟုတ်) ကွဲပြားနေကြပါသလား။ ရင်းမြစ် တစ်ခုခုသည် မူလရင်းမြစ်နှင့် ဆင့်ပွားရင်းမြစ် အမျိုးအစား နှစ်မျိုးလုံးတွင် အကျုံးဝင် ပါဝင်နေပါက သတ်မှတ်ဖော်ထုတ်စေပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများက ဇယား (၅.၁) ကို နှစ်ယောက်တစ်တွဲ ဖြည့်စွက်နေစဉ် ဆရာက အတန်းထဲ လှည့်လည်နေရမည်။ ကျောင်းသားများက လုပ်ဆောင်ချက်များကို ရေးသားနေစဉ် ပြန်လည် ဆန်းစစ်ပေးပါ။ အဖြေမှားယွင်းနေသည့် ကျောင်းသားများ တွေ့ရှိပါက အဖြေမှန် မပေးဘဲ ပိုမိုရှင်းလင်း လွယ်ကူစေမည့် မေးခွန်းများ မေးမြန်းခြင်းဖြင့် အဖြေမှန်ကို သတ်မှတ်ဖော်ထုတ် တတ်စေရန် ကူညီပေးပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

**ဆရာလမ်းညွှန် ဇယား ၅.၁။ ဖြည့်စွက်ပြီး – ရင်းမြစ်များကို အမျိုးအစားခွဲခြားခြင်း**

| | မူလရင်းမြစ် | တစ်ဆင့်ခံရင်းမြစ် | ဆင့်ပွားရင်းမြစ် |
|---|---|---|---|
| **အနက် အဓိပ္ပာယ် ဖွင့်ဆိုချက်** | သမိုင်းဆိုင်ရာ ခေတ်တစ်ခေတ်၊ ပထဝီဝင်ဆိုင်ရာ သဘာဝဖြစ်စဉ်များနှင့် ပတ်သက်၍ လေ့လာထားသည့် ကိုယ်တွေ့ဖြစ်ရပ်များ ဖြစ်သည်။ ၎င်းတို့သည် ဖန်တီးသူထံမှ တိုက်ရိုက် ဆင်းသက်လာသော အခြေခံ ရင်းမြစ်များ ဖြစ်သည်။ အခြားတစ်စုံတစ်ယောက်မှ ဆန်းစစ်လေ့လာထားခြင်း၊ ဝေဖန်သုံးသပ်ပိုင်းခြားထားခြင်း၊ အဓိပ္ပာယ်သတ်မှတ် ကောက်ချက်ချထားခြင်း မရှိပါ။ | မူလရင်းမြစ်များအား ဆန်းစစ်လေ့လာထားခြင်း၊ (သို့မဟုတ်) ထပ်ဆင့် ကောက်ချက်ချထားခြင်း ဖြစ်သည်။ ဆင့်ပွားရင်းမြစ်များသည် သက်ဆိုင်ရာ ဘာသာရပ်နယ်ပယ်အလိုက် ကျွမ်းကျင်ပညာရှင်များက ရေးသားထားချက်များ ဖြစ်နိုင်သည်။ တစ်ဆင့်ခံ ရင်းမြစ်များတွင် မူလရင်းမြစ်များစွာ ပေါင်းစပ် ပါဝင်နေပြီး အကြောင်းအရာတစ်ခုနှင့် ပတ်သက်၍ မူလရင်းမြစ်ထက် ပိုမိုကျယ်ဝန်းသော အမြင်များဖြင့် ရှုထောင့်စုံမှ တင်ပြထားသည်။ | မူလရင်းမြစ်နှင့် တစ်ဆင့်ခံရင်းမြစ်များအား အမျိုးအစား ခွဲခြားထားသော (သို့မဟုတ်) စာရင်းပြုစုထားသော ရင်းမြစ်များ ဖြစ်သည်။ ဆင့်ပွားရင်းမြစ်ပါ အချက်အလက်များတွင် မူလရင်းမြစ်များ၊ ဆင့်ပွားရင်းမြစ်များ (သို့မဟုတ်) အမျိုးအစားနှစ်မျိုးလုံး ပေါင်းစပ်ပါဝင်နိုင်သည်။ |

| | မူလရင်းမြစ် | တစ်ဆင့်ခံရင်းမြစ် | ဆင့်ပွားရင်းမြစ် |
|---|---|---|---|
| ဥပမာများ | • ရှေးဟောင်းသုတေသနဆိုင်ရာ အသုံးအဆောင်ပစ္စည်း<br>• ကျောက်စာ<br>• မိုးလေဝသမြေပုံ<br>• မြေမျက်နှာသွင်ပြင်ပြ မြေပုံ<br>• ဓာတ်ပုံ<br>• နေ့စဉ်မှတ်တမ်း (ဒိုင်ယာရီ)<br>• မူရင်းသုတေသန<br>• ပန်းချီကား<br>• ပေးစာ<br>• လူတွေ့တွေ့ဆုံမေးမြန်းခြင်းမှတ်တမ်း | • နိုင်ငံရေးမြေပုံ<br>• ဂျာနယ်ပါ ဆောင်းပါးများ<br>• ကျောင်းသုံးပြဋ္ဌာန်းစာအုပ်<br>• စာအုပ်ပြန်လည်ဆန်းစစ်ချက်<br>• ပေးစာ<br>• အစိုးရအစီရင်ခံစာ | • မြေပုံစာအုပ်<br>• စွယ်စုံကျမ်း<br>• အဘိဓာန် |

## သင်ယူမှုလုပ်ငန်း (၂)။ ရင်းမြစ်ကို ဆန်းစစ်လေ့လာခြင်း – အချက်အလက်၊ ဘက်လိုက်မှုနှင့် အတွေးအမြင်ရှုထောင့်

| | |
|---|---|
| **အချိန်** | ၂၀ မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | ကျောင်းသားသုံးဦးပါဝင်သော အုပ်စုများ |

## ရည်ရွယ်ချက်

ဤလုပ်ငန်း၏ အဓိက ရည်ရွယ်ချက်မှာ ကျောင်းသားများအနေဖြင့် ရင်းမြစ်များနှင့်ပတ်သက်၍ အချက်အလက်၊ ဘက်လိုက်မှုနှင့် အတွေးအမြင်ရှုထောင့်တို့၏ အခန်းကဏ္ဍကို လေးလေးနက်နက် ဝေဖန်ပိုင်းခြားရန် ဖြစ်သည်။

၁။ တစ်တန်းလုံးအနေဖြင့် –

- ကျောင်းသားကိုင်စာအုပ်တွင် ပါရှိသော “ရင်းမြစ်များ ခိုင်လုံမှု” ကဏ္ဍ
- ကျောင်းသားကိုင်စာအုပ်၏ နောက်ဆက်တွဲ (၁) တွင် ဖော်ပြထားသော ရင်းမြစ်များ ဆန်းစစ်လေ့လာခြင်း ဥပမာနှစ်ခုအပြင် ဤလမ်းညွှန်ချက်ကိုပါ ဖတ်ရှုရမည်။

၂။ ကျောင်းသားသုံးဦး ပါဝင်သော အုပ်စုများ ဖွဲ့ရန် ညွှန်ကြားပါ။
၃။ အုပ်စုဝင် တစ်ဦးချင်းစီအား ပုံတစ်ပုံသတ်မှတ်ပေးရန် အုပ်စုတိုင်းအား ညွှန်ကြားပါ။
(က) အုပ်စုဝင် (၁) – ပုံ (၅.၁)
(ခ) အုပ်စုဝင် (၂) – ပုံ (၅.၂)
(ဂ) အုပ်စုဝင် (၃) – ပုံ (၅.၃)
၄။ ကျောင်းသားများအား ၎င်းတို့ တွေ့မြင်သည့် အရာများကို ကနဦး လေ့လာချက်များအဖြစ် စာရွက်စာတမ်းများဖြင့် မှတ်တမ်းတင်စေပါ။
၅။ ကျောင်းသားများအား ဇယား (၅.၂) ရှိ ၎င်းတို့အား သတ်မှတ်ပေးထားသော ဇယားတိုင်များတွင် ဖြည့်စွက်စေပါ။
၆။ ကျောင်းသားများအား ၎င်းတို့ အုပ်စုမှ ကျန်အုပ်စုဝင်နှစ်ဦးနှင့် ရင်းမြစ် ဆန်းစစ် လေ့လာချက်ကို အပြန်အလှန်မျှဝေပြီး ဇယားကို ပြီးစီးအောင် ဖြည့်စွက်စေပါ။

**စစ်ဆေးအကဲဖြတ်ခြင်း**

အတန်းထဲ လှည့်လည်ကြည့်ရှုပြီး ကျောင်းသားများအား ဇယား (၅.၂) ၏ သတ်မှတ်ထားသော ဇယားတိုင်များတွင် ဖြည့်စွက်နေခြင်း ရှိ/မရှိ စစ်ဆေးပါ။ ကျောင်းသားများက လုပ်ဆောင်ချက်များကို ရေးသားနေစဉ် ပြန်လည်ဆန်းစစ်ပေးပါ။

ကျောင်းသားတစ်ဦး အဖြေမှားယွင်းနေသည်ကို တွေ့ရှိပါက အဖြေမှန်မပေးဘဲ ပိုမိုရှင်းလင်း လွယ်ကူစေမည့် မေးခွန်းများ မေးမြန်းခြင်းဖြင့် အဖြေမှန်ကို သတ်မှတ်ဖော်ထုတ်တတ်အောင် ကူညီပေးပါ။

# ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

**ဆရာလမ်းညွှန် ဇယား ၅.၂။ ဖြည့်စွက်ပြီး – ရင်းမြစ် ဆန်းစစ်လေ့လာချက်**

| မေးခွန်းများ | ရင်းမြစ် (၁) | ရင်းမြစ် (၂) | ရင်းမြစ် (၃) |
|---|---|---|---|
| မူလရင်းမြစ် (သို့မဟုတ်) တစ်ဆင့်ခံရင်းမြစ် ဖြစ်သလား။ | မူလရင်းမြစ် | မူလရင်းမြစ် | တစ်ဆင့်ခံရင်းမြစ် |
| မည်သူ ဖန်တီးခဲ့သနည်း။ | ကွန်ပျူတာ လုပ်ဆောင်ချက် | ကုန်းဘောင်ခေတ် ပန်းချီ ပညာရှင် | မြန်မာနိုင်ငံအစိုးရ |
| မည်သည့်အချိန်က ဖန်တီးခဲ့သနည်း။ | ၂၀၂၀ | ၁၇၉၄ | ၂၀၁၇ |
| မည်သူ့အတွက် ဖန်တီးခဲ့သနည်း။ | ပုဂံခရီးသွား ဧည့်သည်များ၊ ပုဂံရှုခင်း စိတ်ဝင်စားသူများ | ဗုဒ္ဓဘာသာဝင် ဘုရားဖူး ဧည့်သည်များ | မြန်မာနိုင်ငံ မူလတန်းကျောင်းသားများ |
| ရင်းမြစ်၏ နောက်ခံ ရည်ရွယ်ချက်မှာ အဘယ်နည်း။<br><br>ဤရင်းမြစ်ကို ဆန်းစစ် လေ့လာရာတွင် မည်သို့သော ဘက်လိုက်မှု နှင့် ယထာဘူတ အမြင်တို့ကို ထည့်သွင်း စဉ်းစားရန် လိုအပ်သနည်း။ | ဈေးဟောင်းသုတေသန ဆိုင်ရာ၊ ဆောက်လုပ်ရေး လုပ်ငန်းဆိုင်ရာ၊ နယ်လှည့် ခရီးသွားလာခြင်း လုပ်ငန်း ဆိုင်ရာ ရည်ရွယ်ချက်များ အတွက် ပုဂံ၏ မြေမျက်နှာသွင်ပြင် အချက်အလက်များ ရှာဖွေ ဖော်ထုတ်ရန်<br><br>ဤရင်းမြစ်သည် တိကျမှန်ကန်မည်ဆိုပါက ရည်ရွယ်ချက်နှင့် အကိုက်ညီဆုံး ဖြစ်သည်။ | ဘာသာရေးနှင့်ဆိုင်သော လှုံ့ဆော်မှုများ/ အတွေး အမြင်ရှုထောင့်များ | မြန်မာနိုင်ငံ၏ ကျောင်းသားများအား ပညာသင်ကြားပေးရန်<br><br>နိုင်ငံတော် အစိုးရများတွင် သင်ကြားမည့် အကြောင်းအရာများ သင့်လျော်မှု ရှိ/မရှိ ဆုံးဖြတ်ရာ၌ နိုင်ငံရေးနှင့် ပတ်သက်သော အစီအစဉ်များ ထည့်သွင်းကောင်း ထည့်သွင်းနိုင်သည်။ (ဥပမာ – သမိုင်းကို ကိုယ်စားပြုသော အကြောင်းအရာများ) |
| ရင်းမြစ် ခိုင်လုံမှု ရှိပါသလား။ အဘယ်ကြောင့် ခိုင်လုံ သည်/မခိုင်လုံသည်ကို အကြောင်းပြပါ။ | ကျောင်းသား၏ ကိုယ်ပိုင် ဆုံးဖြတ်သုံးသပ်ချက် ဖြစ်သည်။ သို့သော် ရည်ရွယ်ချက် သဘောထား အကြောင်းပြချက် ခိုင်လုံကြောင်း ပြသရန် အရေးကြီးသည်။ | ကျောင်းသား၏ ကိုယ်ပိုင် ဆုံးဖြတ်သုံးသပ်ချက် ဖြစ်သည်။ သို့သော် ရည်ရွယ်ချက် သဘောထား အကြောင်းပြချက် ခိုင်လုံကြောင်း ပြသရန် အရေးကြီးသည်။ | ကျောင်းသား၏ ကိုယ်ပိုင် ဆုံးဖြတ် သုံးသပ်ချက် ဖြစ်သည်။ ရည်ရွယ်ချက် သဘောထား အကြောင်းပြချက် ခိုင်လုံကြောင်း ပြသရန် အရေးကြီးသည်။ |

# ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း

| | |
|---|---|
| **အချိန်** | ၁၀ မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

တစ်တန်းလုံးနှင့်အဖြေများ မျှဝေမည့် ကျောင်းသားများကို ရွေးချယ်ပါ။

**ဆရာ့မှတ်စု**

ဤသို့ အတန်းနှင့် မျှဝေနေစဉ် ကျောင်းသားများ၏ အဖြေများကို မှတ်တမ်းတင်ထားနိုင်ရန် ဆရာက ဇယား (၅.၂) ကို သင်ပုန်းပေါ်တွင် ဆွဲထားပြီး ဖြစ်ရမည်။

## စာသင်ချိန် (၂)

## လူမှုရေးဘာသာရပ် သင်ကြားခြင်းကို သိပ္ပံနည်းကျ ချဉ်းကပ်ခြင်း

ဤစာသင်ချိန်ကို အောက်ပါအတိုင်း ဖွဲ့စည်းထားသည် –

| | |
|---|---|
| မိတ်ဆက် | ၅ မိနစ် |
| သင်ယူမှုလုပ်ငန်း (၃) | ၂၀ မိနစ် |
| သင်ယူမှုလုပ်ငန်း (၄) | ၂၀ မိနစ် |
| ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း | ၅ မိနစ် |

## မိတ်ဆက်

| | |
|---|---|
| **အချိန်** | ၅ မိနစ် |
| **စာသင်ခန်း ဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ ကျောင်းသားများအား –
- မူလရင်းမြစ်၊ တစ်ဆင့်ခံရင်းမြစ်၊ ဆင့်ပွားရင်းမြစ်များနှင့်
- အချက်အလက်၊ ဘက်လိုက်မှုနှင့် အတွေးအမြင်ရှုထောင့်တို့၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များကို ချရေးစေခြင်းအားဖြင့် ယခင်က သင်ယူထားသော သင်ခန်းစာကို ပြန်လည်ဆန်းစစ်ပါ။

၂။ ကျောင်းသားများအား ၎င်းတို့အဖြေများကို အတန်းဖော်များနှင့် ပြန်လည်မျှဝေစေပါ။
၃။ ကျောင်းသားများ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များ မှန်ကန်မှု ရှိစေရန် ကျောင်းသားကိုင်စာအုပ်ပါ ခက်ဆစ်အဘိဓာန်ကို ရည်ညွှန်းကိုးကား၍ နှိုင်းယှဉ်ရန် ညွှန်ကြားပါ။
၄။ ကျောင်းသားများအား သင်ယူမှုလုပ်ငန်း (၃) နှင့် (၄) အတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ကျောင်းသားလေးဦး ပါဝင်သော အုပ်စုများ ဖွဲ့စေပါ။

## သင်ယူမှုလုပ်ငန်း (၃)။ ရင်းမြစ်ကို ဆန်းစစ်လေ့လာခြင်း – ဓာတ်ပုံတစ်ပုံကို လေ့လာခြင်း

| | |
|---|---|
| **အချိန်** | ၂၀ မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | ကျောင်းသားလေးဦး ပါဝင်သော အုပ်စုများ |

## ရည်ရွယ်ချက်

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ကျောင်းသားများအနေဖြင့် မူလရင်းမြစ် ဓာတ်ပုံတစ်ပုံကို ဆန်းစစ်လေ့လာရန် ဖြစ်သည်။

၁။ ကျောင်းသားများအား အုပ်စုငယ်များ ဖွဲ့စေ၍ သင်ခန်းစာ (၅.၁.၁) မှ စာသင်ချိန် (၂) ပါ 'မူလရင်းမြစ်များဖြစ်သော ဓာတ်ပုံများ' အခန်းကဏ္ဍကို ဖတ်ရှုစေပါ။
၂။ ကျောင်းသားများအား ပုံ (၅.၄) ကို ကြည့်ရှုလေ့လာစေပြီး၊ ဓာတ်ပုံတွင် တွေ့မြင်ရသည့် အရာများကို ၎င်းတို့အုပ်စုနှင့် ဆွေးနွေးရန် ညွှန်ကြားပါ။
၃။ အုပ်စုများအား ဇယား (၅.၃) ပါ မေးခွန်းများကို ဖြေဆိုစေပါ။

၄။ ကျောင်းသားများအနေဖြင့် ၎င်းတို့၏ ဆန်းစစ်လေ့လာချက်များကို အတန်းထဲရှိ ကျန်သော အုပ်စုများနှင့် ပြန်လည် မျှဝေရန် အဆင်သင့်ပြင်ထားသင့်ကြောင်း သတိပေးပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

အုပ်စုများက ဇယား (၅.၃) ကို ဖြည့်စွက်နေစဉ် အတန်းထဲ၌ လှည့်လည်ကြည့်ရှုနေမည်ဖြစ်ပြီး အုပ်စုအားလုံးပြီးမြောက်ပါက ၎င်းတို့ လုပ်ဆောင်ချက်များကို ပြန်လည်ဆန်းစစ်ရမည်။

### ဆရာ့မှတ်စု

ကျောင်းသားများလွတ်လပ်စွာ ဆန်းစစ်လေ့လာရာတွင် အခက်အခဲတွေ့ ရှုန်းကန်နေရသည် ဆိုပါက အောက်ပါမေးခွန်းများ မေးမြန်းပါ –

- လှေက မည်သည့် ပုံစံမျိုး ရှိသနည်း။
- ဓာတ်ပုံပါ လူများသည် မည်သည့်အဝတ်အစားများ ဝတ်ဆင်ထားကြသနည်း။
- မည်သည့် အဆောက်အအုံများ သင် မြင်သနည်း။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

**ဆရာလမ်းညွှန် ဇယား ၅.၃။ ဖြည့်စွက်ပြီး – ဓာတ်ပုံတစ်ပုံကို လေ့လာခြင်း၅**

| | |
|---|---|
| **ခေါင်းစဉ်** – မန္တလေးကျုံးတော်မှ သီပေါဘုရင်၏ ပြည်ကြီးမွန်ဖောင်တော်<br>**ရင်းမြစ်အမျိုးအစား** – ဓာတ်ပုံ | **ဖန်တီးသူ** – ဝီလက်ဗ်ဘီဝေါလေ့စ်ဟက်ပါ<br>**ဖန်တီးသည့် ခုနှစ်** – ၁၈၈၅ |
| ဓာတ်ပုံတွင် မည်သည့်အရာများ တွေ့ရသနည်း။<br>• လူပုဂ္ဂိုလ်<br>• တည်နေရာ<br>• အပြုအမူများ<br>• အဖြစ်အပျက်များ<br>• ခေတ်ကာလအချိန် | သိန်းငှက်တစ်ကောင်၏ ပုံသဏ္ဌာန် လှေဦးပိုင်းရှိသည့် သီပေါဘုရင်၏ တော်ဝင် ဖောင်တော်။ ဘုံအဆင့်ဆင့် ပြာသာဒ်များဖြင့် တည်ဆောက်ထားသောကြောင့် ၎င်းကို ကျွန်ုပ်တို့က တော်ဝင်ဖောင်တော်ဟု သဘောပေါက် နားလည်ထားကြသည်။<br><br>မန္တလေး ကျုံးတော်ထဲတွင် ဆိုက်ကပ် ထားသည်။ မလှမ်းမကမ်းတွင် နန်းတော် အဆောက်အအုံများ ရှိနေကြသည်။ |

၅ Table adapted from State Library of Victoria. (2008).

| | |
|---|---|
| | ရုပ်ပုံတွင် လူပုဂ္ဂိုလ် (ယောကျာ်းကြီး) သုံးဦး ပါရှိသည်။ နှစ်ဦးက ကုန်းပေါ်တွင် ရှိပြီး ကျန်တစ်ဦးမှာ လှေပေါ်တွင် ရှိသည်။ |
| ပြည့်စုံသည့် ရင်းမြစ်တစ်ခုဖြစ်ပါသလား။<br><br>ဓာတ်ပုံအား အနက်ကောက်ယူရန် မည်သို့သော ထပ်ဆောင်း သတင်းအချက်အလက်များ လိုအပ်သေးသနည်း။ | ဤရင်းမြစ်သည် ပြည့်စုံသော ရင်းမြစ်တစ်ခု ဖြစ်သည်။ သို့သော် သူ့တစ်ခုတည်းဖြင့် ကောက်ချက်ချရန် ခက်ခဲသည်။ ကျွန်ုပ်တို့သည် ၎င်းအား ကောက်ချက်ချရန် အခြားသော ရင်းမြစ်များနှင့် အသိပညာများ<br>(ဥပမာ – သက်ဦးဆံပိုင် ဘုရင်ခေတ် မြန်မာနိုင်ငံ၏ ဗိသုကာ လက်ရာများကို နားလည်မှု) လိုအပ်သည်။ |
| ဓာတ်ပုံပါ တစ်ဦးတစ်ယောက်ချင်းစီကို သတ်မှတ် ဖော်ထုတ်နိုင်ပါသလား။<br>သတ်မှတ်ဖော်ထုတ်နိုင်ပါက ၎င်းတို့မှာ မည်သူတို့ ဖြစ်ကြသနည်း။<br>အဓိပ္ပာယ်ကောက်ယူမှုနှင့်ပတ်သက်၍ အထောက်အကူ ဖြစ်စေမည့် မည်သည့် အထောက်အထားများ တွေ့ရသနည်း။<br>ဓာတ်ပုံက ဖော်ပြထားသော အဖြစ်အပျက်များ၊ လူပုဂ္ဂိုလ်များနှင့် ပတ်သက်၍ မည်သည့်အရာများ သိထားပြီး ဖြစ်သနည်း။ | ဓာတ်ပုံတွင် လူသုံးဦး ပါရှိသည်။ သူတို့၏ ဝတ်စားဆင်ယင်မှုက ယောကျာ်းကြီးများဖြစ်ကြပြီး မင်းမျိုးမင်းနွယ်မဟုတ်ကြောင်း ဖော်ပြနေသည်။ နှစ်ဦးက ကုန်းပေါ်တွင်ရှိ၍ တစ်ဦးက လှေပေါ်တွင် ရှိသည်။ ၎င်းတို့သည် ခေတ်ကာလပုံစံနှင့်အညီ ဝတ်စားဆင်ယင်ထားသည်။ ၎င်းတို့သည် လှေကို ကြည့်ရှုစောင့်ရှောက်ရန် တာဝန်ယူထားသည့် လှေသမားများ ဖြစ်နိုင်သည်။ |
| ဓာတ်ပုံ၏ ရည်ရွယ်ချက်အား သင်မည်သို့ ထင်သနည်း။<br>• အဘယ်ကြောင့် မှတ်တမ်းတင် ဖန်တီးခဲ့သနည်း။<br>• ပေးလိုသည့် သတင်းအချက်အလက်မှာ အဘယ်နည်း။ | ဤဓာတ်ပုံကို အင်္ဂလိပ်လူမျိုး ဓာတ်ပုံဆရာ တစ်ဦးက မှတ်တမ်းတင် ရိုက်ကူးခဲ့ခြင်းဖြစ်သည်။ အင်္ဂလိပ်တို့ ကျူးကျော်မှုကို မှတ်တမ်းတင်ရန် (သို့မဟုတ်) အင်္ဂလန်ပြန်ရောက်သည့်အခါ မြန်မာနိုင်ငံသည် မည်သို့မည်ပုံရှိကြောင်း ပြသရန် ဖြစ်နိုင်သည်။ |
| ဤဓာတ်ပုံအား မည်သူ့အတွက် မှတ်တမ်းတင် ဖန်တီးခဲ့သည်ဟု ထင်ပါသနည်း။(ပရိသတ် – အစုအဝေး)<br><br>သင်တို့ အဓိပ္ပာယ်ကောက်ယူရာတွင် ဤအချက်က မည်သို့ အကျိုးသက်ရောက်မှု ရှိစေသနည်း။ | အင်္ဂလိပ်လူမျိုး ပရိသတ်။<br><br>ကျောင်းသားများအနေဖြင့် ဤရုပ်ပုံနှင့်ပတ်သက်၍ မည်သို့ခံစားရကြောင်း လွတ်လပ်စွာ ရေးသားနိုင်သည်။ |
| ဓာတ်ပုံတွင် ဖော်ပြထားသော အဖြစ်အပျက်များ၊ လူပုဂ္ဂိုလ်များနှင့် ပတ်သက်၍ မည်သည့်အရာများ မေးမြန်းရန် ရှိပါသနည်း။ | ကျောင်းသားများက ဤနေရာတွင် ၎င်းတို့၏ ကိုယ်ပိုင် အယူအဆများနှင့် ပြန်လည်တုံ့ပြန် ဖြေဆိုရမည်။ |

# သင်ယူမှုလုပ်ငန်း (၄)။ ရင်းမြစ်ကို ဆန်းစစ်လေ့လာခြင်း – ဓာတ်ပုံများကို နှိုင်းယှဉ်ခြင်း

| | |
|---|---|
| အချိန် | ၂၀ မိနစ် |
| စာသင်ခန်းဖွဲ့စည်းပုံ | ကျောင်းသားလေးဦးပါဝင်သော အုပ်စုများ |

## ရည်ရွယ်ချက်

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ကျောင်းသားများအနေဖြင့် မူလရင်းမြစ် ဓာတ်ပုံနှစ်ပုံအား ဆန်းစစ်လေ့လာ၍ နှိုင်းယှဉ်ကြည့်ရန် ဖြစ်သည်။

၁။ ကျောင်းသားလေးဦး ပါဝင်သော အုပ်စုများအတိုင်း ဆက်နေစေရမည် ဖြစ်သည်။ (သင်ယူမှုလုပ်ငန်း ၃ အတိုင်း)

၂။ အုပ်စုများအား သင်ခန်းစာ (၅.၁.၁)၊ စာသင်ချိန် (၂) ပါ ‘ဓာတ်ပုံများကို နှိုင်းယှဉ်ခြင်း’ ကဏ္ဍကို ဖတ်ရှုရန် ညွှန်ကြားပါ။

၃။ ကျောင်းသားများအား ပုံ (၅.၅) နှင့် ပုံ (၅.၆) တို့အား သေချာစွာ ကြည့်ရှုလေ့လာရန်နှင့် တွေ့မြင်ရသည့် အရာများကို ပြောပြရန် ညွှန်ကြားပါ။

၄။ ကျောင်းသားများအား ကျောင်းသားလေးဦး ပါဝင်သော အုပ်စုများအတွင်း ရင်းမြစ်တစ်ခုချင်းစီကို ဆွေးနွေးခြင်းဖြင့် ဇယား (၅.၄) အား ပြီးပြည့်စုံအောင် ဖြည့်စွက်စေပါ။

### ဆရာ့မှတ်စု

တစ်နည်းအားဖြင့် သင်သည် ရုပ်ပုံများ နှိုင်းယှဉ်ရန်အတွက် အခြားသော ကွန်ပျူတာ ရုပ်ပုံများကိုလည်း ပြောင်းလဲရယူနိုင်သည်။ ကျောင်းသားများသည် အချက်အလက်များ မှတ်တမ်းတင်ရန်အတွက် ကားချပ်ကြီးများပေါ်တွင် (ဇယား ၅.၄ မှ) လှုံ့ဆော်မှု ပေးနိုင်သော မေးခွန်းများနှင့် စာသင်ခန်း ပတ်လည်မှ အမျိုးမျိုးသော ရုပ်ပုံများ အသုံးပြုကာ သင်ယူမှု နီးနှောဖလှယ်သည့် နည်းလမ်းများကိုလည်း ရွေးချယ်အသုံးပြုနိုင်သည်။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားအတွဲများ ဇယား (၅.၄)ကို ဖြည့်စွက်နေစဉ် စာသင်ခန်းထဲတွင် လှည့်လည်ကြည့်ရှုနေပြီး လုပ်ဆောင်မှု ကျောင်းသားများ၏ လုပ်ဆောင်ချက်များကို ပြန်လည်ဆန်းစစ်သုံးသပ်ပေးပါ။

### ဆရာ့မှတ်စု

ကျောင်းသားများ လွတ်လပ်စွာ ဆန်းစစ်လေ့လာရာတွင် အခက်အခဲတွေ့ရှိနေရသည်ဆိုပါက အောက်ပါမေးခွန်းများ မေးမြန်းပါ –

ခာတ်ပုံတစ်ပုံချင်းစီတွင် မည်သည့်အင်္ဂါရပ်များ တွေ့မြင်ရသနည်း။

ခာတ်ပုံတစ်ပုံချင်းစီတွင် လူဦးရေ မည်မျှ ရှိနေသနည်း။

ခာတ်ပုံများကို မည်သည့်ဒေသ (မြို့ပြ/ကျေးလက်) တွင် မှတ်တမ်းတင် ရိုက်ကူးထားသနည်း။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ယခုဆန်းစစ်လေ့လာချက်လေ့ကျင့်ခန်းအတွက် ရင်းမြစ်များကို ဆန်းစစ်လေ့လာခြင်းနှင့် နှိုင်းယှဉ်ခြင်းတို့တွင် ကျောင်းသားများအနေဖြင့် ယင်းတို့၏ တစ်ကိုယ်ရေအမြင်များနှင့် အတွေ့အကြုံများကို ဖော်ပြပေးရန် လိုအပ်ပါသည်။ ထို့ကြောင့် အဖြေမှန် (သို့မဟုတ်) အဖြေမှားဟူ၍ မရှိပါ။

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း

| | |
|---|---|
| အချိန် | ၅ မိနစ် |
| စာသင်ခန်းဖွဲ့စည်းပုံ | တစ်တန်းလုံး |

ကျောင်းသားများအား ၎င်းတို့၏ နေရာတွင် ပြန်လည် နေရာယူစေပါ။ "ရင်းမြစ်နှစ်ခုက မြန်မာနိုင်ငံ၏ မျက်မှောက်ခေတ် လူမှုဘဝနှင့် စပ်လျဉ်း၍ မည်သည့်အချက်များ ပြောပြနိုင်သနည်း" ဟု မေးမြန်းပါ။ ကျောင်းသားများ ဖြေကြားသော အဖြေအမျိုးမျိုးကို လက်ခံရယူထားပါ။

ကျောင်းသားများအား အတန်းတွင်း ဆွေးနွေးပွဲပုံစံတစ်ခု ပုံပေါ်လာသည်အထိ တစ်ဦး၏ အဖြေကို တစ်ဦးက အခြေပြု စဉ်းစား ဖြေဆိုတတ်စေရန် အားပေးပါ။

ဤသင်ခန်းစာအတွက် သင်ယူမှု ရလဒ်များကို သင်ပုန်းပေါ်တွင် ပြန်ရေးပါ။ ကျောင်းသားများအား ၎င်းတို့အနေဖြင့် ဤသင်ခန်းစာ၏ သင်ယူမှုရလဒ်များကို မည်သို့ ပြည့်မီခဲ့ကြောင်းကို ဖော်ပြစေပါ။ ကျောင်းသား တစ်ဦး (သို့မဟုတ်) နှစ်ဦး၏ အဖြေများကို လက်ခံရယူပါ။

## ၅.၁.၂။ မူလတန်းဆင့် လူမှုရေးဘာသာရပ် သင်ကြားခြင်းအတွက် သင်ထောက်ကူပစ္စည်းများ

### မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် –**

- မူလတန်းဆင့် လူမှုရေးဘာသာ သင်ကြားရာတွင် သင်ထောက်ကူပစ္စည်းများ အသုံးပြုခြင်းသည် အဘယ်ကြောင့် အရေးကြီးကြောင်း ရှင်းပြတတ်မည်။
- မူလတန်းဆင့် လူမှုရေးဘာသာ သင်ကြားရာတွင် အသုံးပြုနိုင်သော သင်ထောက်ကူပစ္စည်း စာရင်းတစ်ခု တီထွင်ဖန်တီးတတ်ရမည်။

### ရရှိသွားမည့် တတ်ကျွမ်းမှုများ

(က) (၂.၁.၂) ကျောင်းသားများ သင်ယူမှုတွင် အထောက်အကူပြုရန် ကျောင်းသုံးစာအုပ်များတွင် ဖော်ပြထားသည့် သင်ကြားနည်းများ၊ နည်းဗျူဟာများ၊ သင်ကြားသင်ယူမှု အထောက်အကူ ပစ္စည်းများနှင့် ကုန်ကျစရိတ်နည်းသည့် ထပ်ဆောင်းပစ္စည်းများကို အသုံးပြုသည်။

(က) (၄.၁.၂) သင်ရိုးညွှန်းတမ်း၏ လိုအပ်ချက်များကို ထင်ဟပ်စဉ်းစားပြီး ဆီလျော်သော သင်ကြား၊ သင်ယူမှုလုပ်ငန်းများနှင့် သင်ထောက်ကူပစ္စည်းများ ပါဝင်သော သင်ပြမှုပုံစံများကို ပြင်ဆင်ရေးဆွဲသည်။

(ခ) (၁.၁.၂) ကျောင်းသားများ၏ ယခင်ရှိပြီး အသိပညာ၊ စိတ်ဝင်စားမှု၊ နေ့စဉ်ဘဝ၊ ဒေသ လိုအပ်ချက်များနှင့် ချိတ်ဆက်နိုင်မည့် သင်ကြားရေးဆိုင်ရာ အထောက်အကူပစ္စည်းများကို ရွေးချယ်သည်။

(ခ) (၁.၃.၁) စာသင်ချိန်အားလုံးကို ထိရောက်စွာ အသုံးပြုနိုင်ရန် သင်ခန်းစာကို ဖွဲ့စည်း ပြင်ဆင်သည်။

**အချိန်** – မိနစ် (၅၀) ကြာ စာသင်ချိန် နှစ်ချိန်။

**သင်ယူမှုနည်းလမ်းများ**

သင်ယူမှုလုပ်ငန်း (၁)။ ဖြတ်ဆက်လုပ်ငန်းပေးခြင်း – သင်ထောက်ကူပစ္စည်း စာရင်းတစ်ခု ပြုစုခြင်း

အိမ်စာလုပ်ငန်း။ သင်ယူမှု ရင်းမြစ်တစ်ခု ဖန်တီးတင်ပြခြင်း

သင်ယူမှုလုပ်ငန်း (၂)။ အုပ်စုငယ်ဖွဲ့၍ တင်ပြခြင်း – သင်ယူမှု ရင်းမြစ်များ

**စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများ** – ကြည့်ရှုလေ့လာခြင်း၊ အချင်းချင်း စစ်ဆေးအကဲဖြတ်ခြင်း၊ ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း။

**လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ**

ကျောင်းသားကိုင်စာအုပ်မှ သင်ခန်းစာ (၅.၁.၂) ကို ဖတ်ရှုပါ။

**လိုအပ်သော ရင်းမြစ်များ**

သင်ယူမှုလုပ်ငန်း (၁)။ ကျောင်းသားကိုင်စာအုပ်၊ ဘောပင်

သင်ယူမှုလုပ်ငန်း(၂)။ ကျောင်းသားများ ၎င်းတို့၏ တင်ပြမှု အစီအစဉ်အတွက် တောင်းဆိုထားသော ရင်းမြစ်များ

## စာသင်ချိန် (၁)

# မူလတန်းဆင့် လူမှုရေးဘာသာသင်ကြားခြင်းအတွက် သင်ထောက်ကူပစ္စည်းများ

ဤစာသင်ချိန်ကို အောက်ပါအတိုင်း ဖွဲ့စည်းထားသည် –

| | |
|---|---|
| မိတ်ဆက် | ၂၀ မိနစ် |
| သင်ယူမှုလုပ်ငန်း (၁) | ၂၀ မိနစ် |
| ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း | ၁၀ မိနစ် |

## မိတ်ဆက်

| | |
|---|---|
| **အချိန်** | ၂၀ မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ ကျောင်းသားများအား စာသင်ခန်းမှ ကြိုဆိုပါ။ ကျောင်းသားများအား ၎င်းတို့ ကြည့်ရှုလေ့လာခဲ့သော၊ ကိုယ်တိုင်ပါဝင် လုပ်ဆောင်ခဲ့သော (သို့မဟုတ်) သင်ယူခဲ့သော အကောင်းဆုံး လူမှုရေးဘာသာ သင်ခန်းစာကို ပြန်လည်စဉ်းစားစေပါ။ ထိုသင်ခန်းစာသည် ၎င်းတို့ကျောင်းမှ သင်ယူခဲ့သည့် သင်ခန်းစာတစ်ခု (သို့မဟုတ်) လက်တွေ့တန်းပြ လေ့ကျင့်စဉ်က တွေ့ကြုံခဲ့သော သင်ခန်းစာ တစ်ခု (သို့မဟုတ်) အခြားနေရာတစ်ခုမှ ကြည့်ရှုလေ့လာခဲ့သော သင်ခန်းစာတစ်ခု ဖြစ်နိုင်သည်။ ကျောင်းသားနှစ်ဦး (သို့မဟုတ်) သုံးဦးအား ၎င်းတို့ အတွေ့အကြုံများနှင့် အဘယ်ကြောင့် ဤသင်ခန်းစာအား အကောင်းဆုံးဖြစ်သည်ဟု ခံစားမိကြောင်း ပြန်လည်မျှဝေစေပါ။

၂။ ကျောင်းသားတစ်ဦးချင်းစီ၏ အတွေ့အကြုံမှ သင်ထောက်ကူပစ္စည်းများကို သတ်မှတ် ဖော်ထုတ်ပါ။ ကျောင်းသားများအား လာမည့် စာသင်ချိန်နှစ်ချိန်တွင် သင်ထောက်ကူပစ္စည်းနှင့် ပတ်သက်၍ လေ့လာသင်ယူရမည့် အကြောင်း ပြောပြပါ။

၃။ သင်ပုန်းပေါ်တွင် သင်ယူမှုရလဒ်များကို ချရေးပြီး ကျောင်းသားများအနေဖြင့် အဆိုပါ သင်ယူမှုရလဒ်များ ရရှိသွားမည် ဖြစ်ကြောင်း ရှင်းပြပါ။

၄။ အတန်းထဲတွင် ကျောင်းသားများ၏ ဆန္ဒအရဖြစ်စေ၊ ဆရာက ရွေးချယ်၍ ဖြစ်စေ ကျောင်းသားကိုင်စာအုပ်ရှိ သင်ခန်းစာ (၅.၁.၂) မှ အောက်ပါ အပိုင်းခွဲများကို ဖတ်ရန်ပြောပါ။

- သင်ထောက်ကူပစ္စည်း ဆိုသည်မှာ အဘယ်နည်း။
- မူလတန်းဆင့် လူမှုရေးဘာသာ သင်ကြားရာတွင် သင်ထောက်ကူပစ္စည်းများ အသုံးပြုခြင်းသည် အဘယ်ကြောင့် အရေးပါသနည်း။
- ရင်းမြစ်နည်းပါးသော ပတ်ဝန်းကျင်ရှိ သင်ထောက်ကူပစ္စည်းများနှင့်
- ၂၁ ရာစု သင်ထောက်ကူ ပစ္စည်းများ

၅။ ကျောင်းသားများအား (သင်ယူမှုလုပ်ငန်း ၁) ဖြတ်ဆက်လုပ်ငန်းပေးခြင်းအတွက် ကျောင်းသားရှစ်ဦး ပါဝင်သော အုပ်စုများ ဖွဲ့စေပါ။

## သင်ယူမှုလုပ်ငန်း (၁)။ ဖြတ်ဆက်လုပ်ငန်းပေးခြင်း – သင်ထောက်ကူပစ္စည်း စာရင်းတစ်ခု ပြုစုခြင်း

| | |
|---|---|
| **အချိန်** | ၂၀ မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | ကျောင်းသားရှစ်ဦး ပါဝင်သော အုပ်စုများ |

## ရည်ရွယ်ချက်

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ကျောင်းသားများအနေဖြင့် မူလတန်းဆင့် လူမှုရေးဘာသာ သင်ကြားရာတွင် အသုံးပြုနိုင်သော သင်ထောက်ကူ ပစ္စည်းစာရင်းတစ်ခုကို ပြုစုရန် ဖြစ်သည်။

၁။ အုပ်စုတစ်ခုချင်းစီအား အုပ်စုဝင် (၁)၊ (၂)၊ (၃)၊ (၄)၊ (၅)၊ (၆)၊ (၇) နှင့် (၈) ဟူ၍ တစ်ဦးချင်းစီ သတ်မှတ်ဖော်ထုတ်စေပါ။

၂။ ကျောင်းသားများအား အောက်တွင်ဖော်ပြထားသော ကျွမ်းကျင်အုပ်စုများ ဖွဲ့ရန် ညွှန်ကြားပါ။

(၁) သဘာဝဂေဟစနစ်များ

(၂) သဘာဝဂေဟစနစ်အပေါ် လူသားတို့၏ အကျိုးသက်ရောက်မှု

(၃) လူဦးရေနှင့် လူသားမျိုးနွယ်စု ကွဲပြားစုံလင်မှု
(၄) ကမ္ဘာ့မြောက်ပိုင်းနှင့် ကမ္ဘာ့တောင်ပိုင်း
(၅) မြန်မာ့သမိုင်းမှ သမိုင်းဝင် ပုဂ္ဂိုလ်များ
(၆) မြန်မာနိုင်ငံ ကျောက်ခေတ်၊ ကြေးခေတ်နှင့် သံခေတ်
(၇) ပုဂံခေတ် မြန်မာနိုင်ငံ
(၈) တောင်ငူဧကရာဇ် နိုင်ငံတော်

၃။ ဖော်ပြပါ သင်ခန်းစာ အကြောင်းအရာများမှာ ပထမ စာသင်နှစ်ဝက် လူမှုရေးဘာသာတွင် ၎င်းတို့ လွှမ်းခြုံဖော်ပြခဲ့သော သင်ခန်းစာအကြောင်းအရာများ ဖြစ်ကြောင်း အလေးပေး ပြောကြားပါ။

၄။ ကျွမ်းကျင်အုပ်စုများအား ဇယား (၅.၅) ပါ သင်ခန်းစာ ခေါင်းစဉ်နှင့် စပ်လျဉ်း၍ သင်ထောက်ကူပစ္စည်းများကို အောက်ပါ စာသင်ခန်းများအတွက် ဉာဏ်ဖွင့်ဆွေးနွေးရမည် ဖြစ်ကြောင်း ရှင်းပြပါ –

- ရင်းမြစ်နည်းပါးသော စာသင်ခန်း
- ရင်းမြစ်ပေါများသော စာသင်ခန်း

၅။ ကျောင်းသားများအား ရင်းမြစ်ပေါများသော စာသင်ခန်းတစ်ခုဆိုသည်မှာ နည်းပညာနှင့် အင်တာနက် အသုံးပြုနိုင်သော စာသင်ခန်းများဖြစ်ကြောင်း ရှင်းပြပါ။

### ဆရာ့မှတ်စု

ကျောင်းသားများက ၎င်းတို့၏ ကျောင်းသားကိုင်စာအုပ်ကို ကိုးကားနိုင်သည်။ စမတ်ဖုန်း (သို့မဟုတ်) တက်ဘ်လက် (တစ်ခုခုရှိပါက) အင်တာနက် ကွန်ရက်မှလည်း ရှာနိုင်သည်။ သို့မဟုတ် ၎င်းတို့၏ မှတ်ဉာဏ်မှတစ်ဆင့် အလွယ်တကူ မှတ်မိနေသည့် အရာများဖြင့် သင်ထောက်ကူပစ္စည်းစာရင်း တစ်ခု ဖန်တီးနိုင်သည်။

၆။ ကျောင်းသားများသည် ၎င်းတို့၏ ကျွမ်းကျင်အုပ်စုများအတွင်း ဉာဏ်ဖွင့်ဆွေးနွေးပြီးပါက မူလအုပ်စုများသို့ ပြန်လည်နေရာယူစေပြီး အုပ်စုဝင်များ အချင်းချင်း အဖြေများ ပြန်လည် မျှဝေစေပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားအုပ်စုများ သင်ထောက်ကူပစ္စည်းစာရင်းကို ဉာဏ်ဖွင့်ဆွေးနွေးနေစဉ် ဆရာက စာသင်ခန်းတွင်း လှည့်လည်ကြည့်ရှုနေပါ။ လှည့်လည်နေစဉ် ကျောင်းသားများ၏ လုပ်ဆောင်မှုကို ပြန်လည်ဆန်းစစ်ပြီး ဆန်းသစ်သော စိတ်ကူးအကြံဉာဏ်များကို နားထောင်ပေးပါ။ ရှင်းလင်းလွယ်ကူစွာ နားလည်သဘောပေါက်စေမည့် မေးခွန်းများ မေးမြန်းပြီး အုပ်စုဝင်အားလုံး ဆွေးနွေးမှုတွင် ပါဝင်လာစေရန် တိုက်တွန်းအားပေးပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

စုပေါင်းအဖြေရှာသည့် လုပ်ငန်းတစ်ခုဖြစ်သည့်အတွက် အဖြေမှန် (သို့မဟုတ်) အဖြေမှား ဟူ၍ မရှိပါ။ သို့သော် ဖြစ်နိုင်ခြေရှိသော အဖြေများကို ဖော်ပြထားသည်။

**ဆရာလမ်းညွှန် ဇယား ၅.၄။ ရင်းမြစ်နည်းပါးသော စာသင်ခန်းများနှင့် ရင်းမြစ်ပေါများသော စာသင်ခန်းများရှိ သင်ထောက်ကူပစ္စည်းများ**

| ခေါင်းစဉ် | ရင်းမြစ်နည်းပါးသော စာသင်ခန်း | ရင်းမြစ်ပေါများသော စာသင်ခန်း |
|---|---|---|
| သဘာဝ ဂေဟစနစ်များ | ကျောင်းသားများ တည်ဆောက်ထားသော ဂေဟစနစ် ပုံစံငယ် အမျိုးမျိုး | ပတ်ဝန်းကျင် ဂေဟစနစ် အမျိုးမျိုး အတွက် အရည်အသွေးမြင့် ဓာတ်ပုံများ၊ နာမည် အမှတ်အသား အညွှန်း စာသားများ ဖွဲ့စည်း ပါဝင်သော ပါဝါပွိုင့် တင်ပြမှုများ |
| သဘာဝ ဂေဟစနစ်အပေါ် လူသားတို့၏ အကျိုးသက်ရောက်မှု | ဒေသတွင်း ပတ်ဝန်းကျင်ဆိုင်ရာ အကြောင်းအရာ သတင်းဆောင်ပါး | ဒေသတွင်း ပတ်ဝန်းကျင်ဆိုင်ရာ အရေးကိစ္စများနှင့် စပ်လျဉ်း၍ ပါဝင်ပတ်သက်သူများ (ကျွမ်းကျင်သိပ္ပံပညာရှင်များ အပါအဝင်) နှင့် အင်တာနက် အထောက်အကူပြု အစည်းအဝေးပွဲများ (Zoom Meeting) ကျင်းပသည့် လူမှုရေးဘာသာရပ်အတန်း |
| လူဦးရေနှင့် လူသားမျိုးနွယ်စု ကွဲပြားစုံလင်မှု | နံရံပေါ်တွင် ခင်းကျင်း ချိတ်ဆွဲ ပြသရန် အတွက် ကားချပ်ကြီးများနှင့် ရေးဆွဲ တည်ဆောက်ထားသော လူဦးရေနှင့် လူမျိုးပြ ပိုရမစ်ပုံ | အင်တာနက်ဝက်ဘ်ဆိုက်ဒ် အမျိုးမျိုးမှ စာသင်ခန်းသင်ပုန်းပေါ်တွင် ချိတ်ဆွဲပြသရန် လူဦးရေပြ ဂရပ်နှင့် ပိုရမစ်များ |

| ခေါင်းစဉ် | ရင်းမြစ်နည်းပါးသော စာသင်ခန်း | ရင်းမြစ်ပေါများသော စာသင်ခန်း |
|---|---|---|
| ကမ္ဘာ့မြောက်ပိုင်း နှင့် ကမ္ဘာ့တောင်ပိုင်း | ကမ္ဘာ့မြောက်ပိုင်းနှင့် ကမ္ဘာ့တောင်ပိုင်းကို သရုပ်ဖော်သည့် စာသင်ခန်းတွင်း ပြုလုပ်သော စက္ကူကော်ကပ်ပုံသွင်း ကမ္ဘာလုံး | ကမ္ဘာ့မြောက်ပိုင်းနှင့် ကမ္ဘာ့တောင်ပိုင်းကို ဖော်ပြထားသော နံရံကပ် မြေပုံကြီး |
| မြန်မာ့သမိုင်းမှ သမိုင်းဝင် ပုဂ္ဂိုလ်များ | ကတ်ထူကတ်ပြားများပေါ်တွင် ရေးသားထားသော အဓိက သမိုင်းဝင် ပုဂ္ဂိုလ်များ၏ ကိုယ်ရေးအကျဉ်းများ | အဓိက သမိုင်းဝင်ပုဂ္ဂိုလ်များအကြောင်း ရိုက်ကူးထားသော မှတ်တမ်းရုပ်ရှင်များ ကြည့်ရှုခြင်း |
| မြန်မာနိုင်ငံ ကျောက်ခေတ်၊ ကြေးခေတ်နှင့် သံခေတ် | ဒေသတွင်းမှ ရရှိသော အရာဝတ္ထု ပစ္စည်းများ | ရုပ်ပုံကတ်ပြားများဖြင့် တည်ဆောက်ထားသော စာသင်ခန်းသုံး အချိန်ပြမျဉ်း |
| ပုဂံခေတ် မြန်မာနိုင်ငံ | အဖွဲ့အစည်း အသီးသီးမှ ရရှိထားသော ပိုစတာများ | သမိုင်းဝင်အဖြစ်အပျက်များကို စူးစမ်းလေ့လာရန် ပုဂံသို့ ကွင်းဆင်းလေ့လာခြင်း |
| တောင်ငူကေရာဇ်နိုင်ငံတော် | ဆရာနှင့် ကျောင်းသားများအိမ်မှ ယူဆောင်လာသော ဇာတ်ဝင် အသုံးအဆောင်ပစ္စည်းများနှင့် သရုပ်ဆောင် သင်ကြားသင်ယူခြင်း | တောင်ငူကေရာဇ် နိုင်ငံတော်နှင့် ပတ်သက်၍ အွန်လိုင်း သုတေသန ဆောင်ရွက်ရန် လူမှုရေး ဘာသာကို ဆက်သွယ်ရေး မီဒီယာ လက်တွေ့ စမ်းသပ်ခန်းသို့ ထည့်သွင်းခြင်း |

(ကျောင်းသားကိုင်စာအုပ် ဇယား ၅.၅ ကို ကြည့်ပါ။)

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း

| | |
|---|---|
| **အချိန်** | ၁၀ မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

တစ်တန်းလုံးအနေဖြင့် ကျောင်းသားများအား မိမိနေရာသို့ ပြန်လာစေပါ။ အတန်းထဲ သင်လှည့်လည်ကြည့်ရှုစဉ် မြင်တွေ့ခဲ့ရသော ဆန်းသစ်တီထွင်မှုရှိသည့် ရင်းမြစ်များအား မျှဝေပေးပါ။ ကျောင်းသားများအား သင်ယူမှုလုပ်ငန်း တစ်စိတ်တစ်ပိုင်းအဖြစ် ၎င်းတို့ပြုစုထားသော ရင်းမြစ်တစ်ခုခုအား မျှဝေစေပါ။ အဖြေ သုံးခု (သို့မဟုတ်) လေးခု ရယူပါ။

## ဆရာ့မှတ်စု

ဆရာ့အနေဖြင့် ကျောင်းသားများအား ပညာရေးဒီဂရီကောလိပ် အွန်လိုင်းစာကြည့်တိုက်တွင် ထည့်သွင်း ဖော်ပြထားသော မြေပုံများ၊ ပိုစတာများ၊ လက်ကမ်းစာစောင်များ အစရှိသည့် လူမှုရေးဘာသာ သင်ကြားရာတွင် အသုံးပြုနိုင်သော သင်ထောက်ကူပစ္စည်းများအား သတိပြုမိစေရမည်။

ကျောင်းသားများအား ၎င်းတို့၏ ကိုယ်ပိုင်အချိန်တွင် လုပ်ဆောင်ရမည့် အိမ်စာလုပ်ငန်းသို့ လမ်းညွှန်ပါ။

### အိမ်စာလုပ်ငန်း။ သင်ယူမှု ရင်းမြစ်တစ်ခု ဖန်တီးတင်ပြခြင်း

ဤလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ကျောင်းသားများအနေဖြင့် မူလတန်းဆင့် လူမှုရေးဘာသာ အတန်းများအတွက် သင်ယူမှု ရင်းမြစ်တစ်ခုကို ဖန်တီးရန် ဖြစ်သည်။

ကျောင်းသားများအား –

- သင်ယူမှုလုပ်ငန်း (၁)၊ ဇယား (၅.၅) မှ ခေါင်းစဉ်/ရင်းမြစ်တစ်ခုကို ရွေးချယ်ရန်
- ရင်းမြစ်ဖန်တီးရန်နှင့်
- ပိုစတာတစ်ခု (သို့မဟုတ်) တင်ပြပုံ တင်ပြချက် အစီအစဉ်တစ်ခု ကြိုတင်ပြင်ဆင် ထားရန်နှင့် ဤရင်းမြစ်အား မူလတန်းဆင့် လူမှုရေးဘာသာ စာသင်ခန်းတစ်ခန်းတွင် မည်သို့ အသုံးပြုနိုင်ကြောင်း အသိပေးပြောကြားရန် ညွှန်ကြားပါ။

ကျောင်းသားများအား ၎င်းတို့ တီထွင်ဖန်တီထားသော ရင်းမြစ်များကို –

- အခြားသော ဆရာများအား ပြောပြခြင်း
- အင်တာနက်ကွန်ရက် အသုံးပြုခြင်း (သို့မဟုတ်)
- စာကြည့်တိုက်မှ စာအုပ်စာတမ်းများ အသုံးပြုခြင်းဖြင့် သုတေသနပြုနိုင်ကြောင်း အသိပေး ပြောကြားပါ။

ဥပမာအားဖြင့် ကျောင်းသားများသည် စာသင်ခန်းသုံး ရင်းမြစ်တစ်ခုအဖြစ် ကမ္ဘာလုံးပုံတစ်ခု ဖန်တီးနိုင်ကြောင်း ပုံ (၅.၈) တွင် ဖော်ပြထားသည်ကို အလေးပေးဖော်ပြပါ။

ကျောင်းသားများအား ၎င်းတို့ ဖန်တီးထားသော သင်ယူမှုရင်းမြစ်နှင့် ပတ်သက်၍ အုပ်စုငယ် တစ်ခုမှ အတန်းသား အချင်းချင်းအား လာမည့် သင်ခန်းစာတွင် ပြန်လည်တင်ပြပေးရန် ကြိုတင် ပြင်ဆင်ထားသင့်ကြောင်း ရှင်းပြပါ။ ၎င်းတို့၏ တင်ပြမှု အစီအစဉ်သည် (၅) မိနစ်သာ ကြာသင့်ပြီး အောက်ပါမေးခွန်းများ၏ အဖြေများ ပါဝင်သင့်သည်။

- ရင်းမြစ် ဆိုသည်မှာ အဘယ်နည်း။
- မည်သည့် ခေါင်းစဉ်အတွက် ရည်ရွယ်သနည်း။
- ဤသင်ယူမှုရင်းမြစ် ဖန်တီးရန် မည်သည့် ပစ္စည်းများ လိုအပ်သနည်း။
- ဤသင်ယူမှုရင်းမြစ်က မည်သို့သော ရလဒ်များ ရရှိစေနိုင်သနည်း။
- ၎င်းကို စာသင်ခန်းတွင် မည်သို့ ပေါင်းစပ် အသုံးပြုနိုင်မည်နည်း။

## စာသင်ချိန် (၂)

## မူလတန်းဆင့် လူမှုရေးဘာသာ သင်ကြားခြင်း အတွက် သင်ထောက်ကူပစ္စည်းများ

ဤစာသင်ချိန်ကို အောက်ပါအတိုင်း ဖွဲ့စည်းထားသည် –

| | |
|---|---|
| မိတ်ဆက် | ၅ မိနစ် |
| သင်ယူမှုလုပ်ငန်း (၂) | ၃၅ မိနစ် |
| ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း | ၁၀ မိနစ် |

## မိတ်ဆက်

| | |
|---|---|
| **အချိန်** | ၅ မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ ကျောင်းသားများအား စာသင်ခန်းမှ ကြိုဆိုပါ။ ကျောင်းသားများအား အိမ်စာလုပ်ငန်း ပြီးမြောက်မှု ရှိ/မရှိ စစ်ဆေးပါ။
၂။ သင်ယူမှုလုပ်ငန်း (၂) အတွက် ကျောင်းသားငါးဦး (သို့မဟုတ်) ခြောက်ဦး ပါဝင်သော အုပ်စုများ ဖွဲ့စေပါ။

## သင်ယူမှုလုပ်ငန်း (၂)။ အုပ်စုငယ်ဖွဲ့၍ တင်ပြခြင်း – သင်ယူမှု ရင်းမြစ်များ

| အချိန် | ၃၅ မိနစ် |
|---|---|
| စာသင်ခန်းဖွဲ့စည်းပုံ | ကျောင်းသားငါးဦး (သို့မဟုတ်) ခြောက်ဦး ပါဝင်သော အုပ်စုများ |

## ရည်ရွယ်ချက်

ဤလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ကျောင်းသားများအနေဖြင့် ၎င်းတို့၏ လူမှုရေးဘာသာ သင်ယူမှုရင်းမြစ်များကို အတန်းဖော်များသို့ တင်ပြရန် ဖြစ်သည်။

၁။ ကျောင်းသားများအား အုပ်စုငယ်များဖွဲ့ပြီး တစ်ဦးနှင့် တစ်ဦး မျက်နှာချင်းဆိုင် ထိုင်၍ စက်ဝိုင်းပုံ နေရာယူစေပါ။ အုပ်စုများအား တစ်အုပ်စုနှင့် တစ်အုပ်စုကြား လုံလောက်သော အကွာအဝေးရှိစေရန် စာသင်ခန်း ပတ်လည်တွင် နေရာချထားပါ။
၂။ အုပ်စုတစ်ခုချင်းစီအား အချိန်မှတ်တမ်းတင်မည့် သူတစ်ဦးကို အဆိုပြုခန့်ထားရန်နှင့် ၎င်းတို့ အုပ်စုတွင်း တင်ပြရန် အစီအစဉ် တစ်ခု ပြင်ဆင်စေပါ။
၃။ လူမှုရေးဘာသာ သင်ယူမှုရင်းမြစ်ကို ကျန်အုပ်စုဝင်များအား တင်ပြရန် ကျောင်းသား တစ်ဦးလျှင် အချိန် (၅) မိနစ် ရမည်ဖြစ်သည်။ အုပ်စု၏ အချိန်မှတ်တမ်းတင်သူအား အုပ်စုဝင်များ တင်ပြရမည့် အစီအစဉ်နှင့် အချိန်ကို မျက်ခြည်မပြတ် မှတ်တမ်းတင်စေပါ။
၄။ တင်ပြမှုအစီအစဉ်များသည် အောက်ဖော်ပြပါ မေးခွန်းများကို ဖြေကြားပေးရမည် –
- ရင်းမြစ် ဆိုသည်မှာ အဘယ်နည်း။
- မည်သည့် ခေါင်းစဉ်အတွက် ရည်ရွယ်သနည်း။
- ဤသင်ယူမှုရင်းမြစ် ဖန်တီးရန် မည်သည့် ပစ္စည်းများ လိုအပ်သနည်း။
- ဤသင်ယူမှုရင်းမြစ်က မည်သို့သော ရလဒ်များ ရရှိစေနိုင်သနည်း။
- ၎င်းကို စာသင်ခန်းတွင် မည်သို့ ပေါင်းစပ် အသုံးပြုနိုင်မည်နည်း။

၅။ ကျောင်းသားများအား တင်ပြမှုအစီအစဉ်တိုင်း၏ နိဂုံးတွင် ရင်းမြစ်နှင့် တင်ပြပုံ တင်ပြချက် အစီအစဉ်အပေါ် တုံ့ပြန်အကြံပြုချက်ပေးရန် ညွှန်ကြားပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

အုပ်စုများက ၎င်းတို့၏ သင်ယူမှုရင်းမြစ်များကို တင်ပြနေစဉ် ဆရာက စာသင်ခန်းတွင်း လှည့်လည်ကြည့်ရှုနေပါ။ လှည့်လည်ကြည့်ရှုနေစဉ် ကျောင်းသားများ၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ပြီး ဆန်းသစ်သော စိတ်ကူးအကြံဉာဏ်များကို ချီးမွမ်းဂုဏ်ပြုပါ။ ရှင်းလင်း လွယ်ကူစွာ နားလည်သဘောပေါက်စေမည့် မေးခွန်းများ မေးမြန်းပြီး အုပ်စုဝင်အားလုံးကို အပြုသဘောဆောင်သော တုံ့ပြန်အကြံပြုချက်များပေး၍ အားပေးပါ။ ဆန်းသစ်သော စိတ်ကူးအကြံဉာဏ်တစ်ခုခုကို မှတ်တမ်းတစ်ခုပြုစု၍ တစ်အုပ်စုလုံးနှင့် အဆုံးသတ်နိဂုံးပိုင်းတွင် မျှဝေပေးပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

တင်ပြမှုလုပ်ငန်းတစ်ခုဖြစ်သည့်အတွက် အဖြေမှန်သည် (သို့မဟုတ်) မှားသည်ဟူ၍ မရှိပါ။

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း

| | |
|---|---|
| **အချိန်** | ၁၀ မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

ကျောင်းသားများအား အုပ်စုတစ်စုတည်းအဖြစ် ၎င်းတို့နေရာတွင် ပြန်၍ အတူတကွ နေရာယူစေပါ။ အတန်းထဲ သင် လှည့်လည်ကြည့်ရှုစဉ် မြင်တွေ့ခဲ့ရသော ဆန်းသစ်တီထွင်မှုရှိသည့် ရင်းမြစ်များအား မျှဝေပေးပါ။ ကျောင်းသားများအား အုပ်စုများမှ ၎င်းတို့ အနှစ်သက်ဆုံးဖြစ်သည့် ရင်းမြစ်များအား မျှဝေစေပါ။ အဖြေ သုံးခု (သို့မဟုတ်) လေးခု ရယူပါ။

သင်ခန်းစာ (၅.၁.၂) အတွက် သင်ယူမှုရလဒ်များကို သင်ပုန်း (သို့မဟုတ်) ကားချပ်ကြီး တစ်ခုပေါ်တွင် ရေးပါ။ ကျောင်းသားများအား သင်ခန်းစာ သင်ယူရာမှတစ်ဆင့် သင်ယူမှုရလဒ်များ ပြီးမြောက်အောင်မြင်နိုင်ပုံကို ဖော်ပြစေပါ။ သင်ယူမှုရလဒ် တစ်ခုချင်းစီ အတွက် အဖြေတစ်ခု (သို့မဟုတ်) နှစ်ခု ရယူပါ။

## ၅.၁.၃။ မူလတန်းဆင့် လူမှုရေးဘာသာရပ်တွင် ဒေသန္တရ ရင်းမြစ်များကို အသုံးပြုခြင်း

### မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် –**

- ၎င်းတို့ ဒေသရှိ ရင်းမြစ်များနှင့် စိတ်ဝင်စားဖွယ်ကောင်းသော နေရာများကို သတ်မှတ် ဖော်ထုတ်တတ်မည်။
- ကလေးများ၏ သင်ယူမှုကို မြှင့်တင်ရန် ဒေသန္တရ ရင်းမြစ်များ (ဥပမာ – လူကြီးသူမများ၊ ဒေသတွင်း သမိုင်းဝင်နေရာများနှင့် ပထဝီဝင် အနေအထားများ) ကို အသုံးပြုသည့် နည်းလမ်းများအား အကြံပြုတတ်မည်။

### ရရှိသွားမည့် တတ်ကျွမ်းမှုများ

(က) (၂.၁.၁) ကျောင်းသားများ အချင်းချင်းအပြန်အလှန် ပြောဆိုဆက်သွယ်ခြင်း၊ စူးစမ်း လေ့လာခြင်း၊ ပြဿနာဖြေရှင်းခြင်း၊ တီထွင်ဖန်တီးခြင်း အခွင့်အလမ်းများကို ပံ့ပိုးပေးသည့် သင်ယူမှု အတွေ့အကြုံများကို ပြင်ဆင်ဆောင်ရွက်သည်။

(က) (၅.၁.၂) ကျောင်းသားများ ဘာသာရပ်ဆိုင်ရာ အကြောင်းအရာများနှင့် ကျွမ်းကျင်မှုများ သင်ယူရာတွင် အထောက်အပံ့ပြုနိုင်ရန် တိကျမှန်ကန် ဆီလျော်သော သတင်းအချက်အလက်များ၊ နမူနာများနှင့် လေ့ကျင့်ခန်းများကို သင်ခန်းစာများတွင် ထည့်သွင်းသည်။

(ဂ) (၃.၃.၁) ရေရှည်တည်တံ့မှု၊ တန်းတူညီမျှမှု၊ တရားမျှတမှု၊ ကျောင်းသားများ၏ အခွင့်အရေးများ၊ တာဝန်များ နှင့်ပတ်သက်သည့် အယူအဆများကို စာသင်ခန်း၊ ကျောင်းအခြေပြုလုပ်ငန်းများတွင် ပေါင်းစပ် ဆောင်ရွက်နိုင်သည်။

**အချိန်** – မိနစ် (၅၀) ကြာ စာသင်ချိန် နှစ်ချိန်။

## သင်ယူမှုနည်းလမ်းများ

သင်ယူမှုလုပ်ငန်း (၁)။ အကြောင်းအရာ ဆက်သွယ်ပြပုံ – ဒေသန္တရ ရင်းမြစ်များ

သင်ယူမှုလုပ်ငန်း (၂)။ အုပ်စုလုပ်ငန်း – ဒေသန္တရ ရင်းမြစ်များ

သင်ယူမှုလုပ်ငန်း (၃)။ အတန်းတွင်း တင်ပြခြင်း – ဒေသန္တရ ရင်းမြစ်များ

**စစ်ဆေးအကဲဖြတ်မှု နည်းလမ်းများ** – ကြည့်ရှုလေ့လာခြင်း၊ အချင်းချင်း စစ်ဆေးအကဲဖြတ်ခြင်း၊ ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း။

## လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ

ကျောင်းသားကိုင်စာအုပ်မှ သင်ခန်းစာ (၅.၁.၃) ကို ဖတ်ရှုပါ။

## လိုအပ်သော ရင်းမြစ်များ

သင်ယူမှုလုပ်ငန်း (၁)။ ကျောင်းသားကိုင်စာအုပ်၊ ဘောပင်

သင်ယူမှုလုပ်ငန်း (၂)။ ကျောင်းသားကိုင်စာအုပ်၊ ဘောပင်

သင်ယူမှုလုပ်ငန်း (၃)။ ကျောင်းသားများ ၎င်းတို့၏တင်ပြမှုအစီအစဉ်တွက် တောင်းဆိုထားသော ရင်းမြစ်များ

## စာသင်ချိန် (၁)

# မူလတန်းဆင့် လူမှုရေးဘာသာရပ်တွင် ဒေသန္တရ ရင်းမြစ်များကို အသုံးပြုခြင်း

ဤစာသင်ချိန်ကို အောက်ပါအတိုင်း ဖွဲ့စည်းထားသည် -

| | |
|---|---|
| မိတ်ဆက် | ၁၀ မိနစ် |
| သင်ယူမှုလုပ်ငန်း (၁) | ၁၅ မိနစ် |
| သင်ယူမှုလုပ်ငန်း (၂) | ၂၀ မိနစ် |
| ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း | ၅ မိနစ် |

## မိတ်ဆက်

| | |
|---|---|
| **အချိန်** | ၁၀ မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ ကျောင်းသားများအား စာသင်ခန်းမှ ကြိုဆိုပါ။ ဤသင်ခန်းစာသည် ဤအခန်း၏ နောက်ဆုံး သင်ခန်းစာဖြစ်ပြီး ဒေသန္တရ ရင်းမြစ်များကို အလေးပေးသင်ကြားသွားမည် ဖြစ်ကြောင်း ရှင်းပြပါ။

၂။ ကျောင်းသားများအား ပညာရေးဒီဂရီကောလိပ် အနီးတစ်ဝိုက်ရှိ ရပ်ရွာလူထုနှင့် ဒေသ နယ်ပယ်တို့နှင့် ပတ်သက်၍ စဉ်းစားစေပါ။

- ဤဒေသအတွင်း မည်သည့်အဆောက်အအုံသည် ရှေးအကျဆုံး အဆောက်အအုံ ဖြစ်သနည်း။
- အနီးဝန်းကျင်တွင် ဗုဒ္ဓရုပ်ပွား ဆင်းတုတော်များ၊ ဘာသာရေးနှင့်ဆိုင်သော အထိမ်းအမှတ် မော်ကွန်းများ ရှိကြပါသလား။
- သင်တို့၏ ကျောင်း၊ ကောလိပ်မှ လမ်းလျှောက်သွားနိုင်သည့် အကွာအဝေး အတွင်း ဥယျာဉ်ပန်းခြံ၊ ရေကန်၊ မြစ်ချောင်း အစရှိသော သဘာဝအင်္ဂါရပ်များ ရှိပါသလား။

၃။ ကျောင်းသားများအား ၎င်းတို့ဖော်ပြခဲ့သော နေရာများအားလုံးကို သင်ယူမှု ရင်းမြစ်များအဖြစ် အသုံးပြုနိုင်ကြောင်း ရှင်းပြပါ။ ဒေသန္တရ ရင်းမြစ်များအဖြစ် အသုံးပြုနိုင်ရန် ၎င်းတို့အနေဖြင့် ယူနက်စကို ရှေးဟောင်းအမွေအနှစ်စာရင်းဝင် နေရာဒေသများနှင့် အနီးနားတွင် တည်ရှိနေရန် မလိုအပ်ပါ။ ဒေသတွင်း ဥယျာဉ် ပန်းခြံ တစ်ခုသည်ပင်လျှင် လူမှုရေးဘာသာ သင်ယူခြင်းအတွက်အခွင့်အလမ်းများ ပေးနိုင်သည်။

၄။ သင်ခန်းစာ (၅.၁.၃) ၏ သင်ယူမှုရလဒ်များကို သင်ပုန်း (သို့မဟုတ်) ကားချပ်ကြီးပေါ်တွင် ရေးသားပြီး သင်ယူမှုလုပ်ငန်း (၁) မှ (၃) ထိ လုပ်ဆောင်ခြင်းဖြင့် အဆိုပါ သင်ယူမှု ရလဒ်များကို ရရှိနိုင်ကြောင်း အသေးစိတ် ရေးသားပါ။

၅။ ပထမ သင်ယူမှုလုပ်ငန်းအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ကျောင်းသားများအား အတွဲလိုက် အုပ်စုဖွဲ့ပါ။

### သင်ယူမှုလုပ်ငန်း (၁)။ အကြောင်းအရာဆက်သွယ်ပြပုံ – ဒေသန္တရ ရင်းမြစ်များ

| | |
|---|---|
| **အချိန်** | ၁၅ မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | ကျောင်းသားလေးဦးပါဝင်သော အုပ်စုများ |

## ရည်ရွယ်ချက်

ဤလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ကျောင်းသားများအနေဖြင့် ဒေသတွင်း ဧရိယာမှ ရင်းမြစ်များနှင့် စိတ်ဝင်စားဖွယ်နေရာများကို သတ်မှတ်ဖော်ထုတ်ရန် ဖြစ်သည်။

၁။ ကျောင်းသားကိုင်စာအုပ်ပါ သင်ခန်းစာ (၅.၁.၃) တွင် အကြံပြု ဖော်ပြထားသော ရပ်ရွာရင်းမြစ်များစာရင်းကို ကျောင်းသားများအား ကြည့်ရှု လေ့လာစေပါ။

၂။ ကျောင်းသားများအား သင်ခန်းစာ (၅.၁.၃) မှ အချက်အလက်များကို အသုံးပြုရန် ညွှန်ကြားပြီး ၎င်းတို့နေထိုင်ရာ ဒေသအတွင်း ရရှိနိုင်သော ရပ်ရွာရင်းမြစ်များကို အုပ်စုငယ်များ ဖွဲ့၍ ဆွေးနွေးစေပါ။

၃။ ကျောင်းသားများအား ၎င်းတို့၏ စိတ်ကူးအကြံဉာဏ်များကို စုစည်းတင်ပြရန် ပုံ (၅.၉) ရှိ အကြောင်းအရာဆက်သွယ်ပြပုံကို အသုံးပြုစေပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများက ဒေသဆိုင်ရာ ရင်းမြစ်များအကြောင်း ဉာဏ်ဖွင့်ဆွေးနွေးနေစဉ် စာသင်ခန်းတွင်း လှည့်လည်ကြည့်ရှုနေပါ။ ကျောင်းသားများက လုပ်ဆောင်ချက်များကို ရေးသားနေစဉ် ပြန်လည်ဆန်းစစ်ပေးပါ။ အုပ်စုတစ်ခုချင်းစီမှ ကျောင်းသားများ အားလုံး ဆွေးနွေးပြောဆိုမှု လုပ်ငန်းတွင် ပူးပေါင်းပါဝင်လာစေရန် တိုက်တွန်းအားပေးပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

အကြောင်းအရာဆက်သွယ်ပြပုံသည် ဒေသတွင်းရှိ –

- ပထဝီဝင်ဆိုင်ရာ ထင်ရှားသည့်နေရာဒေသများ
- သမိုင်းဝင်ထင်ရှားသည့် နေရာဒေသများ
- လူပုဂ္ဂိုလ်ရင်းမြစ်များ စသည်တို့ကို ထင်ဟပ် ဖော်ပြနေရမည်။

## သင်ယူမှုလုပ်ငန်း (၂)။ အုပ်စုလုပ်ငန်း – ဒေသန္တရ ရင်းမြစ်များ

| | |
|---|---|
| **အချိန်** | ၂၀ မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | ကျောင်းသား လေးဦးပါဝင်သော အုပ်စုများ |

## ရည်ရွယ်ချက်

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ကျောင်းသားများအနေဖြင့် လူမှုရေးဘာသာသင်ယူမှုကို မြှင့်တင်ပေးရန်အတွက် ဒေသန္တရ ရင်းမြစ်များ အသုံးပြုသည့် နည်းလမ်းများအား အကြံပြုရန် ဖြစ်သည်။

၁။ ကျောင်းသားများအား သင်ယူမှုလုပ်ငန်း (၁) တွင် ဖွဲ့စည်းခဲ့သည့် ကျောင်းသား လေးဦး ပါဝင်သော အုပ်စုပုံစံအတိုင်း ဆက်လက်နေရာယူစေပါ။

၂။ ကျောင်းသားများအား သင်ယူမှုလုပ်ငန်း (၁) လေ့လာသင်ယူစဉ်က သတ်မှတ်ဖော်ထုတ်ခဲ့သော ဒေသန္တရရင်းမြစ်တစ်ခုကို ရွေးချယ်ရန် ညွှန်ကြားပါ။ ထို့နောက် မူလတန်းအောက်ဆင့် လူမှုရေးဘာသာ စာသင်ခန်း တစ်ခန်းတွင် အသုံးပြုရန် သင့်လျော်သော ကွင်းဆင်းလေ့လာခြင်း (သို့မဟုတ်) အတန်းတွင်း လုပ်ငန်းတစ်ခု ဒီဇိုင်းရေးဆွဲစေပါ။

၃။ ကျောင်းသားများသည် အောက်ပါတို့ကို လုပ်ဆောင်ရမည် –

- ရပ်ရွာရင်းမြစ်များကို ဖော်ပြရန်
- လူမှုရေးဘာသာရပ်အတွက် အဆိုပါရင်းမြစ်များ၏ တန်ဖိုးကို အနက်အဓိပ္ပာယ်ဖွင့် ဖော်ပြရန်
- ရပ်ရွာရင်းမြစ်များက အထောက်အကူပြုနိုင်သော ခေါင်းစဉ် အကြောင်းအရာ တစ်ခုနှင့် သင်ယူမှုရလဒ်များကို သတ်မှတ်ဖော်ထုတ်ရန်
- မူလတန်းအောက်ဆင့် စာသင်ခန်းများတွင် အသုံးပြုနိုင်သော ရင်းမြစ်များကို သုံး၍ သင်ယူမှုလုပ်ငန်းတစ်ခု (သို့မဟုတ်) ကွင်းဆင်းလေ့လာခြင်း တစ်ခု ဒီဇိုင်းရေးဆွဲရန်
- ၎င်းတို့အနေဖြင့် မည်သူ့ထံမှ ခွင့်ပြုချက် တောင်းခံမည်၊ မူလတန်းကျောင်းသားများ (နှင့် ဖိတ်ကြားထားသော ဟောပြောသူ/များ (သို့မဟုတ်) ရပ်ရွာအတွင်းရှိ မိတ်ဖက်/များ) ကို ကွင်းဆင်းခြင်းမပြုမီ အဆင်သင့်ဖြစ်စေရန် မည်ကဲ့သို့ ပြင်ဆင်ပေးမည်၊ ထို့နောက် တက်ရောက်သူများအား မည်သို့ အစီရင်ခံတင်ပြမည် စသည်ဖြင့် ကွင်းဆင်းလေ့လာရေး ခရီး၏ ဖွဲ့စည်းပုံ အသေးစိတ်အချက်အလက်များကို အကြမ်းဖျင်း ဖော်ပြရန်။

၄။ ကျောင်းသားများက လာမည့်သင်ခန်းစာတွင် အတန်းထဲရှိ ကျန်သော အတန်းဖော်များအား ရပ်ရွာရင်းမြစ်များနှင့်ပတ်သက်၍ တင်ပြရန် ပိုစတာတစ်ခု (အကယ်၍လိုအပ်သော အထောက်အပံ့ပစ္စည်းများ ရရှိနိုင်မည်ဆိုပါက ပါဝါပွိုင့် တင်ပြချက်အစီအစဉ်တစ်ခု) ပြုလုပ်ထားရန် လိုအပ်သည်။

## စစ်ဆေးအကဲဖြတ်ခြင်း

အုပ်စုများက ရပ်ရွာရင်းမြစ်ဆိုင်ရာ အချက်အလက်မှတ်တမ်းနှင့် သင်ယူမှုလုပ်ငန်းများကို ရေးဆွဲပြုစုနေစဉ် စာသင်ခန်းတွင်း လှည့်လည် ကြည့်ရှုနေပါ။ မေးခွန်းများ မေးမြန်းဖြေဆိုပြီး ကျောင်းသားများ၏ အရေးကိစ္စ အခက်အခဲများအား ရှင်းလင်းလွယ်ကူမှုရှိစေရန် ဆောင်ရွက်ပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ဤလုပ်ငန်းသည် ဒေသနယ်ပယ်အတွင်း အခြေပြုဆောင်ရွက်ရမည့် လုပ်ငန်းတစ်ခု ဖြစ်သောကြောင့် အဖြေမှန်သည် (သို့မဟုတ်) မှားသည်ဟူ၍ မရှိပါ။

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း

| | |
|---|---|
| **အချိန်** | ၅ မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

ကျောင်းသားများအား ၎င်းတို့ထိုင်ခုံနေရာများတွင် ပြန်လည် နေရာယူစေပါ။ အုပ်စု တစ်ခုချင်းစီအား လာမည့်သင်ခန်းစာအတွက် ၎င်းတို့တင်ပြမည့် ဒေသန္တရ ရပ်ရွာရင်းမြစ်များ၊ ၎င်းတို့တင်ပြရာ၌ လိုအပ်မည့် ပစ္စည်းကိရိယာများနှင့် စပ်လျဉ်း၍ မေးခွန်းများ မေးမြန်းပါ။

ကျောင်းသားများအား ၎င်းတို့ လုပ်ဆောင်ရမည့် ပိုစတာများနှင့် တင်ပြချက်များ မပြီးမြောက်ခဲ့ပါက အိမ်တွင် ပြီးဆုံးအောင် လုပ်ဆောင်လာရန် လိုအပ်ကြောင်း သတိပေးပါ။

## စာသင်ချိန် (၂)

## မူလတန်းဆင့် လူမှုရေးဘာသာရပ်တွင် ဒေသန္တရ ရင်းမြစ်များ အသုံးပြုခြင်း

ဤစာသင်ချိန်ကို အောက်ပါအတိုင်း ဖွဲ့စည်းထားသည် –

| | |
|---|---|
| သင်ယူမှုလုပ်ငန်း (၃) | ၄၀ မိနစ် |
| ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း | ၁၀ မိနစ် |

### သင်ယူမှုလုပ်ငန်း (၃)။ အတန်းတွင်း တင်ပြခြင်း – ဒေသန္တရ ရင်းမြစ်များ

| | |
|---|---|
| **အချိန်** | ၄၀ မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | ကျောင်းသားလေးဦး ပါဝင်သော အုပ်စုများ |

### ရည်ရွယ်ချက်

ဤလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ကျောင်းသားများအနေဖြင့် ၎င်းတို့၏ လူမှုရေးဘာသာ သင်ယူမှု ရင်းမြစ်များကို အတန်းဖော်များထံ ပြန်လည်တင်ပြရန် ဖြစ်သည်။

၁။ အတန်းထဲမှ အချိန်မှတ်တမ်းတင်မည့် သူတစ်ဦးကို အဆိုပြုခန့်ထားပေးရန်လိုအပ်သည်။ ထိုကျောင်းသားက အုပ်စုများ သတ်မှတ်ချိန် (၅) မိနစ်ထက် မကျော်လွန်စေရန် နာရီ (သို့မဟုတ်) ဖုန်းတစ်လုံးအသုံးပြု၍ စောင့်ကြည့်နေရမည်။

၂။ အုပ်စုတစ်ခုချင်းစီကို အတန်းရှေ့သို့ခေါ်၍ ၎င်းတို့၏ ဒေသန္တရ ရင်းမြစ် တင်ပြချက်ကို စီစဉ်တင်ပြစေပါ။

၃။ ကျောင်းသားများက မတင်ပြနိုင်ပါက ၎င်းတို့၏ အတန်းဖော်များက တင်ပြထားသော ဒေသန္တရ ရင်းမြစ်များနှင့် ပတ်သက်သည့် အကြောင်းအရာများကို မှတ်စု ရေးသားစေပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများ တင်ပြနေသည့်အခါ ၎င်းတို့၏ တင်ပြချက်တွင် အောက်ပါ လိုအပ်သော အခြေခံအစိတ်အပိုင်း (၄) မျိုး ပါဝင်မှု ရှိ/မရှိ စစ်ဆေးပါ။

- လူ့ဘောင်ရင်းမြစ်များ ဖော်ပြချက်
- လူမှုရေးဘာသာတွင် ၎င်းတို့၏ အကျိုးသက်ရောက်မှု တန်ဖိုးအဓိပ္ပာယ် သတ်မှတ်ချက်
- အကြောင်းအရာ ခေါင်းစဉ် တစ်ခုနှင့် သက်ဆိုင်ရာ သင်ယူမှုရလဒ်များကို သတ်မှတ်ဖော်ထုတ်ခြင်း
- မူလတန်းအောက်ဆင့် စာသင်ခန်း တစ်ခန်းအတွက် သင့်လျော်သော သင်ယူမှု လုပ်ငန်း တစ်ခု (သို့မဟုတ်) ကွင်းဆင်းလေ့လာမှု လေ့ကျင့်ခန်း အနှစ်ချုပ် ဖော်ပြချက်

တင်ပြမှု အစီအစဉ် ပြီးဆုံးသောအခါ မေးခွန်းများ မေးမြန်းခြင်းဖြင့် နားလည်သဘောပေါက်မှုကို စစ်ဆေးပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ဤလေ့ကျင့်ခန်းသည် ဆန်းသစ်တီထွင်မှုရှိသော လေ့ကျင့်ခန်းတစ်ခု ဖြစ်သောကြောင့် အဖြေမှန်သည် (သို့မဟုတ်) မှားသည်ဟူ၍ မရှိပါ။

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း

| အချိန် | ၁၀ မိနစ် |
|---|---|
| စာသင်ခန်းဖွဲ့စည်းပုံ | တစ်တန်းလုံး |

ကျောင်းသားများအား အုပ်စုတစ်စုတည်းအဖြစ် ၎င်းတို့နေရာတွင် ပြန်၍ အတူတကွ နေရာယူစေပါ။ ၎င်းတို့ တင်ပြချက်နှင့်ပတ်သက်၍ ချီးကျူးဂုဏ်ပြုပါ။

ကျောင်းသားများက ဤလုပ်ငန်းစဉ်အတွင်း အသစ်တစ်စုံတစ်ရာ လေ့လာသင်ယူခဲ့ပါသလား မေးမြန်းပါ။ အဖြေနှစ်ခု (သို့မဟုတ်) သုံးခု လက်ခံရယူထားပါ။

ပြန်လည်သုံးသပ်သည့် မေးခွန်းတစ်ခုမေးပါ – လူမှုရေးဘာသာ စာသင်ခန်းများတွင် ဒေသန္တရ ရင်းမြစ်များနှင့် လူမှုအဖွဲ့အစည်းဆိုင်ရာ လူ့ဘောင်ရင်းမြစ်များအား အတူတွဲစပ် အသုံးပြုခြင်းအားဖြင့် မည်သည့် အကျိုးကျေးဇူးများ ရရှိနိုင်သနည်း။ ဆွေးနွေးမှုကို ပိုမိုမြှင့်တင်ပေးနိုင်ရန် ကျောင်းသားများအား တစ်ဦးအဖြေကို တစ်ဦးက အခြေပြု တည်ဆောက်တတ်အောင် တိုက်တွန်းအားပေးပါ။

သင်ခန်းစာ (၅.၁.၃) အတွက် သင်ယူမှုရလဒ်များကို သင်ပုန်း (သို့မဟုတ်) ကားချပ်ကြီး တစ်ခုပေါ်တွင် ရေးသားပါ။ ကျောင်းသားများအား သင်ခန်းစာများ သင်ယူခြင်းမှ သင်ယူမှုရလဒ်များ ရရှိခဲ့ပုံကို ဖော်ပြစေပါ။ သင်ယူမှု ရလဒ်တစ်ခုအတွက် အဖြေတစ်ခု (သို့မဟုတ်) နှစ်ခုယူပါ။

## ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန် မေးခွန်းများအတွက် ကျောင်းသားများထံမှ မျှော်မှန်းထားသောအဖြေများ

မေးခွန်း ၁။ မူလရင်းမြစ်များနှင့် တစ်ဆင့်ခံရင်းမြစ်များ မည်သို့ ကွဲပြားခြားနားသနည်း။

အဖြေ။ *မူလရင်းမြစ်များမှာ သမိုင်းဆိုင်ရာ ခေတ်တစ်ခေတ်၊ ပထဝီဝင်ဆိုင်ရာ သဘာဝ ဖြစ်စဉ်များနှင့် ပတ်သက်၍ လေ့လာထားသည့် ကိုယ်တွေ့ဖြစ်ရပ်များ ဖြစ်ကြသည်။ ၎င်းတို့သည် ဖန်တီးသူထံမှ တိုက်ရိုက်ဆင်းသက်လာသော အခြေခံရင်းမြစ်များ ဖြစ်ကြသည်။ အခြားတစ်စုံတစ်ယောက်မှ ဆန်းစစ်လေ့လာထားခြင်း၊ ဝေဖန်သုံးသပ် ပိုင်းခြားထားခြင်း၊ ကောက်ချက်ချထားခြင်း မရှိပါ။ တစ်ဆင့်ခံရင်းမြစ်များမှာ မူလရင်းမြစ်များအား ဆန်းစစ်လေ့လာထားခြင်း (သို့မဟုတ်) သုံးသပ်ဆုံးဖြတ် ကောက်ချက် ချထားခြင်းဖြစ်သည်။ ၎င်းတို့တွင် မူလရင်းမြစ်များစွာ ပေါင်းစပ်ပါဝင်နေပြီး အကြောင်းအရာတစ်ခုနှင့် ပတ်သက်၍ မူလရင်းမြစ်ထက် ပိုမိုကျယ်ဝန်းသော အမြင်များဖြင့် ရှုထောင့်စုံမှ တင်ပြထားခြင်း ဖြစ်သည်။*

မေးခွန်း ၂။ အချက်အလက်၊ ဘက်လိုက်မှုနှင့် အတွေးအမြင် ရှုထောင့် တို့ကို အဓိပ္ပာယ် ဖွင့်ဆိုပါ။ လူမှုရေးဘာသာ သင်ကြားသင်ယူရာတွင် အချက်အလက်များနှင့် ပတ်သက်၍ ဘက်လိုက်ခြင်းနှင့် အတွေးအမြင် ရှုထောင့်တို့ကို ခွဲခြားသိရှိနိုင်သည့် ကျောင်းသားများ၏ စွမ်းရည် ဖွံ့ဖြိုးတိုးတက်စေရန် အဘယ်ကြောင့် အရေးကြီးသနည်း။

အဖြေ။

***အချက်အလက်*** *– မှန်ကန်သည်ဟု သိရှိထားသော ဖော်ပြချက် (သို့မဟုတ်) မှန်ကန်ကြောင်း အထောက်အထားပြနိုင်သော ဖော်ပြချက် ဖြစ်သည်။*

***ဘက်လိုက်မှု*** *– အဖြစ်အပျက်တစ်ခု (သို့မဟုတ်) လူပုဂ္ဂိုလ်တစ်ဦးနှင့် ပတ်သက်၍ တရားမျှတသော ဝေဖန်ပိုင်းခြားနိုင်စွမ်းကို ကန့်သတ်အားနည်းစေသည့် အထူးတလည် စိတ်ဝင်စားမှု (သို့မဟုတ်) ရှုထောင့် ဖြစ်သည်။*

***အတွေးအမြင်ရှုထောင့်*** *– လူပုဂ္ဂိုလ်တစ်ဦးက ၎င်း၏ ပတ်ဝန်းကျင်အား ၎င်းတွေ့မြင်သည့်အတိုင်း အဓိပ္ပာယ် ကောက်ယူသုံးသပ် စဉ်းစားတတ်သည့် နည်းလမ်း၊ အမြင်ဖြစ်သည်။*

*သမိုင်းဝင်အဖြစ်အပျက်များနှင့် ပထဝီဝင်ဆိုင်ရာ သဘာဝဖြစ်စဉ်များအား မှန်ကန်စွာ နားလည် သဘောပေါက်ကြောင်း ဖော်ပြနိုင်ရန်နှင့် ရင်းမြစ်များ ခိုင်လုံမှု ရှိ/မရှိ စစ်ဆေး အကဲဖြတ်နိုင်ရန် လိုအပ်သည်။ သို့ဖြစ်၍ ရင်းမြစ်များနှင့်ပတ်သက်၍ ကျောင်းသားများ၏ လေးနက်စွာ ဝေဖန်ပိုင်းခြားနိုင်စွမ်း ဖွံ့ဖြိုးတိုးတက်ရန် အရေးကြီးသည်။*

*အောက်ပါ မေးခွန်းများသည် ရင်းမြစ်တစ်ခု၏ ခိုင်လုံမှုကို ဆုံးဖြတ်ရာတွင် ဆရာနှင့် ကျောင်းသားများအား အထောက်အပံ့ဖြစ်စေသည် –*

- *ရင်းမြစ်ကပေးသော အချက်အလက်များသည် မည်မျှ မှန်ကန်တိကျသနည်း။*
- *ဘက်လိုက်မှုများ ပါရှိပါသလား။*
- *မူလပြောဆိုရေးသားချက်များနှင့် ဆန့်ကျင်နေသော (သို့မဟုတ်) ထောက်ခံနေသော အခြားရင်းမြစ်များ ရှိပါသလား။*
- *လေ့လာခဲ့သော အချိန်ကာလ ခေတ်ကာလနှင့် ပတ်သက်၍ မည်သည့်အရာများ ဖော်ညွှန်းနိုင်သနည်း။*
- *ရင်းမြစ်မှာ ပြီးပြည့်စုံမှု ရှိပါသလား။*

မေးခွန်း ၃။ မူလတန်းဆင့် လူမှုရေးဘာသာ စာသင်ခန်း တစ်ခန်းတွင် သင်ထောက်ကူ ပစ္စည်းများ အသုံးပြုခြင်း၏ အကျိုးကျေးဇူးများမှာ အဘယ်နည်း။

အဖြေ။ *လူမှုရေးဘာသာအတန်းများတွင် သင်ထောက်ကူပစ္စည်းများ အသုံးပြုခြင်းက ဆရာအား သင်ရိုးပါ အကြောင်းအရာများကို တင်ပြနိုင်ခွင့် ပေးသွားမည်ဖြစ်ရာ ကျောင်းသားများအနေဖြင့် မည်သည့်နည်းဖြင့် သင်ယူနေသည်ဖြစ်စေ သင်ကြားနေသည့် သဘောတရားများတွင် စိတ်ပါဝင်စားစွာ ပါဝင်လာမည် ဖြစ်သည်။*

# အခန်းဆုံးအနှစ်ချုပ်

## အဓိကအချက်များ

- ပထဝီဝင်ဆိုင်ရာ ရင်းမြစ်တစ်ခုဆိုသည်မှာ ကမ္ဘာ့နေရာဒေသတစ်ခုမှ သဘာဝဖြစ်စဉ်များ (သို့မဟုတ်) လူသားတို့၏ ဝိသေသလက္ခဏာရပ်များနှင့် ဆက်နွှယ်နေသည့် သတင်းအချက်အလက်တိုင်းကို ဆိုလိုသည်။ သမိုင်းဆိုင်ရာ ရင်းမြစ်တစ်ခုဆိုသည်မှာ ကျွန်ုပ်တို့ လူသားများ၏ အတိတ်က အကြောင်းအရာများကို နားလည်သဘောပေါက်စေရန် သမိုင်းရှင်ပညာရှင်တစ်ဦးအား သဲလွန်စများ ဆက်စပ်ဖော်ထုတ်ပေးသည့် သတင်းအချက်အလက် တစ်ခုကို ဆိုလိုသည်။
- ရင်းမြစ်များကို အမျိုးအစား သုံးမျိုး ခွဲခြားနိုင်သည်။ မူလရင်းမြစ်များမှာ သမိုင်းဆိုင်ရာ ခေတ်တစ်ခေတ်၊ ပထဝီဝင်ဆိုင်ရာ ဖြစ်စဉ်တစ်ခုနှင့် ပတ်သက်၍ လေ့လာရရှိထားသော ကိုယ်တွေ့ ဖြစ်ရပ်များ ဖြစ်ကြသည်။ ၎င်းတို့အား အခြားတစ်စုံတစ်ယောက်မှ ဆန်းစစ်လေ့လာ ထားခြင်း၊ ဝေဖန်သုံးသပ် ပိုင်းခြားထားခြင်း၊ အနက်ကောက်ထားခြင်းမရှိပါ။ တစ်ဆင့်ခံ ရင်းမြစ်များမှာ မူလရင်းမြစ်များအား ဆန်းစစ်လေ့လာထားပြီး ထပ်ဆင့် အနက်ကောက် ထားခြင်းပင် ဖြစ်သည်။ ၎င်းတို့မှာ သက်ဆိုင်ရာ ဘာသာရပ်နယ်ပယ် ကျွမ်းကျင်ပညာရှင်များက ရေးသားထားခြင်း ဖြစ်ပြီး များသောအားဖြင့် မူလရင်းမြစ်များစွာ ပေါင်းစပ်ပါဝင်နေ၍ အကြောင်းအရာ ခေါင်းစဉ်တစ်ခုအား ပိုမို ကျယ်ပြန့်သော အတွေးအမြင်များဖြင့် ရှုထောင့်စုံမှ တင်ပြထားသည်။ ဆင့်ပွားရင်းမြစ်ဆိုသည်မှာ စွယ်စုံကျမ်း (သို့မဟုတ်) မြေပုံစာအုပ် ကဲ့သို့သော မူလရင်းမြစ်နှင့် တစ်ဆင့်ခံရင်းမြစ်များအား အမျိုးအစား ခွဲခြားထားသော (သို့မဟုတ်) စာရင်းပြုစုထားသော ရင်းမြစ်များဖြစ်သည်။
- လူမှုရေးဘာသာ စာသင်ခန်းများတွင် ရင်းမြစ်များ ထည့်သွင်း အသုံးပြုခြင်းအားဖြင့် ကလေးများ၏ လေးလေးနက်နက် ဝေဖန်ဆန်းစစ်နိုင်စွမ်း၊ စူးစမ်းရှာဖွေနိုင်စွမ်းနှင့် အကြောင်းအကျိုး ဆက်စပ် ထုတ်ယူနိုင်စွမ်းတို့ ဖွံ့ဖြိုးတိုးတက်အောင် ကူညီပေး နိုင်သည်။ ထို့ပြင် ကလေးများ ၎င်းတို့ နေထိုင်ရာဒေသ ပတ်ဝန်းကျင်နှင့်ပတ်သက်၍

လေ့လာရာတွင် ကိုယ်တိုင် ဆက်စပ် လေ့လာနိုင်စွမ်းတို့ကို ပျိုးထောင်ပေးရာတွင်လည်း အထောက်အကူပြုသည်။

- သင်ထောက်ကူပစ္စည်းများဆိုသည်မှာ ကလေးများ သင်ယူမှု လွယ်ကူချောမွေ့စေရန် ဆရာတစ်ဦး အသုံးပြုသော ရုပ်ဝတ္ထုပစ္စည်းအားလုံးကို ဆိုလိုသည်။ သင်ထောက်ကူ ပစ္စည်းများတွင် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်၊ သင်ပုန်းကြီးမှ အစပြု၍ ဆရာ ကိုယ်တိုင် ဖန်တီးထားသော လက်ဖြစ် သင်ကြားမှု အထောက်အကူပစ္စည်းများ အားလုံး ပါဝင်သည်။ ဥပမာအားဖြင့် ပိုစတာများ၊ မူလရင်းမြစ် ရုပ်ဝတ္ထုပစ္စည်းများ၊ လက်တွေ့ စမ်းသပ်ရန် ပစ္စည်းကိရိယာများ၊ ဒစ်ဂျစ်တယ် နည်းပညာသုံး သင်ယူမှုဆိုင်ရာ ရင်းမြစ်များ ဖြစ်သည့် ပါဝါပွိုင့် (PowerPoint) တင်ပြမှုများ၊ အွန်လိုင်းဗီဒီယိုများ (သို့မဟုတ်) ဝက်ဘ်ဆိုက်ဒ်များ စသည်တို့ ပါဝင်သည်။
- လူမှုရေးဘာသာအတန်းများတွင် သင်ထောက်ကူပစ္စည်းများ အသုံးပြုခြင်းက ဆရာအား သင်ရိုးပါ အကြောင်းအရာများကို တင်ပြနိုင်ခွင့် ပေးသွားမည်ဖြစ်ရာ ကျောင်းသားများ အနေဖြင့် မည်သည့်နည်းဖြင့် သင်ယူနေသည်ဖြစ်စေ သင်ကြားနေသည့် သဘောတရားများတွင် စိတ်ပါဝင်စားစွာ ပါဝင်လာမည် ဖြစ်သည်။
- သင်ယူမှုဆိုင်ရာ ရင်းမြစ်များကို ကျောင်းတိုင်း၊ ဆရာတိုင်းက တူညီစွာ လက်လှမ်းမီ အသုံးမပြုနိုင်သော်လည်း ရင်းမြစ်ရှားပါးသော ပတ်ဝန်းကျင်တွင် စာသင်ကြားရခြင်းက လူမှုရေးအတန်း၌ သင်ထောက်ကူပစ္စည်းများ ထည့်သွင်းအသုံးပြုရန်အတွက် အဟန့်အတား သဖွယ် မဖြစ်သင့်ပေ။ ကျောင်းသားများ၏ သင်ယူမှုကို မြှင့်တင်ရန် အနည်းငယ်မျှ ကြိုတင် ပြင်ဆင်ထားရုံမျှနှင့်ပင် ရိုးရှင်းလွယ်ကူသော သင်ထောက်ကူများကို ဖန်တီးနိုင်သည်။
- နည်းပညာက လူမှုရေးဘာသာ သင်ကြားသည့် နည်းလမ်းများကို များစွာ အပြောင်းအလဲ ဖြစ်စေခဲ့သည်။ စမတ်ဖုန်း၊ ကွန်ပျူတာ၊ အင်တာနက် ချိတ်ဆက်မှု (သို့မဟုတ်) ပရိုဂျက်တာတို့အား လက်လှမ်းမီရရှိနိုင်ပါက လူမှုရေးဘာသာ သင်ခန်းစာကို မြှင့်တင်ပေးရန် အသုံးပြုနိုင်သော ရင်းမြစ်များမှာ များစွာပင် ရှိသည်။ ဥပမာအားဖြင့် နည်းပညာ အထောက်အကူပြု သင်ထောက်ကူ ပစ္စည်းများတွင် ကွန်ပျူတာ နည်းပညာသုံး ရင်းမြစ်များ၊ ရုပ်ပုံများ၊ အွန်လိုင်းရင်းမြစ်များ၊ အင်တာနက် ဝက်ဘ်ဆိုက်ဒ်များ မှတစ်ဆင့် ခရီးသွား လေ့လာခြင်းနှင့် ကြိုတင်ဒီဇိုင်း ရေးဆွဲထားသော သင်ပြမှုပုံစံများ ဖြစ်ကြသည်။

- ရပ်ရွာရင်းမြစ်များဆိုသည်မှာ လူမှုရေးဘာသာ အကြောင်းအရာများ ပိုမိုနက်နဲပြီး သင်ယူသူ ကလေးများ၏ သိမှုနှင့် စိတ်ဝင်စားမှု နယ်ပယ်ကိုလည်း ပိုမိုကျယ်ဝန်းစေကာ လူမှုရေးဘာသာ သင်ကြားသင်ယူလိုစိတ်ကို အားဖြည့်ပေးနိုင်သည့် လူပုဂ္ဂိုလ်များ၊ နေရာဒေသများနှင့် အဖွဲ့အစည်းများ ဖြစ်ကြသည်။ မိမိတို့ ရပ်ရွာအဖွဲ့အစည်းတွင်းရှိ ဒေသန္တရ ရင်းမြစ်များသည် လူသားရင်းမြစ်များ ဖြစ်နိုင်သလို လူသားမဟုတ်သော ရင်းမြစ်များလည်း ဖြစ်နိုင်သည်။ လူသားမဟုတ်သော ရင်းမြစ်များတွင် ရှေးဟောင်း သုတေသနဆိုင်ရာ အပျက်အစီးများ၊ ရှေးဟောင်း အဆောက်အအုံများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရေကန်၊ သစ်ပင်ကြီးများရှိသည့် မြက်ခင်းပြင်များ ကဲ့သို့သော ပထဝီဝင်ဆိုင်ရာ ထင်ရှားသည့် နေရာဒေသများနှင့် သမိုင်းဝင်ထင်ရှားသည့် နေရာဒေသများ ပါဝင်ကြသည်။ လူသားရင်းမြစ်များမှာ စာသင်ခန်းတွင်း သင်ယူမှု အတွေ့အကြုံကောင်းများ ရရှိအောင် စွမ်းဆောင်ရာတွင် အဓိကကျသည်ဟု ဆိုနိုင်သော အသိပညာ၊ ကျွမ်းကျင်မှုများ၊ အတွေ့အကြုံကောင်းများနှင့် ပြည့်စုံသော ဒေသတွင်းရှိ ရပ်ရွာလူထုများပင် ဖြစ်ကြသည်။

## အခန်းဆုံးပြန်လည်သုံးသပ်စဉ်းစားခြင်း

အောက်ပါဖော်ပြချက်ကို ရည်ညွှန်းကိုးကား၍ စာလုံးရေ (၃၀၀) ခန့်ဖြင့် ပြန်လည်သုံးသပ်ခြင်း နေ့စဉ်မှတ်တမ်း (ဂျာနယ်) တစ်ခုကို ရေးပါ –

"*သင်ထောက်ကူပစ္စည်းများသည် လူမှုရေးဘာသာ စာသင်ခန်းများတွင် အရေးကြီးသော အစိတ်အပိုင်း ဖြစ်သည်။*"

ကျောင်းသားများ၏ ပြန်လည်သုံးသပ်ခြင်း နေ့စဉ်မှတ်တမ်း (ဂျာနယ်) တွင် –

- သင်ထောက်ကူပစ္စည်းများ၏ အကျိုးကျေးဇူးများ
- ရင်းမြစ်နည်းပါးသော စာသင်ခန်းများတွင် မည်သို့ ဖြည့်ဆည်း ဆောင်ရွက်နိုင်ကြောင်း
- လူမှုရေးဘာသာ သင်ကြားနည်းလမ်းများကို နည်းပညာက မည်သို့ အပြောင်းအလဲ ဖြစ်စေခဲ့ကြောင်း

- လူမှုရေးဘာသာ အတန်းများတွင် ဒေသန္တရ ရင်းမြစ်များအား ပေါင်းစပ်အသုံးပြုခြင်း အစရှိသည်တို့ကို အဓိကဆိုလိုရင်းများအဖြစ် ထည့်သွင်းဖော်ပြသင့်သည်။

## ဆက်လက်ဖတ်မှတ်စရာများ

**၅.၁။**

Education Services Australia Ltd. (2013). *Selecting a fieldwork site: Years 5 and 6. Geogspace for teachers and secondary students.* Australian Geography Teachers Association.

State Library of Victoria. (2008). *Source analysis templates.* http://ergo.slv.vic.gov.au/teachers/student-templates-source-analysis

Tuimur, H., & Chemwei, B. (2015). Availability and use of instructional materials in the teaching of conflict and conflict resolution in primary schools in Nandi North District, Kenya. *International Journal of Education and Practice, 3*(6), 224–234. https://doi.org/10.18488/journal.61.6.224.234/.2015.3.6/61

အခန်း ၆

# ပထဝီဝင် (အပိုင်း ၂)

ဤအခန်းတွင် ကျောင်းသားများသည် ဒေသန္တရပထဝီဝင်နှင့် လက်တွေ့ပထဝီဝင်တို့ရှိ ပထဝီဝင် ဆိုင်ရာ အခန်းများကို ဆက်လက် စူးစမ်းလေ့လာကြရမည်။ ထို့ပြင် ၎င်းတို့သည် ကမ္ဘာ့မြောက်ပိုင်းနှင့် ကမ္ဘာ့တောင်ပိုင်းဟူသော အမျိုးအစားခွဲမှုအောက်တွင် ရှိနေသည့် နိုင်ငံများအား ဖြစ်ရပ်လေ့လာခြင်းဖြင့် ကမ္ဘာ့မြောက်ပိုင်းနှင့် ကမ္ဘာ့တောင်ပိုင်းတို့ကို စစ်ဆေး လေ့လာကြရမည်။ မြေပုံများနှင့် မိုးလေဝသကားချပ်များ အသုံးပြုသည့် ပထဝီဝင်ဆိုင်ရာ ကျွမ်းကျင်မှုများကိုလည်း စူးစမ်းလေ့လာကြရမည်။ ထို့နောက် ကျောင်းသားများသည် မူလတန်းအောက်ဆင့် အတန်းများအတွက် ရည်ရွယ်ထားသော သင်ပြမှုပုံစံအတွဲများကို ဖန်တီးတင်ပြတတ်ရန် လူမှုရေးဘာသာ သင်ကြား၊သင်ယူခြင်းနှင့် စပ်လျဉ်း၍ နားလည် သဘောပေါက်ထားသော အချက်များကို လက်တွေ့ အသုံးချသွားရမည် ဖြစ်သည်။

**မျှော်မှန်းထားသော သင်ယူမှုရလဒ်များ**

**ဤအခန်းကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် –**

- ကမ္ဘာ့မြောက်ပိုင်းနိုင်ငံ တစ်နိုင်ငံဖြစ်သည့် ပြင်သစ်နိုင်ငံ၏ ပထဝီဝင် အနေအထား၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ ကျန်းမာရေး စောင့်ရှောက်မှု၊ ပညာရေး စသည့် ကဏ္ဍများ ပါဝင်သော အချက်အလက်မှတ်တမ်း တစ်ခုကို ပြုစုတတ်မည်။
- ကမ္ဘာ့မြောက်ပိုင်းနိုင်ငံ တစ်နိုင်ငံ ဖြစ်သည့် ပြင်သစ်နိုင်ငံနှင့် ကမ္ဘာ့တောင်ပိုင်း နိုင်ငံ တစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံတို့၏ လူဦးရေ အချက်အလက်မှတ်တမ်း များကို နှိုင်းယှဉ်တတ်ပြီး ကွဲပြားမှုများ၏ ဆက်နွှယ်မှုတို့ကို စစ်ဆေးလေ့လာ တတ်မည်။
- ကမ္ဘာ့တောင်ပိုင်းနိုင်ငံ တစ်နိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံ၏ ပထဝီဝင် အနေအထား၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ ကျန်းမာရေး စောင့်ရှောက်မှု၊ ပညာရေး စသည့် ကဏ္ဍများ ပါဝင်သော အချက်အလက်မှတ်တမ်း တစ်ခုကို ပြုစုတတ်မည်။

- ကမ္ဘာ့တောင်ပိုင်း နိုင်ငံ နှစ်နိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ လူဦးရေ အချက်အလက်မှတ်တမ်းကို နှိုင်းယှဉ်တတ်ပြီး ကွဲပြားမှုများ၏ ဆက်နွှယ်မှုများကို စစ်ဆေးလေ့လာတတ်မည်။
- ဒေသန္တရပထဝီဝင် သင်ခန်းစာ ခေါင်းစဉ်တစ်ခုကို ရွေးချယ်၍ မူလတန်း အောက်ဆင့် ကျောင်းသားများအတွက် ရိုးရှင်းသော သင်ပြမှုပုံစံ တစ်ခုကို စီစဉ် ရေးဆွဲတတ်မည်။
- သင်ခန်းစာ စီစဉ်ရေးဆွဲမှုဆိုင်ရာ ဆုံးဖြတ်ချက်များအတွက် အခြေခံ အကြောင်းပြချက် တစ်ခုကို အတန်းဖော်များအား တင်ပြတတ်မည်။
- သင်ပြမှုပုံစံတစ်ခု ရေးဆွဲရာတွင် အတန်းဖော်များအား အပြုသဘောဆောင်သော တုံ့ပြန်အကြံပြုချက်များ ပေးတတ်မည်။
- တိုက်ကြီးများကို သတ်မှတ်ဖော်ထုတ်ရန် မြေပုံ၊ ကမ္ဘာလုံး (သို့မဟုတ်) မြေပုံ စာအုပ်တို့ကို အသုံးပြုတတ်မည်။
- လတ္တီကျုကို ကိုးကား၍ ကမ္ဘာပေါ်ရှိ အဓိက ဥတုရာသီ ရပ်ဝန်းဒေသများကို အမျိုးအစား ခွဲခြား တတ်မည်။
- တိုက်ကြီးအမျိုးမျိုးနှင့် ၎င်းတို့၏ အဓိက အင်္ဂါရပ်များကို နှိုင်းယှဉ်ခွဲခြားတတ်မည်။
- ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံ၏ တည်နေရာကို ရှာဖွေပြီး အမျိုးအစားခွဲခြားရန် မြေပုံကို အသုံးပြုတတ်မည်။
- ပညာရေးဒီဂရီကောလိပ်(သို့မဟုတ်) ဒေသဆိုင်ရာ နယ်မြေတစ်ခု၏ မြေပုံကို အခြေခံ မြေပုံဆွဲနည်း အသုံးပြု၍ ရေးဆွဲတတ်မည်။
- ဥတုရာသီနှင့် မိုးလေဝသ အကြားရှိ ဆက်နွှယ်မှုကို အကဲဖြတ်သုံးသပ်တတ်မည်။
- မြန်မာနိုင်ငံအတွင်းရှိ မိုးလေဝသပုံစံများကို ဖြစ်ပေါ်စေသော အကြောင်းရင်းများကို ဆန်းစစ် လေ့လာတတ်မည်။
- မြန်မာနိုင်ငံ ဒေသအသီးသီးနှင့် ရာသီအမျိုးမျိုးတွင် မိုးရွာသွန်းမှု ပုံစံများ ကွဲပြားကြောင်းနှင့် အပူချိန်တို့ မတူညီကြောင်း သတ်မှတ်ဖော်ထုတ်ရန် အချက်အလက်များအား အဓိပ္ပာယ်ဖွင့် ကောက်ချက်ချတတ်မည်။
- လူသားတို့၏ ဘဝရှင်သန်မှုတွင် ဥတုရာသီ၏ အကျိုးသက်ရောက်ပုံနှင့် ဥတု ရာသီအပေါ် လူသားတို့၏ ဘဝရှင်သန်မှုများက အကျိုးသက်ရောက်ပုံတို့ကို ဆွေးနွေးတတ်မည်။

- မြန်မာနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်တို့အပေါ် ရာသီဥတုပြောင်းလဲမှုများကြောင့် ဖြစ်ပေါ်လာနိုင်သော အကျိုးသက်ရောက်မှုများကို လေးနက်စွာ ပြန်လည်သုံးသပ်တတ်မည်။
- လက်တွေ့ပထဝီဝင် သင်ခန်းစာ ခေါင်းစဉ်တစ်ခုကို ရွေးချယ်၍ မူလတန်းအောက်ဆင့် ကျောင်းသားများအတွက် ရိုးရှင်းသော သင်ပြမှုပုံစံတစ်ခု ရေးဆွဲတတ်မည်။
- သင်ခန်းစာ စီစဉ်ရေးဆွဲမှုဆိုင်ရာ ဆုံးဖြတ်ချက်များအတွက် အခြေခံအကြောင်းပြချက် တစ်ခုကို အတန်းဖော်များအား တင်ပြတတ်မည်။
- သင်ပြမှုပုံစံရေးဆွဲခြင်းနှင့် စပ်လျဉ်း၍ အတန်းဖော်များအား အပြုသဘောဆောင်သော တုံ့ပြန်အကြံပြုချက်များ ပေးတတ်မည်။

## ရရှိသွားမည့် တတ်ကျွမ်းမှုများ

(က) (၁.၁) ကျောင်းသားများ၏ အသက်အရွယ်၊ ဖွံ့ဖြိုးမှုအဆင့်နှင့် လိုက်လျောညီထွေစွာ မည်သို့ သင်ယူကြသည်ကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(က) (၂.၁) သင်ကြားသင်ယူမှုဆိုင်ရာ နည်းဗျူဟာအမျိုးမျိုးနှင့် ရင်းမြစ်အမျိုးမျိုးကို ဆီလျော်စွာ အသုံးပြုနိုင်မှုအား နားလည်သဘောပေါက်ကြောင်း ပြသသည်။

(က) (၄.၁) အခြေခံပညာသင်ရိုးညွှန်းတမ်းတွင် ဖော်ပြထားသည့် သင်ရိုးဖွဲ့စည်းပုံ၊ အကြောင်းအရာနှင့် မျှော်မှန်းထားသော သင်ယူမှုရလဒ်များကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(က) (၅.၁) အတန်း (အဆင့်) တစ်ခုခုတွင် သင်ကြားရန် တာဝန်ပေးအပ်ထားသော ဘာသာရပ် အကြောင်းအရာကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(ခ) (၁.၃) ကျောင်းသားများ၏ သင်ယူနိုင်မှုစွမ်းရည်၊ အတွေ့အကြုံများနှင့် ကိုက်ညီသော သင်ပြမှုပုံစံကို ကောင်းမွန်စွာ ရေးဆွဲပြင်ဆင်နိုင်ကြောင်း ပြသည်။

(ဃ) (၁.၁) မိမိ၏လက်တွေ့ သင်ကြားမှုလုပ်ငန်းများနှင့် ကျောင်းသားများ၏ သင်ယူမှုအပေါ် ယင်းတို့၏ အကျိုးသက်ရောက်ပုံကို ပုံမှန် ထင်ဟပ်စဉ်းစားသုံးသပ်သည်။

(ဃ) (၂.၁) အခြားဆရာများထံမှ သင်ယူခြင်းဖြင့်လည်းကောင်း၊ သင်ကြားရေး အတတ်ပညာဆိုင်ရာ စွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းများအားဖြင့် လည်းကောင်း၊ မိမိ၏ လက်တွေ့ သင်ကြားမှုများကို တိုးတက်စေသည်။

# ၆.၁။ ဒေသန္တရ ပထဝီဝင်

ဤအခန်းငယ်တွင် ကျောင်းသားများသည် ကမ္ဘာ့မြောက်ပိုင်းနှင့် ကမ္ဘာ့တောင်ပိုင်းဟူသော အမျိုးအစားခွဲမှုအောက်တွင် ရှိနေသည့် နိုင်ငံများအား ဖြစ်ရပ်လေ့လာခြင်းဖြင့် ကမ္ဘာ့မြောက်ပိုင်းနှင့် ကမ္ဘာ့တောင်ပိုင်းတို့ကို စစ်ဆေးလေ့လာကြရမည်။ ထို့နောက် ၎င်းတို့သည် မူလတန်းအောက်ဆင့် ဒေသန္တရ ပထဝီဝင် သင်ပြမှုပုံစံ တစ်ခုကို ဖန်တီးတင်ပြရန် လူမှုရေးဘာသာ သင်ကြား၊ သင်ယူခြင်းနှင့် စပ်လျဉ်း၍ နားလည်သဘောပေါက်ထားသော အချက်များကို လက်တွေ့ အသုံးချနိုင်မည် ဖြစ်သည်။။။

## ၆.၁.၁။ ကမ္ဘာ့မြောက်ပိုင်း (ပြင်သစ်နိုင်ငံ)

**မျှော်မှန်းထားသော သင်ယူမှုရလဒ်များ**

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် –**

- ကမ္ဘာ့မြောက်ပိုင်းနိုင်ငံ တစ်နိုင်ငံဖြစ်သည့် ပြင်သစ်နိုင်ငံ၏ ပထဝီဝင် အနေအထား၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ ကျန်းမာရေး စောင့်ရှောက်မှု၊ ပညာရေး စသည့် ကဏ္ဍများပါဝင်သော အချက်အလက်မှတ်တမ်း တစ်ခုကို ပြုစုတတ်မည်။
- ကမ္ဘာ့မြောက်ပိုင်းနိုင်ငံ တစ်နိုင်ငံ ဖြစ်သည့် ပြင်သစ်နိုင်ငံနှင့် ကမ္ဘာ့တောင်ပိုင်း နိုင်ငံ တစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံတို့၏ လူဦးရေ အချက်အလက်မှတ်တမ်း များကို နှိုင်းယှဉ်တတ်ပြီး ကွဲပြားမှုများ၏ ဆက်နွယ်မှုတို့ကို စစ်ဆေးလေ့လာ တတ်မည်။

## ရရှိသွားမည့် တတ်ကျွမ်းမှုများ

(က) (၄.၁.၁) အဆင့်အလိုက်၊ အတန်းအလိုက်၊ ဘာသာရပ်အလိုက် သင်ကြားသော မူလတန်း သင်ရိုးညွှန်းတမ်းသင်ယူမှု၏ အဓိကအသိသညာများ၊ အကြောင်းအရာများ၊ သင်ယူမှု ဦးတည်ချက်များနှင့် သင်ယူမှုရလဒ်များကို ဖော်ပြသည်။

(က) (၄.၁.၂) သင်ရိုးညွှန်းတမ်း၏ လိုအပ်ချက်များကို ထင်ဟပ်စဉ်းစားပြီး ဆီလျော်သော သင်ကြား၊ သင်ယူမှုလုပ်ငန်းများနှင့် သင်ထောက်ကူပစ္စည်းများ ပါဝင်သော သင်ပြမှုပုံစံများကို ပြင်ဆင်ရေးဆွဲသည်။

(က) (၅.၁.၁) အတန်းအဆင့်များအလိုက် သင်ကြားသော ဘာသာရပ်ဆိုင်ရာ အဓိက အသိသညာများ၊ ကျွမ်းကျင်မှုများ၊ နည်းလမ်းများနှင့် အသုံးချမှုများကို ဖော်ပြသည်။

(က) (၅.၁.၂) ကျောင်းသားများ ဘာသာရပ်ဆိုင်ရာ အကြောင်းအရာများနှင့် ကျွမ်းကျင်မှုများ သင်ယူရာတွင် အထောက်အပံ့ပြုနိုင်ရန် တိကျမှန်ကန်ဆီလျော်သော သတင်း အချက်အလက်များ၊ နမူနာများနှင့် လေ့ကျင့်ခန်းများကို သင်ခန်းစာများတွင် ထည့်သွင်းသည်။

**အချိန်** – မိနစ် (၅၀) ကြာ စာသင်ချိန် တစ်ချိန်။

## သင်ယူမှုနည်းလမ်းများ

သင်ယူမှုလုပ်ငန်း (၁)။ နိုင်ငံတစ်နိုင်ငံ၏ အချက်အလက်မှတ်တမ်း ပြုစုခြင်း – ပြင်သစ်နိုင်ငံ

သင်ယူမှုလုပ်ငန်း (၂)။ အချက်အလက်များ ဆန်းစစ်လေ့လာခြင်း – လူဦးရေပိရမစ် နှိုင်းယှဉ်ချက်

**စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများ** – မေးခွန်းမေးမြန်းခြင်း၊ အချင်းချင်း စစ်ဆေး အကဲဖြတ်ခြင်း၊ ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း။

## လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ

ကျောင်းသားကိုင်စာအုပ်ပါ သင်ခန်းစာ (၆.၁.၁) ကို ဖတ်ရှုပါ။

## လိုအပ်သော ရင်းမြစ်များ

သင်ယူမှုလုပ်ငန်း (၁)။ ကျောင်းသားကိုင်စာအုပ်၊ ဘောပင်

သင်ယူမှုလုပ်ငန်း (၂)။ ကျောင်းသားကိုင်စာအုပ်၊ ဘောပင်

ဤစာသင်ချိန်ကို အောက်ပါအတိုင်း ဖွဲ့စည်းထားသည် –

| | |
|---|---|
| မိတ်ဆက် | ၅ မိနစ် |
| သင်ယူမှုလုပ်ငန်း (၁) | ၁၅ မိနစ် |
| သင်ယူမှုလုပ်ငန်း (၂) | ၂၀ မိနစ် |
| ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း | ၁၀ မိနစ် |

## မိတ်ဆက်

| | |
|---|---|
| **အချိန်** | ၅ မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ ကျောင်းသားများအား စာသင်ခန်းမှ ကြိုဆိုပါ။ ကျောင်းသားများအား ကမ္ဘာ့မြောက်ပိုင်းနိုင်ငံ တစ်ခုဖြစ်သည့် ပြင်သစ်နိုင်ငံ၏ ဖြစ်ရပ်လေ့လာမှုတစ်ခုကို တာဝန်ယူလုပ်ဆောင်ခြင်းဖြင့် ဆက်လက် စူးစမ်းလေ့လာကြရမည်ဖြစ်ကြောင်း ရှင်းပြပါ။

၂။ ကျောင်းသားများအား သင်ခန်းစာ (၆.၁.၁) အတွက် သင်ယူမှုရလဒ်များကို ကားချပ်ကြီးပေါ် (သို့မဟုတ်) ၎င်းတို့၏ ကျောင်းသားကိုင်စာအုပ်တွင် ညွှန်ပြပြီး အဆိုပါ သင်ယူမှုရလဒ်များကို သင်ယူမှုလုပ်ငန်း (၁) နှင့် (၂) တို့ လုပ်ဆောင်ခြင်းဖြင့် ရရှိနိုင်မည်ဖြစ်ကြောင်း ရှင်းပြပါ။

၃။ ပထမ သင်ယူမှုလုပ်ငန်းအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ကျောင်းသားများအား အုပ်စုငယ်များအဖြစ် ဖွဲ့ပါ။

## သင်ယူမှုလုပ်ငန်း (၁)။ နိုင်ငံတစ်နိုင်ငံ၏ အချက်အလက်မှတ်တမ်း ပြုစုခြင်း – ပြင်သစ်နိုင်ငံ

| | |
|---|---|
| **အချိန်** | ၁၅ မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | ကျောင်းသားသုံးဦး (သို့မဟုတ်) လေးဦး ပါဝင်သော အုပ်စုများ |

## ရည်ရွယ်ချက်

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ကျောင်းသားများအနေဖြင့် ကမ္ဘာ့မြောက်ပိုင်း နိုင်ငံတစ်နိုင်ငံဖြစ်သော ပြင်သစ်နိုင်ငံ၏ ပထဝီဝင်အနေအထား၊ အုပ်ချုပ်ပုံ၊ စီးပွားရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပညာရေး စသည့် ကဏ္ဍများ ပါဝင်သော အချက်အလက်မှတ်တမ်းတစ်ခုကို ပြုစုရန် ဖြစ်သည်။

၁။ ကျောင်းသားများအား အုပ်စုငယ်များ ဖွဲ့၍ သင်ခန်းစာ (၆.၁.၁) တွင် ဖော်ပြထားသော ပြင်သစ်နိုင်ငံ၏ သတင်းအချက်အလက်များအား ဖတ်ရှုလေ့လာစေပါ။

၂။ ကျောင်းသားများအား ဇယား (၆.၁) ရှိ ဘယ်ဘက်ဇယားတိုင်တွင် အဆိုပါ သတင်းအချက်အလက်များကို ဖြည့်သွင်းရန် ညွှန်ကြားပါ။

## ဆရာ့မှတ်စု

အကယ်၍ ကျောင်းသားများက အင်တာနက်ကွန်ရက်၊ မိုဘိုင်းဖုန်းနှင့် ကွန်ပျူတာများ အသုံးပြုခွင့် ရရှိမည်ဆိုပါက –

- ပြင်သစ်နိုင်ငံနှင့် ပတ်သက်သည့် ထပ်ဆောင်း သတင်းအချက်အလက်များကို အွန်လိုင်းမှ ရှာဖွေရယူထားရန်နှင့်
- ၎င်းတို့အား ဇယား (၆.၁) ရှိ သင့်လျော်သောဇယားတန်း(များ) တွင် မှတ်တမ်းတင်ထားရန် တိုက်တွန်းအားပေးပါ။

၃။ ကျောင်းသားများအား ဇယားမှ နောက်ဆုံး (အောက်ဆုံး) ဇယားတန်းသည် ထပ်ဆောင်း အချက်အလက်များ ရေးသွင်းရန် ရည်ရွယ်သတ်မှတ်ထားကြောင်း အလေးပေးဖော်ပြပေးပါ။ ကျောင်းသားများသည် အခြားသော ကဏ္ဍများတွင် ထည့်သွင်းရန် မဆီလျော်သည့် လေ့လာချက်မှ ထပ်ဆောင်း သတင်းအချက်အလက်များ ရှိပါက အဆိုပါ ဇယားတန်းကို အသုံးပြုနိုင်သည်။

၄။ ဤအဆင့်တွင် ကျောင်းသားများအား ဇယား၏ ညာဘက်ဇယားတိုင်ကို ကွက်လပ်ချန်ထားစေပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားအုပ်စုများ ဇယား (၆.၁) အား ပြည့်စုံအောင် ရေးသွင်းနေစဉ် အခန်းထဲတွင် လှည့်လည်ကြည့်ရှုနေပါ။ ကျောင်းသားလုပ်ဆောင်ချက်ကို ပြန်လည်သုံးသပ်ပေးပါ။ အကယ်၍ အုပ်စုတစ်စုက အဖြေမှားယွင်းဖြေဆိုထားသည်ကို တွေ့ရှိပါက အဖြေမှန်ကို မပေးဘဲ အလွယ်တကူ နားလည်သွားစေမည့် မေးခွန်းများ မေးမြန်းခြင်းဖြင့် အဖြေမှန် သတ်မှတ် ဖော်ထုတ်တတ်စေရန် ကူညီပေးပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

**ဆရာလမ်းညွှန် ဇယား ၆.၁။ ဖြည့်စွက်ပြီး – ကမ္ဘာ့မြောက်ပိုင်းနိုင်ငံတစ်နိုင်ငံ၏ အချက်အလက်မှတ်တမ်း**

| အင်္ဂါရပ်များ | ပြင်သစ်နိုင်ငံ |
|---|---|
| **တည်နေရာနှင့်မြို့တော်** | ပြင်သစ်နိုင်ငံသည် ဥရောပတိုက် အနောက်ပိုင်းတွင် တည်ရှိသည်။ မြောက်ပင်လယ်၊ အင်္ဂလိပ်ရေလက်ကြား၊ အတ္တလန်တိတ်သမုဒ္ဒရာနှင့် မြေထဲပင်လယ်တို့နှင့် နယ်နိမိတ် ထိစပ်နေသည်။ ကုန်းမြေ နယ်နိမိတ်အဖြစ် အခြားသော ဥရောပတိုက် နိုင်ငံ ခုနစ်နိုင်ငံနှင့် ထိစပ်နေသည်။ မြို့တော်မှာ ပဲရစ်မြို့ဖြစ်သည်။ |
| **ပထဝီဝင်ဆိုင်ရာ အင်္ဂါရပ်များ** | ပြင်သစ်နိုင်ငံသည် ၅၅၁,၅၀၀ စတုရန်းကီလိုမီတာ ရှိ၍ ဥရောပသမဂ္ဂတွင် အကြီးဆုံးနိုင်ငံဖြစ်သည်။ ကမ်းရိုးတန်းလွင်ပြင်များနှင့် တောင်ကုန်း တောင်တန်းဒေသများ စသည့် ပထဝီဝင်ဆိုင်ရာ အင်္ဂါရပ် များစွာရှိသည်။ ဥရောပတိုက်တွင် အမြင့်ဆုံးဖြစ်သော ဘလော့ (င) တောင်တန်းသည် ပြင်သစ်နိုင်ငံတွင် တည်ရှိသည်။ ပြင်သစ်နိုင်ငံတွင် အဓိကမြစ်ကြီး (၄) သွယ် ရှိသည်။ |
| **ဘာသာစကား** | ပြင်သစ် |
| **အုပ်ချုပ်မှုစနစ်** | ဖွဲ့စည်းပုံအခြေခံဥပဒေအရ အုပ်ချုပ်သည့် သမ္မတနိုင်ငံ(ဒီမိုကရေစီနိုင်ငံ) |
| **လူဦးရေ** | ၆၇ သန်း |
| **ပြည်တွင်းအသားတင် ထုတ်လုပ်မှုအရ တစ်ဦးချင်းဝင်ငွေ** | လူတစ်ဦးလျှင် အမေရိကန်ဒေါ်လာ – ၄၅၄၅၄ |
| **လူသားဖွံ့ဖြိုးတိုးတက်မှု အညွှန်းကိန်း** | ၀.၉၀၁ (အလွန်မြင့်မား) |
| **စီးပွားရေး** | အဓိက ကဏ္ဍကြီးသုံးခုဖြင့် ဖွဲ့စည်းထားသော ဘက်စုံ စီးပွားရေး – ဝန်ဆောင်မှု ကဏ္ဍ၊ စက်မှုနှင့် ကုန်ထုတ်လုပ်မှုကဏ္ဍနှင့် စိုက်ပျိုးရေးကဏ္ဍ တို့ရှိသည်။<br><br>ပြည်ပပို့ကုန်များမှာ လေယာဉ်ပျံ၊ ဟယ်လီကော်ပတာ (ရဟတ်ယာဉ်များ) နှင့် အာကာသယာဉ် တို့ဖြစ်ကြ၍ အကြီးမားဆုံးသော ကုန်သွယ်ဘက်နိုင်ငံများမှာ ဂျာမနီ၊ အမေရိကန်ပြည်ထောင်စု၊ အီတလီ၊ ဘယ်လ်ဂျီယံ–လူဇင်ဘတ်၊ စပိန် နှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံတို့ ဖြစ်ကြသည်။<br><br>စီးပွားရေး ဘုံဈေးတစ်ခုဖြစ်သည့် ဥရောပဇုန် အစိတ်အပိုင်း တစ်ခုလည်း ဖြစ်သည်။ (ဥရောပ ဘုံဈေးအဖွဲ့ဝင်) |
| **ကျန်းမာရေး စောင့်ရှောက်မှု** | လူတိုင်း လက်လှမ်းမီနိုင်သော ကျန်းမာရေး စောင့်ရှောက်မှု စနစ်ရှိသည်။<br><br>အသက်ရှင်သန်မှု သက်တမ်းမှာ မြင့်မားသည်။ |
| **ပညာရေး** | ပြည်သူ့ပညာရေးစနစ် ဖြစ်သည်။ အသက် (၆) နှစ်မှ (၁၆) နှစ် အထိ မသင်မနေရ ပညာရေး (ကျောင်းနေရေး) ဖြစ်သည်။ လူကြီးစာတတ်မြောက်မှုနှုန်း ၉၉ ရာခိုင်နှုန်း ရှိသည်။ |

## သင်ယူမှုလုပ်ငန်း (၂)။ အချက်အလက်များ ဆန်းစစ်လေ့လာခြင်း – လူဦးရေ ပိရမစ် နှိုင်းယှဉ်ချက်

| | |
|---|---|
| **အချိန်** | ၂၀ မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | ကျောင်းသားသုံးဦးမှ လေးဦးအထိ ပါဝင်သော အုပ်စုများ |

## ရည်ရွယ်ချက်

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ကျောင်းသားများအနေဖြင့် ကမ္ဘာ့မြောက်ပိုင်းနိုင်ငံ တစ်နိုင်ငံဖြစ်သည့် ပြင်သစ်နိုင်ငံ၏ လူဦးရေ အချက်အလက်မှတ်တမ်းနှင့် ကမ္ဘာ့တောင်ပိုင်းနိုင်ငံ တစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံ၏ လူဦးရေ အချက်အလက်မှတ်တမ်းတို့ကို နှိုင်းယှဉ်ပြီး ကွဲပြားမှုများ၏ ဆက်နွယ်မှုများကို စစ်ဆေးလေ့လာရန် ဖြစ်သည်။

၁။ အုပ်စုငယ်များဖွဲ့၍ ကျောင်းသားများအား ကျောင်းသားကိုင်စာအုပ်မှ ပုံ (၆.၂) ကို ကြည့်ရှုလေ့လာစေပါ။

၂။ ကျောင်းသားများအား –

- လူဦးရေပိရမစ်များတွင် ဖော်ပြထားသော အချက်အလက်များနှင့်
- အွန်လိုင်းမှ ရှာဖွေရယူထားသော ထပ်ဆောင်း အချက်အလက်များကို အခြေပြု နှိုင်းယှဉ်၍ ဇယား (၆.၂) မှ မေးခွန်းများကို ဖြေဆိုရန် ညွှန်ကြားပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

အုပ်စုများက ဇယား (၆.၂) ကို ဖြည့်စွက်နေစဉ် အခန်းထဲတွင် လှည့်လည် ကြည့်ရှုနေပါ။ ကျောင်းသားများက လုပ်ဆောင်ချက်များကိုရေးသားနေစဉ် ပြန်လည်ဆန်းစစ်ပေးပါ။ အကယ်၍ အုပ်စုတစ်ခုမှ အဖြေမှားယွင်းဖြေဆိုထားသည်ကို တွေ့ရှိပါက အဖြေမှန်ကို မပေးဘဲ အလွယ်တကူ နားလည်စေမည့် မေးခွန်းများ မေးမြန်းခြင်းဖြင့် အဖြေမှန် ဖော်ထုတ်တတ်စေရန် ကူညီပေးပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

### ဆရာလမ်းညွှန် ဇယား ၆.၂။ ဖြည့်စွက်ပြီး – လူဦးရေ ပိရမစ်နှိုင်းယှဉ်ချက်

| မေးခွန်း | မြန်မာနိုင်ငံ | ပြင်သစ်နိုင်ငံ |
|---|---|---|
| စုစုပေါင်း လူဦးရေ မည်မျှရှိသနည်း။ | ၅၄,၄၀၉,၇၉၄ | ၆၅,၂၇၃,၅၁၂ |
| လူဦးရေ ကျဆင်းနေသလား (သို့မဟုတ်) တိုးပွားလာသလား။ | တိုးပွားလာသည်။ (သက္ကရာဇ် ၂၀၂၀ ပြည့်နှစ်တွင် တိုးတက်မှု ၀.၇ ရာခိုင်နှုန်း)[၆] | တိုးပွားလာသည်။ (သက္ကရာဇ် ၂၀၂၀ ပြည့်နှစ်တွင် တိုးတက်မှု ၀.၂ ရာခိုင်နှုန်း)[၇] |
| မည်သည့်နိုင်ငံက သက်ကြီးရွယ်အိုများ ပိုများပြီး မည်သည့်နိုင်ငံက လူငယ် လူရွယ်များ ပိုများသနည်း။ ဤကွဲပြားချက်များ၏ ဆက်နွယ်မှုများမှာ မည်သည်တို့ဖြစ်ကြသနည်း။ | စုစုပေါင်းလူဦးရေ၏ ပျမ်းမျှ အသက်အရွယ် = ၂၉ နှစ် (၂၀၂၀ ပြည့်နှစ်)[၈]<br><br>လူငယ်လူရွယ်ဦးရေ ပိုများသည်။ အများဆုံး အသက်အုပ်စုမှာ (၁၅) နှစ်နှင့် (၁၉) နှစ်ကြား အုပ်စုဖြစ်သည်။ ဤလူငယ်များသည် နောင်လာမည့်နှစ် အနည်းငယ်တွင် လုပ်ငန်းခွင် ဝင်ရောက်လာကြမည်မှာ သိသာထင်ရှားသည်။ | စုစုပေါင်းလူဦးရေ၏ ပျမ်းမျှ အသက်အရွယ် = ၄၂.၃ နှစ် (၂၀၂၀ ပြည့်နှစ်)[၉]<br><br>သက်ကြီးရွယ်အိုများ ပိုများသည်။ အများဆုံး အသက်အုပ်စုမှာ ၄၅–၅၀ ကြားနှင့် ၅၀–၅၅ ကြား အုပ်စု ဖြစ်သည်။ ဤလူများသည် မကြာမီ လုပ်ငန်းခွင်မှ ထွက်ခွာ အနားယူကြမည် ဖြစ်သောကြောင့် သက်ကြီးစောင့်ရှောက်ရေး ဝန်ဆောင်မှုလုပ်ငန်းများ လိုအပ်လာမည်မှာ သိသာထင်ရှားသည်။ |
| မည်သည့် နိုင်ငံက အလုပ်လုပ်နိုင်သည့် လူဦးရေ ပိုများသနည်း။ ဤကွဲပြားမှုများ၏ ဆက်နွယ်မှုများမှာ မည်သည်တို့ဖြစ်ကြသနည်း။ | အလုပ်လုပ်နိုင်သည့် လူဦးရေ များပြားသည်။ အများစုမှာ လူငယ်များဖြစ်ကြပြီး အလုပ်အကိုင်ရရှိ/မြဲမြံစေရေးအတွက် ထပ်ဆောင်း လေ့ကျင့်မှု သင်တန်းနှင့် ပညာပေး အစီအစဉ်များ လိုအပ်လာမည် ဖြစ်သည်။ | အလုပ်လုပ်နိုင်သည့် လူဦးရေ များပြားသည်။ သို့သော် အသက်ကြီးသူများ လုပ်ငန်းခွင်မှ ထွက်ခွာသွားသည့်အခါ ၎င်းတို့နေရာတွင် အစားထိုးရန် အရေအတွက် မလုံလောက်မှုကြောင့် ထိပ်သီးပိုင်းတွင် ဝန်ပိနေခြင်းများ ရှိသည်။ |

၆ World Bank. (2021).

၇ World Bank. (2021).

၈ UN Department of Economic and Social Affairs, Population Division. (2019b).

၉ UN Department of Economic and Social Affairs, Population Division. (2019b).

| | |
|---|---|
| ပြင်သစ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ လူဦးရေ မည်သို့ တူညီကြသနည်း။ မည်သို့ ကွဲပြားကြသနည်း။ | ပြင်သစ်နိုင်ငံတွင် သက်ကြီးရွယ်များရှိပြီး အလုပ်လုပ်နိုင်သည့် လူဦးရေများသည်။ ပြင်သစ်နိုင်ငံသားများသည် သက်တမ်း ပိုရှည်ကြသည်။ အသက်မွေးစမှ (၄) နှစ်ထိ ကလေးများ အုပ်စုသည် အခြားအသက်အရွယ် အုပ်စုများထက် ပိုနည်းနေသည်။<br><br>မြန်မာနိုင်ငံတွင် လူငယ်လူဦးရေအုပ်စုနှင့် နှိုင်းယှဉ်ပါက သက်ကြီးလူကြီးအုပ်စုမှာ ပိုနည်းသည်။ ဤလူငယ်များသည် မဝေးသော အနာဂတ်တွင် ပညာရေးနှင့် အလုပ်အကိုင်များ လိုအပ်လာမည် ဖြစ်သည်။<br><br>သို့ရာတွင် မြန်မာ့လူဦးရေ ဖွဲ့စည်းပုံသည် အပြောင်းအလဲကာလ တစ်ခုကို ဖော်ပြနေသည်။ (ဆိုလိုသည်မှာ ကလေးမွေးဖွားမှုနည်း ကျဆင်းလာသည်နှင့်အတူ သက်ကြီးဦးရေများလည်း ကျဆင်းလာသည်) မွေးကင်းစမှ (၄) နှစ်ကြားအရွယ်နှင့် (၅) နှစ်မှ (၉) နှစ်ကြားအရွယ် ရှိသည့် အစောပိုင်း အသက်အုပ်စုတို့မှာ အရေအတွက်အရ လျော့နည်းလာခြင်းဖြင့် သက်သေခံနေသည်။ |

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း

| | |
|---|---|
| **အချိန်** | ၁၀ မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

ကျောင်းသားများအား အုပ်စုတစ်စုတည်းအဖြစ် ၎င်းတို့နေရာတွင် အတူတကွ ပြန်လည်နေရာယူစေပါ။ ကျောင်းသားများအား ဇယား (၆.၂) မှ မေးခွန်းများ၏ အဖြေများကို ဖတ်ကြားစေခြင်းဖြင့် မြန်မာနိုင်ငံနှင့် ပြင်သစ်နိုင်ငံတို့၏ လူဦးရေကို နှိုင်းယှဉ်စေပါ။ မေးခွန်းတစ်ခုစီအတွက် အဖြေတစ်ခု (သို့မဟုတ်) နှစ်ခု ရယူထားပါ။ အခြားကျောင်းသားများအား အတန်းဖော်များ၏ အဖြေများကို ဖြည့်စွက်ပေးရန် ဖိတ်ခေါ်ပါ။

အောက်ပါမေးခွန်းများကို ဖြေကြားမည့် အချိန်တို ဆွေးနွေးပွဲ တစ်ခုလုပ်ဆောင်ပါ။

- မြန်မာနိုင်ငံ၏ လူဦးရေနှင့် စီးပွားရေး မည်သို့သော ပတ်သက် ဆက်နွှယ်မှုများ ရှိသနည်း။
- မြန်မာနိုင်ငံ၏ လူဦးရေနှင့် သဘာဝပတ်ဝန်းကျင် မည်သို့ ပတ်သက် ဆက်နွှယ်မှုများ ရှိသနည်း။

ဖြစ်နိုင်ခြေရှိသော အဖြေများ –

- မြန်မာနိုင်ငံ၏ အလုပ်လုပ်နိုင်သော အသက်အရွယ် လူဦးရေ များပြားခြင်း – အများစုမှာ လူငယ်များဖြစ်ကြခြင်း။ နိုင်ငံတော်အစိုးရအနေဖြင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်း (ပညာပေးခြင်းနှင့် လေ့ကျင့်သင်တန်းပေးခြင်း) နှင့် အလုပ်အကိုင် အခွင့်အလမ်း ဖန်တီးခြင်းတို့တွင် ရင်းနှီးမြှုပ်နှံမည့် စီးပွားရေးကဏ္ဍတစ်ခု၌ ထဲထဲဝင်ဝင် လုပ်ဆောင်ရန် လိုအပ်သည်။
- မြန်မာနိုင်ငံ၏ လူဦးရေ များပြားလာခြင်းသည် သဘာဝပတ်ဝန်းကျင်အပေါ် ဖိအား ထပ်တိုးစေသည်။ အထူးသဖြင့် အလယ်ပိုင်း ခြောက်သွေ့ဇုန်များတွင် သောက်သုံးရေ မလုံလောက်မှုနှင့် အစားအစာ လုံခြုံစိတ်ချမှု မရှိခြင်းတို့ကြောင့် ရောဂါဘယများ ထူပြောလာခြင်း (ဥတုရာသီ ဖောက်ပြန်ပြောင်းလဲမှုကြောင့် ပိုမိုဆိုးရွားလာခြင်း) အစရှိသည့် ဖိအားများ ထပ်တိုးလာနိုင်သည်။

## ၆.၁.၂။ ကမ္ဘာ့တောင်ပိုင်း (အိန္ဒိယနိုင်ငံ)

### မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် –**

- ကမ္ဘာ့တောင်ပိုင်းနိုင်ငံ တစ်နိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံ၏ ပထဝီဝင် အနေအထား၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပညာရေး စသည့် ကဏ္ဍများ ပါဝင်သော အချက်အလက်မှတ်တမ်း တစ်ခုကို ပြုစု တတ်မည်။
- ကမ္ဘာ့တောင်ပိုင်းနိုင်ငံ နှစ်နိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ လူဦးရေ အချက်အလက်မှတ်တမ်းကို နှိုင်းယှဉ်တတ်ပြီး ကွဲပြားမှုများ၏ ဆက်နွယ်မှုများကို စစ်ဆေးလေ့လာတတ်မည်။

## ရရှိသွားမည့် တတ်ကျွမ်းမှုများ

(က) (၄.၁.၁) အဆင့်အလိုက်၊ အတန်းအလိုက်၊ ဘာသာရပ်အလိုက် သင်ကြားသော မူလတန်း သင်ရိုးညွှန်းတမ်း သင်ယူမှု၏ အဓိကအသိသညာများ၊ အကြောင်းအရာများ၊ သင်ယူမှု ဦးတည်ချက်များနှင့် သင်ယူမှုရလဒ်များကို ဖော်ပြသည်။

(က) (၄.၁.၂) သင်ရိုးညွှန်းတမ်း၏ လိုအပ်ချက်များကို ထင်ဟပ်စဉ်းစားပြီး ဆီလျော်သော သင်ကြား၊ သင်ယူမှု လုပ်ငန်းများနှင့် သင်ထောက်ကူပစ္စည်းများ ပါဝင်သော သင်ပြမှုပုံစံများကို ပြင်ဆင်ရေးဆွဲသည်။

(က) (၅.၁.၁) အတန်းအဆင့်များ အလိုက် သင်ကြားသော ဘာသာရပ်ဆိုင်ရာ အဓိက အသိသညာများ၊ ကျွမ်းကျင်မှုများ၊ နည်းလမ်းများနှင့် အသုံးချမှုများကို ဖော်ပြသည်။

(က) (၅.၁.၂) ကျောင်းသားများ ဘာသာရပ်ဆိုင်ရာ အကြောင်းအရာများနှင့် ကျွမ်းကျင်မှုများ သင်ယူရာတွင် အထောက်အပံ့ပြုနိုင်ရန် တိကျမှန်ကန်ဆီလျော်သော သတင်းအချက်အလက်များ၊ နမူနာများနှင့် လေ့ကျင့်ခန်းများကို သင်ခန်းစာများတွင် ထည့်သွင်းသည်။

**အချိန်** – မိနစ် (၅၀) ကြာ စာသင်ချိန် တစ်ချိန်။

## သင်ယူမှုနည်းလမ်းများ

သင်ယူမှုလုပ်ငန်း (၁)။ နိုင်ငံတစ်နိုင်ငံ၏ အချက်အလက်မှတ်တမ်း ပြုစုခြင်း – အိန္ဒိယနိုင်ငံ

သင်ယူမှုလုပ်ငန်း (၂)။ အချက်အလက်များ ဆန်းစစ်လေ့လာခြင်း – လူဦးရေပိရမစ် နှိုင်းယှဉ်ချက်

အိမ်စာလုပ်ငန်း။ သင်ပြမှုပုံစံလွှာ – ဒေသန္တရ ပထဝီဝင်

**စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများ** – မေးခွန်းမေးမြန်းခြင်း၊ အချင်းချင်း စစ်ဆေးအကဲဖြတ်ခြင်း၊ ကျောင်းသား၏ လုပ်ဆောင်ချက်ကိုပြန်လည်ဆန်းစစ်ခြင်း။

## လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ

ကျောင်းသားကိုင်စာအုပ် သင်ခန်းစာ (၆.၁.၂) ကို ဖတ်ရှုပါ။

## လိုအပ်သော ရင်းမြစ်များ

သင်ယူမှုလုပ်ငန်း (၁)။ ကျောင်းသားကိုင်စာအုပ်၊ ဘောပင်

သင်ယူမှုလုပ်ငန်း (၂)။ ကျောင်းသားကိုင်စာအုပ်၊ ဘောပင်

## ကမ္ဘာ့တောင်ပိုင်း – အိန္ဒိယနိုင်ငံ

ဤစာသင်ချိန်ကို အောက်ပါအတိုင်း ဖွဲ့စည်းထားသည် –

| | |
|---|---|
| မိတ်ဆက် | ၅ မိနစ် |
| သင်ယူမှုလုပ်ငန်း (၁) | ၁၅ မိနစ် |
| သင်ယူမှုလုပ်ငန်း (၂) | ၁၅ မိနစ် |
| ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း | ၁၅ မိနစ် |
| အိမ်စာလုပ်ငန်း | ကိုယ်ပိုင်အချိန် |

## မိတ်ဆက်

| | |
|---|---|
| အချိန် | ၅ မိနစ် |
| စာသင်ခန်းဖွဲ့စည်းပုံ | တစ်တန်းလုံး |

၁။ ကျောင်းသားများအား စာသင်ခန်းမှ ကြိုဆိုပါ။ ကျောင်းသားများအား ကမ္ဘာ့တောင်ပိုင်းနိုင်ငံ တစ်ခုဖြစ်သည့် အိန္ဒိယနိုင်ငံ၏ ဖြစ်ရပ်လေ့လာခြင်း အစီအစဉ်တစ်ခုကို တာဝန်ယူ လုပ်ဆောင်ခြင်းဖြင့် ဆက်လက် စူးစမ်းလေ့လာကြမည် ဖြစ်ကြောင်း ရှင်းပြပါ။

၂။ ကျောင်းသားများအား သင်ခန်းစာ (၆.၁.၂) အတွက် သင်ယူမှုရလဒ်များကို ကားချပ်ကြီးပေါ် (သို့မဟုတ်) ၎င်းတို့၏ ကျောင်းသားကိုင်စာအုပ်တွင် ညွှန်ပြပြီး အဆိုပါ သင်ယူမှုရလဒ်များကို သင်ယူမှုလုပ်ငန်း (၁) နှင့် (၂) တို့ လုပ်ဆောင်ခြင်းဖြင့် ရရှိနိုင်မည်ဖြစ်ကြောင်း ရှင်းပြပါ။

၃။ ပထမ သင်ယူမှုလုပ်ငန်းအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ကျောင်းသားများအား အုပ်စုငယ်များအဖြစ် ဖွဲ့ပါ။

### သင်ယူမှုလုပ်ငန်း (၁)။ နိုင်ငံတစ်နိုင်ငံ၏ အချက်အလက်မှတ်တမ်း ပြုစုခြင်း – အိန္ဒိယနိုင်ငံ

| အချိန် | ၁၅ မိနစ် |
|---|---|
| စာသင်ခန်းဖွဲ့စည်းပုံ | ကျောင်းသားသုံးဦးမှ လေးဦးအထိ ပါဝင်သော အုပ်စုများ |

## ရည်ရွယ်ချက်

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ကျောင်းသားများအနေဖြင့် ကမ္ဘာ့တောင်ပိုင်း နိုင်ငံတစ်ခု ဖြစ်သည့် အိန္ဒိယနိုင်ငံ၏ ပထဝီဝင်အနေအထား၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ ကျန်းမာရေး စောင့်ရှောက်မှုနှင့် ပညာရေး စသည့် ကဏ္ဍများ ပါဝင်သော အချက်အလက်မှတ်တမ်း တစ်ခုကို ပြုစုရန် ဖြစ်သည်။

၁။ အုပ်စုငယ်များဖွဲ့၍ ကျောင်းသားများအား သင်ခန်းစာ (၆.၁.၂) တွင်ဖော်ပြထားသော အိန္ဒိယနိုင်ငံ၏ သတင်းအချက်အလက်များကို ဖတ်ရှုလေ့လာစေပါ။

၂။ ကျောင်းသားများအား ဇယား (၆.၁) ညာဘက်ဇယားတိုင်တွင် အဆိုပါ သတင်းအချက်အလက်များ ဖြည့်သွင်းရန် ညွှန်ကြားပါ။

## ဆရာ့မှတ်စု

အကယ်၍ ကျောင်းသားက အင်တာနက်ကွန်ရက်၊ မိုဘိုင်းဖုန်းနှင့် ကွန်ပျူတာများ အသုံးပြုခွင့် ရရှိမည်ဆိုပါက –

- အိန္ဒိယနိုင်ငံနှင့် ပတ်သက်၍ ထပ်ဆောင်း အချက်အလက်များကို အွန်လိုင်းမှ ရှာဖွေ ရယူထားရန်နှင့်
- ၎င်းတို့အား ဇယား (၆.၁) မှ သင့်လျော်သော ဇယားတန်း (များ) တွင် မှတ်တမ်းတင်ထားရန် တိုက်တွန်းအားပေးပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားအုပ်စုများ ဇယား (၆.၁) ကို ဖြည့်စွက်နေစဉ် အခန်းထဲတွင် လှည့်လည်ကြည့်ရှုနေပါ။ ကျောင်းသားများ၏ လုပ်ဆောင်ချက်ကို ပြန်လည်သုံးသပ်ပေးပါ။ အကယ်၍ အုပ်စုတစ်စုမှ အဖြေမှားယွင်းဖြေဆိုထားသည်ကို တွေ့ရှိပါက အဖြေမှန်ကို မပေးဘဲ အလွယ်တကူ နားလည်သွားစေမည့် မေးခွန်းများ မေးမြန်းခြင်းဖြင့် အဖြေမှန်ကို ဖော်ထုတ်တတ်ရန် ကူညီပေးပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

**ဆရာလမ်းညွှန် ဇယား ၆.၃။ ဖြည့်စွက်ပြီး – ကမ္ဘာ့တောင်ပိုင်းနိုင်ငံတစ်နိုင်ငံ၏ အချက်အလက် မှတ်တမ်း**

| အင်္ဂါရပ်များ | အိန္ဒိယနိုင်ငံ |
|---|---|
| တည်နေရာနှင့်မြို့တော် | အိန္ဒိယနိုင်ငံသည် တောင်အာရှတွင် တည်ရှိသည်။<br>၃,၂၈၆,၉၂၇ စတုရန်းကီလိုမီတာ ကျယ်ဝန်းပြီး အာရှတိုက်တွင် တရုတ်နိုင်ငံပြီးနောက် ဒုတိယအကြီးဆုံး နိုင်ငံဖြစ်သည်။ ဟိမဝန္တာတောင်တန်း၊ အာရေးဗီးယန်းပင်လယ်၊ ဘင်္ဂလားပင်လယ်အော်နှင့် အိန္ဒိယသမုဒ္ဒရာတို့နှင့် နယ်နိမိတ် ထိစပ်နေသည်။<br>ကုန်းမြေနယ်နိမိတ်အဖြစ် အခြားသော အာရှနိုင်ငံ (၆) နိုင်ငံနှင့် နယ်နိမိတ် ထိစပ်နေသည်။ မြို့တော်မှာ နယူးဒေလီဖြစ်သည်။ |

| အင်္ဂါရပ်များ | အိန္ဒိယနိုင်ငံ |
|---|---|
| **ပထဝီဝင်ဆိုင်ရာ အင်္ဂါရပ်များ** | အိန္ဒိယနိုင်ငံတွင် ကမ်းရိုးတန်းလွင်ပြင်များ၊ သဲကန္တာရများ၊ ကျွန်းများနှင့် များစွာသော တောင်ကုန်းတောင်တန်းများ အစရှိသည့် များစွာသော ပထဝီဝင်ဆိုင်ရာ အင်္ဂါရပ်များ ရှိသည်။ အိန္ဒိယနိုင်ငံတွင် အဓိကမြစ်ကြီး သုံးသွယ် စီးဆင်းလျက်ရှိသည်။ |
| **ဘာသာစကား** | အိန္ဒိယနိုင်ငံ၏ ရုံးသုံးဘာသာစကားမှာ ဟိန္ဒူဘာသာစကားဖြစ်ပြီး ဒီဗာနာဂရီ အရေးအသားကို အသုံးပြုကြသည်။ အိန္ဒိယနိုင်ငံတိုင်းရင်းသား လူမျိုးများ ဖွဲ့စည်းပုံအရ အခြားဘာသာစကား (၂၂) မျိုးကို တရားဝင် အသိအမှတ်ပြု လက်ခံထားကြသည်။ |
| **အုပ်ချုပ်မှုစနစ်** | ဖွဲ့စည်းပုံ အခြေခံ ဥပဒေအရ အုပ်ချုပ်သည့် သမ္မတနိုင်ငံ (ဒီမိုကရေစီနိုင်ငံ) |
| **လူဦးရေ** | ၁.၃ ဘီလျံ (သန်း – ၁၃၀၀) |
| **ပြည်တွင်းအသားတင် ကုန်ထုတ်လုပ်မှုအရ တစ်ဦးချင်းဝင်ငွေ** | လူတစ်ဦးလျှင် အမေရိကန်ဒေါ်လာ – ၆၂၈၃ |
| **လူသားဖွံ့ဖြိုး တိုးတက်မှု အညွှန်းကိန်း** | ၀.၆၄၅ (အလယ်အလတ်) |
| **စီးပွားရေး** | စိုက်ပျိုးရေးကဏ္ဍ၊ စက်မှုကဏ္ဍ၊ ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုကဏ္ဍ ဟူ၍ အဓိက ကဏ္ဍကြီးသုံးခုဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးဆဲ ဈေးကွက်စီးပွားရေး ရှိသည်။<br><br>ပြည်ပပို့ကုန်များမှာ စိုက်ပျိုးရေး ထုတ်ကုန်များ၊ သဘာဝဓာတ်ငွေ့နှင့် သံမဏိ၊ စက်နှင့် စက်ပစ္စည်း၊ အထည်အလိပ်နှင့် ဝန်ဆောင်မှု လုပ်ငန်းများ ဖြစ်ကြသည်။<br><br>ကမ္ဘာ့ဆဋ္ဌမမြောက် အကြီးမားဆုံးစားသုံးသူ ဈေးကွက်ဖြစ်သည်။ |
| **ကျန်းမာရေး စောင့်ရှောက်မှု** | လူတိုင်း လက်လှမ်းမီနိုင်သော ကျန်းမာရေး စောင့်ရှောက်မှုစနစ်မှာ စွမ်းဆောင်ရည်အရ အရည်အသွေး ညံ့ဖျင်းသည်။ လူအများစုသည် ကိုယ်ပိုင်အခပေးသုံးစွဲမှု စနစ်ကိုသာ အသုံးပြုကြသည်။<br><br>အသက်ရှင်သန်မှု သက်တမ်းမှာ အလယ်အလတ်ဖြစ်သည်။ |
| **ပညာရေး** | ပြည်သူ့ပညာရေးစနစ်နှင့် ကိုယ်ပိုင်ပညာရေးစနစ် ရှိသည်။ ပြည်နယ်များက ၎င်းတို့၏ ပညာရေးအတွက် ကိုယ်တိုင်တာဝန်ယူရသည်။ အသက် (၆) နှစ်မှ (၁၄) နှစ်ထိသည် မသင်မနေရ ကျောင်းနေ ပညာရေးဖြစ်သည်။ လူကြီးစာတတ်မြောက်မှုနှုန်းမှာ ၇၈ ရာခိုင်နှုန်း ရှိသည်။ |

(ကျောင်းသားကိုင်စာအုပ်ပါ ဇယား ၆.၁ ကို ကြည့်ပါ။)

## ဆရာ့မှတ်စု

ကျောင်းသားများအနေဖြင့် ကမ္ဘာ့မြောက်ပိုင်း နိုင်ငံတစ်နိုင်ငံဖြစ်သည့် ပြင်သစ်နိုင်ငံနှင့် ကမ္ဘာ့တောင်ပိုင်း နိုင်ငံတစ်နိုင်ငံဖြစ်သော အိန္ဒိယနိုင်ငံတို့၏ အချက်အလက်မှတ်တမ်းကို နှိုင်းယှဉ်ရန်လိုအပ်မည့် ပြန်လည်ဆန်းစစ်ခြင်းဆိုင်ရာ မေးခွန်းတစ်ခုကို ရည်ညွှန်း ဖော်ပြထားသည်။ ပြန်လည်ဆန်းစစ်ရန် မေးခွန်းမှာ အောက်ပါအတိုင်း ဖြစ်သည် –

ကမ္ဘာ့မြောက်ပိုင်းနိုင်ငံများနှင့် ကမ္ဘာ့တောင်ပိုင်းနိုင်ငံများသည် မည်ကဲ့သို့ ကွဲပြားခြားနား ကြသနည်း။ ကျောင်းသားများက ၎င်းတို့ ဖြည့်စွက်ထားသော ဇယား (၆.၁) ကို ပြန်လည်လေ့လာနိုင်သည်။

ထပ်ဆောင်းလုပ်ငန်းတစ်ခုအဖြစ် ကျောင်းသားများက မြန်မာနိုင်ငံအတွက် အချက်အလက် မှတ်တမ်းတစ်ခုကို ပြုစုပြီး ကမ္ဘာ့တောင်ပိုင်းနိုင်ငံ နှစ်နိုင်ငံကို နှိုင်းယှဉ်နိုင်သည်။ ပထမအဆင့်အနေဖြင့် ကျောင်းသားများက အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ လူဦးရေ အချက်အလက်မှတ်တမ်းများကို နှိုင်းယှဉ်ရသည့် သင်ယူမှုလုပ်ငန်း (၂) ကို လုပ်ဆောင်ကြရမည်။

## သင်ယူမှုလုပ်ငန်း (၂)။ အချက်အလက်များ ဆန်းစစ်လေ့လာခြင်း – လူဦးရေ ပိရမစ် နှိုင်းယှဉ်ချက်

| | |
|---|---|
| အချိန် | ၁၅ မိနစ် |
| စာသင်ခန်းဖွဲ့စည်းပုံ | ကျောင်းသားသုံးဦးမှ လေးဦးအထိ ပါဝင်သော အုပ်စုများ |

## ရည်ရွယ်ချက်

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ကျောင်းသားများအနေဖြင့် ကမ္ဘာ့တောင်ပိုင်း နိုင်ငံ နှစ်နိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ လူဦးရေ အချက်အလက်မှတ်တမ်းတို့ကို နှိုင်းယှဉ်ပြီး ကွဲပြားမှုများ၏ ဆက်နွှယ်မှုများကို စစ်ဆေးလေ့လာရန် ဖြစ်သည်။

၁။ အုပ်စုငယ်များဖွဲ့၍ ကျောင်းသားများအား ၎င်းတို့ကျောင်းသားကိုင်စာအုပ်မှ ပုံ (၆.၄) အား ကြည့်ရှုလေ့လာစေပါ။

၂။ ကျောင်းသားများအား –

- လူဦးရေ ပိရမစ်များတွင် ဖော်ပြထားသော အချက်အလက်များနှင့်
- အွန်လိုင်းမှ ရှာဖွေစုဆောင်းထားသော ထပ်ဆောင်း အချက်အလက်များကို အခြေပြု နှိုင်းယှဉ်၍ ဇယား (၆.၃) မှ မေးခွန်းများ ဖြေဆိုရန် ညွှန်ကြားပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

အုပ်စုများက ဇယား (၆.၃) ကို ဖြည့်စွက်နေစဉ် အတန်းထဲတွင် လှည့်လည်ကြည့်ရှုနေပါ။ ကျောင်းသားများ၏ လုပ်ဆောင်မှုများကို ပြန်လည်သုံးသပ်ပေးပါ။ အကယ်၍ အုပ်စုတစ်စုမှ အဖြေ မှားယွင်းဖြေဆိုထားသည်ကို တွေ့ရှိပါက အဖြေမှန်ကို မပေးဘဲ အလွယ်တကူ နားလည်သွားစေမည့် မေးခွန်းများ မေးမြန်းခြင်းဖြင့် အဖြေမှန် ဖော်ထုတ်တတ်စေရန် ကူညီပေးပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

**ဆရာလမ်းညွှန် ဇယား ၆.၄။ ဖြည့်စွက်ပြီး – လူဦးရေ ပိရမစ်နှိုင်းယှဉ်ချက်**

| မေးခွန်း | မြန်မာနိုင်ငံ | အိန္ဒိယနိုင်ငံ |
|---|---|---|
| စုစုပေါင်း လူဦးရေ မည်မျှရှိသနည်း။ | ၅၄,၄၀၉,၇၉၄ | ၁.၃ ဘီလျံ သန်း (၁၃၀၀) |
| လူဦးရေ ကျဆင်းနေသလား (သို့မဟုတ်) တိုးပွားလာသလား။ | တိုးပွားလာသည် (သက္ကရာဇ် ၂၀၂၀ ပြည့်နှစ်တွင် တိုးတက်မှု ၀.၇ ရာခိုင်နှုန်း)[၁၀] | တိုးပွားလာသည် (သက္ကရာဇ် ၂၀၂၀ ပြည့်နှစ်တွင် တိုးတက်မှု ၁.၀ ရာခိုင်နှုန်း) [၁၁] |

၁၀ World Bank. (2021).

၁၁ World Bank. (2021).

| မေးခွန်း | မြန်မာနိုင်ငံ | အိန္ဒိယနိုင်ငံ |
|---|---|---|
| မည်သည့်နိုင်ငံက သက်ကြီးရွယ်များ ပိုများပြီး မည်သည့်နိုင်ငံက လူငယ်လူရွယ်များ ပိုများသနည်း။ ဤကွဲပြားချက်များ၏ ဆက်နွှယ်မှုများမှာ မည်သည်တို့ဖြစ်ကြသနည်း။ | စုပေါင်းလူဦးရေ၏ ပျမ်းမျှ အသက်အရွယ် = ၂၉နှစ် (၂၀၂၀ ပြည့်နှစ်)[၁၂]<br><br>လူငယ်လူရွယ်ဦးရေ ပိုများသည်။ အများဆုံး အသက်အုပ်စုမှာ ၁၅ နှစ်နှင့် ၁၉ နှစ်ကြား အုပ်စုဖြစ်သည်။<br><br>ဤလူငယ်များသည် နောင်လာမည့်နှစ်အနည်းငယ်တွင် လုပ်ငန်းခွင်ဝင်ရောက်လာကြမည်မှာ သိသာထင်ရှားသည်။ | စုစုပေါင်းလူဦးရေ၏ ပျမ်းမျှ အသက်အရွယ် = ၂၈.၄ နှစ် (၂၀၂၀ ပြည့်နှစ်)[၁၃]<br><br>လူငယ်လူရွယ်ဦးရေ ပိုများသည်။ အသက် ၁၀ နှစ်မှ ၁၄ နှစ်ထိနှင့် ၁၅ နှစ်မှ ၁၉ နှစ်အတွင်း အုပ်စုများသည် အများဆုံးအသက် အုပ်စု ဖြစ်ကြသည်။ ဤလူငယ်များသည် နောင်လာမည့်နှစ်အနည်းငယ်တွင် လုပ်ငန်းခွင်ဝင်ရောက်လာကြမည်မှာ သိသာထင်ရှားသည်။ |
| မည်သည့် နိုင်ငံက အလုပ်လုပ်နိုင်သည့် လူဦးရေ ပိုများသနည်း။ ဤကွဲပြားမှုများ၏ ဆက်နွှယ်မှုများမှာ မည်သည်တို့ဖြစ်ကြသနည်း။ | အလုပ်လုပ်နိုင်သည့် လူဦးရေ များပြားသည်။<br><br>နိုင်ငံတော်အစိုးရက စီးပွားရေးကဏ္ဍများနှင့် လက်တွဲပူးပေါင်းပြီး အရည်အသွေးမြင့်တင်ခြင်း (ပညာပေးခြင်းနှင့် လေ့ကျင့် သင်တန်းပေးခြင်း) နှင့် အလုပ်အကိုင် အခွင့်အလမ်း ဖန်တီးခြင်းတို့တွင် ရင်းနှီးမြှုပ်နှံရန် လိုအပ်သည်။ | အလုပ်လုပ်နိုင်သည့် လူဦးရေ လွန်စွာ များပြားသည်။<br><br>နိုင်ငံတော်အစိုးရက စီးပွားရေးကဏ္ဍများနှင့် လက်တွဲပူးပေါင်းပြီး အရည်အသွေးမြင့်တင်ခြင်း (ပညာပေးခြင်းနှင့် လေ့ကျင့် သင်တန်းပေးခြင်း) နှင့် အလုပ်အကိုင် အခွင့်အလမ်း ဖန်တီးခြင်းတို့တွင် ရင်းနှီးမြှုပ်နှံရန် လိုအပ်သည်။ |
| အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ လူဦးရေ မည်သို့ တူညီကြသနည်း။ မည်သို့ ကွဲပြားကြသနည်း။ | ဤလူဦးရေ ပိရမစ်များက တူညီသည့် အရွေ့အင်အားကို ဖော်ပြနေသည်။ ၎င်းတို့သည် သက်ကြီးဦးရေပိုများသည့်  ကမ္ဘာ့မြောက်ပိုင်းနိုင်ငံဖြစ်သော ပြင်သစ်နိုင်ငံနှင့် လူဦးရေ ပိရမစ်အရ ဆန့်ကျင်ဘက်သဘော ကွဲပြားခြားနားနေသည်။<br><br>သို့ရာတွင် အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံထက် လူဦးရေ လွန်စွာများပြားသည်။ ၎င်းမှာ မကြာမီကမ္ဘာပေါ်တွင် လူနေ အထူထပ်ဆုံးနိုင်ငံ ဖြစ်လာမည် ဖြစ်သည်။ | |

(ကျောင်းသားကိုင်စာအုပ်ပါ ဇယား ၆.၃ ကို ကြည့်ပါ။)

၁၂ UN Department of Economic and Social Affairs, Population Division. (2019b).

၁၃ UN Department of Economic and Social Affairs, Population Division. (2019b).

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း

| | |
|---|---|
| **အချိန်** | ၁၅ မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

ကျောင်းသားများအား အုပ်စုတစ်စုတည်းအဖြစ် ၎င်းတို့နေရာတွင် အတူတကွ ပြန်လည်နေရာယူစေပါ။

ကျောင်းသားများအား ၎င်းတို့၏ ကျောင်းသားကိုင်စာအုပ် ဇယား (၆.၃) မှ မေးခွန်းများ၏ အဖြေများကို ဖတ်၍ မြန်မာနိုင်ငံနှင့် အိန္ဒိယတို့၏ လူဦးရေကို နှိုင်းယှဉ်စေပါ။ မေးခွန်း တစ်ခုစီအတွက် အဖြေတစ်ခု (သို့မဟုတ်) နှစ်ခုရယူထားပါ။ အခြားကျောင်းသားများအား ၎င်းတို့၏ အတန်းဖော်များ၏ အဖြေကို ဖြည့်စွက်ပေးရန် ဖိတ်ခေါ်ပြီး အချိန်တို ဆွေးနွေးပွဲတစ်ခု လုပ်ဆောင်စေပါ။

ဥတုရာသီ ဖောက်ပြန်ပြောင်းလဲခြင်းနှင့် ဆက်နွှယ်နေသည့် အိန္ဒိယနိုင်ငံ၏ တိုးတက်လာသော လူဦးရေအကြောင်း ဆွေးနွေးပါ။ကျောင်းသားများအား (ကျောင်းသားကိုင်စာအုပ်နှင့် ဤဆရာလမ်းညွှန်စာအုပ်ပါ) နောက်ဆက်တွဲ (၂) ရှိ မီဒီယာဆောင်းပါးကို အာရုံစိုက်ရန် ညွှန်ကြားပါ။ လူဦးရေ တိုးတက်လာခြင်းနှင့် ပြင်းထန်လာသော ဥတုရာသီ ဖောက်ပြန်မှုများကို ဆွေးနွေးရန် ဤဆောင်းပါးကို အခြေပြုကိုးကားစရာတစ်ခုအဖြစ် အသုံးပြုပါ။

ကျောင်းသားများအား ကျောင်းသားကိုင်စာအုပ်ပါ အိမ်စာလုပ်ငန်းကို ၎င်းတို့၏ ကိုယ်ပိုင်အချိန်တွင် တာဝန်ယူလုပ်ဆောင်ရန် ညွှန်ကြားပါ။

### အိမ်စာလုပ်ငန်း။ သင်ပြမှုပုံစံ – ဒေသန္တရပထဝီဝင်

ဤအိမ်စာလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ကျောင်းသားများအနေဖြင့် မူလတန်းအောက်ဆင့် ဒေသန္တရ ပထဝီဝင် အတန်း တစ်တန်းအတွက် သင်ပြမှုပုံစံတစ်ခု ဒီဇိုင်းရေးဆွဲရန်ဖြစ်သည်။

ကျောင်းသားများအား အောက်ပါတို့ လုပ်ဆောင်ရမည်ဖြစ်ကြောင်း ရှင်းပြပါ –

၁။ ဒေသန္တရ ပထဝီဝင်အခန်း၏ အစိတ်အပိုင်းအဖြစ် ၎င်းတို့ လွှမ်းခြုံဖော်ပြခဲ့သော သင်ခန်းစာ ခေါင်းစဉ် တစ်ခုကို ရွေးချယ်ရန်။

၂။ ပထမတန်းနှင့် ဒုတိယတန်း လူမှုရေးဘာသာ သင်ကြားရခြင်း၏ သင်ယူမှု ရည်မှန်းချက်များကို စဉ်းစားရန်။ သင်ယူမှုရည်မှန်းချက်များ ပြည့်မီစေရန်အလို့ငှာ ၎င်းတို့အနေဖြင့် ဒေသန္တရ ပထဝီဝင် သင်ခန်းစာတစ်ခု ရေးဆွဲမည့်ပုံအား စဉ်းစားရန်။

၃။ ၎င်းတို့ ရွေးချယ်ထားသော သင်ခန်းစာ ခေါင်းစဉ် နှင့် ဆက်စပ်ပြီး ပထမတန်း (သို့မဟုတ်) ဒုတိယတန်းအတွက် (၄၅) မိနစ်စာ သင်ခန်းစာ တစ်ခု ပြင်ဆင်ရန်။

၄။ ၎င်းတို့အနေဖြင့် သင်ခန်းစာ ပြင်ဆင်မှု ပြီးမြောက်သွားသောအခါ ကျောင်းသားကိုင်စာအုပ်ပါ နောက်ဆက်တွဲ (၃) တွင်ဖော်ပြထားသော သင်ခန်းစာ ပုံစံလွှာ၌ ထည့်သွင်း ရေးသားထားရန်။

၅။ ၎င်းတို့ အပြီးသတ်ရေးဆွဲထားသော သင်ခန်းစာကို အတန်းထဲသို့ ယူဆောင်လာရန်။

## ၆.၁.၃။ ဒေသန္တရ ပထဝီဝင်အတွက် သင်ပြမှုပုံစံတစ်ခု ရေးဆွဲခြင်း

### မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် –**

- ဒေသန္တရ ပထဝီဝင် သင်ခန်းစာ ခေါင်းစဉ်တစ်ခုကို ရွေးချယ်၍ မူလတန်းအောက်ဆင့် ကျောင်းသားများအတွက် ရိုးရှင်းသော သင်ပြမှု ပုံစံတစ်ခုကို စီစဉ်ရေးဆွဲတတ်မည်။
- သင်ခန်းစာ စီစဉ်ရေးဆွဲမှုဆိုင်ရာ ဆုံးဖြတ်ချက်များအတွက် အခြေခံ အကြောင်းပြချက် တစ်ခုကို အတန်းဖော်များအား တင်ပြတတ်မည်။
- သင်ပြမှုပုံစံတစ်ခု ရေးဆွဲရာတွင် အတန်းဖော်များအား အပြုသဘောဆောင်သော တုံ့ပြန်အကြံပြုချက်များ ပေးတတ်မည်။

## ရရှိသွားမည့် တတ်ကျွမ်းမှုများ

(က) (၁.၁.၂) ကျောင်းသားများ၏ သိမှုဆိုင်ရာဖွံ့ဖြိုးမှု၊ ဘာသာစကားဆိုင်ရာဖွံ့ဖြိုးမှု၊ ပေါင်းသင်း ဆက်ဆံရေး ဖွံ့ဖြိုးမှု၊ စိတ်လှုပ်ရှား ခံစားမှုဖွံ့ဖြိုးမှုများနှင့် ကာယဖွံ့ဖြိုးမှုများအရ သင်ယူမှု လုပ်ငန်းများကို ပြင်ဆင်သည်။

(က) (၂.၁.၁) ကျောင်းသားများ အချင်းချင်းအပြန်အလှန် ပြောဆိုဆက်သွယ်ခြင်း၊ စူးစမ်း လေ့လာခြင်း၊ ပြဿနာဖြေရှင်းခြင်း၊ တီထွင်ဖန်တီးခြင်း အခွင့်အလမ်းများကို ပံ့ပိုးပေးသည့် သင်ယူမှု အတွေ့အကြုံများကို ပြင်ဆင်ဆောင်ရွက်သည်။

(က) (၄.၁.၁) အဆင့်အလိုက်၊ အတန်းအလိုက်၊ ဘာသာရပ်အလိုက် သင်ကြားသော မူလတန်း သင်ရိုးညွှန်းတမ်းသင်ယူမှု၏ အဓိကအသိသညာများ၊ အကြောင်းအရာများ၊ သင်ယူမှု ဦးတည်ချက်များနှင့် သင်ယူမှုရလဒ်များကို ဖော်ပြသည်။

(က) (၄.၁.၂) သင်ရိုးညွှန်းတမ်း၏ လိုအပ်ချက်များကို ထင်ဟပ်စဉ်းစားပြီး ဆီလျော်သော သင်ကြား၊ သင်ယူမှု လုပ်ငန်းများနှင့် သင်ထောက်ကူပစ္စည်းများ ပါဝင်သော သင်ပြမှုပုံစံများကို ပြင်ဆင်ရေးဆွဲသည်။

(ခ) (၁.၃.၁) စာသင်ချိန်အားလုံးကို ထိရောက်စွာ အသုံးပြုနိုင်ရန် သင်ခန်းစာကို ဖွဲ့စည်း ပြင်ဆင်သည်။

(ခ) (၁.၃.၂) ကျောင်းသားများ သင်ယူမှုတွင် စိတ်ဝင်စား မှုရှိရန်၊ ၎င်းတို့၏ သင်ယူလိုစိတ်ကို လှုံ့ဆော်နိုင်ရန်၊ ယခင်သင်ယူပြီးသော အကြောင်းအရာများကို သင်ယူမှု အသစ်များနှင့် ချိတ်ဆက်နိုင်ရန် သင်ခန်းစာကို နိဒါန်း ပျိုးပေးသည်။

(ခ) (၁.၃.၃) ကျောင်းသားများ၏ စိတ်ဝင်စားမှုများ၊ အတွေ့အကြုံများကို တုံ့ပြန်ပေးနိုင်ပြီး သင်ယူမှု နယ်ပယ်များကို ပေါင်းစပ်မှုရှိသည့် အစီအစဉ်တကျရှိသော၊ ထိထိမိမိ အလေးထားသော သင်ယူမှု အတွေ့အကြုံများကို ကြိုတင်ပြင်ဆင်သည်။

(ဃ) (၁.၁.၂) လက်တွေ့သင်ကြားမှုလုပ်ငန်းနှင့် ကျောင်းသားများ၏ သင်ယူမှု တိုးတက်မြင့်မားစေရန် ရင်းမြစ်အမျိုးမျိုးမှ ရရှိသော သတင်းအချက်အလက်များကို အသုံးပြုသည်။

(ဃ) (၂.၁.၁) လေ့လာကြီးကြပ်သူများ၊ လုပ်ဖော်ကိုင်ဖက်များနှင့် လက်တွေ့သင်ကြားမှုများကို ဆွေးနွေးသည်။ အပြုသဘောဆောင်သော သုံးသပ်အကြံပြုချက်များကို စိတ်ဆန္ဒထက်သန်စွာ လက်ခံရယူသည်။

**အချိန်** – မိနစ် (၅၀) ကြာ စာသင်ချိန် တစ်ချိန်။

## သင်ယူမှုနည်းလမ်း

သင်ယူမှုလုပ်ငန်း။ ပတ်လည်တွေ့ဆုံ၍ တုံ့ပြန်အကြံပြုချက်ပေးခြင်း – ဒေသန္တရပထဝီဝင် သင်ပြမှုပုံစံ

**စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများ** – အချင်းချင်းစစ်ဆေးအကဲဖြတ်ခြင်းနှင့် မိမိကိုယ်ကို စစ်ဆေးအကဲဖြတ်ခြင်း၊ ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း၊ ကြည့်ရှုလေ့လာခြင်း၊ မေးခွန်းမေးမြန်းခြင်း။

## လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ

ကျောင်းသားကိုင်စာအုပ် သင်ခန်းစာ (၆.၁.၃) ကို ဖတ်ရှုပါ။

## လိုအပ်သော ရင်းမြစ်များ

သင်ယူမှုလုပ်ငန်း။ ကျောင်းသားကိုင်စာအုပ်၊ အိမ်စာလုပ်ငန်းအတွက် ဖြည့်စွက်ထားပြီးဖြစ်သည့် သင်ပြမှုပုံစံ

# ဒေသန္တရ ပထဝီဝင်အတွက် သင်ပြမှုပုံစံတစ်ခု ရေးဆွဲခြင်း

ဤစာသင်ချိန်ကို အောက်ပါအတိုင်း ဖွဲ့စည်းထားသည် –

| | |
|---|---|
| သင်ယူမှုလုပ်ငန်း | ၄၅ မိနစ် |
| ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း | ၅ မိနစ် |

## သင်ယူမှုလုပ်ငန်း။ ပတ်လည်တွေ့ဆုံ၍ တုံ့ပြန်အကြံပြုချက်ပေးခြင်း –ဒေသန္တရ ပထဝီဝင် သင်ပြမှုပုံစံ

| | |
|---|---|
| **အချိန်** | ၄၅ မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | ကျောင်းသားငါးဦး ပါဝင်သော အုပ်စုများ |

## ရည်ရွယ်ချက်

ဤသင်ယူမှု လုပ်ငန်းရည်ရွယ်ချက်မှာ ကျောင်းသားများအနေဖြင့် အတန်းဖော်များအား သင်ခန်းစာ စီစဉ်ရေးဆွဲမှုဆိုင်ရာ ဆုံးဖြတ်ချက်များအတွက် အခြေခံ အကြောင်းပြချက် တစ်ခုနှင့် သင်ပြမှုပုံစံများအတွက် အပြုသဘောဆောင်သော တုံ့ပြန်အကြံပြုချက်များပေးရန် ဖြစ်သည်။

### ဆရာ့မှတ်စု

ကျောင်းသားများသည် ဤသင်ယူမှုလုပ်ငန်းအတွက် ၎င်းတို့၏ ဒေသန္တရ ပထဝီဝင် သင်ပြမှုပုံစံကို တင်ပြထားရန် လိုအပ်သည်။

ကျောင်းသားငါးဦး ပါဝင်သော အုပ်စုများ ဖွဲ့ရာတွင် ဆရာက ကူညီပံ့ပိုးနိုင်သည်။ ကျောင်းသားများ အုပ်စုဖွဲ့စီစဉ်ပြီးသောအခါ ၎င်းတို့သည် တစ်ဦးနှင့်တစ်ဦး မျက်နှာချင်းဆိုင်၍ စက်ဝိုင်းပုံထိုင်ရန် လိုအပ်သည်။

၁။ အုပ်စုတွင်းမှ ကျောင်းသားတစ်ဦးချင်းစီက သင်ပြမှုပုံစံကို ကျန်သော အုပ်စုများအား တင်ပြရန်နှင့် ကျိုးကြောင်းသင့် ရှင်းပြရန် အချိန် (၅) မိနစ် ရမည် ဖြစ်သည်။ ၎င်းတို့၏ သင်ပြမှုပုံစံအား တင်ပြနေသောအခါ ကျောင်းသားများသည် –

- ရွေးချယ်ထားသော သင်ယူမှု ရည်မှန်းချက်များအကြောင်း
- ၎င်းတို့လုပ်ဆောင်မည့် သင်ယူမှု လုပ်ငန်းများကို အဘယ်ကြောင့် ရွေးချယ်ခဲ့ကြောင်း
- မည်သည့် သင်ထောက်ကူပစ္စည်းများ လိုအပ်ကြောင်း
- သင်ယူမှု ရည်မှန်းချက်(များ) အောင်မြင်ထမြောက်မှု ရှိ/မရှိကို ၎င်းတို့အနေဖြင့် မည်သို့ ဆုံးဖြတ်မည်ဖြစ်ကြောင်းနှင့်
- သင်ခန်းစာ၏ အခြားအရေးကြီးသည့် အစိတ်အပိုင်းများကို ရှင်းပြရန် လိုအပ်သည်။ ကျောင်းသားများက ဤသင်ယူမှု အစိတ်အပိုင်းအတွက် အချိန် (၂၅) မိနစ်ထက် ပို၍ မသုံးသင့်ပေ။

၂။ ၎င်းတို့၏ သင်ပြမှုပုံစံအား အုပ်စုများအား တင်ပြပြီးသောအခါ ကျောင်းသားများသည် ပတ်လည်တွေ့ဆုံ၍ တုံ့ပြန်အကြံပြုချက်ပေးခြင်း အစီအစဉ်တွင် ပူးပေါင်း ပါဝင်ရမည်။ ကျောင်းသားများက ၎င်းတို့၏ ကျောင်းသားကိုင်စာအုပ်၌ သင်ပြမှုပုံစံ ရေးသားထားသော စာမျက်နှာကိုဖွင့်၍ ၎င်းတို့၏ ဘယ်ဖက်တွင်ရှိသော အုပ်စုဝင်ထံ လက်ဆင့်ကမ်းပေးရမည်။

၃။ ကျောင်းသားများသည် ၎င်းတို့ အုပ်စုဝင်တစ်ဦး၏ ကျောင်းသားကိုင်စာအုပ် လက်ခံရရှိသောအခါ သင်ပြမှုပုံစံကို ဖတ်ရှုရန်လိုအပ်ပြီး အောက်ဖော်ပြပါ မေးခွန်းများကို ဖြေဆိုကာ တင်ပြမှုအစီအစဉ်အတွက် စဉ်းစားတွေးတောထားရမည်။

- သင်ပြမှုပုံစံတွင် သင်ခန်းစာ၏ သင်ယူမှုရည်မှန်းချက်များနှင့် သင်ယူမှုရလဒ်များကို ရှင်းလင်းစွာ သတ်မှတ်ဖော်ပြထားမှု ရှိပါသလား။
- သင်ပြမှုပုံစံတွင် နိဒါန်းပိုင်း၊ အဓိကအပိုင်း(သင်ပြပုံအဆင့်ဆင့်) နှင့် ပြန်လည် ဆန်းစစ်မှု အပိုင်းတို့ ပါရှိပါသလား။
- သင်ယူမှုလုပ်ငန်းများသည် စစ်မှန်သော သင်ယူမှုဖြစ်ကြပါသလား။
- သင်ယူမှုလုပ်ငန်းများက သင်ယူမှုရည်မှန်းချက်များကို ရရှိအောင်မြင်စေပါသလား။
- သင်ယူမှုလုပ်ငန်းများအား သတ်မှတ်ပေးထားသည့် အချိန်အတွင်း လုပ်ဆောင်ရန် ဖြစ်နိုင်ခြေရှိပါသလား။
- သင်ယူမှု လုပ်ငန်းများသည် မူလတန်းအောက်ဆင့် ကျောင်းသားများအတွက် သင့်လျော်မှု ရှိပါသလား။

- သင်ပြမှုပုံစံ ရေးဆွဲရာတွင် အမျိုးမျိုးသော ကျောင်းသားများ၏ လိုအပ်ချက်များကို မည်သို့ ထည့်သွင်း စဉ်းစားထားသနည်း။
- သင်ပြမှုပုံစံနှင့်ပတ်သက်၍ အနှစ်သက်ဆုံးအချက်မှာ အဘယ်နည်း။
- သင်ပြမှုပုံစံအား ပိုမိုကောင်းမွန်စေရန် မည်ကဲ့သို့ မွမ်းမံ ပြင်ဆင်နိုင်သနည်း။

၄။ ထို့နောက် ကျောင်းသားများက ဇယား (၆.၄) တွင် ၎င်းတို့၏ တုံ့ပြန်အကြံပြုချက်များ ရေးသားရမည်။

၅။ ကျောင်းသားများသည် ပထမဆုံးစာအုပ်၌ တုံ့ပြန်အကြံပြုချက်ပေးသောအခါ ၎င်းတို့၏ ဘယ်ဖက်ရှိ အုပ်စုဝင်ထံ စာအုပ်ကို ဆက်လက် လက်ဆင့်ကမ်းပြီး ဘေးဘက်ရှိ အုပ်စုဝင်တစ်ဦး၏ စာအုပ်နှင့် ယင်းလုပ်ငန်းစဉ်ကို ထပ်ကျော့ လုပ်ဆောင်နေရမည်။ ဤနည်းအတိုင်း ၎င်းတို့၏စာအုပ် ၎င်းတို့ကိုယ်တိုင် ပြန်လည်လက်ခံရရှိသည်အထိ စဉ်ဆက်မပြတ် ဆက်လက် လုပ်ဆောင်နေရမည်။ စာအုပ်တစ်အုပ်ချင်းစီအတွက် အချိန် (၅) မိနစ် ဝန်းကျင် အသုံးပြုရမည်။

**ဆရာ့မှတ်စု**

ဆရာက ကျောင်းသားများအား –

- အိမ်စာလုပ်ငန်းအတွက် ၎င်းတို့အချင်းချင်း ပေးထားသော တုံ့ပြန်အကြံပြုချက်များကို ပေါင်းစပ်အသုံးပြု၍ ၎င်းတို့၏ သင်ခန်းစာ သင်ပြမှုပုံစံကို ပြန်လည် ရေးဆွဲစေနိုင်သည်။
- သမားရိုးကျ စစ်ဆေးအကဲဖြတ်မှု လုပ်ငန်းတစ်ခုအဖြစ် သင်ပြမှုပုံစံကို ဆရာ့ထံ တင်ပြစေနိုင်သည်။

## စစ်ဆေးအကဲဖြတ်ခြင်း

ပတ်လည်တွေ့ဆုံ၍ တုံ့ပြန်အကြံပြုချက်ပေးခြင်း လုပ်ငန်းများ ဆောင်ရွက်နေစဉ် အုပ်စုတစ်စုမှတစ်စု လှည့်လည်ကြည့်ရှုနေရမည်။ ကျောင်းသားများအချင်းချင်း အတတ်ပညာပိုင်းဆိုင်ရာ အပြုသဘောဆောင်သော တုံ့ပြန်အကြံပြုချက်များ ပေးနေခြင်း ရှိ/မရှိ စစ်ဆေးပါ။ အတူတကွ ပူးပေါင်း၍ ကြိုးစားလုပ်ဆောင်နေသော ကျောင်းသားများ/ အုပ်စုများအား ချီးကျူးဂုဏ်ပြုပါ။

ကျောင်းသားများ၏ ကျောင်းသားကိုင်စာအုပ်တစ်အုပ်စီတွင် ဝေဖန်ချက်ရေးသူ လေးဦးစလုံး ရေးသွင်းပြီးပါက ဤသင်ယူမှုလုပ်ငန်း ပြည့်စုံပြီးမြောက်ပြီဖြစ်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

တုံ့ပြန်အကြံပြုချက်ပေးသည့် လေ့ကျင့်ခန်း တစ်ခုဖြစ်သောကြောင့် ဖြစ်နိုင်ခြေရှိသော အဖြေများစွာ ရှိနိုင်သည်။ ကျောင်းသားများ၏ တုံ့ပြန်အကြံပြုချက်များ ထိရောက်မှု ရှိ/မရှိ စစ်ဆေးရမည်။ တုံ့ပြန်အကြံပြုချက်သည် တိကျမှုရှိရမည်ဖြစ်ပြီး ကောင်းစွာ လုပ်ဆောင်ပြီးသည့် သင်ယူမှုလုပ်ငန်းများ၏ အဓိကအစိတ်အပိုင်းများကို အလေးပေး ရမည်။ သင်ပြမှုပုံစံ ပိုမို ကောင်းမွန်စေရန်အတွက် လိုအပ်သည့်အရာများ ဖြစ်ရမည်။ (“သင်၏ လုပ်ဆောင်မှုအား ကျွန်တော် နှစ်သက်သဘောကျသည်” အစရှိသည့် ယေဘုယျ ဖော်ပြချက်တစ်ခုထက်) ကျောင်းသားများ၏ လုပ်ဆောင်မှုကို ပိုမိုတိုးတက်မှုရှိအောင် ကူညီ ပေးနိုင်သည့် အဓိပ္ပာယ်ပြည့်ဝပြီး အသုံးဝင်သော အချက်အလက်များ ဖြစ်ရမည်။ ယင်းမှာ ရည်မှန်းချက်ပန်းတိုင်၏ အလေးပေးမှုဖြစ်ပြီး ကျောင်းသားများက ၎င်းတို့၏ လုပ်ဆောင်မှုများ တိုးတက်စေရန် အသုံးပြုနိုင်သည့် အကြံပြုချက်များ (သို့မဟုတ်) နည်းဗျူဟာများ ဖြစ်ရမည်။

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း

| | |
|---|---|
| **အချိန်** | ၅ မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

ကျောင်းသားများအား သင်ပြမှုပုံစံ ရေးဆွဲခြင်းနှင့် အချင်းချင်း ပြန်လည်ဆန်းစစ်ခြင်း လုပ်ငန်းစဉ်များမှ အတွေ့အကြုံများကို မျှဝေပေးရန် ပြောကြားပါ။

### ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန် မေးခွန်းများအတွက် ကျောင်းသားများထံမှ မျှော်မှန်းထားသောအဖြေများ

မေးခွန်း ၁။ ကမ္ဘာ့မြောက်ပိုင်းနှင့် ကမ္ဘာ့တောင်ပိုင်းနိုင်ငံများ မည်သို့ ကွဲပြားခြားနား ကြသနည်း။ သင် ဖြည့်စွက်ခဲ့သော ဇယား (၆.၁) အား နောက်တစ်ကြိမ် ပြန်လည် သွားရောက် ကြည့်ရှုနိုင်သည်။

အဖြေ။ *ကမ္ဘာ့မြောက်ပိုင်း၏ အစိတ်အပိုင်းတစ်ခုအဖြစ် အမျိုးအစားခွဲခြားထားသော နိုင်ငံများသည် ချမ်းသာကြွယ်ဝကြပြီး မညီမျှမှုလျော့နည်းကာ လူသားဖွံ့ဖြိုးတိုးတက်မှု အညွှန်းကိန်း တန်ဖိုးမြင့်မားကြသည်။ ပြည်ပပို့ကုန်လုပ်ငန်း (သို့မဟုတ်) ဝန်ဆောင်မှု အခြေပြုစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ကြပြီး ဒီမိုကရေစီဝါဒ အခြေခံသော နိုင်ငံရေး စနစ်ကို လက်ခံကျင့်သုံးကြသည်။ ကမ္ဘာ့မြောက်ပိုင်းတွင် ပါဝင်ဖွဲ့စည်းထားသော နိုင်ငံများသည် အရွယ်အစားသေးငယ်ပြီး ကမ္ဘာ့တောင်ပိုင်းနိုင်ငံများထက် သက်ကြီး ဦးရေ ပိုများကြသည်။ ထိုနိုင်ငံများသည် ကမ္ဘာ့လူဦးရေ၏ လေးပုံတစ်ပုံခန့်မျှဖြင့်သာ ပါဝင်ဖွဲ့စည်းထားသော်လည်း ကမ္ဘာ့ဝင်ငွေနှင့် ချမ်းသာကြွယ်ဝမှု၏ ငါးပုံလေးပုံခန့်ကို ထိန်းချုပ်ပိုင်ဆိုင်ထားကြသည်။ ကမ္ဘာ့တောင်ပိုင်း နိုင်ငံများသည် လူသားဖွံ့ဖြိုး တိုးတက်မှု အညွှန်းကိန်းတန်ဖိုး နိမ့်ကြပြီး ကမ္ဘာ့ အပူပိုင်းဒေသ (သို့မဟုတ်) ကမ္ဘာ့ တောင်ခြမ်းတွင် တည်ရှိကြကာ အများအားဖြင့် ကိုလိုနီ လက်အောက်ခံဘဝ ကျရောက် ခဲ့ဖူးသည့် သမိုင်းကြောင်းရှိကြသည်။ ကမ္ဘာ့တောင်ပိုင်း နိုင်ငံများတွင် လူငယ်လူရွယ် ဦးရေ များပြားလာကြပြီး လူဦးရေတိုးတက်နှုန်း မြင့်မားကာ ကာယလုပ်သား အများအပြားအပေါ် မှီခိုအားထားသည့် စိုက်ပျိုးရေးနှင့် ကုန်ထုတ်လုပ်မှု စီးပွားရေး လုပ်ငန်းများလုပ်ကိုင်ကြသည်။*

မေးခွန်း ၂။ သက်ကြီးဦးရေနှင့် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးသည် မည်သို့ ဆက်နွှယ်နေသနည်း။

အဖြေ။ *နိုင်ငံများတွင် အသက်ကြီးသူများက လုပ်ငန်းခွင်မှ ထွက်ခွာ၍ အငြိမ်းစား (ပင်စင်) ယူကြသောကြောင့် လုပ်သားအင်အား လျော့နည်းကျဆင်းလာကြသည်။ စီးပွားရေး လုပ်ငန်းများတွင် တိုက်ရိုက် အထောက်အကူ မပြုနိုင်သော သက်ကြီးရွယ်အိုများအတွက် စောင့်ရှောက်မှု ကုန်ကျစရိတ် ထပ်တိုးလာနိုင်သည်။ ဤနိုင်ငံများမှာ ပြင်သစ်ကဲ့သို့ ကမ္ဘာ့မြောက်ပိုင်းနိုင်ငံများ ဖြစ်လေ့ရှိပြီး အဆိုပါ နိုင်ငံများသည် ကာယလုပ်အားကို များစွာအားထားကြရသည့် စိုက်ပျိုးရေး (သို့မဟုတ်) စက်မှုနှင့် ကုန်ထုတ်လုပ်မှု ကဏ္ဍများထက် ဝန်ဆောင်မှု လုပ်ငန်းများနှင့် ပြည်ပကုန်သွယ်မှု လုပ်ငန်းများကို လုပ်ကိုင်ကြသည်။*

# ၆.၂။ လက်တွေ့ပထဝီဝင်ဆိုင်ရာ ကျွမ်းကျင်မှုများ

ဤအခန်းငယ်တွင် ကျောင်းသားများသည် မြေပုံများ အသုံးပြုခြင်းနှင့် မိုးလေဝသ အခြေအနေများ အဓိပ္ပာယ်ကောက်ယူခြင်း အစရှိသည့် လက်တွေ့ပထဝီဝင်ဆိုင်ရာ ကျွမ်းကျင်မှုများကို စူးစမ်းလေ့လာသွားရမည်ဖြစ်ပြီး မူလတန်းအောက်ဆင့် လူမှုရေးဘာသာ အတန်းတွင် အဆိုပါ ကျွမ်းကျင်မှုများ ပေါင်းစပ် အသုံးပြုပုံကိုလည်း စုံစမ်းလေ့လာသွားရမည် ဖြစ်သည်။

## ၆.၂.၁။ မြေပုံများ အသုံးပြုခြင်း

**မျှော်မှန်းထားသော သင်ယူမှုရလဒ်များ**

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် –**

- တိုက်ကြီးများကို သတ်မှတ်ဖော်ထုတ်ရန် မြေပုံ၊ ကမ္ဘာလုံး (သို့မဟုတ်) မြေပုံစာအုပ်တို့ကို အသုံးပြုတတ်မည်။
- လတ္တီကျူကို ကိုးကား၍ ကမ္ဘာပေါ်ရှိ အဓိက ဥတုရာသီရပ်ဝန်းဒေသများကို အမျိုးအစား ခွဲခြားတတ်မည်။
- တိုက်ကြီးအမျိုးမျိုးနှင့် ၎င်းတို့၏ အဓိက အင်္ဂါရပ်များကို နှိုင်းယှဉ်ခွဲခြားတတ်မည်။
- ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံ၏ တည်နေရာကို ရှာဖွေပြီး အမျိုးအစားခွဲခြားရန် မြေပုံကို အသုံးပြုတတ်မည်။
- ပညာရေးဒီဂရီကောလိပ်(သို့မဟုတ်) ဒေသဆိုင်ရာ နယ်မြေတစ်ခု၏ မြေပုံကို အခြေခံ မြေပုံဆွဲနည်း အသုံးပြု၍ ရေးဆွဲတတ်မည်။

## ရရှိသွားမည့် တတ်ကျွမ်းမှုများ

(က) (၄.၁.၁) အဆင့်အလိုက်၊ အတန်းအလိုက်၊ ဘာသာရပ်အလိုက် သင်ကြားသော မူလတန်း သင်ရိုးညွှန်းတမ်းသင်ယူမှု၏ အဓိကအသိသညာများ၊ အကြောင်းအရာများ၊ သင်ယူမှု ဦးတည်ချက်များနှင့် သင်ယူမှုရလဒ်များကို ဖော်ပြသည်။

(က) (၄.၁.၂) သင်ရိုးညွှန်းတမ်း၏ လိုအပ်ချက်များကို ထင်ဟပ်စဉ်းစားပြီး ဆီလျော်သော သင်ကြား၊ သင်ယူမှု လုပ်ငန်းများနှင့် သင်ထောက်ကူပစ္စည်းများ ပါဝင်သော သင်ပြမှုပုံစံများကို ပြင်ဆင်ရေးဆွဲသည်။

(က) (၅.၁.၁) အတန်းအဆင့်များ အလိုက် သင်ကြားသော ဘာသာရပ်ဆိုင်ရာ အဓိက အသိသညာများ၊ ကျွမ်းကျင်မှုများ၊ နည်းလမ်းများနှင့် အသုံးချမှုများကို ဖော်ပြသည်။

(က) (၅.၁.၂) ကျောင်းသားများ ဘာသာရပ်ဆိုင်ရာ အကြောင်းအရာများနှင့် ကျွမ်းကျင်မှုများ သင်ယူရာတွင် အထောက်အပံ့ပြုနိုင်ရန် တိကျမှန်ကန်ဆီလျော်သော သတင်းအချက်အလက်များ၊ နမူနာများနှင့် လေ့ကျင့်ခန်းများကို သင်ခန်းစာများတွင် ထည့်သွင်းသည်။

**အချိန်** – မိနစ် (၅၀) ကြာ စာသင်ချိန် နှစ်ချိန်။

## သင်ယူမှုနည်းလမ်းများ

သင်ယူမှုလုပ်ငန်း (၁)။ မြေပုံရေးဆွဲခြင်းဆိုင်ရာ ကျွမ်းကျင်မှုများ – ကမ္ဘာ့မြေပုံ

သင်ယူမှုလုပ်ငန်း (၂)။ မြေပုံရေးဆွဲခြင်းဆိုင်ရာ ကျွမ်းကျင်မှုများ – ပညာရေးဒီဂရီကောလိပ် (သို့မဟုတ်) ဒေသတွင်း ဧရိယာတစ်ခု၏ မြေပုံတစ်ခုကို ဖန်တီးရေးဆွဲခြင်း

**စစ်ဆေးအကဲဖြတ်မှု နည်းလမ်းများ** – မေးခွန်းမေးမြန်းခြင်း၊ ကြည့်ရှုလေ့လာခြင်း၊ အချင်းချင်း စစ်ဆေးအကဲဖြတ်ခြင်း၊ ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း။

## လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ

ကျောင်းသားကိုင်စာအုပ်ပါ သင်ခန်းစာ (၆.၂.၁) ကို ဖတ်ရှုပါ။

## လိုအပ်သော ရင်းမြစ်များ

သင်ယူမှုလုပ်ငန်း (၁)။ ကျောင်းသားကိုင်စာအုပ်၊ ဘောပင်

သင်ယူမှုလုပ်ငန်း (၂)။ ကျောင်းသားကိုင်စာအုပ်၊ ဘောပင်

**စာသင်ချိန် (၁)**

## မြေပုံများအသုံးပြုခြင်း

ဤစာသင်ချိန်ကို အောက်ပါအတိုင်း ဖွဲ့စည်းထားသည် –

| | |
|---|---|
| မိတ်ဆက် | ၂၀ မိနစ် |
| သင်ယူမှုလုပ်ငန်း (၁) | ၂၀ မိနစ် |
| ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း | ၁၀ မိနစ် |

## မိတ်ဆက်

| | |
|---|---|
| **အချိန်** | ၂၀ မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ ကျောင်းသားများအား စာသင်ခန်းမှ ကြိုဆိုပါ။ ကျောင်းသားအား ၎င်းတို့၏ ပညာရေး ဒီဂရီ ကောလိပ် ပထမနှစ်နှင့် ဒုတိယနှစ်တွင် လေ့လာသင်ယူခဲ့သော မြေပုံများနှင့် မြေပုံဆွဲခြင်းအကြောင်း ပြန်လည်စဉ်းစားတွေးတောစေခြင်းဖြင့် ယခင်သိရှိပြီး

အသိပညာများအား ပြန်လည်ရှင်သန်လာအောင် နှိုးဆွပေးပါ။ အဖြေ သုံးခု (သို့မဟုတ်) လေးခု လက်ခံထားပါ။

၂။ ကျောင်းသားများအား ကျောင်းသားကိုင်စာအုပ်မှ သင်ခန်းစာ (၆.၂.၁) ကို ဖတ်ရန် ညွှန်ကြားပါ။ ကျောင်းသားများက သင်ခန်းစာ ဖတ်ရှုခြင်းကို တစ်ဦးချင်းစီ (သို့မဟုတ်) နှစ်ယောက်တစ်တွဲ ပြုလုပ်နိုင်သည်။ ၎င်းတို့ဖတ်ရှုနေစဉ် ဆရာက ဤသင်ခန်းစာအတွက် သင်ယူမှုရလဒ်များကို သင်ပုန်းပေါ် (သို့မဟုတ်) စက္ကူကားချပ်တစ်ခုပေါ်တွင် ရေးထားနိုင်သည်။

၃။ ကျောင်းသားများ ဖတ်ရှုခဲ့သည့်အရာများအား အနှစ်ချုပ်ပေးရန် အောက်ပါမေးခွန်းများကို ကျောင်းသားများအား မေးမြန်းပါ –

(က) တိုက်ကြီး ခုနစ်တိုက်အား မည်သို့ ဖွဲ့စည်းထားသနည်း။

(ခ) အီကွေတာနှင့် ဂရင်းနစ်မျဉ်းတို့သည် မည်သည်တို့ကို ကိုယ်စားပြုသနည်း။

(ဂ) လတ္တီကျူနှင့် လောင်ဂျီကျူမျဉ်းများ မည်သို့ ကွဲပြားခြားနားကြသနည်း။

(ဃ) မြန်မာနိုင်ငံသည် မည်သည့် ဥတုရာသီဇုန်အတွင်း ကျရောက်နေသနည်း။

မေးခွန်းတိုင်းအတွက် အဖြေနှစ်ခု (သို့မဟုတ်) သုံးခု ရယူထားပါ။

၄။ သင်ခန်းစာ (၆.၁.၂) အတွက် သင်ယူမှုရလဒ်များကို မိတ်ဆက်ပေးပြီး ကျောင်းသားများအနေဖြင့် အဆိုပါ သင်ယူမှုရလဒ်များကို သင်ယူမှုလုပ်ငန်း (၁) နှင့် (၂) တို့ကို လုပ်ဆောင်ခြင်းဖြင့် ရရှိနိုင်ကြောင်း ဖော်ပြပါ။

## သင်ယူမှုလုပ်ငန်း (၁)။ မြေပုံရေးဆွဲခြင်းဆိုင်ရာ ကျွမ်းကျင်မှုများ – ကမ္ဘာ့မြေပုံ

| | |
|---|---|
| အချိန် | ၂၀ မိနစ် |
| စာသင်ခန်းဖွဲ့စည်းပုံ | နှစ်ယောက်တစ်တွဲ / တစ်ဦးချင်း |

## ရည်ရွယ်ချက်

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ကျောင်းသားများအနေဖြင့် ကမ္ဘာ့မြေပုံပေါ်ရှိ အဓိကအင်္ဂါရပ်များကို သတ်မှတ်ဖော်ထုတ်ပြီး အဆိုပါအင်္ဂါရပ်များအရ မြန်မာနိုင်ငံ၏ တည်နေရာကို ဆွေးနွေးရန် ဖြစ်သည်။

၁။ ကျောင်းသားများအား နှစ်ယောက်တစ်တွဲ တွဲပေးပါ။ ကျောင်းသားများအား ၎င်းတို့၏ ကျောင်းသားကိုင်စာအုပ်မှ နောက်ဆက်တွဲ (၄) (ပုံ ၄.၁) ကို ဖတ်ရှုစေပါ။

၂။ ကျောင်းသားများအား ပုံ (၄.၁) ကို အသုံးပြု၍ အောက်ပါလုပ်ငန်းများ ပြီးမြောက်စေရန် သင်ခန်းစာ (၆.၂.၁) မှ သတင်းအချက်အလက်များကို အသုံးပြုစေပါ။

- အခြေခံကျသော အမှတ်အသားလေးခုပါသည့် မြောက်အရပ်မျက်နှာပြ မြားတစ်ခု ထည့်ပါ။
- အီကွေတာ၊ မြောက်ယဉ်စွန်းတန်းနှင့် တောင်ယဉ်စွန်းတန်းတို့ကို ဆွဲပါ။
- တိုက်ကြီးခုနစ်တိုက်၏ အမည်များကို အညွှန်းတပ်၍ ဖော်ပြပါ။
- ကမ္ဘာ့တောင်ခြမ်းတွင် အပြည့်အဝရှိနေသော တိုက်ကြီးနှစ်တိုက်ကို သတ်မှတ် ဖော်ထုတ်ပါ။
- ဝင်ရိုးဇုန်၊ သမပိုင်းဇုန်နှင့် အပူပိုင်းဇုန်များကို အရောင်ခြယ်ပါ။
- မြေပုံပေါ်တွင် မြန်မာနိုင်ငံ၏ အမည်ကို သတ်မှတ်ဖော်ပြပါ။
- မြန်မာနိုင်ငံတည်ရှိသော တိုက်ကြီးကို သတ်မှတ်ဖော်ထုတ်ပါ။
- မြန်မာနိုင်ငံတည်ရှိသော ရာသီဥတုဇုန်ကို သတ်မှတ်ဖော်ထုတ်ပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများ မြေပုံကို အပြီးသတ် ရေးဆွဲစဉ် မေးခွန်းများကို နှစ်ယောက်တစ်တွဲ ဖြေဆိုစေပါ (သို့မဟုတ်) အစပျိုးမေးခွန်းများ မေးမြန်းခြင်းဖြင့် စေ့ဆော်မှုပြုပါ။ ကျောင်းသားများအား အစပျိုးမေးခွန်းများ မေးမြန်းခြင်း (သို့မဟုတ်) အတန်းဖော်များ၏ အဖြေပေါ်တွင် အခြေပြု၍ ဆက်လက်တည်ဆောက်ရန် အားပေးခြင်းတို့ဖြင့် အတန်းတွင်း ဆွေးနွေးပွဲမှတစ်ဆင့် အဖြေများကို စစ်ဆေးအကဲဖြတ်ပေးပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျောင်းသားများအား ၎င်းတို့၏အဖြေများကို ကျောင်းသားကိုင်စာအုပ်နှင့် အွန်လိုင်းမှ ရရှိသော အချက်အလက်များနှင့် နှိုင်းယှဉ်၍ စစ်ဆေးအကဲဖြတ်ရန် ညွှန်ကြားပါ။

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း

| | |
|---|---|
| **အချိန်** | ၁၀ မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

ကျောင်းသားများအား အုပ်စုတစ်စုတည်းအဖြစ် ၎င်းတို့နေရာတွင် အတူတကွ ပြန်လည် နေရာယူစေပြီး ကျောင်းသားအနည်းငယ်အား ၎င်းတို့၏ အဖြေများအား မျှဝေစေပါ။ ကျောင်းသားများအား ၎င်းတို့ကိုယ်ပိုင် လုပ်ဆောင်မှုများကို တစ်ဦးနှင့် တစ်ဦး အချင်းချင်း စစ်ဆေးအကဲဖြတ်ရန် တိုက်တွန်းအားပေးပါ။

ပြန်လည်သုံးသပ်ပေးသည့် မေးခွန်းတစ်ခု မေးပါ။

"အီလက်ထရောနစ် မြေပုံဆွဲကိရိယာများနှင့် ဆော့ဖ်ဝဲများခေတ်တွင် မြေပုံရေးဆွဲခြင်းဆိုင်ရာ ကျွမ်းကျင်မှုများသည် ကျောင်းသားများ လေ့လာရန် သက်ဆိုင်ရာ ကျွမ်းကျင်မှု တစ်ခု ဖြစ်နေပါသေးသလား။"

### ဆရာ့မှတ်စု

ဤမေးခွန်းနှင့် စပ်လျဉ်း၍ ကျောင်းသားများတွင် ရှုထောင့်များစွာ ရှိနေမည်ဟု မျှော်လင့်ထားရှိသည်။ မည်သို့ပင်ဆိုစေကာမူ ဆရာက ကျောင်းသားများ၏ ဉာဏ်ရည်ဉာဏ်သွေး ကွာဟမှု ဖွံ့ဖြိုးရေး အရေးပါမှုနှင့် ပတ်သက်၍ ဆွေးနွေးပွဲအသွင် ဦးတည်ပေးလိုစိတ် ရှိရမည်။

# စာသင်ချိန် (၂)

## မြေပုံများအသုံးပြုခြင်း

ဤစာသင်ချိန်ကို အောက်ပါအတိုင်း ဖွဲ့စည်းထားသည် –

| | |
|---|---|
| မိတ်ဆက် | ၁၀ မိနစ် |
| သင်ယူမှုလုပ်ငန်း (၂) | ၃၀ မိနစ် |
| ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း | ၁၀ မိနစ် |

## မိတ်ဆက်

| | |
|---|---|
| **အချိန်** | ၁၀ မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ ကျောင်းသားများအား စာသင်ခန်းမှ ကြိုဆိုပါ။ မြေပုံတစ်ပုံအား ၎င်းတို့ နောက်ဆုံး အသုံးပြုခဲ့သော အချိန်ကို ကျောင်းသားများအား ပြန်လည်စဉ်းစားစေပါ။ ထိုမြေပုံအား မည်သည့်အရာအတွက် အသုံးပြုခဲ့သနည်း။ ထိုမြေပုံတွင် မည်သည့် ပုံသင်္ကေတများ ပါရှိခဲ့သနည်း။ အဖြေ နှစ်ခု (သို့မဟုတ်) သုံးခု ရယူထားပါ။

၂။ အောက်ပါတို့ကို ရှင်းပြပါ –

- မြေပုံကို နားလည်သဘောပေါက်ခြင်းနှင့် အသုံးပြုခြင်းတို့သည် ခက်ခဲရှုပ်ထွေးသော ပထဝီဝင်ဆိုင်ရာ ကျွမ်းကျင်မှုတစ်ခုဖြစ်သော်လည်း မူလတန်းကျောင်းတစ်ကျောင်းမှ ကလေးငယ်များကိုပင် မြေပုံ ဖတ်ရှုလေ့လာတတ်အောင် မိတ်ဆက်ပေးထားနိုင်ကြောင်း
- ဆရာများသည် ကလေးငယ်များအား မြေပုံသင်ကြားရာတွင် ကျယ်ပြန့်လာသော သဘာဝပတ်ဝန်းကျင် အကြောင်းနှင့်တကွ စာသင်ကျောင်း၏ မြေပုံ (သို့မဟုတ်) စာသင်ခန်း၏ မြေပုံကဲ့သို့သော ကလေးများရင်းနှီးပြီး ဖြစ်သော အရာများနှင့် အစပြု သင်ကြားသင့်ကြောင်း။

၃။ ကျောင်းသားများအား ပုံ (၆.၈) မှ လက်ဆွဲမြေပုံတစ်ခုကို ကြည့်ရှုလေ့လာစေပါ။ ထိုမြေပုံသည် စကေးချဆွဲထားသည့် မြေပုံမဟုတ်သော်လည်း အသုံးဝင်နေဆဲဖြစ်သည်။ ကျောင်းသားများအား ဤမြေပုံမှ ရရှိနိုင်သော သတင်းအချက်အလက်အမျိုးအစားများကို သတ်မှတ်ဖော်ထုတ်စေပါ။ အဖြေ နှစ်ခု (သို့မဟုတ်) သုံးခု ရယူထားပါ။

## သင်ယူမှုလုပ်ငန်း (၂)။ မြေပုံရေးဆွဲခြင်းဆိုင်ရာ ကျွမ်းကျင်မှုများ – ပညာရေးဒီဂရီကောလိပ် (သို့မဟုတ်) ဒေသတွင်း ဇရိယာတစ်ခု၏ မြေပုံတစ်ခုကို ဖန်တီးရေးဆွဲခြင်း

| | |
|---|---|
| အချိန် | ၃၀ မိနစ် |
| စာသင်ခန်းဖွဲ့စည်းပုံ | နှစ်ယောက်တစ်တွဲ/တစ်ဦးချင်း |

### ရည်ရွယ်ချက်

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ကျောင်းသားများအနေဖြင့် ၎င်းတို့၏ ပညာရေးဒီဂရီကောလိပ် (သို့မဟုတ်) ဒေသတွင်း ဇရိယာတစ်ခု၏ မြေပုံတစ်ပုံကို အခြေခံမြေပုံရေးဆွဲနည်းအသုံးပြု၍ ရေးဆွဲရန် ဖြစ်သည်။

၁။ လေးထောင့်ကွက် (၆.၁) ကို အသုံးပြု၍ ကျောင်းသားများအား ၎င်းတို့၏ ပညာရေးဒီဂရီ ကောလိပ်တစ်ခု (သို့မဟုတ်) ဒေသတွင်း ဇရိယာတစ်ခု၏ မြေပုံတစ်ပုံကို ရေးဆွဲစေပါ။

၂။ ၎င်းတို့ရေးဆွဲသော မြေပုံသည် အခြေခံမြေပုံဆွဲနည်းဆိုင်ရာ စံသတ်မှတ်ချက်များကို လိုက်နာရမည်ဖြစ်ပြီး မြေပုံဘောင်၊ မြောက်အရပ်မျက်နှာပြမြား၊ မြေပုံအညွှန်းနှင့် မြေပုံခေါင်းစဉ်တို့ ပါရှိရမည်ဖြစ်ကြောင်း ရှင်းပြပါ။ သို့သော် ဤမြေပုံမှာ စကေးဖြင့် ရေးဆွဲရမည် မဟုတ်ကြောင်း သတိပြုပါ။

၃။ ကျောင်းသားများအား ၎င်းတို့၏ မြေပုံပေါ်တွင် အဓိကအင်္ဂါရပ်များ (အဆောက်အအုံများ၊ မြက်ခင်းပြင်နေရာလွတ်များ၊ လမ်းမကြီးများ၊ လူသွားလမ်းများ၊ ဘာသာရေး အဆောက်အအုံများ) ကို သတ်မှတ်ဖော်ပြပေးရမည်ဖြစ်ကြောင်း အသိပေးပါ။

**ဆရာ့မှတ်စု**

ကျောင်းသားများအား ၎င်းတို့မြေပုံတွင် ဖြည့်သွင်းရန် မြန်မာနိုင်ငံတွင် အသုံးပြုသည့် အများလက်ခံထားသော မြေပုံသင်္ကေတများကို ပေးထားနိုင်သည်။

၄။ မြေပုံရေးဆွဲခြင်း ပြီးမြောက်သောအခါ ကျောင်းသားများအား ၎င်းတို့၏ မြေပုံကို အတန်းထဲရှိ အခြား တစ်စုံတစ်ယောက်နှင့် လဲလှယ်စေပါ။
၅။ ကျောင်းသားများအား မြေပုံကို ပိုမိုကောင်းမွန်စေရန် ၎င်းတို့၏ မြေပုံများတွင် ထပ်ထည့်နိုင်သည့် အချက်များကို နှစ်ယောက်တစ်တွဲ ပြန်လည်သုံးသပ်ရန် တိုက်တွန်းအားပေးပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများ မြေပုံကို အပြီးသတ်ရေးဆွဲစဉ် နှစ်ယောက်တစ်တွဲ ကျောင်းသားများအား မေးခွန်းများ ဖြေဆိုစေပါ (သို့မဟုတ်) အစပျိုးမေးခွန်းများ မေးမြန်းခြင်းဖြင့် စေ့ဆော်မှုပြုပါ။ ကျောင်းသားများအား အစပျိုးမေးခွန်းများ မေးမြန်းခြင်း (သို့မဟုတ်) အတန်းဖော်များ၏ အဖြေပေါ်တွင် အခြေပြု၍ ဆက်လက်တည်ဆောက်ရန် အားပေးခြင်းတို့ဖြင့် အတန်းတွင်း ဆွေးနွေးပွဲမှတစ်ဆင့် အဖြေများကို စစ်ဆေးအကဲဖြတ်ပေးပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

တီထွင်ဖန်တီးမှုရှိသည့် မြေပုံဆွဲ လေ့ကျင့်ခန်း တစ်ခုဖြစ်သောကြောင့် ကျောင်းသားများ ဖြေဆိုနိုင်သည့် နည်းလမ်းများစွာရှိသည်။

## ဆရာ့မှတ်စု

ကျောင်းသားများအား ပညာရေးဒီဂရီကောလိပ်အတွင်း မြေပြင်ကွင်းဆင်းရန် ခွင့်ပြုပေးခြင်းဖြင့် မြေပုံဆွဲလေ့ကျင့်ခန်းအတွက် ပံ့ကြိမ်းရယူနိုင်ရန် ကူညီပံ့ပိုး ပေးနိုင်သည်။

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း

| | |
|---|---|
| **အချိန်** | ၁၀ မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

ကျောင်းသားများအား ၎င်းတို့နေရာများတွင် ပြန်လည်နေရာယူစေပြီး အတွဲလိုက် ပြုလုပ်ထားသော အပြောင်းအလဲများကို ပြန်လည်ဆန်းစစ်စေပါ။

ကျောင်းသား သုံးဦး (သို့မဟုတ်) လေးဦးအား ၎င်းတို့၏ မြေပုံများကို ကျန်သော အတန်းဖော်များနှင့် မျှဝေစေပါ။ ၎င်းတို့၏ ရဲရင့်မှုအတွက် ကျေးဇူးတင်ဂုဏ်ပြုပေးပါ။

ကျောင်းသားများအား မူလတန်းအောက်ဆင့် အတန်း၌ ဤသင်ယူမှုလုပ်ငန်းများ ပေါင်းစပ်အသုံးပြုမည့်ပုံကို မေးမြန်းပါ။ ကလေးများအတွက် ပျော်ရွှင်ဖွယ်ကောင်းသော လုပ်ငန်းတစ်ခု ဖြစ်စေရန် မည်သို့သော ပြောင်းလဲမှုများ လုပ်ဆောင်ရမည်နည်း။ အဖြေ နှစ်ခု (သို့မဟုတ်) သုံးခုကို ရယူပါ။

သင်ခန်းစာ (၆.၂.၁) အတွက် သင်ယူမှုရလဒ်များကို သင်ပုန်းပေါ် (သို့မဟုတ်) ကားချပ် တစ်ခုပေါ်တွင် ချရေးပါ။ ဤသင်ခန်းစာ သင်ယူခြင်းဖြင့် သင်ယူမှုရလဒ်များ ရရှိခဲ့ပုံကို ကျောင်းသားများအား ဖော်ပြစေပါ။ သင်ယူမှု ရလဒ်တစ်ခုစီအတွက် အဖြေတစ်ခု (သို့မဟုတ်) နှစ်ခု ရယူထားပါ။

# ၆.၂.၂။ ဥတုရာသီနှင့် မိုးလေဝသ

## မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် –

- ဥတုရာသီနှင့် မိုးလေဝသ အကြားရှိ ဆက်နွယ်မှုကို အကဲဖြတ် သုံးသပ်တတ်မည်။
- မြန်မာနိုင်ငံအတွင်းရှိ မိုးလေဝသပုံစံများကို ဖြစ်ပေါ်စေသော အကြောင်းရင်းများကို ဆန်းစစ်လေ့လာတတ်မည်။
- မြန်မာနိုင်ငံ ဒေသအသီးသီးနှင့် ရာသီအမျိုးမျိုးတွင် မိုးရွာသွန်းမှု ပုံစံများ ကွဲပြားကြောင်း နှင့် အပူချိန်တို့ မတူညီကြောင်း သတ်မှတ်ဖော်ထုတ်ရန် အချက်အလက်များအား အဓိပ္ပာယ်ဖွင့် ကောက်ချက်ချတတ်မည်။
- လူသားတို့၏ ဘဝရှင်သန်မှုတွင် ဥတုရာသီ၏ အကျိုးသက်ရောက်ပုံနှင့် ဥတုရာသီအပေါ် လူသားတို့၏ ဘဝရှင်သန်မှုများက အကျိုးသက်ရောက်ပုံတို့ကို ဆွေးနွေးတတ်မည်။
- မြန်မာနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်တို့အပေါ် ရာသီဥတု ပြောင်းလဲမှု များကြောင့် ဖြစ်ပေါ်လာနိုင်သော အကျိုးသက်ရောက်မှုများကို လေးနက်စွာ ပြန်လည် သုံးသပ်တတ်မည်။

## ရရှိသွားမည့် တတ်ကျွမ်းမှုများ

(က) (၄.၁.၁) အဆင့်အလိုက်၊ အတန်းအလိုက်၊ ဘာသာရပ်အလိုက် သင်ကြားသော မူလတန်း သင်ရိုးညွှန်းတမ်းသင်ယူမှု၏ အဓိကအသိသညာများ၊ အကြောင်းအရာများ၊ သင်ယူမှု ဦးတည်ချက်များနှင့် သင်ယူမှုရလဒ်များကို ဖော်ပြသည်။

(က) (၄.၁.၂) သင်ရိုးညွှန်းတမ်း၏ လိုအပ်ချက်များကို ထင်ဟပ်စဉ်းစားပြီး ဆီလျော်သော သင်ကြား၊ သင်ယူမှု လုပ်ငန်းများနှင့် သင်ထောက်ကူပစ္စည်းများ ပါဝင်သော သင်ပြမှုပုံစံများကို ပြင်ဆင်ရေးဆွဲသည်။

(က) (၅.၁.၁) အတန်းအဆင့်များ အလိုက် သင်ကြားသော ဘာသာရပ်ဆိုင်ရာ အဓိက အသိသညာများ၊ ကျွမ်းကျင်မှုများ၊ နည်းလမ်းများနှင့် အသုံးချမှုများကို ဖော်ပြသည်။

(က) (၅.၁.၂) ကျောင်းသားများ ဘာသာရပ်ဆိုင်ရာ အကြောင်းအရာများနှင့် ကျွမ်းကျင်မှုများ သင်ယူရာတွင် အထောက်အပံ့ပြုနိုင်ရန် တိကျမှန်ကန်ဆီလျော်သော သတင်းအချက်အလက်များ၊ နမူနာများနှင့် လေ့ကျင့်ခန်းများကို သင်ခန်းစာများတွင် ထည့်သွင်းသည်။

**အချိန်** – မိနစ် (၅၀) ကြာ စာသင်ချိန် နှစ်ချိန်။

**သင်ယူမှုနည်းလမ်းများ**

သင်ယူမှုလုပ်ငန်း (၁)။ ပထဝီဝင်ဆိုင်ရာ ကျွမ်းကျင်မှုများ – မိုးလေဝသ ကားချပ်တစ်ခုကို ဖတ်ရှုခြင်း

အိမ်စာလုပ်ငန်း။ ဖတ်ရှုခြင်း – သင်ခန်းစာ (၆.၂.၂)၊ စာသင်ချိန် (၂) ကို ကြိုတင်ဖတ်ရှုခြင်း

သင်ယူမှုလုပ်ငန်း (၂)။ တီထွင်ဖန်တီးရေးသားခြင်း – ဥတုရာသီအပြောင်းအလဲ၏ မြန်မာနိုင်ငံ အပေါ် သက်ရောက်မှုများ

အိမ်စာလုပ်ငန်း။ သင်ပြမှုပုံစံ – လက်တွေ့ပထဝီဝင်

**စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများ** – မေးခွန်းမေးမြန်းခြင်း၊ ကြည့်ရှုလေ့လာခြင်း၊ အချင်းချင်းစစ်ဆေးအကဲဖြတ်ခြင်း၊ ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း။

**လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ**

ကျောင်းသားကိုင်စာအုပ် သင်ခန်းစာ (၆.၂.၂) ကို ဖတ်ရှုပါ။

**လိုအပ်သော ရင်းမြစ်များ**

သင်ယူမှုလုပ်ငန်း (၁)။ ကျောင်းသားကိုင်စာအုပ်၊ ဘောပင်

## စာသင်ချိန် (၁)

## ဥတုရာသီနှင့် မိုးလေဝသ

ဤစာသင်ချိန်ကို အောက်ပါအတိုင်း ဖွဲ့စည်းထားသည် –

| | |
|---|---|
| မိတ်ဆက် | ၂၀ မိနစ် |
| သင်ယူမှုလုပ်ငန်း (၁) | ၂၀ မိနစ် |
| ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း | ၁၀ မိနစ် |

## မိတ်ဆက်

| | |
|---|---|
| **အချိန်** | ၂၀ မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ ကျောင်းသားများအား စာသင်ခန်းမှ ကြိုဆိုပါ။ ကျောင်းသားများအား ၎င်းတို့၏ စာသင်ခန်း ပြတင်းပေါက်မှ အပြင်ဘက်ကို ကြည့်ရှုစေ၍ ၎င်းတို့မြင်တွေ့ရသည်များကို ဖော်ပြစေပါ။ ကျောင်းသားများက ပထဝီဝင်ဆိုင်ရာ အချက်အလက်များ၊ ဇီဝသုကာ လက်ရာဆိုင်ရာ အင်္ဂါရပ်များ (သို့မဟုတ်) မိုးလေဝသ အခြေအနေများနှင့် ပတ်သက်သည့် အဖြေများ ပေးနိုင်သည်။ ကျောင်းသားများအား ယခုအချိန်မှစ၍ လာမည့် ခြောက်လတာ အချိန်ကာလတစ်ခုကို စဉ်းစားစေပါ။ ၎င်းတို့ပြတင်းပေါက်မှနေ၍ အပြင်ဘက်တွင် မည်သည့်အရာများ တွေ့မြင်နိုင်သနည်း။ ပြောင်းလဲသွားသည့် မိုးလေဝသ ပုံစံတစ်ခုကို သတ်မှတ်ဖော်ထုတ်နိုင်သည်အထိ ၎င်းတို့၏အဖြေများကို ချို့ပေးပါ။

၂။ 'မိုးလေဝသ' နှင့် 'ဥတုရာသီ' ဟူသော စကားလုံးများကို သင်ပုန်းကြီးပေါ်တွင် ချရေးပါ။ ကျောင်းသားများအား ထိုစကားလုံးများနှင့် ပတ်သက်၍ ၎င်းတို့ သိရှိသည့် အချက်များကို ပြောပြစေပါ။ ထိုအချက်များမှာ တူညီကြပါသလား (သို့မဟုတ်) ကွဲပြားခြားနားကြပါသလား။ ကျောင်းသားများပေးမည့် အဖြေများကို တတ်နိုင်သမျှ လက်ခံရယူထားပါ။

၃။ ကျောင်းသား သုံးဦး (သို့မဟုတ်) လေးဦးအား ၎င်းတို့၏ ကျောင်းသားကိုင်စာအုပ်မှ သင်ခန်းစာ (၆.၂.၂) ကို အတန်းထဲမှ ကျန်သောအတန်းဖော်များအတွက် အသံထွက် ဖတ်ပြစေပါ။ ကျောင်းသားများ ဖတ်ပြနေစဉ် ဆရာက ဤသင်ခန်းစာအတွက် သင်ယူမှု ရလဒ်ကို သင်ပုန်းကြီးပေါ် (သို့မဟုတ်) ကားချပ်တစ်ခုပေါ်တွင် ချရေးထားနိုင်သည်။

၄။ ကျောင်းသားများအား ဥတုရာသီနှင့် မိုးလေဝသတို့၏ ကွဲပြားခြားနားချက်များကို မေးမြန်းခြင်းဖြင့် ၎င်းတို့၏ နားလည်သဘောပေါက်မှုကို စစ်ဆေးပါ။

၅။ သင်ခန်းစာ (၆.၂.၂) အတွက် သင်ယူမှုရလဒ်များကို မိတ်ဆက်ပေးပြီး ကျောင်းသားများ အနေဖြင့် သင်ယူမှုလုပ်ငန်း (၁) နှင့် (၂) ကို လုပ်ဆောင်ခြင်းဖြင့် သင်ယူမှုရလဒ်များ ရရှိနိုင်ကြောင်း ဖော်ပြပေးပါ။

## သင်ယူမှုလုပ်ငန်း (၁)။ ပထဝီဝင်ဆိုင်ရာ ကျွမ်းကျင်မှုများ – မိုးလေဝသ ကားချပ် တစ်ခုကို ဖတ်ရှုခြင်း

| | |
|---|---|
| **အချိန်** | ၂၀ မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | နှစ်ယောက်တစ်တွဲ/တစ်ဦးချင်း |

### ရည်ရွယ်ချက်

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ကျောင်းသားများအနေဖြင့် မြန်မာနိုင်ငံ ဒေသ အသီးသီးနှင့် ရာသီအမျိုးမျိုးတွင် မိုးရွာသွန်းမှု ပုံစံများ ကွဲပြားကြောင်းနှင့် အပူချိန်တို့ မတူညီကြောင်း သတ်မှတ်ဖော်ထုတ်ရာ၌ အချက်အလက်များအား အဓိပ္ပာယ်ဖွင့် ကောက်ချက်ချရန် ဖြစ်သည်။

၁။ ကျောင်းသားများအား ၎င်းတို့၏ ကျောင်းသားကိုင်စာအုပ်တွင် ဖော်ပြထားသော ပုံ (၆.၉)၊ (၆.၁၀) နှင့် (၆.၁၁) တို့ကို ကြည့်ရှုလေ့လာစေပါ။

၂။ ဤဂရပ်များတွင် မြန်မာနိုင်ငံရှိ မတူညီသော နေရာဒေသသုံးခု၏ တစ်နှစ်ပတ်လုံး ရရှိသည့် ပျမ်းမျှမိုးရေချိန်နှင့် အပူချိန်များကို ဖော်ပြထားကြောင်း ရှင်းပြပါ။ ဘားဂရပ်က လစဉ် မိုးရွာသွန်းမှု ပမာဏကို ဖော်ပြပြီး မျဉ်းဂရပ်မှာ အပူချိန်ကို (ဒီဂရီဆဲလ်ဆီးယပ် များဖြင့်) ဖော်ပြသည်။

၃။ ကျောင်းသားများအား ၎င်းတို့၏ ကျောင်းသားကိုင်စာအုပ်ရှိ ဇယား (၆.၅) တွင် ဖြည့်သွင်းရန် ဂရပ်များ၌ ဖော်ပြထားသော အချက်အလက်များကို အသုံးပြုစေပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများက ၎င်းတို့၏ဇယားများကို ဖြည့်စွက်နေစဉ် ဆရာက ၎င်းတို့တစ်ဦးချင်းစီအား မေးခွန်းများကို ဖြေဆိုစေပါ (သို့မဟုတ်) အစပျိုးမေးခွန်းများ မေးမြန်းခြင်းဖြင့် စေ့ဆော်မှုများ ပြုလုပ်ပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

**ဆရာလမ်းညွှန် ဇယား ၆.၅။ ဖြည့်စွက်ပြီး – မိုးလေဝသကားချပ်များကို ဖတ်ရှုလေ့လာခြင်း**

| | ရန်ကုန်မြို့ | မန္တလေးမြို့ | မြိတ်မြို့ |
|---|---|---|---|
| မည်သည့်လသည် မိုးရေချိန် အမြင့်ဆုံး ဖြစ်သနည်း။ | ဇူလိုင်လ | စက်တင်ဘာလ | အောက်တိုဘာလ |
| မည်သည့်လသည် အပူချိန်သည် အအေးဆုံး ဖြစ်သနည်း။ | ဒီဇင်ဘာလ | ဇန်နဝါရီလ | ဇန်နဝါရီလ |
| မည်သည့်လသည် အပူချိန် အမြင့်ဆုံး ဖြစ်သနည်း။ | မတ်လ – ဧပြီလ | ဧပြီလ | မတ်လ – ဇွန်လ |
| မည်သည့်အချိန်တွင် ဟင်းသီးဟင်းရွက် ဥယျာဉ်ခြံစိုက်ပျိုးရန် အကောင်းဆုံး ဖြစ်သနည်း။ | ဩဂုတ်လ–စက်တင်ဘာလ | မတ်လ | ဇူလိုင်လ |
| မည်သည့်အချိန်သည် ပြင်ပ အားကစားနည်းများ ကစားရန် အကောင်းဆုံး ဖြစ်သနည်း။ | နိုဝင်ဘာလ – ဖေဖော်ဝါရီလ | နိုဝင်ဘာလ – မတ်လ | ဒီဇင်ဘာလ – မတ်လ |
| ကျောင်းသားများအနေဖြင့် မည်သည့် အချိန်တွင် ကုတ်အင်္ကျီဝတ်ဆင်ရန် လိုအပ်သနည်း။ | ဒီဇင်ဘာလ – ဇန်နဝါရီလ | ဇန်နဝါရီလ | ဇန်နဝါရီလ |

| | ရန်ကုန်မြို့ | မန္တလေးမြို့ | မြိတ်မြို့ |
|---|---|---|---|
| မည်သည့် ပထဝီဝင်ဆိုင်ရာ အင်္ဂါရပ်များက ဤဥတုရာသီ အပေါ် အကျိုးသက်ရောက်စေ နိုင်သနည်း။ | လတ္တီကျု - အီကွေတာနှင့် နီးကပ်ခြင်း၊ ပင်လယ် မြစ်ချောင်းများ အနီးတွင်ရှိခြင်း၊ ပင်လယ်ရေပြင်အထက် အမြင့်ပေ နိမ့်ပါးခြင်း | လတ္တီကျု - အီကွေတာနှင့် နီးခြင်း၊ ပင်လယ်ရေပြင်အထက် အမြင့်ပေ မြင့်မားခြင်း ခြောက်သွေ့ဇုန် အတွင်း ရှိနေခြင်း | လတ္တီကျု -အီကွေတာ နှင့် နီးကပ်ခြင်း၊ ရေပတ်လည် ဝိုင်းရံလျက်ရှိခြင်း၊ ပင်လယ် ရေပြင်အထက် အမြင့်ပေ နိမ့်ပါးခြင်း / ပင်လယ် ရေပြင်နှင့် တစ်တန်းတည်း ရှိခြင်း |

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း

| | |
|---|---|
| **အချိန်** | ၁၀ မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

ကျောင်းသားများအား ၎င်းတို့နေရာတွင် ပြန်၍ အတူတကွ နေရာယူစေပါ။ သင်ပုန်းပေါ် (သို့မဟုတ်) ကားချပ်ကြီးပေါ်တွင် ဇယား (၆.၅) ကို ရေးဆွဲပါ။ ကျောင်းသားများအား မေးခွန်း တစ်ခုစီအတွက် ၎င်းတို့၏ အဖြေများကို ကျန်သော အတန်းဖော်များသို့ မျှဝေစေပါ။ အဖြေများကို သင်ပုန်းပေါ်တွင် မှတ်တမ်းတင်ပါ။

ကျောင်းသားများအား ၎င်းတို့၏ ကိုယ်ပိုင်အချိန်တွင် တာဝန်ယူ လုပ်ဆောင်ရမည့် အိမ်စာ လုပ်ငန်းအား ကျောင်းသားကိုင်စာအုပ်တွင် လုပ်ဆောင်ရန် ညွှန်ကြားပါ။

### အိမ်စာလုပ်ငန်း။ ဖတ်ရှုခြင်း – သင်ခန်းစာ (၆.၂.၂)၊ စာသင်ချိန် (၂) ကို ကြိုတင်ဖတ်ရှုခြင်း

ဤအိမ်စာလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ကျောင်းသားများအနေဖြင့် ကြိုတင်ဖတ်ရှုခြင်းကို ဆောင်ရွက်ရန် ဖြစ်သည်။

ကျောင်းသားများအား ကျောင်းသားကိုင်စာအုပ်ရှိ စာသင်ချိန် (၂)၊ သင်ခန်းစာ (၆.၂.၂) ကို ကြိုတင်ဖတ်ရှုလေ့လာရန် ညွှန်ကြားပါ။ ၎င်းတို့၏ စာအုပ်တွင် စိတ်ဝင်စားဖွယ်အချက်များ ကို မှတ်စုထုတ် ရေးသားရန် (သို့မဟုတ်) ရောင်စုံမင်ဖြင့် မျဉ်းသားရန် တိုက်တွန်းအားပေးပါ။

## စာသင်ချိန် (၂)

## ဥတုရာသီနှင့် မိုးလေဝသ

ဤစာသင်ချိန်ကို အောက်ပါအတိုင်း ဖွဲ့စည်းထားသည် –

| | |
|---|---|
| မိတ်ဆက် | ၁၅ မိနစ် |
| သင်ယူမှုလုပ်ငန်း (၂) | ၂၅ မိနစ် |
| ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း | ၁၀ မိနစ် |
| အိမ်စာလုပ်ငန်း | ကိုယ်ပိုင်အချိန် |

## မိတ်ဆက်

| | |
|---|---|
| **အချိန်** | ၁၅ မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ ကျောင်းသားများအား ကြိုဆိုပါ။ ကျောင်းသားများအား ၎င်းတို့၏ မြေပုံဆွဲသင်ခန်းစာကို ပြန်လည်စဉ်းစားစေ၍ မြန်မာနိုင်ငံသည် မည်သည့် ဥတုရာသီဇုန် (အပူပိုင်း) တွင် တည်ရှိသည်ကို ခွဲခြားသတ်မှတ် ဖော်ထုတ်စေပါ။ အပူပိုင်း ဥတုရာသီသည် မည်သည့် မိုးလေဝသကို တွေ့ကြုံခံစားရသနည်း။

၂။ ကျောင်းသားများအား အတန်းသို့ တက်ရောက်ရာတွင် သင်ခန်းစာကို ကြိုတင်ဖတ်ရှုထားပြီး ဖြစ်သည်ဟု ယူဆထားပါ။ ၎င်းတို့၏ နားလည်သဘောပေါက်မှုကို စစ်ဆေးရန် အတွက် မြစ်ကြီးနားမြို့၊ မန္တလေးမြို့နှင့် မြိတ်မြို့တို့၌ ကွဲပြားသော ဥတုရာသီများ ရှိရသည့် အကြောင်းရင်းကို မေးပါ။

အဖြေ။ ကျောင်းသားများက ပထဝီဝင်ဆိုင်ရာ တည်နေရာ အနေအထား၊ ပင်လယ်ရေ မျက်နှာပြင်အထက် အမြင့်ပေနှင့် ပင်လယ်ရေပြင်နှင့် ထိစပ်မှုတို့ကို အလေးပေးသည့် အဖြေများ ပေးနိုင်သည်။

၃။ ကျောင်းသားများအား ဥတုရာသီ ပြောင်းလဲမှုသည် မြန်မာနိုင်ငံအပေါ် မည်သို့ အကျိုးသက်ရောက်နိုင်ကြောင်း စဉ်းစားစေပါ။
အဖြေ။ ကျောင်းသားများက အပူချိန်မြင့်မားလာခြင်း၊ သောက်သုံးရေမလုံလောက်ခြင်း၊ ဆိုင်ကလုန်းမုန်တိုင်းနှင့် ရေလွှမ်းမိုးမှု အစရှိသည့် သဘာဝဘေးအန္တရာယ်များ တိုးပွားလာခြင်း၊ ရောဂါဘယများ ဖြစ်ပွားခြင်းနှင့် စိုက်ပျိုးမွေးမြူရေး လက်တွေ့လုပ်ဆောင်မှုများနှင့် အစားအစာရရှိမှု ပြောင်းလဲလာခြင်း အစရှိသည့် အဖြေများ ပေးနိုင်သည်။

၄။ ကျောင်းသားများတွင် မတူညီသည့် အဖြေများရှိပါက ပြောကြားစေပြီး ၎င်းတို့၏ အဖြေများကို သင်ပုန်းပေါ်တွင် မှတ်တမ်းတင်ပါ။




**ဆရာ့မှတ်စု**

သင်ပုန်းပေါ်ရှိ အဖြေတစ်ခုချင်းစီကို ထောက်ပြပြီး ကျောင်းသားများအား ‘ဤအရာက သင်တို့၏ ဘဝရှင်သန်မှုအတွက် မည်သို့ အကျိုးသက်ရောက်မှု ရှိသနည်း။’ ဟုမေးမြန်းပါ။

ဥပမာ – ‘အပူချိန်မြင့်မားလာမှုကြောင့် ကျောင်းသားများ၏ စာသင်ခန်းပြင်ပ လုပ်ငန်းများနှင့် ပြင်ပအားကစား လှုပ်ရှားမှုများ ဖျက်သိမ်းရနိုင်သည်။’

‘မြစ်ချောင်းများတွင် ငါးများ မရှိတော့ခြင်း (သို့မဟုတ်) စိုက်ပျိုးသီးနှံများ မစိုက်ပျိုးနိုင်တော့ခြင်းတို့ကြောင့် ကျောင်းသားများ၏ စားသောက်နေကျ အစားအစာများ ပြောင်းလဲလာခြင်း’ စသည့် အဖြေများ ဖြစ်နိုင်သည်။



## သင်ယူမှုလုပ်ငန်း (၂)။ တီထွင်ဖန်တီးရေးသားခြင်း – ဥတုရာသီ အပြောင်းအလဲ၏ မြန်မာနိုင်ငံအပေါ် သက်ရောက်မှုများ

| | |
|---|---|
| **အချိန်** | ၂၅ မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်ဦးချင်း |

## ရည်ရွယ်ချက်

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ကျောင်းသားများအနေဖြင့် မြန်မာနိုင်ငံ၏ သဘာဝ ပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်တို့အပေါ် ရာသီဥတု ပြောင်းလဲမှု များကြောင့် ဖြစ်ပေါ်လာနိုင်သော အကျိုးသက်ရောက်မှုများကို လေးနက်စွာ ပြန်လည်သုံးသပ်ရန် ဖြစ်သည်။

### ဆရာ့မှတ်စု

ဆရာက ဒေသတွင်း ရပ်ရွာအဖွဲ့အစည်း (အရပ်ဖက်လူ့အဖွဲ့အစည်းများ၊ နိုင်ငံတကာ အစိုးရမဟုတ်သောအဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ) မှ အထူးဧည့်သည်တော်များကို ဖိတ်ကြား၍ ဥတုရာသီ ဖောက်ပြန်ပြောင်းလဲမှု၊ မြန်မာနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်နှင့် လူထုအပေါ် သက်ရောက်သော အဆိုပါ ဖောက်ပြန်ပြောင်းလဲမှုတို့ကို ဟောပြောစေခြင်းဖြင့် စာသင်ချိန် (၂) ရှိ လုပ်ငန်းကို တစ်မျိုးတစ်ဖုံ ကူညီလမ်းညွှန်ပေးနိုင်သည်။

၁။ ကျောင်းသားများအား သက္ကရာဇ် ၂၁၀၀ ပြည့်နှစ်၊ မြန်မာနိုင်ငံတွင် အခြေချနေထိုင်နေသည့် ကောလိပ်ကျောင်းသားတစ်ဦးအဖြစ် စိတ်ကူးကြည့်စေပါ။ ကမ္ဘာကြီးပူနွေးလာမှုကြောင့် ကမ္ဘာ့အပူချိန်သည် (၃.၂) ဒီဂရီ မြင့်တက်လာမည်ဖြစ်ပြီး ဥတုရာသီ ဖောက်ပြန် ပြောင်းလဲမှုများအဖြစ် ငလျင်များ၊ ဆိုင်ကလုန်းမုန်တိုင်းများ အစရှိသည့် သဘာဝ အန္တရာယ်ကြီးများ ပုံမှန်ဖြစ်ပေါ်နေမည်။

၂။ ကျောင်းသားများအား ၎င်းတို့၏ ကျောင်းသားကိုင်စာအုပ်ရှိလေးထောင့်ကွက် (၆.၃) တွင် သက္ကရာဇ် ၂၁၀၀ ပြည့်နှစ် မြန်မာနိုင်ငံမှ ကျောင်းသားများ၏ဘဝရှင်သန်မှု တစ်နေ့တာအကြောင်း ပြန်လည်သုံးသပ်ခြင်း နေ့စဉ်မှတ်တမ်း (ဂျာနယ်) တစ်စောင် ရေးသားရန် ညွှန်ကြားပါ။ ကျောင်းသားများ နေ့စဉ်မှတ်တမ်း (ဂျာနယ်) ရေးသားသည့်အခါ –

- သောက်သုံးရေနှင့် အစားအစာ ရယူသုံးစွဲနိုင်မှု အခွင့်အလမ်း
- စားသုံးရန်အတွက် ရရှိနိုင်သည့် အစားအစာ အမျိုးအစားများ
- နေထိုင်ရပ်တည်မှု အခြေအနေ

- မြင့်မားလာသည့် အပူချိန်က နေ့စဉ်ဘဝနှင့် အစားအစာ ထုတ်လုပ်မှုအပေါ် သက်ရောက်ပုံ
- ဖြစ်ပေါ်တတ်သော သဘာဝဘေးအန္တရာယ် အမျိုးအစားများနှင့် ၎င်းတို့အနေဖြင့် ထိုသဘာဝဘေးအန္တရာယ်များကို ရင်ဆိုင်ရန် ပြင်ဆင်ထားပုံ
- ၎င်းတို့၏ နေ့စဉ်ဘဝနှင့် သက္ကရာဇ် ၂၀၂၁ ခုနှစ်မှ ကျောင်းသားတစ်ဦး၏ အသက်ရှင်နေထိုင်မှုဘဝ ကွဲပြားခြားနားပုံ အစရှိသည်တို့ကို စဉ်းစားတွေးတောသင့်သည်။

၃။ ကျောင်းသားများအနေဖြင့် စိတ်ကူးအကြံဉာဏ်များ မထွက်ပါက သင်ခန်းစာ (၆.၂.၂) ကို ပြန်လည်ဆန်းစစ် ဖတ်ရှုရန် လမ်းညွှန်ပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများက အပြီးသတ် တီထွင်ဖန်တီးရေးသားနေစဉ် ဆရာက အတန်းအတွင်း လှည့်လည်ကြည့်ရှု၍ ကျောင်းသားများ၏ လုပ်ဆောင်မှုကို ပြန်လည်ဆန်းစစ်ပေးပါ။ အကယ်၍ ကျောင်းသားများက ရေးသားရန် အခက်တွေ့နေပါက "မြန်မာနိုင်ငံတွင် ဆန်စပါးကို စိုက်ပျိုးနိုင်ခြင်း မရှိတော့ပါက မည်သည့်အရာများ ဖြစ်လာနိုင်သနည်း" အစရှိသည့် အစပျိုးမေးခွန်းများ မေးမြန်းပေးပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

တီထွင်ဖန်တီးရေးသားရသော လေ့ကျင့်ခန်းတစ်ခု ဖြစ်သောကြောင့် အဖြေမှန်သည် (သို့မဟုတ်) မှားသည်ဟူ၍ မရှိပါ။ ကျောင်းသားများ၏ အဖြေများသည် သင်ခန်းစာ မိတ်ဆက်ရှိ ဆွေးနွေးခြင်း လုပ်ငန်းတွင် တင်ပြထားသော အဓိက ဆိုလိုရင်းများကို ထင်ဟပ်နေသင့်သည်။ ထို့ပြင် ရာသီဥတု ပြောင်းလဲခြင်း၏ နောက်ဆက်တွဲ အကျိုးဆက်များဖြစ်သော –

- စိုစွတ်သော ရာသီဥတုများတွင် ရေပိုမိုရရှိခြင်း
- ခြောက်သွေ့သော ရာသီဥတုများတွင် ရေပြတ်လတ်ခြင်း
- ရေလွှမ်းမိုးမှုများနှင့် ဆိုင်ကလုန်းမုန်တိုင်းများ ပိုမိုဖြစ်ပေါ်လာခြင်း
- ရေကြောင့်ဖြစ်ပွားသော ရောဂါများ ပိုမိုများပြားလာခြင်း
- ခြင်ပေါက်ဖွားမှု ပိုမိုများပြားလာခြင်း

- အပူချိန် မြင့်မားလာမှုကြောင့် လျှပ်စစ်ဓာတ်အား လိုအပ်ချက် ပိုမိုများပြားလာခြင်း
- စိုက်ပျိုးဖြစ်ထွန်းနိုင်သည့် အသီးအနှံ အမျိုးအစားများ ပြောင်းလဲရန် လိုအပ်ခြင်း
- ခြမ်မွေးတိရစ္ဆာန်များကို နိုင်ငံ၏ နေရာဒေသ အသီးသီးသို့ ပြောင်းရွှေ့ရန် လိုအပ်လာခြင်း
- ပင်လယ်သမုဒ္ဒရာနှင့် မြစ်ချောင်းများမှ ရရှိနိုင်သော ငါးမျိုးစိတ်များ ပြောင်းလဲလာခြင်း
- ရေလွှမ်းမိုးမှု ပိုမိုများပြားလာခြင်းနှင့် အပူချိန်မြင့်မားမှု ပိုမိုဖြစ်ပေါ်လာခြင်းတို့ကြောင့် အခြေခံ အဆောက်အအုံများ ပျက်စီးယိုယွင်းလာခြင်း စသည့် အကြောင်းအရာများ ပါဝင်သည့် သင်ခန်းစာ (၆.၂.၂) အား ထင်ဟပ်ဖော်ပြထားသင့်သည်။

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း

| | |
|---|---|
| **အချိန်** | ၁၀ မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ ကျောင်းသားများအား ၎င်းတို့နေရာတွင် ပြန်လည်နေရာယူစေပါ။ ဆရာက စာသင်ခန်းအတွင်း လှည့်လည်နေစဉ် အမှတ်မထင် တွေ့ရှိခဲ့သည့် တီထွင်ဖန်တီး ရေးသားမှု လက်ရာ နှစ်ခု (သို့မဟုတ်) သုံးခုကို ရွေးနုတ်၍ မျှဝေပါ။

၂။ အကယ်၍ မိမိကိုယ်တိုင်ရေးသားထားသည့် အဖြေများကို ဆန္ဒအလျောက် ဖတ်ပြလိုသူ ကျောင်းသားများ ရှိခဲ့ပါက ဖတ်ပြစေပါ။

၃။ ကျောင်းသားများအား လူတို့၏ လုပ်ဆောင်ချက်များသည် ဥတုရာသီ ဖောက်ပြန် ပြောင်းလဲရခြင်း၏ အကြီးမားဆုံး အကြောင်းရင်းများဖြစ်ကြောင်း ရှင်းပြပါ။ ကျောင်းသားများအား မြန်မာနိုင်ငံအပေါ် သက်ရောက်သော ဥတုရာသီ ဖောက်ပြန် ပြောင်းလဲမှုကို လျော့ပါးစေမည့် နည်းလမ်းများကို စဉ်းစားစေပါ။ အဖြေ သုံးခု (သို့မဟုတ်) လေးခု လက်ခံရယူထားပါ။

၄။ ကျောင်းသားများအား ၎င်းတို့၏ ကိုယ်ပိုင်အချိန်တွင် လုပ်ဆောင်ရမည့် ကျောင်းသားကိုင် စာအုပ်မှ အိမ်စာလုပ်ငန်းသို့ လမ်းညွှန်ပါ။

## အိမ်စာလုပ်ငန်း။ သင်ပြမှုပုံစံ – လက်တွေ့ပထဝီဝင်

ဤအိမ်စာလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ကျောင်းသားများအနေဖြင့် မူလတန်းအောက်ဆင့် လက်တွေ့ပထဝီဝင် အတန်းတစ်တန်းအတွက် သင်ပြမှုပုံစံတစ်ခု ရေးဆွဲရန် ဖြစ်သည်။

ကျောင်းသားများအား –

၁။ လက်တွေ့ပထဝီဝင်အခန်း၏ အစိတ်အပိုင်းတစ်ခုအဖြစ် ၎င်းတို့ လွှမ်းခြုံဖော်ပြခဲ့သော သင်ခန်းစာ ခေါင်းစဉ်တစ်ခုကို ရွေးချယ်စေပါ။
၂။ ပထမတန်းနှင့် ဒုတိယတန်းရှိ လူမှုရေးဘာသာ သင်ယူမှုရည်မှန်းချက်များနှင့် စပ်လျဉ်း၍ စဉ်းစားရန်။ သင်ယူမှုရည်မှန်းချက်များ ပြည့်မီစေမည့် လက်တွေ့ပထဝီဝင် သင်ခန်းစာတစ်ခုကို ကျောင်းသားများအနေဖြင့် မည်ကဲ့သို့ ဒီဇိုင်းရေးဆွဲမည်နည်း။
၃။ ကျောင်းသားများ ရွေးချယ်ထားသော သင်ခန်းစာ ခေါင်းစဉ်နှင့် ဆက်စပ်၍ ပထမတန်း (သို့မဟုတ်) ဒုတိယတန်းအတွက် (၄၅) မိနစ်စာ သင်ခန်းစာတစ်ခုကို ပြင်ဆင်ရန်၊
၄။ ကျောင်းသားများ သင်ပြမှုပုံစံ ရေးဆွဲပြီးသောအခါ ကျောင်းသားကိုင်စာအုပ်ပါ နောက်ဆက်တွဲ (၅) ရှိ သင်ခန်းစာပုံစံလွှာတွင် ထည့်သွင်းရေးသားစေပါ။
၅။ ၎င်းတို့ အပြီးသတ် ရေးဆွဲပြီးသော သင်ခန်းစာကို အတန်းထဲသို့ ယူဆောင်လာရန် အစရှိသည်တို့ကို ရှင်းပြပါ။

# ၆.၂.၃။ လက်တွေ့ပထဝီဝင်အတွက် သင်ပြမှုပုံစံတစ်ခု ရေးဆွဲခြင်း

## မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် –

- လက်တွေ့ပထဝီဝင်သင်ခန်းစာ ခေါင်းစဉ်တစ်ခုကို ရွေးချယ်၍ မူလတန်း အောက်ဆင့် ကျောင်းသားများအတွက် ရိုးရှင်းသော သင်ပြမှုပုံစံတစ်ခု ရေးဆွဲတတ်မည်။
- သင်ခန်းစာ စီစဉ်ရေးဆွဲမှုဆိုင်ရာ ဆုံးဖြတ်ချက်များအတွက် အခြေခံ အကြောင်းပြချက် တစ်ခုကို အတန်းဖော်များအား တင်ပြတတ်မည်။
- သင်ပြမှုပုံစံတစ်ခု ရေးဆွဲခြင်းနှင့် စပ်လျဉ်း၍ အတန်းဖော်များအား အပြုသဘော ဆောင်သော တုံ့ပြန်အကြံပြုချက်များ ပေးတတ်မည်။

## ရရှိသွားမည့် တတ်ကျွမ်းမှုများ

(က) (၁.၁.၂) ကျောင်းသားများ၏ သိမှုဆိုင်ရာဖွံ့ဖြိုးမှု၊ ဘာသာစကားဆိုင်ရာဖွံ့ဖြိုးမှု၊ ပေါင်းသင်းဆက်ဆံရေး ဖွံ့ဖြိုးမှု၊ စိတ်လှုပ်ရှား ခံစားမှုဖွံ့ဖြိုးမှုများနှင့် ကာယဖွံ့ဖြိုးမှုများအရ သင်ယူမှုလုပ်ငန်းများကို ပြင်ဆင်သည်။

(က) (၂.၁.၁) ကျောင်းသားများ အချင်းချင်းအပြန်အလှန် ပြောဆိုဆက်သွယ်ခြင်း၊ စူးစမ်း လေ့လာခြင်း၊ ပြဿနာဖြေရှင်းခြင်း၊ တီထွင်ဖန်တီးခြင်း အခွင့်အလမ်းများကို ပံ့ပိုးပေးသည့် သင်ယူမှုအတွေ့အကြုံများကို ပြင်ဆင်ဆောင်ရွက်သည်။

(က) (၄.၁.၁) အဆင့်အလိုက်၊ အတန်းအလိုက်၊ ဘာသာရပ်အလိုက် သင်ကြားသော မူလတန်း သင်ရိုးညွှန်းတမ်းသင်ယူမှု၏ အဓိကအသိသညာများ၊ အကြောင်းအရာများ၊ သင်ယူမှု ဦးတည်ချက်များနှင့် သင်ယူမှုရလဒ်များကို ဖော်ပြသည်။

(က) (၄.၁.၂) သင်ရိုးညွှန်းတမ်း၏ လိုအပ်ချက်များကို ထင်ဟပ်စဉ်းစားပြီး ဆီလျော်သော သင်ကြား၊ သင်ယူမှု လုပ်ငန်းများနှင့် သင်ထောက်ကူပစ္စည်းများ ပါဝင်သော သင်ပြမှုပုံစံများကို ပြင်ဆင်ရေးဆွဲသည်။

(ခ) (၁.၃.၁) စာသင်ချိန်အားလုံးကို ထိရောက်စွာ အသုံးပြုနိုင်ရန် သင်ခန်းစာကို ဖွဲ့စည်းပြင်ဆင်သည်။

(ခ) (၁.၃.၂) ကျောင်းသားများ သင်ယူမှုတွင် စိတ်ဝင်စားမှုရှိရန်၊ ၎င်းတို့၏ သင်ယူလိုစိတ်ကို လှုံ့ဆော်နိုင်ရန်၊ ယခင်သင်ယူပြီးသော အကြောင်းအရာများကို သင်ယူမှု အသစ်များနှင့် ချိတ်ဆက်နိုင်ရန် သင်ခန်းစာကို နိဒါန်း ပျိုးပေးသည်။

(ခ) (၁.၃.၃) ကျောင်းသားများ၏ စိတ်ဝင်စားမှုများ၊ အတွေ့အကြုံများကို တုံ့ပြန်ပေးနိုင်ပြီး သင်ယူမှုနယ်ပယ်များကို ပေါင်းစပ်မှုရှိသည့် အစီအစဉ်တကျရှိသော၊ ထိထိမိမိ အလေးထားသော သင်ယူမှု အတွေ့အကြုံများကို ကြိုတင်ပြင်ဆင်သည်။

(ဃ) (၁.၁.၂) လက်တွေ့သင်ကြားမှုလုပ်ငန်းနှင့် ကျောင်းသားများ၏ သင်ယူမှု တိုးတက်မြင့်မားစေရန် ရင်းမြစ်အမျိုးမျိုးမှ ရရှိသော သတင်းအချက်အလက်များကို အသုံးပြုသည်။

(ဃ) (၂.၁.၁) လေ့လာကြီးကြပ်သူများ၊ လုပ်ဖော်ကိုင်ဖက်များနှင့် လက်တွေ့သင်ကြားမှုများကို ဆွေးနွေးသည်။ အပြုသဘောဆောင်သော သုံးသပ်အကြံပြုချက်များကို စိတ်ဆန္ဒ ထက်သန်စွာ လက်ခံရယူသည်။

**အချိန်** – မိနစ် (၅၀) ကြာ စာသင်ချိန် တစ်ချိန်။

**သင်ယူမှုနည်းလမ်းများ**

သင်ယူမှုလုပ်ငန်း။ အချင်းချင်း တုံ့ပြန်အကြံပြုချက်ပေးခြင်း – လက်တွေ့ပထဝီဝင် သင်ပြမှုပုံစံ

အိမ်စာလုပ်ငန်း။ ဖတ်ရှုခြင်း – သင်ခန်းစာ (၇.၁.၁)၊ စာသင်ချိန် (၁) ကို ကြိုတင်ဖတ်ရှုခြင်း

**စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများ** – အချင်းချင်း စစ်ဆေးအကဲဖြတ်ခြင်း၊ ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း။

**လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ**

ကျောင်းသားကိုင်စာအုပ်ပါ သင်ခန်းစာ (၆.၂.၃) ကို ဖတ်ရှုပါ။

**လိုအပ်သော ရင်းမြစ်များ**

သင်ယူမှုလုပ်ငန်း။ ကျောင်းသားကိုင်စာအုပ်၊ ဘောပင်ရနိုင်မည်ဆိုပါက အတွဲတစ်တွဲလျှင် ကပ်၍ရသော စာမှတ်စက္ကူတိပ် ၁၀ – ၁၂ ခု

ဤစာသင်ချိန်ကို အောက်ပါအတိုင်း ဖွဲ့စည်းထားသည် –

| | |
|---|---|
| သင်ယူမှုလုပ်ငန်း | ၄၀ မိနစ် |
| ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း | ၁၀ မိနစ် |
| အိမ်စာလုပ်ငန်း | ကိုယ်ပိုင်အချိန် |

**သင်ယူမှုလုပ်ငန်း။ အချင်းချင်း တုံ့ပြန်အကြံပြုချက်ပေးခြင်း – လက်တွေ့ ပထဝီဝင် သင်ပြမှုပုံစံ**

| | |
|---|---|
| **အချိန်** | ၄၀ မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | နှစ်ယောက်တစ်တွဲ |

## ရည်ရွယ်ချက်

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ကျောင်းသားများအနေဖြင့် ၎င်းတို့၏ သင်ခန်းစာ စီစဉ်ရေးဆွဲမှုဆိုင်ရာ ဆုံးဖြတ်ချက်များအတွက် အခြေခံ အကြောင်းပြချက်ကို အတန်းဖော် တစ်ဦးအား တင်ပြရန်နှင့် ၎င်းတို့အတန်းဖော်၏ သင်ပြမှုပုံစံနှင့် စပ်လျဉ်း၍ အပြုသဘောဆောင်သည့် တုံ့ပြန်အကြံပြုချက်များ ပေးရန် ဖြစ်သည်။

၁။ ကျောင်းသားများအား နှစ်ယောက်တစ်တွဲ တွဲပေးပါ။ ရနိုင်မည်ဆိုပါက အတွဲတစ်တွဲစီအား ကပ်၍ရသော ရောင်စုံစာမှတ်စက္ကူတိပ် (၁၀) – (၁၂) ခု ပေးထားပါ။

၂။ ကျောင်းသားများအား အိမ်စာအတွက် ပြင်ဆင်ရေးသားခဲ့သော ၎င်းတို့၏ လူမှုရေး ပထဝီဝင် သင်ပြမှုပုံစံကို အတန်းဖော်များအား တင်ပြရန် အချိန် (၅) မိနစ် အသုံးပြုရန် ညွှန်ကြားပါ။ ဤလုပ်ငန်းသည် ခန့်မှန်းအားဖြင့် အချိန် (၁၀) မိနစ်ခန့် ကြာမြင့်နိုင်သည်။

၃။ အတွဲတစ်တွဲရှိ ကျောင်းသားနှစ်ဦးစလုံး၏ တင်ပြမှု အစီအစဉ် ပြီးမြောက်သွားပါက ကျောင်းသားကိုင်စာအုပ်ပါ နောက်ဆက်တွဲ (၅) မှ သင်ပြမှုပုံစံကို ဖွင့်၍ ၎င်းတို့၏ လုပ်ဖော်ကိုင်ဖက်အတန်းဖော်နှင့် အချင်းချင်း စာအုပ်လဲလှယ်စေပါ။

၄။ ကျောင်းသားများအား ၎င်းတို့လုပ်ဖော်ကိုင်ဖက် အတန်းဖော်များ၏ သင်ပြမှုပုံစံတွင် စာမှတ် စက္ကူတိပ်များ (သို့မဟုတ်) ခဲတံဖြင့် မှတ်ချက်ရေးသားပေးရန် ညွှန်ကြားပါ။ ကျောင်းသားများအနေဖြင့် သင်ပြမှုပုံစံမှ ၎င်းတို့ ကြိုက်နှစ်သက်သည့် အစိတ်အပိုင်း အနည်းဆုံးနှစ်ခုနှင့် ပြုပြင်ပြောင်းလဲလိုသည့် အစိတ်အပိုင်းတစ်ခု သတ်မှတ် ဖော်ထုတ် ပေးရမည် ဖြစ်သည်။ ဤလုပ်ငန်းစဉ်သည်ခန့်မှန်းခြေအားဖြင့် အချိန် (၁၀) မိနစ်ခန့် ကြာမြင့်နိုင်သည်။

၅။ ကျောင်းသားများအား မှတ်ချက်ရေးသားပြီးသော သင်ပြမှုပုံစံများကို ၎င်းတို့၏ လုပ်ဖော်ကိုင်ဖက် အတန်းဖော်များထံ ပြန်လည်ပေးအပ်ရန်ပြောပြီး တုံ့ပြန်အကြံပြု ချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးစေပါ။ ဤလုပ်ငန်းစဉ်သည်ခန့်မှန်းခြေအားဖြင့် အချိန် (၅) မိနစ်ခန့် ကြာမြင့်နိုင်သည်။

၆။ ကျောင်းသားများအား အောက်ဖော်ပြပါ အကြောင်းအရာများကို လွှမ်းခြုံဖော်ပြမည့် ပြန်လည်သုံးသပ်ခြင်း နေ့စဉ်မှတ်တမ်း (ဂျာနယ်) တစ်စောင်ကို ရေးသားစေပါ –

- သင်ယူမှုရလဒ်များ ရွေးချယ်ခြင်းနှင့် စပ်လျဉ်းသော ကျိုးကြောင်းသင့် ရှင်းလင်းချက်
- သင်ယူမှုရလဒ်များနှင့် သင်ယူမှုလုပ်ငန်းများအကြားရှိ ဆက်နွယ်မှုအကြောင်း ရှင်းလင်းချက်
- မိမိ၏ တွဲဖက်ကျောင်းသားက ပေးသော အကြမ်းဖျင်း တုံ့ပြန်အကြံပြုချက်
- တုံ့ပြန်အကြံပြုချက်များအပေါ် အခြေပြု၍ ပြောင်းလဲလိုက်သော သင်ပြမှုပုံစံ အတွက် ကျိုးကြောင်းသင့် ရှင်းလင်းချက်

ဤလုပ်ငန်းသည် ခန့်မှန်းခြေအားဖြင့် အချိန် (၁၅) မိနစ်ခန့် ကြာမြင့်နိုင်သည်။

### ဆရာ့မှတ်စု

ကျောင်းသားများက ၎င်းတို့ မှတ်ချက်ပေး ရေးသားထားသော သင်ပြမှုပုံစံနှင့် ပြန်လည်သုံးသပ်ခြင်း နေ့စဉ်မှတ်တမ်း (ဂျာနယ်)ကို သမားရိုးကျ စစ်ဆေးအကဲဖြတ်မှု လုပ်ငန်းများအဖြစ် ဆရာထံ တင်ပြရန် လိုအပ်သည်။

### စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများက အချင်းချင်းတုံ့ပြန် အကြံပြုချက်ပေးခြင်းကို လေ့ကျင့်နေစဉ် ဆရာက အုပ်စုတစ်စုမှ တစ်စု လှည့်လည်နေရမည်။ ကျောင်းသားများ၏ တုံ့ပြန်အကြံပြုချက်များ ထိရောက်မှု ရှိ/မရှိ စစ်ဆေးရမည်။ တုံ့ပြန်အကြံပြုချက်သည် တိကျမှုရှိရမည်ဖြစ်ပြီး ကောင်းစွာ လုပ်ဆောင်ပြီးသည့် သင်ယူမှုလုပ်ငန်းများ၏ အဓိက အစိတ်အပိုင်းများကို အလေးပေးရမည်။ သင်ပြမှုပုံစံ ပိုမိုကောင်းမွန်စေရန်အတွက် လိုအပ်သည့်အရာများ ဖြစ်ရမည်။ (“သင်၏ လုပ်ဆောင်မှုအား ကျွန်တော် နှစ်သက်သဘောကျသည်” အစရှိသည့် ယေဘုယျ ဖော်ပြချက် တစ်ခုထက်) ကျောင်းသားများ၏ လုပ်ဆောင်မှုကို ပိုမိုတိုးတက်မှုရှိအောင် ကူညီပေးနိုင်သည့် အဓိပ္ပာယ်ပြည့်ဝပြီး အသုံးဝင်သော အချက်အလက်များ ဖြစ်ရမည်။ ယင်းမှာ ရည်မှန်းချက် ပန်းတိုင်၏ အလေးပေးမှုဖြစ်ပြီး ကျောင်းသားများက ၎င်းတို့၏ လုပ်ဆောင်မှုများ တိုးတက် စေရန် အသုံးပြုနိုင်သည့် အကြံပြုချက်များ (သို့မဟုတ်) နည်းဗျူဟာများ ဖြစ်ရမည်။

### ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ဤလုပ်ငန်းသည် ပြန်လည်သုံးသပ်သည့် လုပ်ငန်းတစ်ခုဖြစ်သောကြောင့် ဖြစ်နိုင်ခြေရှိသော အဖြေများစွာ ရှိနိုင်သည်။ ကျောင်းသားများသည် ၎င်းတို့၏ ပြန်လည်သုံးသပ်မှုတွင် အောက်ပါ ဝါကျများကို အသုံးပြု၍ ဖော်ပြပါ အစိတ်အပိုင်းများကို လွှမ်းခြုံဖော်ပြရမည် ဖြစ်သည် –

- သင်ယူမှုရလဒ် ရွေးချယ်ခြင်းနှင့် ပတ်သက်၍ မှန်ကန်သင့်တော်ကြောင်း ကျိုးကြောင်းသင့် ရှင်းပြခြင်း (*ကျွန်ုပ်သည် ဤ သင်ယူမှုရလဒ်များကို ရွေးချယ်ခဲ့သည်။ အဘယ်ကြောင့် ဆိုသော်* .........................................)

- သင်ယူမှုရလဒ်များနှင့် သင်ယူမှုလုပ်ငန်းများအကြား ဆက်စပ်မှုကို ရှင်းပြခြင်း (*ဤသင်ယူမှုလုပ်ငန်းများသည် ကျောင်းသားများအား သင်ယူမှုရလဒ်များကို ………………… ………………….. အားဖြင့် ရရှိစေသည်။*)
- သင်တို့၏ လုပ်ဖော်ကိုင်ဖက် အတန်းဖော်က ပေးထားသော တုံ့ပြန်အကြံပြုချက်များကို အကြမ်းဖျင်းဖော်ပြခြင်း (*ကျွန်ုပ်၏ အတန်းဖော်က ဤသို့အကြံပြုချက် ပေးထားသည်* ………………………………….. )
- တုံ့ပြန်အကြံပြုချက်များအပေါ် အခြေပြု၍ ပြောင်းလဲလိုက်သော သင်ယူမှုပုံစံနှင့် စပ်လျဉ်း၍ ကျိုးကြောင်းသင့်ရှင်းပြခြင်း (*ကျွန်ုပ်သည် ဤအရာအား ပြောင်းလဲခဲ့သည်။ အကြောင်းမှာ* ………………………………….. )

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း

| | |
|---|---|
| **အချိန်** | ၁၀ မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

ကျောင်းသားများအား သင်ပြမှုပုံစံ ရေးဆွဲခြင်းနှင့် အချင်းချင်း ပြန်လည်ဆန်းစစ်သည့် လုပ်ငန်းများမှ ရရှိသည့် အတွေ့အကြုံများအား မျှဝေပေးရန် ပြောကြားပါ။

ကျောင်းသားများအား ၎င်းတို့၏ ကိုယ်ပိုင်အချိန်တွင် လုပ်ဆောင်ရမည့် ကျောင်းသားကိုင် စာအုပ်မှ အိမ်စာလုပ်ငန်းသို့ လမ်းညွှန်ပါ။

## အိမ်စာလုပ်ငန်း။ ဖတ်ရှုခြင်း – သင်ခန်းစာ (၇.၁.၁)၊ စာသင်ချိန် (၁) ကို ကြိုတင်ဖတ်ရှုခြင်း

ဤအိမ်စာလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ကျောင်းသားများအနေဖြင့် ကြိုတင်ဖတ်ရှုခြင်းကို ဆောင်ရွက်ရန် ဖြစ်သည်။

ကျောင်းသားများအား ကျောင်းသားကိုင်စာအုပ်မှ သင်ခန်းစာ (၇.၁.၁)၊ စာသင်ချိန် (၁) ကို ကြိုတင်ဖတ်ရှုလေ့လာရန် ညွှန်ကြားပါ။ ၎င်းတို့ ကျောင်းသားကိုင်စာအုပ်မှ စိတ်ဝင်စားဖွယ် အချက်အလက်များကို မှတ်စုထုတ်ရေးသားရန် (သို့မဟုတ်) ရောင်စုံမင်ဖြင့် မျဉ်းသားရန် တိုက်တွန်းအားပေးပါ။

**ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန် မေးခွန်းများအတွက် ကျောင်းသားများထံမှ မျှော်မှန်းထားသောအဖြေများ**

မေးခွန်း ၁။ မိုးလေဝသနှင့် ဥတုရာသီတို့အကြား ကွဲပြားခြားနားချက်များကို ဖော်ပြပါ။

အဖြေ။ *မိုးလေဝသနှင့် ဥတုရာသီဟူသော စကားလုံးများကို မကြာခဏ ဖလှယ်၍ အသုံးပြုနေသော်လည်း စင်စစ်တွင်မူ ၎င်းတို့သည် လုံးဝကွဲပြားနေသော အရာနှစ်ခု ဖြစ်ကြသည်။ မိုးလေဝသဆိုသည်မှာ ကမ္ဘာ့လေထု၏ တစ်နေ့တာအတွင်း ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်များ အားလုံးကို ဆိုလိုသည်။ မိုးလေဝသသည် နေရာတိုင်းတွင် တစ်ထပ်တည်း မတူညီနိုင်ပေ။ နိုင်ငံ၏ အချို့ဒေသ အစိတ်အပိုင်းများတွင် ပူအိုက်၍ နေသာ နေသော်လည်း အခြားသော ဒေသများတွင်မူ အေးမြနေနိုင်သည်။ ဥတုရာသီဆိုသည်မှာ နှစ်ပေါင်းများစွာအတွင်း နေရာဒေသ တစ်ခုတွင် ဖြစ်ပေါ်ခဲ့သည့် ပျမ်းမျှမိုးလေဝသ အခြေအနေများကို ဆိုလိုသည်။ ၎င်းတို့တွင် ရာသီအလိုက် ပျမ်းမျှအပူချိန်၊ ပျမ်းမျှ မိုးရွာသွန်းမှု (မိုးရေချိန်)နှင့် လေတိုက်ခတ်မှုပုံစံများ ရှိသည်။ မိုးလေဝသသည် နာရီ အနည်းငယ်အတွင်းတွင် နေသာရာမှ မိုးရွာခြင်း (သို့မဟုတ်) ပူရာမှ အေးလာခြင်း စသည်ဖြင့် ပြောင်းလဲနိုင်ပြီး ဥတုရာသီမှာမူ အပြောင်းအလဲဖြစ်ရန် နှစ်ပေါင်းရာပေါင်းများစွာ အချိန်ယူရသည်။ ဥတုရာသီသည် နှစ်တစ်နှစ်၏ အချိန်ကာလတစ်ခုအတွင်း နေရာ တစ်နေရာရာ၌ မည်သို့သော မိုးလေဝသ အခြေအနေရှိမည်ကို ခန့်မှန်းပေးနိုင်သည်။*

မေးခွန်း ၂။ လူသားတို့၏ လုပ်ဆောင်ချက်များနှင့် ဥတုရာသီ ဖောက်ပြန်ပြောင်းလဲခြင်းတို့အကြား ဆက်စပ်မှုများကို ရှင်းပြပါ။

အဖြေ။ *လူသားတို့၏ လုပ်ဆောင်ချက်များသည် ဖန်လုံအိမ်ဓာတ်ငွေ့ များလာရခြင်း၏ အကြီးမားဆုံး အကြောင်းတရားဖြစ်ပြီး ရာသီဥတု အပြောင်းအလဲကိုလည်း ဖြစ်ပေါ်စေသည်ဟု သိပ္ပံပညာရှင် အများစုက လက်ခံယုံကြည်ထားကြသည်။ လူသားတို့၏ လုပ်ဆောင်ချက်များတွင် –*

- *သဘာဝရုပ်ကြွင်းလောင်စာများ လောင်ကျွမ်းစေမှု (လျှပ်စစ်ဓာတ်အားနှင့် သယ်ယူပို့ဆောင်ရေး အတွက်)*
- *လယ်ယာလုပ်ငန်း လုပ်ကိုင်မှု*
- *စက်မှုကုန်ထုတ်လုပ်ငန်း ထုတ်လုပ်မှု*
- *အမှိုက်သရိုက်နှင့် မိလ္လာအညစ်အကြေးများ စသည်တို့ ပါဝင်ကြသည်။*

# အခန်းဆုံးအနှစ်ချုပ်

### အဓိကအချက်များ

- ကမ္ဘာ့မြောက်ပိုင်း နိုင်ငံများသည် ချမ်းသာကြွယ်ဝလေ့ ရှိကြပြီး၊ မညီမျှမှုနည်းကာ လူသား ဖွံ့ဖြိုးတိုးတက်မှု အညွှန်းကိန်းတန်ဖိုး မြင့်မားကြသည်။ ပြည်ပပို့ကုန် လုပ်ငန်း (သို့မဟုတ်) ဝန်ဆောင်မှု အခြေပြု စီးပွားရေးလုပ်ငန်း လုပ်ကိုင်ကြပြီး ဒီမိုကရေစီဝါဒ အခြေခံသော နိုင်ငံရေးစနစ်ကို လက်ခံကျင့်သုံးကြသည်။ ကမ္ဘာ့မြောက်ပိုင်းနိုင်ငံများသည် ကမ္ဘာ့လူဦးရေ၏ လေးပုံတစ်ပုံခန့်ဖြင့်သာ စုပေါင်း ပါဝင် ဖွဲ့စည်းထားသော်လည်း ကမ္ဘာ့ဝင်ငွေနှင့် ချမ်းသာ ကြွယ်ဝမှု၏ ငါးပုံလေးပုံခန့်ကို ထိန်းချုပ် ပိုင်ဆိုင်ထားကြသည်။
- ကမ္ဘာ့တောင်ပိုင်းဆိုသည်မှာ ဝင်ငွေနည်း စီးပွားရေး လုပ်ငန်းများနှင့် လူသားဖွံ့ဖြိုး တိုးတက်မှု အညွှန်းကိန်း နိမ့်ပါးသော နိုင်ငံများကို ဆိုလိုသည်။ ကမ္ဘာ့တောင်ပိုင်း နိုင်ငံများသည် ကမ္ဘာ့အပူပိုင်းဒေသများ (သို့မဟုတ်) ကမ္ဘာ့တောင်ခြမ်းတွင် အများအားဖြင့် တည်ရှိကြပြီး များသောအားဖြင့် ကိုလိုနီလက်အောက်ခံဘဝ ရောက်ရှိခဲ့သည့် သမိုင်းကြောင်းရှိသော နိုင်ငံများ ဖြစ်ကြသည်။ ကမ္ဘာ့တောင်ပိုင်း နိုင်ငံများသည် လူငယ်ဦးရေ များပြားကြပြီး လူဦးရေ တိုးနှုန်းမြင့်မားကာ ကာယလုပ်သား အများအပြားကို အားကိုးအားထားပြုကြရသည့် စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှု အစရှိသည့် စီးပွားရေး လုပ်ငန်းများ ရှိကြသည်။
- အာရှတိုက်၊ အာဖရိကတိုက်၊ မြောက်အမေရိကတိုက်၊ တောင်အမေရိကတိုက်၊ အန္တာတိကတိုက်၊ ဥရောပတိုက်နှင့် ဩစတြေးလျတိုက်ဟူ၍ ကမ္ဘာပေါ်တွင် အသိအမှတ်ပြု လက်ခံထားသည့် တိုက်ကြီး (၇) တိုက် ရှိသည်။
- အီကွေတာဆိုသည်မှာ ကမ္ဘာကြီးအား ထက်ဝက်ပိုင်း နှစ်ခု (သို့မဟုတ်) ကမ္ဘာခြမ်း နှစ်ခု အညီအမျှ ပိုင်းခြားထားပြီး သုညဒီဂရီလတ္တီကျူအဖြစ် သတ်မှတ်ထားသော စိတ်ကူးယဉ် မျဉ်းတစ်ကြောင်း ဖြစ်သည်။ ကမ္ဘာ့မြောက်ခြမ်းသည် အီကွေတာ၏ မြောက်ဘက်ပိုင်း (သို့မဟုတ်) အထက်ဘက်တွင်ရှိပြီး တောင်ကမ္ဘာခြမ်းသည် အီကွေတာ၏ တောင်ဘက်ပိုင်း (သို့မဟုတ်) အောက်ဘက်တွင် ရှိသည်။

ဂရင်းနစ်မျဉ်း (သို့မဟုတ်) သုညဒီဂရီလောင်ဂျီကျုမျဉ်းသည် ကမ္ဘာကြီးအား အရှေ့ခြမ်းနှင့် အနောက်ခြမ်းဟူ၍ နှစ်ပိုင်း ပိုင်းခြားထားသည်။

- လတ္တီကျုဆိုသည်မှာ မြေပုံပေါ်ရှိ ရေပြင်ညီမျဉ်းများကို ဆိုလိုသည်။ လတ္တီကျုမျဉ်းများဖြင့် အီကွေတာ၏ မြောက်ဘက် (သို့မဟုတ်) တောင်ဘက်ရှိ နေရာဒေသတစ်ခု၏ အကွာအဝေးကို ဒီဂရီအားဖြင့် တိုင်းတာဖော်ပြနိုင်သည်။ လောင်ဂျီကျုဆိုသည်မှာ မြောက်ဝင်ရိုးစွန်းနှင့် တောင်ဝင်ရိုးစွန်းကို ဆက်ဆွဲထားသည့် ထောင်လိုက်မျဉ်းများ ဖြစ်ကြပြီး ဂရင်းနစ်မျဉ်း၏ အရှေ့ဘက် (သို့မဟုတ်) အနောက်ဘက်ရှိ နေရာဒေသ တစ်ခု၏ အကွာအဝေးကို ဒီဂရီအားဖြင့် တိုင်းတာဖော်ပြနိုင်သည်။
- အဓိက ဥတုရာသီဇုန် သုံးခုရှိသည်။ မြောက်ယဉ်စွန်းတန်းနှင့် တောင်ယဉ်စွန်းတန်းတို့ အကြား ကျရောက်နေသည့် အပူပိုင်းဇုန်၊ ကမ္ဘာ့မြောက်ခြမ်းတွင် မြောက်ယဉ်စွန်းတန်းမှ အာတိတ်စက်ဝိုင်းအထိနှင့် ကမ္ဘာ့ခြမ်းတောင်တွင် တောင်ယဉ်စွန်းတန်းမှ အန္တာတိတ် စက်ဝိုင်းထိ ကျယ်ဝန်းသည့် သမပိုင်းဇုန်နှင့် ကမ္ဘာ့မြောက်ခြမ်းရှိ အာတိတ်စက်ဝိုင်းနှင့် ကမ္ဘာ့တောင်ခြမ်းရှိ အန္တာတိတ်စက်ဝိုင်းတို့အတွင်း ကျရောက်နေသည့် ဝင်ရိုးစွန်းဇုန်တို့ ဖြစ်ကြသည်။
- ဥတုရာသီ ဆိုသည်မှာ နှစ်ပေါင်းများစွာအတွင်း နေရာဒေသတစ်ခုအတွင်း ဖြစ်ပေါ်ခဲ့သည့် ပျှမ်းမျှမိုးလေဝသ အခြေအနေများကို ဆိုလိုသည်။ ၎င်းတွင် ရာသီအလိုက် အပူချိန်၊ ပျှမ်းမျှမိုးရေချိန်နှင့် လေတိုက်ခတ်မှု ပုံစံတို့ ပါဝင်သည်။ မိုးလေဝသသည် နာရီ အနည်းငယ်အတွင်းတွင် နေသာရာမှ မိုးရွာခြင်း (သို့မဟုတ်) ပူရာမှ အေးလာခြင်း စသည်ဖြင့် ပြောင်းလဲနိုင်ပြီး ဥတုရာသီမှာမူ အပြောင်းအလဲဖြစ်ရန် နှစ်ပေါင်း ရာပေါင်းများစွာ အချိန်ယူရသည်။
- မြန်မာနိုင်ငံသည် အပူပိုင်းဥတုရာသီဇုန်အတွင်း ကျရောက်နေသည်။ မြန်မာနိုင်ငံသည် နိုဝင်ဘာလမှ ဖေဖော်ဝါရီလအထိ ဆောင်းဥတု၊ မတ်လနှင့် ဧပြီလတို့တွင် နွေဥတုနှင့် မေလမှ အောက်တိုဘာလအထိ မိုးဥတုဟူ၍ ဥတုသုံးမျိုးရှိသော အပူလျှော့ပိုင်း ဥတုရာသီ ရှိသည်။
- ဥတုရာသီ ဖောက်ပြန်ပြောင်းလဲခြင်းသည် လေထုအတွင်း ဖန်လုံအိမ်ဓာတ်ငွေ့ များပြားလာသောအခါ ဖြစ်ပေါ်သည်။ ကမ္ဘာ့ပျှမ်းမျှအပူချိန်သည် ၁၉၀၁ ခုနှစ် မှ ၂၀၁၆ ခုနှစ်အတွင်း ၁ ဒီဂရီဆဲလ်စီးယပ် မြင့်မားလာခဲ့သည်။ လူသားတို့၏ လုပ်ဆောင်ချက်များသည် ဖန်လုံအိမ်ဓာတ်ငွေ့ များပြားလာခြင်း၏ အကြီးမားဆုံးသော အကြောင်းတရားဖြစ်ပြီး ဥတုရာသီ ဖောက်ပြန်ပြောင်းလဲမှုကို ဖြစ်ပေါ်စေသည်။

- ဥတုရာသီ ဖောက်ပြန်ပြောင်းလဲနေခြင်းကြောင့် မြန်မာနိုင်ငံ၏ ဥတုရာသီမှာလည်း ပြောင်းလဲနေသည်။ မြန်မာနိုင်ငံသည် ပိုမိုပူနွေးလာပြီး ပိုမိုမိုးများလာကြောင်း အချက်အလက်များက ဖော်ပြနေသည်။ ခြောက်သွေ့သော ရာသီဥတုများသည် ပိုမို တိုတောင်းလာပြီး ပိုမိုခြောက်သွေ့လာသည်။ ဥတုရာသီ ဖောက်ပြန်ပြောင်းလဲမှုများ ဆက်လက် ဖြစ်ပွားနေပြီး ပျမ်းမျှ အပူချိန်မှာလည်း ၁.၅ ဒီဂရီဆဲလ်စီးယပ် အထက် မြင့်တက်နေမည်ဆိုပါက မြန်မာနိုင်ငံသည် သဘာဝဘေးအန္တရာယ်များ၊ မိုးခေါင်ခြင်း၊ ရေလွှမ်းမိုးခြင်းနှင့် ဆိုင်ကလုန်းမုန်တိုင်းများ အစရှိသည့် အလွန်ဆိုးရွားသည့် မိုးလေဝသများ၊ အပူချိန်မြင့်မားလာခြင်း၊ စိုက်ပျိုးမြေများ ပျက်စီးဆုံးရှုံးခြင်း၊ အစားအစာ ထုတ်လုပ်မှု အခက်အခဲများနှင့် ရေနှင့် အင်းဆက်ပိုးမွှားများကြောင့် ဖြစ်ပေါ်သော ရောဂါများ တွေ့ကြုံခံစားလာနိုင်သည်။

## အခန်းဆုံးပြန်လည်သုံးသပ်စဉ်းစားခြင်း

“ဥတုရာသီ ဖောက်ပြန်ပြောင်းလဲခြင်းက မြန်မာနိုင်ငံအပေါ် မည်သို့ သက်ရောက်မှု ရှိမည်နည်း” ဟူသော မေးခွန်းကို ရည်ညွှန်းဖြေရှင်းမည့် အကြောင်းအရာဆက်သွယ်ပြပုံတစ်ပုံကို ရေးဆွဲပါ။

# ဆက်လက်ဖတ်မှတ်စရာများ

## ၆.၂။

Ministry of Natural Resources and Environmental Conservation. (2017). *Myanmar climate change strategy and action plan 2016–2030*. The Republic of the Union of Myanmar. https://policy.asiapacificenergy.org/sites/default/files/MCCSAP-Feb-Version.pdf

NSW Department of Education. (2016). *Geographical toolkit K–6*. Consultation draft 14–06–2016. https://rumbalarae.schools.nsw.gov.au/content/dam/doe/sws/schools/r/rumbalara-e/localcontent/geographical_toolkitforprimaryteachersdraftv2sm8.pdf

Regional Integrated Multi–Hazard Early Warning System & UN Human Settlements Programme (UN–Habitat). (n.d.). *Climate profile: Climate variabilities, extremes and trends in central dry, coastal and hilly zones, Myanmar.* https://themimu.info/sites/themimu.info/files/documents/Climate_Profile_Myanmar.pdf

# အခန်း ၇

# သမိုင်း (အပိုင်း ၂)

ဤအခန်းတွင် ကျောင်းသားများသည် သမိုင်းကို ဆက်လက်စူးစမ်းလေ့လာရမည်။ ၎င်းတို့အနေဖြင့် ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်နှင့် ရှေးဦးလူနေမှု ဖွံ့ဖြိုးတိုးတက်လာမှုများကို ကမ္ဘာ့အမြင်ရှုထောင့်မှ ဆက်လက် စစ်ဆေးလေ့လာရမည် ဖြစ်သည်။ အလယ်ခေတ် ဥရောပတိုက်၏ ပြောင်းလဲမှုများနှင့် ခေတ်သစ်သမိုင်း အစောပိုင်း ပြောင်းလဲမှုများကိုလည်း စူးစမ်းရှာဖွေ လေ့လာကြရမည်ဖြစ်ပြီး မျက်မှောက်ခေတ် ကမ္ဘာကြီးအပေါ် အဆိုပါပြောင်းလဲမှုများ၏ အကျိုးသက်ရောက်မှုများကို အကဲဖြတ် သုံးသပ်ကြရမည် ဖြစ်သည်။ ထို့နောက် မူလတန်းအောက်ဆင့် စာသင်ခန်းများအတွက် ရည်ရွယ်ထားသော သင်ပြမှုပုံစံ အတွဲများကို ရေးဆွဲတင်ပြရာ၌ လူမှုရေးဘာသာ သင်ကြား၊ သင်ယူမှုနှင့် ပတ်သက်သည့် ကျောင်းသားများ၏ နားလည်သဘောပေါက်မှုများကို လက်တွေ့အသုံးချသွားရမည် ဖြစ်သည်။

**မျှော်မှန်းထားသော သင်ယူမှုရလဒ်များ**

**ဤအခန်းကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- အစောပိုင်းလူနေမှု ဖွံ့ဖြိုးတိုးတက်ရန် အကျိုးပြုခဲ့သော ပထဝီဝင်ဆိုင်ရာ အကြောင်းရင်းများနှင့် နည်းပညာဆိုင်ရာ အကြောင်းရင်းများကို သတ်မှတ် ဖော်ထုတ် တတ်မည်။
- တိုးတက်လာသော ရှေးဦး လူ့အဖွဲ့အစည်းများ၏ ယဉ်ကျေးမှုဆိုင်ရာ ပင်ကို လက္ခဏာများနှင့် နိုင်ငံရေးဆိုင်ရာ ပင်ကိုလက္ခဏာရပ်များကို နှိုင်းယှဉ်ခွဲခြား တတ်မည်။
- မြေရှင်ပဒေသရာဇ် စီးပွားရေး၏ ဖွဲ့စည်းပုံနှင့် အင်္ဂါရပ်များကို ဖော်ပြတတ်မည်။
- ခရူးဆိတ်စစ်ပွဲများနှင့် ပတ်သက်သော သုတေသန လေ့လာတွေ့ရှိချက်များကို တင်ပြတတ်မည်။

- ၁၆ ရာစုနှင့် ၁၆ ရာစုလွန် ကာလများတွင် ဥရောပကိုလိုနီနယ်ချဲ့ခြင်းအတွက် အကြောင်းပြချက်များကို ရှင်းပြတတ်မည်။
- ပြင်သစ်တော်လှန်ရေး ဖြစ်ပွားရခြင်း၏ အကြောင်းရင်းများနှင့် အကျိုးဆက်များကို ဆန်းစစ် လေ့လာတတ်မည်။
- စက်မှုတော်လှန်ရေး ပေါ်ပေါက်စေခဲ့သော အခြေအနေများကို ဖော်ပြတတ်မည်။
- စက်မှုတော်လှန်ရေး၏ ကောင်းကျိုးသက်ရောက်မှုများနှင့် ဆိုးကျိုးသက်ရောက်မှုများကို အကဲဖြတ် သုံးသပ်တတ်မည်။

## ရရှိသွားမည့် တတ်ကျွမ်းမှုများ

(က) (၄.၁) အခြေခံပညာသင်ရိုးညွှန်းတမ်းတွင် ဖော်ပြထားသည့် သင်ရိုးဖွဲ့စည်းပုံ၊ အကြောင်းအရာနှင့် မျှော်မှန်းထားသော သင်ယူမှုရလဒ်များကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(က) (၅.၁) အတန်း (အဆင့်) တစ်ခုခုတွင် သင်ကြားရန် တာဝန်ပေးအပ်ထားသော ဘာသာရပ် အကြောင်းအရာကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

# ၇.၁။ ကမ္ဘာ့သမိုင်း

ဤအခန်းငယ်တွင် ကျောင်းသားများသည် သမိုင်းကို ကမ္ဘာ့အမြင် ရှုထောင့်မှ စစ်ဆေး လေ့လာရမည်ဖြစ်ပြီး သမိုင်းမတင်မီခေတ်နှင့် ရှေးဦးလူနေမှု ဖွံ့ဖြိုးတိုးတက်လာမှုတို့ကို စူးစမ်းလေ့လာရမည်။ ၎င်းတို့သည် အလယ်ခေတ် ဥရောပတိုက်၏ ပြောင်းလဲမှုများနှင့် ခေတ်သစ်သမိုင်း အစောပိုင်းကာလ ပြောင်းလဲမှုများကိုလည်း စူးစမ်းလေ့လာရမည်ဖြစ်ပြီး မျက်မှောက်ခေတ် ကမ္ဘာကြီးအပေါ် အဆိုပါပြောင်းလဲမှုများ၏ အကျိုးသက်ရောက်မှုများကို အကဲဖြတ်သုံးသပ်ရမည် ဖြစ်သည်။

## ၇.၁.၁။ ရှေးဦးလူနေမှုများ

**မျှော်မှန်းထားသော သင်ယူမှုရလဒ်များ**

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် –**

- အစောပိုင်းလူနေမှု ဖွံ့ဖြိုးတိုးတက်ရန် အကျိုးပြုခဲ့သော ပထဝီဝင်ဆိုင်ရာ အကြောင်းရင်းများနှင့် နည်းပညာဆိုင်ရာ အကြောင်းရင်းများကို သတ်မှတ် ဖော်ထုတ်တတ်မည်။
- တိုးတက်လာသော ရှေးဦးလူ့အဖွဲ့အစည်းများ၏ ယဉ်ကျေးမှုဆိုင်ရာ ပင်ကိုလက္ခဏာများနှင့် နိုင်ငံရေးဆိုင်ရာ ပင်ကိုလက္ခဏာများကို နှိုင်းယှဉ်ခွဲခြားတတ်မည်။

### ရရှိသွားမည့် တတ်ကျွမ်းမှုများ

(က) (၄.၁.၁) အဆင့်အလိုက်၊ အတန်းအလိုက်၊ ဘာသာရပ်အလိုက် သင်ကြားသော မူလတန်း သင်ရိုးညွှန်းတမ်းသင်ယူမှု၏ အဓိကအသိသညာများ၊ အကြောင်းအရာများ၊ သင်ယူမှု ဦးတည်ချက်များနှင့် သင်ယူမှုရလဒ်များကို ဖော်ပြသည်။

(က) (၄.၁.၂) သင်ရိုးညွှန်းတမ်း၏ လိုအပ်ချက်များကို ထင်ဟပ်စဉ်းစားပြီး ဆီလျော်သော သင်ကြား၊ သင်ယူမှု လုပ်ငန်းများနှင့် သင်ထောက်ကူပစ္စည်းများ ပါဝင်သော သင်ပြမှုပုံစံများကို ပြင်ဆင်ရေးဆွဲသည်။

(က) (၅.၁.၁) အတန်းအဆင့်များအလိုက် သင်ကြားသော ဘာသာရပ်ဆိုင်ရာ အဓိက အသိသညာများ၊ ကျွမ်းကျင်မှုများ၊ နည်းလမ်းများနှင့် အသုံးချမှုများကို ဖော်ပြသည်။

(က) (၅.၁.၂) ကျောင်းသားများ ဘာသာရပ်ဆိုင်ရာ အကြောင်းအရာများနှင့် ကျွမ်းကျင်မှုများ သင်ယူရာတွင် အထောက်အပံ့ပြုနိုင်ရန် တိကျမှန်ကန်ဆီလျော်သော သတင်းအချက်အလက်များ၊ နမူနာများနှင့် လေ့ကျင့်ခန်းများကို သင်ခန်းစာများတွင် ထည့်သွင်းသည်။

**အချိန်** – မိနစ် (၅၀) ကြာ စာသင်ချိန် နှစ်ချိန်။

**သင်ယူမှုနည်းလမ်းများ**

သင်ယူမှုလုပ်ငန်း (၁)။ အုပ်စုဖွဲ့ သုတေသနပြုခြင်း – ရှေးဦးလူနေမှုများ

သင်ယူမှုလုပ်ငန်း (၂)။ ပိုစတာတစ်ခု ဖန်တီးရေးဆွဲခြင်း – ရှေးဦးလူနေမှုများ

သင်ယူမှုလုပ်ငန်း (၃)။ အုပ်စုလိုက်တင်ပြခြင်း – ရှေးဦးလူနေမှုများ

အိမ်စာလုပ်ငန်း။ ဖတ်ရှုခြင်း – သင်ခန်းစာ (၇.၁.၂)၊ စာသင်ချိန် (၁) ကို ကြိုတင်ဖတ်ရှုခြင်း

**စစ်ဆေးအကဲဖြတ်မှု နည်းလမ်းများ** – မေးခွန်းမေးမြန်းခြင်း၊ ကြည့်ရှုလေ့လာခြင်း၊ အချင်းချင်း စစ်ဆေးအကဲဖြတ်ခြင်း၊ ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း။

## လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ

ကျောင်းသားကိုင်စာအုပ်ပါ သင်ခန်းစာ (၇.၁.၁) ကို ဖတ်ရှုပါ။

## လိုအပ်သော ရင်းမြစ်များ

သင်ယူမှုလုပ်ငန်း (၁)။ ကျောင်းသားကိုင်စာအုပ်၊ အုပ်စုတစ်ခုလျှင် အီလက်ထရောနစ်ကိရိယာတစ်ခု

သင်ယူမှုလုပ်ငန်း (၂)။ ကျောင်းသားကိုင်စာအုပ်၊ ပိုစတာစက္ကူ

သင်ယူမှုလုပ်ငန်း (၃)။ ပိုစတာ၊ ကျောင်းသားကိုင်စာအုပ်

**စာသင်ချိန် (၁)**

**ရှေးဦးလူနေမှုများ**

ဤစာသင်ချိန်ကို အောက်ပါအတိုင်း ဖွဲ့စည်းထားသည် –

| | |
|---|---|
| မိတ်ဆက် | ၅ မိနစ် |
| သင်ယူမှုလုပ်ငန်း (၁) | ၄၀ မိနစ် |
| ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း | ၅ မိနစ် |

## မိတ်ဆက်

| | |
|---|---|
| အချိန် | ၅ မိနစ် |
| စာသင်ခန်းဖွဲ့စည်းပုံ | တစ်တန်းလုံး |

၁။ ကျောင်းသားများအား စာသင်ခန်းမှ ကြိုဆိုပါ။ ကျောင်းသားများသည် စာသင်ခန်းသို့ မလာမီ သင်ခန်းစာ (၇.၁.၁) အား ဖတ်ရှုထားပြီး ဖြစ်မည်ဟု မျှော်လင့်ထားပါ။

၂။ အောက်ဖော်ပြပါ မေးခွန်းများကို မေးမြန်းခြင်းဖြင့် ကျောင်းသားများ၏ နားလည်သဘောပေါက်မှုကို စစ်ဆေးပါ။

(က) လူသားများအား အတည်တကျ အခြေချနေထိုင်မှု အစပျိုးနိုင်စေခဲ့သည့် တစ်ခုတည်းသော အရေးကြီးဆုံးအရာမှာ မည်သည့်အရာ ဖြစ်သနည်း။

(ခ) ကမ္ဘာပေါ်တွင် အစောဆုံး လူနေမှုများသည် မည်သည့်နေရာတွင် ပေါ်ပေါက်ခဲ့သနည်း။

(ဂ) ရှေးဦးလူနေမှုများနှင့် နီးနွှယ်နေသည့် ပင်ကိုလက္ခဏာရပ်များမှာ မည်သည်တို့ ဖြစ်ကြသနည်း။

## သင်ယူမှုလုပ်ငန်း (၁)။ အုပ်စုဖွဲ့သုတေသနပြုခြင်း – ရှေးဦးလူနေမှုများ

| | |
|---|---|
| **အချိန်** | ၄၀ မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | ကျောင်းသားလေးဦးမှ ခြောက်ဦးအထိ ပါဝင်သော အုပ်စုများ |

## ရည်ရွယ်ချက်

ဤသင်ယူမှုလုပ်ငန်း ရည်ရွယ်ချက်မှာ ကျောင်းသားများအနေဖြင့် ရှေးဦးလူနေမှု တစ်ခုအကြောင်း သုတေသနပြုရန်နှင့် အဆိုပါလူနေမှု ဖွံ့ဖြိုးတိုးတက်ရန် အကျိုးပြုခဲ့သော ပထဝီဝင်ဆိုင်ရာ အကြောင်းရင်းများနှင့် နည်းပညာဆိုင်ရာ အကြောင်းရင်းများကို သတ်မှတ်ဖော်ထုတ်ရန် ဖြစ်သည်။

၁။ ကျောင်းသားများအား လေးဦးမှ ခြောက်ဦးအထိ ပါဝင်သော အုပ်စုငယ်များအဖြစ် ဖွဲ့ပါ။

**ဆရာ့မှတ်စု**

အုပ်စုတစ်စုလျှင် ဖုန်း (သို့မဟုတ်) တက်ဘလက် (သို့မဟုတ်) ကွန်ပျူတာတစ်လုံး စသည်ဖြင့် အင်တာနက်ကွန်ရက် ချိတ်ဆက် အသုံးပြုနိုင်သော အီလက်ထရောနစ် ကိရိယာ အနည်းဆုံး တစ်ခု ရှိရမည်။

အုပ်စုများက အချက်အလက်များ ရှာဖွေစုဆောင်းရန် နေရှင်နယ် ဂျီအိုဂရပ်ဖစ် (National Geographic)၊ ဗြိတိသျှ ပြတိုက်ပြခန်းများနှင့် ဗြိတိသျှအင်ပါယာဆိုင်ရာ စွယ်စုံကျမ်းများကို အသုံးပြုနိုင်သည်။

၂။ အုပ်စုတိုင်းအား အောက်ဖော်ပြပါစာရင်းမှ ရှေးဦးလူနေမှု တစ်ခုစီကို ခွဲဝေပေးပါ။ အနည်းဆုံး အုပ်စုတစ်စုစုမှ အောက်ဖော်ပြပါ လူနေမှု တစ်ခုကို လွှမ်းခြုံဖော်ပြရန် လိုအပ်သည် –

- မက်ဆိုပိုတေးမီးယား
- မာယန်
- အိန္ဒုမြစ်ဝှမ်း
- အီဂျစ်
- တရုတ်
- ဂရိ

၃။ ကျောင်းသားများအား ၎င်းတို့၏ သုတေသနဆိုင်ရာ အညွှန်းဘောင်ဖြစ်သည့် ဇယား (၇.၁) မှ စူးစမ်းလေ့လာရမည့် မေးခွန်းများသို့ လမ်းညွှန်ပါ။

၄။ ရှေးဦးလူနေမှုများနှင့် နီးနွယ်နေသည့် ပင်ကိုလက္ခဏာရပ်များနှင့် ကိုက်ညီနေသော စူးစမ်းမေးမြန်းဆိုင်ရာ မေးခွန်းများကို အလေးပေးဖော်ပြပါ။ (ကဏ္ဍတစ်ခုချင်း အလိုက် “ရှေးဦးလူနေမှုများနှင့် နီးနွယ်နေသည့် ပင်ကိုလက္ခဏာရပ်များ”)။

၅။ ကျောင်းသားများအား –

- သုတေသနမှတ်စုများ ပြုစုစေ၍ ၎င်းတို့၏ သတင်းအချက်အလက်များကို စုစည်းစေပါ။
- ၎င်းတို့၏ အဖြေများကို “လူနေမှု(၁)” ဇယားတိုင်တွင် မှတ်တမ်းတင်ရေးသွင်းစေပါ။
- သင်ယူမှုလုပ်ငန်း (၃) အတွက် “လူနေမှု (၂)” ဇယားတိုင်ကို ကွက်လပ်ချန်ထားစေပါ။

## ဆရာ့မှတ်စု

သုတေသန မပြီးမြောက်သော ကျောင်းသားအုပ်စုများအား အိမ်စာအဖြစ် ဆက်လက် လုပ်ဆောင်ရန် တိုက်တွန်းအားပေးပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများက ၎င်းတို့၏ ဇယားများကို ဖြည့်စွက်နေစဉ် ဆရာက အုပ်စုများကို မေးခွန်းများ ဖြေဆိုစေခြင်း (သို့မဟုတ်) အစပျိုးမေးခွန်းများ မေးမြန်းခြင်းဖြင့် စေ့ဆော်ပေးပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

အုပ်စုများက လုပ်ဖော်ကိုင်ဖက် အုပ်စုတစ်ခုနှင့် အဖြေများကို မျှဝေပါလိမ့်မည်။

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း

| | |
|---|---|
| **အချိန်** | ၅ မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ ကျောင်းသားများအား ၎င်းတို့၏ နေရာတွင် ပြန်လည်နေရာယူစေပါ။ ကျောင်းသား အုပ်စု (၂) အုပ်စု (သို့မဟုတ်) (၃) အုပ်စုအား ၎င်းတို့ သုတေသန ပြုလုပ်စဉ်က ရှေးဦးလူနေမှုနှင့် ပတ်သက်၍ စူးစမ်းရှာဖွေ တွေ့ရှိခဲ့သည့် အရာများကို မျှဝေစေပါ။

၂။ အုပ်စုများအား လာမည့်စာသင်ချိန်တွင် ၎င်းတို့ လေ့လာထားသည့် ရှေးဦးလူနေမှုနှင့် ပတ်သက်၍ ပိုစတာတစ်ခု (သို့မဟုတ်) ပါဝါပွိုင့် တင်ပြမှု ပြုလုပ်ရမည်ဖြစ်သောကြောင့် လိုအပ်သော အထောက်အကူ ပစ္စည်းများ စာသင်ခန်းသို့ ယူဆောင်လာရမည်ဖြစ်ကြောင်း အသိပေးပါ။

## စာသင်ချိန် (၂)

## ရှေးဦးလူနေမှုများ

ဤစာသင်ချိန်ကို အောက်ပါအတိုင်း ဖွဲ့စည်းထားသည် –

| | |
|---|---|
| သင်ယူမှုလုပ်ငန်း (၂) | ၂၀ မိနစ် |
| သင်ယူမှုလုပ်ငန်း (၃) | ၂၀ မိနစ် |
| ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း | ၁၀ မိနစ် |
| အိမ်စာလုပ်ငန်း | ကိုယ်ပိုင်အချိန် |

### သင်ယူမှုလုပ်ငန်း (၂)။ ပိုစတာတစ်ခု ဖန်တီးရေးဆွဲခြင်း – ရှေးဦးလူနေမှုများ

| | |
|---|---|
| အချိန် | ၂၀ မိနစ် |
| စာသင်ခန်းဖွဲ့စည်းပုံ | ကျောင်းသားလေးဦးမှ ခြောက်ဦးအထိ ပါဝင်သော အုပ်စုများ (သင်ယူမှုလုပ်ငန်း (၁) မှ အုပ်စုများအတိုင်း) |

## ရည်ရွယ်ချက်

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ကျောင်းသားများအနေဖြင့် ရှေးဦးလူနေမှု သုတေသနပြုချက်အား တင်ပြရာတွင် ပိုစတာတစ်ခု ကြိုတင်ပြင်ဆင်ရန် ဖြစ်သည်။

၁။ သင်ယူမှုလုပ်ဆောင်ရန် အုပ်စုများ ပြန်လည်ဖွဲ့စည်းပါ။

### ဆရာ့မှတ်စု

အုပ်စုတစ်ခုချင်းစီအား ပိုစတာစက္ကူတစ်ရွက်စီပေးပါ။

အကယ်၍ ကျောင်းသားများတွင် နည်းပညာနှင့်တကွ ပါဝါပွိုင့် တင်ပြနိုင်ပါက ပိုစတာတစ်ခုအစား ပါဝါပွိုင့် တင်ပြမှု အစီအစဉ်တစ်ခု ပြုလုပ်နိုင်သည်။

၂။ ကျောင်းသားများအား ရေးဦးလူနေမှု ပတ်သက်၍ ပိုစတာတစ်ခု (သို့မဟုတ်) တင်ပြမှု အစီအစဉ်တစ်ခု ပြုလုပ်ရန် သင်ယူမှုလုပ်ငန်း (၁) တွင် သုတေသနပြုလုပ်စဉ်က ရှာဖွေတွေ့ရှိခဲ့သော အချက်အလက်များကို အသုံးပြုစေပါ။

၃။ ကျောင်းသားများအား တင်ပြမှုအတွက် ကြိုတင်ပြင်ဆင်ရာ၌ ၎င်းတို့ ဖန်တီးနိုင်စွမ်း ရှိသလောက် ဖန်တီးတင်ပြရန် တိုက်တွန်းအားပေးပါ။

၄။ ကျောင်းသားများအနေဖြင့် ၎င်းတို့၏ တင်ပြမှုကို အခြားအုပ်စုတစ်ခုထံ တင်ပြရန် လိုအပ်ကြောင်း အသိပေးပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများက ၎င်းတို့ တင်ပြမည့် ပိုစတာများကို အပြီးသတ် ရေးဆွဲဖန်တီးနေစဉ် ဆရာက အုပ်စုများအား မေးခွန်းများကို ဖြေဆိုစေပါ (သို့မဟုတ်) အစပျိုးမေးခွန်းများ မေးမြန်းခြင်းဖြင့် စေ့ဆော်ပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

တင်ပြမှု အစီအစဉ်တိုင်းတွင် အောက်ပါဖော်ပြချက်များ ပါဝင်ရမည် –

- ရက်စွဲ
- တည်နေရာ
- မြို့ပြဗဟိုဌာနများ
- သမိုင်းဝင်အထိမ်းအမှတ် အဆောက်အအုံများနှင့် အနုပညာလက်ရာများ
- အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေး
- ဆက်သွယ်ပြောဆိုရေး/ဘာသာစကား
- ကိုးကွယ်ယုံကြည်မှု
- အလုပ်ခွဲဝေလုပ်ကိုင်မှု
- လူတန်းစားဖွဲ့စည်းပုံ
- မျက်မှောက်ခေတ် ကမ္ဘာကြီးအတွက် ချန်ရစ်ခဲ့သော အမွေအနှစ်

# သင်ယူမှုလုပ်ငန်း (၃)။ အုပ်စုလိုက်တင်ပြခြင်း – ရှေးဦးလူနေမှုများ

| | |
|---|---|
| အချိန် | ၂၀ မိနစ် |
| စာသင်ခန်းဖွဲ့စည်းပုံ | ကျောင်းသား (၈) ဦးမှ (၁၂) ဦး အထိ ပါဝင်သော အုပ်စုများ (အုပ်စုနှစ်စု ပေါင်းထားခြင်း) |

## ရည်ရွယ်ချက်

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ကျောင်းသားများအနေဖြင့် ၎င်းတို့၏ ပိုစတာကို အုပ်စုငယ်တစ်စုအား တင်ပြရန်နှင့် တိုးတက်လာသော ရှေးဦး လူ့အဖွဲ့အစည်း နှစ်ခု၏ ယဉ်ကျေးမှုဆိုင်ရာ ပင်ကိုလက္ခဏာများနှင့် နိုင်ငံရေးဆိုင်ရာ ပင်ကိုလက္ခဏာရပ်များကို နှိုင်းယှဉ်ခွဲခြားရန် ဖြစ်သည်။

၁။ အုပ်စုတစ်စုချင်းစီအား အခြားသော အုပ်စုတစ်စုနှင့် ပေါင်းစပ်စေပါ။ မတူညီသော ရှေးဦးလူနေမှုများကို သုတေသနပြု လေ့လာထားပြီးသည့် အုပ်စုနှစ်စု ဖြစ်ရမည်။
၂။ အုပ်စုတစ်စုချင်းစီအား ရှေးဦးလူနေမှုနှင့် စပ်လျဉ်း၍ (၅) မိနစ်စာ တင်ပြချက်ကို ၎င်းတို့၏ တွဲဖက် အုပ်စုတစ်စုထံ တင်ပြရန် ညွှန်ကြားပါ။
၃။ နားထောင်နေသော အုပ်စုဝင်များအား တွဲဖက်အုပ်စု၏ တင်ပြချက်များမှ အချက်အလက်များကို အသုံးပြု၍ ဇယား (၇.၁) မှ "လူမှုအဖွဲ့အစည်း (၂)" ဇယားတိုင်တွင် ဖြည့်စွက်ရန် ညွှန်ကြားပါ။
၄။ အုပ်စုနှစ်စုစလုံး ပိုစတာများ တင်ပြပြီးသောအခါ ကျောင်းသားများအား ၎င်းတို့ဖြည့်စွက်ထားသော ဇယား (၇.၁) မှ လူနေမှုများကို နှိုင်းယှဉ်ရန်နှင့် လူနေမှုများ၏ တူညီမှုများ၊ ကွဲပြားခြားနားချက်များကို သတ်မှတ်ဖော်ထုတ်ရန် ညွှန်ကြားပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများက ၎င်းတို့၏ တင်ပြမှုများကို ပြီးစီးအောင် တင်ပြစဉ် ဆရာက စာသင်ခန်းတွင် လှည့်လည်နေပြီး အုပ်စုတစ်ခုချင်းစီနှင့် စစ်ဆေးနေပါ။ စိတ်ဝင်စားဖွယ်ကောင်းသော (သို့မဟုတ်) တီထွင်ဆန်းသစ်မှုရှိသော အကြောင်းအရာတစ်ခုခု၊ တင်ပြမှု အစီအစဉ်တစ်ခုခု တွေ့ရှိပါက မှတ်စုတစ်ခု ရေးသားပြုစုပြီး သတင်းအချက်အလက်များအား စာသင်ချိန် ပြီးဆုံးသောအခါ မျှဝေပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျောင်းသားများက ၎င်းတို့၏ ကျောင်းသားကိုင်စာအုပ်မှ ဇယား (၇.၁) မှ ဇယားတိုင် နှစ်ခုစလုံး ဖြည့်စွက်မှု ပြီးမြောက်ပြီဆိုပါက ၎င်းတို့လုပ်ငန်း ဆောင်ရွက်မှု အောင်မြင် ပြီးမြောက်ပြီ ဖြစ်သည်။

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း

| | |
|---|---|
| **အချိန်** | ၁၀ မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ တစ်တန်းလုံးအနေဖြင့် ကျောင်းသားများအား ၎င်းတို့၏နေရာတွင် ပြန်လည်၍ နေရာယူစေပါ။

၂။ ကျောင်းသားများအား မူလတန်းအတန်း၌ အဆိုပါ သင်ယူမှုလုပ်ငန်း (၁) မှ (၃) အထိ အောင်မြင်အောင် ဆက်လက်တိုးချဲ့ အကောင်အထည်ဖော်နိုင်ပုံကို ပြန်လည် သုံးသပ်စေပါ။

၃။ ကျောင်းသားများအား 'လူနေမှု' ဟူသော အသုံးအနှုန်းကို လေးလေးနက်နက် ဝေဖန်သုံးသပ်စေပါ။ ဆရာက " 'လူနေမှု' ဟူသော အသုံးအနှုန်းသည် အချို့သော လူအုပ်စုများ၏ သမိုင်းဆိုင်ရာ အတွေ့အကြုံများကို ချန်လှပ်ထားပါသလား။ မည်သည့် လူထုများဖြစ်ကြသနည်း" အစရှိသည့် မေးခွန်းများကို မေးမြန်းနိုင်သည်။

၄။ အသုံးအနှုန်းနှင့် ပတ်သက်၍ လေးနက်စွာ ဝေဖန်ဆွေးနွေးနိုင်ရန်အတွက် ဆရာလမ်းညွှန်စာအုပ်မှ လေးထောင့်ကွက် (၇.၁) ကို ကြည့်ပါ။

**ဆရာလမ်းညွှန် လေးထောင့်ကွက် ၇.၁။ လူနေမှု ဟူသော အသုံးအနှုန်းကို လေးနက်စွာ ဝေဖန်ဆန်းစစ် ဆွေးနွေးခြင်း**[၁၄]

‘လူနေမှု’ (civilisation) ဟူသော စကားလုံးသည် လက်တင်အသုံးအနှုန်း ‘civitas’ (သို့မဟုတ်) ‘city’ နှင့် ဆက်နွယ်နေသဖြင့် တစ်ခါတစ်ရံတွင် မြို့ပြနှင့်ပြည်နယ်အဆင့် လူ့အဖွဲ့အစည်းများကို ရည်ညွှန်းရာ ရောက်နေပြီး အတည်တကျ အခြေချနေထိုင်မှု မရှိသည့် ခြေသလုံးအိမ်တိုင်များနှင့် မြို့ပြဟု မသတ်မှတ်သော (သို့မဟုတ်) ပြည်နယ်အဆင့် ဖွဲ့စည်းပုံ မရှိသော ဒေသများတွင် အခြေချနေထိုင်သူတို့နှင့် အပ်စပ်ခြင်း မရှိသလို ဖြစ်သည်။

လူနေမှု ဟူသော အသုံးအနှုန်း၏ အနက်အဓိပ္ပာယ် သတ်မှတ်ချက်သည် သမိုင်းတစ်လျှောက် ကြိမ်ဖန်များစွာ ပြောင်းလဲခဲ့၍ ယနေ့မျက်မှောက်ကာလတိုင်အောင်လည်း အဓိပ္ပာယ်အမျိုးမျိုးဖြင့် သုံးစွဲလျက်ရှိသည်။ အများအားဖြင့် ‘ယဉ်ကျေးမှုနှင့် နည်းပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု အဆင့်မြင့်မားသော’ လူ့အဖွဲ့အစည်းများကို ဖော်ပြရန် သုံးလေ့ရှိသော်လည်း ဤအဓိပ္ပာယ် ဖွင့်ဆိုချက်မှာ ရှင်းလင်းပြတ်သားမှု မရှိဘဲ ပုဂ္ဂလဓိဋ္ဌာန်ကျကာ လွန်လေပြီးသော အတိတ်ကာလအတွင်း လူ့အဖွဲ့အစည်းများ ပြောင်းလဲခဲ့ပုံနှင့် စပ်လျဉ်း၍ ယနေ့ခေတ် ပညာရှင်များက အသိမှတ်ပြုလက်ခံခြင်း မရှိတော့သော အယူအဆများနှင့် စွဲထင်နေသည်။

ကွဲပြားစုံလင်လှသော လူသားတို့၏ အတွေ့အကြုံများသည် ရှုပ်ထွေး ကျယ်ပြန့်လွန်းသဖြင့် ကျွန်ုပ်တို့၏ အခြေခံသဘောတရားများမှာ လက်တွေ့ကမ္ဘာတွင် အံဝင်ခွင်ကျခြင်း မရှိလှပေ။ လူနေမှုတိုင်းသည် တမူထူးခြားသော အခြေအနေအရပ်ရပ်တို့ကြောင့် ရုပ်လုံးပေါ်လာရခြင်း ဖြစ်ကြောင်း၊ အားလုံးနှင့်သက်ဆိုင်သော ရှင်းလင်းချက်များ (သို့မဟုတ်) ယေဘုယျ သဘောတရားများသည် အမြဲတစေ ကျိုးကြောင်းသင့် မှန်ကန်နေခြင်းမရှိကြောင်း သတိပြုမိခြင်းသည် ပိုမို အမြင်ကျယ်လာ၍ အမှန်တရားနှင့် ပို၍ နီးစပ်လာခြင်း ဖြစ်သည်ဟု ဆိုနိုင်ပေသည်။ လူသားများအနေဖြင့် အဆိုပါ အကန့်အသတ်များကို အမြဲတစေ အမှတ်ရ နေပါက လူနေမှုဆိုသည့် သဘောတရားသည် အားကောင်းလာမည်ဖြစ်ပြီး အသုံးဝင်သော အယူအဆတစ်ရပ် ဖြစ်လာပါမည်။

(ကျောင်းသားကိုင်စာအုပ်ပါ နောက်ဆက်တွဲ ဖ ကို ကြည့်ပါ)

---

၁၄ Violatti, C. (2014).

**အိမ်စာလုပ်ငန်း။ ဖတ်ရှုခြင်း – သင်ခန်းစာ (၇.၁.၂)၊ စာသင်ချိန် (၁) ကို ကြိုတင်ဖတ်ရှုခြင်း**

ဤအိမ်စာလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ကျောင်းသားများအနေဖြင့် ကြိုတင်ဖတ်ရှုခြင်းကို ဆောင်ရွက်ရန် ဖြစ်သည်။

ကျောင်းသားများအား ကျောင်းသားကိုင်စာအုပ်ပါ သင်ခန်းစာ (၇.၁.၂)၊ စာသင်ချိန် (၁) ကို ကြိုတင်ဖတ်ရှု လေ့လာရန် ညွှန်ကြားပါ။ ကျောင်းသားများအား ၎င်းတို့၏ စာအုပ်တွင် စိတ်ဝင်စားဖွယ်အချက်များအား မှတ်စုရေးထားရန် (သို့မဟုတ်) ရောင်စုံမင်များဖြင့် မျဉ်းသားထားရန် တိုက်တွန်းအားပေးပါ။

# ၇.၁.၂။ ဥရောပတိုက်ရှိ ပြောင်းလဲမှုများ

**မျှော်မှန်းထားသော သင်ယူမှုရလဒ်များ**

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် –**

- မြေရှင်ပဒေသရာဇ် စီးပွားရေး၏ ဖွဲ့စည်းပုံနှင့် အင်္ဂါရပ်များကို ဖော်ပြတတ်မည်။
- ခရူးဆိတ်စစ်ပွဲများနှင့် ပတ်သက်သော သုတေသန လေ့လာတွေ့ရှိချက်များကို တင်ပြတတ်မည်။
- ၁၆ ရာစုနှင့် ၁၆ ရာစုလွန် ကာလများတွင် ဥရောပကိုလိုနီနယ်ချဲ့ခြင်းအတွက် အကြောင်းပြချက်များကို ရှင်းပြတတ်မည်။
- ပြင်သစ်တော်လှန်ရေး ဖြစ်ပွားရခြင်း၏ အကြောင်းရင်းများနှင့် အကျိုးဆက်များကို ဆန်းစစ်လေ့လာတတ်မည်။

## ရရှိသွားမည့် တတ်ကျွမ်းမှုများ

(က) (၄.၁.၁) အဆင့်အလိုက်၊ အတန်းအလိုက်၊ ဘာသာရပ်အလိုက် သင်ကြားသော မူလတန်း သင်ရိုးညွှန်းတမ်းသင်ယူမှု၏ အဓိကအသိသညာများ၊ အကြောင်းအရာများ၊ သင်ယူမှု ဦးတည်ချက်များနှင့် သင်ယူမှုရလဒ်များကို ဖော်ပြသည်။

(က) (၄.၁.၂) သင်ရိုးညွှန်းတမ်း၏ လိုအပ်ချက်များကို ထင်ဟပ်စဉ်းစားပြီး ဆီလျော်သော သင်ကြား၊ သင်ယူမှုလုပ်ငန်းများနှင့် သင်ထောက်ကူပစ္စည်းများ ပါဝင်သော သင်ပြမှုပုံစံများကို ပြင်ဆင်ရေးဆွဲသည်။

(က) (၅.၁.၁) အတန်းအဆင့်များအလိုက် သင်ကြားသော ဘာသာရပ်ဆိုင်ရာ အဓိက အသိသညာများ၊ ကျွမ်းကျင်မှုများ၊ နည်းလမ်းများနှင့် အသုံးချမှုများကို ဖော်ပြသည်။

(က) (၅.၁.၂) ကျောင်းသားများ ဘာသာရပ်ဆိုင်ရာ အကြောင်းအရာများနှင့် ကျွမ်းကျင်မှုများ သင်ယူရာတွင် အထောက်အပံ့ပြုနိုင်ရန် တိကျမှန်ကန်ဆီလျော်သော သတင်းအချက်အလက်များ၊ နမူနာများနှင့် လေ့ကျင့်ခန်းများကို သင်ခန်းစာများတွင် ထည့်သွင်းသည်။

**အချိန်** – မိနစ် (၅၀) ကြာ စာသင်ချိန် သုံးချိန်။

## သင်ယူမှုနည်းလမ်းများ

သင်ယူမှုလုပ်ငန်း (၁)။ ဖန်တီးရေးသားခြင်း – အလယ်ခေတ် အသက်ရှင်သန်မှုဘဝ

အိမ်စာလုပ်ငန်း။ သုတေသနပြုခြင်း – အလယ်ခေတ်အပေါ် သိမြင်နားလည်မှု မြှင့်တင်ပေးခြင်း

သင်ယူမှုလုပ်ငန်း (၂)။ တွေး–တွဲ–သုတေသနပြု–မျှဝေခြင်း – ဥရောပနယ်ချဲ့ခြင်း

အိမ်စာလုပ်ငန်း။ ဖတ်ရှုခြင်း – သင်ခန်းစာ (၇.၁.၂)၊ စာသင်ချိန် (၃) ကို ကြိုတင်ဖတ်ရှုခြင်း

သင်ယူမှုလုပ်ငန်း (၃)။  အတန်းတွင်း ဆွေးနွေးခြင်း – ပြင်သစ်တော်လှန်ရေး ဖြစ်ပွားရခြင်း အကြောင်းတရားများ

အိမ်စာလုပ်ငန်း။ ဖတ်ရှုခြင်း – သင်ခန်းစာ (၇.၁.၃) ကို ကြိုတင်ဖတ်ရှုခြင်း

**စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများ –** မေးခွန်းမေးမြန်းခြင်း၊ ကြည့်ရှုလေ့လာခြင်း၊ အချင်းချင်း စစ်ဆေးအကဲဖြတ်ခြင်း၊ ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း။

## လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ

ကျောင်းသားကိုင်စာအုပ်ပါ သင်ခန်းစာ (၇.၁.၂) ကို ဖတ်ရှုပါ။

## လိုအပ်သော ရင်းမြစ်

သင်ယူမှုလုပ်ငန်း (၁)။ ကျောင်းသားကိုင်စာအုပ်

သင်ယူမှုလုပ်ငန်း (၂)။ ကျောင်းသားကိုင်စာအုပ်

သင်ယူမှုလုပ်ငန်း (၃)။ ကျောင်းသားကိုင်စာအုပ်

**စာသင်ချိန် (၁)**

**ဥရောပတိုက်ရှိ ပြောင်းလဲမှုများ**

ဤစာသင်ချိန်ကို အောက်ပါအတိုင်း ဖွဲ့စည်းထားသည် –

| | |
|---|---|
| မိတ်ဆက် | ၁၀ မိနစ် |
| သင်ယူမှုလုပ်ငန်း (၁) | ၃၀ မိနစ် |
| ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း | ၁၀ မိနစ် |
| အိမ်စာလုပ်ငန်း | ကိုယ်ပိုင်အချိန် |

## မိတ်ဆက်

| | |
|---|---|
| အချိန် | ၁၀ မိနစ် |
| စာသင်ခန်းဖွဲ့စည်းပုံ | တစ်တန်းလုံး |

၁။ ကျောင်းသားများအား စာသင်ခန်းမှ ကြိုဆိုပါ။ ၎င်းတို့အနေဖြင့် ရှေးဦးလူနေမှုမှ ရှေ့သို့တိုး၍ အလယ်ခေတ်ကို လေ့လာကြရမည်ဖြစ်ကြောင်း ရှင်းပြပါ။ အလယ်ခေတ်ဆိုသည်မှာ သက္ကရာဇ် ၅၀၀ ပြည့်နှစ် မှ ၁၅၀၀ ပြည့်နှစ်ဝန်းကျင် ရှေးခေတ် ရောမ အင်ပါယာ ပျက်သုဉ်းပြီးချိန်မှ စသည့် ဥရောပတိုက်၏ သမိုင်းခေတ်တစ်ခေတ်ကို ဆိုလိုသည်။

၂။ ကျောင်းသားများအား စာသင်ခန်းသို့မလာမီ သင်ခန်းစာ (၇.၁.၂)၊ စာသင်ချိန် (၁) အား ဖတ်ရှုလေ့လာပြီးဖြစ်မည်ဟု မျှော်လင့်ထားပါ။

၃။ အောက်ပါမေးခွန်းများ မေးမြန်းခြင်းဖြင့် ၎င်းတို့၏ နားလည်သဘောပေါက်မှုကို စစ်ဆေးပါ။

- မြေရှင်ပဒေသရာဇ်စနစ်တွင် မည်သို့သော အဓိက ယုံကြည်ချက် အယူဝါဒများ ရှိခဲ့သနည်း။
- မြေရှင်ပဒေသရာဇ်စနစ် ပိရမစ်၏ ထိပ်ဆုံးတွင် မည်သူတို့ ရှိခဲ့သနည်း။ ၎င်းတို့၏ အခန်းကဏ္ဍမှာ အဘယ်နည်း။ အောက်ဆုံးတွင် မည်သူတို့ ရှိခဲ့ကြ၍ ၎င်းတို့၏ အခန်းကဏ္ဍမှာ အဘယ်နည်း။
- မည်သည့် အဖြစ်အပျက်များက အလယ်ခေတ် မြေရှင်ပဒေသရာဇ်စနစ် ယိုယွင်းပျက်စီးစေရန်နှင့် အရင်းရှင်စနစ်တို့ ပေါ်ပေါက်စေရန် ဦးတည်စေခဲ့သနည်း။

## သင်ယူမှုလုပ်ငန်း (၁)။ ဖန်တီးရေးသားခြင်း – အလယ်ခေတ် အသက်ရှင်သန်မှုဘဝ

| | |
|---|---|
| အချိန် | ၃၀ မိနစ် |
| စာသင်ခန်းဖွဲ့စည်းပုံ | တစ်ဦးချင်း လုပ်ငန်း |

### ရည်ရွယ်ချက်

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ကျောင်းသားများအနေဖြင့် မြေရှင်ပဒေသရာဇ် လူ့အဖွဲ့အစည်း၌ ရှင်သန်နေထိုင်ရသော ဘဝကို မြေကျွန်တစ်ဦး၏ အတွေးအမြင် ရှုထောင့်မှ ဖော်ပြရန် ဖြစ်သည်။

၁။ ကျောင်းသားများအား အလယ်ခေတ် ဥရောပတိုက်ရှိ စံအိမ်တစ်အိမ်၌ အလုပ်လုပ်ကိုင်နေသော မြေကျွန်တစ်ဦးအဖြစ် စိတ်ကူးကြည့်စေပါ။ ၎င်းတို့၏ ဘဝသည် မည်သို့ရှိမည်နည်း။

၂။ ကျောင်းသားများအား အလယ်ခေတ် ဘဝရှင်သန်မှုကို သရုပ်ဖော်သည့် အရေးအသားတစ်ခုကို စာလုံးရေ (၃၀၀) ခန့်ဖြင့် အသေးစိတ် ဖန်တီးရေးသားစေပါ။ ရေးသားသည့်အခါ ကျောင်းသားများအနေဖြင့် တိကျခိုင်လုံသော သမိုင်းဆိုင်ရာ အချက်အလက် အထောက်အထားများ တတ်နိုင်သမျှ ထည့်သွင်းဖော်ပြစေရန် ညွှန်ကြားပါ။

၃။ ကျောင်းသားများအား ကျောင်းသားကိုင်စာအုပ်၏ လေးထောင့်ကွက် (၇.၁) ၌ ၎င်းတို့ ဖန်တီးရေးသားထားသော စာကို ထည့်သွင်းရန် ညွှန်ကြားပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများက အပြီးသတ် ဖန်တီးရေးသားနေစဉ် ဆရာက အခန်းထဲတွင် လှည့်လည် ကြည့်ရှုနေပြီး ကျောင်းသားများ၏ လုပ်ဆောင်ချက်များကို ဆန်းစစ်ပေး၍ ကျောင်းသားများ၌ မေးခွန်းများရှိပါက ဖြေကြားပေးရမည်။

အကယ်၍ ကျောင်းသားများတွင် ရေးသားရမည့် အကြောင်းအရာများ ရှာမတွေ့ပါက ၎င်းတို့အား ကျောင်းသားကိုင်စာအုပ်မှ သင်ခန်းစာ (၇.၁.၂) ကို ပြန်လည်ဆန်းစစ်စေပါ။ "ရွာတိုင်းတွင် ခြံမွေးတိရစ္ဆာန်များ မွေးမြူရာ၌ စားကျက်မြေအဖြစ် အသုံးပြုရန်အတွက် အများပိုင်နယ်မြေ ဧရိယာတစ်ခုရှိသည်" အစရှိသည့် နေ့စဉ်ဘဝ၏ အဓိကအစိတ်အပိုင်း အခြင်းအရာများကို မျဉ်းသားစေပါ။ ထို့နောက် ကျောင်းသားများအနေဖြင့် ချဲ့ထွင်စဉ်းစား ရေးသားရန်အတွက် နှစ်ချက် (သို့မဟုတ်) သုံးချက် ရွေးချယ်ထားနိုင်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ဤလုပ်ငန်းသည် တီထွင်ဖန်တီးရေးသားရသည့် လုပ်ငန်းတစ်ခု ဖြစ်သောကြောင့် အဖြေမှန် (သို့မဟုတ်) အဖြေမှား ဟူ၍မရှိပါ။

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း

| | |
|---|---|
| **အချိန်** | ၁၀ မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

ကျောင်းသားများအား ၎င်းတို့နေရာတွင် ပြန်လည်နေရာယူစေပါ။ ကျောင်းသား နှစ်ဦး (သို့မဟုတ်) သုံးဦးအား ၎င်းတို့၏ ဖန်တီးရေးသားမှုများမှ ကောက်နုတ်ဖော်ပြချက်တစ်ခုကို မျှဝေရန် ပြောပါ။

ကျောင်းသားများအား ၎င်းတို့၏ ကိုယ်ပိုင်အချိန်တွင် လုပ်ဆောင်ရမည့် ကျောင်းသားကိုင် စာအုပ်ရှိ အိမ်စာလုပ်ငန်းသို့ လမ်းညွှန်ပါ။

## အိမ်စာလုပ်ငန်း။ သုတေသနပြုခြင်း – အလယ်ခေတ်အပေါ် သိမြင်နားလည်မှုကို မြှင့်တင်ပေးခြင်း

ဤအိမ်စာလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ကျောင်းသားများအနေဖြင့် အလယ်ခေတ် ဥရောပတိုက် အကြောင်းအရာများကို ဆက်လက်၍ သုတေသနပြုရန် ဖြစ်သည်။

လေးထောင့်ကွက် (၇.၂) တွင် “စီးပွားရေးနှင့် နယ်မြေ ချဲ့ထွင်လာခြင်း၊ လူဦးရေနှင့် မြို့ပြများ ဖွံ့ဖြိုးတိုးတက်လာခြင်း၊ အမျိုးသားရေး လက္ခဏာရပ်များ ပေါ်ပေါက်လာခြင်း၊ ဘာသာရေး လွှမ်းမိုးမှုကင်းသော လောကီရေးရာအသင်းအဖွဲ့နှင့် ခရစ်ယာန်အသင်းအဖွဲ့များ ပြန်လည် ဖွဲ့စည်းခြင်း” တို့နှင့် ပြည့်စုံသော ခေတ်တစ်ခေတ်ကို အလယ်ခေတ် ဥရောပအထွတ်အထိပ် ရောက်ချိန်အဖြစ် သတ်မှတ်ဖော်ထုတ်ထားကြောင်း ကျောင်းသားများအား ရှင်းပြပါ။ ခရူးဆိတ်စစ်ပွဲများ (၁၀၉၅– ၁၂၉၁) သည် ဤခေတ်၏ အစိတ်အပိုင်းဖြစ်သည်။

**ကျောင်းသားများအား**

- လေးထောင့်ကွက် (၇.၃) တွင်ဖော်ပြထားသော ပထမ ခရူးဆိတ်စစ်ပွဲအကြောင်း ဖတ်ရှုလေ့လာစေပါ။
- ပထမခရူးဆိတ်စစ်ပွဲ၏ အခြားသောကဏ္ဍများ (သို့မဟုတ်) နောက်ပိုင်း ခရူးဆိတ် စစ်ပွဲများနှင့် ပတ်သက်၍ သုတေသနပြု လေ့လာစေပါ။
- လာမည့်စာသင်ချိန်အစတွင် ကျောင်းသားများအချင်းချင်း သုတေသန ရှာဖွေတွေ့ ရှိချက်များ မျှဝေရန် ကြိုတင်ပြင်ဆင်ထားစေပါ။

ကျောင်းသားများအနေဖြင့် ၎င်းတို့၏ တွေ့ရှိချက်များကို ပြန်လည်တင်ပြသည့်အခါ အချိန် (၃) မိနစ်ခန့်သာ ရရှိမည်ဖြစ်ကြောင်း အသိပေးပါ။

## ဆရာလမ်းညွှန် လေးထောင့်ကွက် ၇.၂။ အလယ်ခေတ်[၁၅]

ဆင်ခြင်တုံတရား ကင်းမဲ့သော၊ အယူသည်းသော၊ လူမှုရေးဖိနှိပ်မှုများ ရှိသော ခေတ်တစ်ခေတ်အဖြစ် တစ်ချိန်က သတ်မှတ်ခံခဲ့ရသော်လည်း အလယ်ခေတ်သည် မတူကွဲပြားသည့် ယဉ်ကျေးမှုဆိုင်ရာ အခန်းကဏ္ဍများ ပေါ်ပေါက်ခဲ့သောကြောင့် ဥရောပ၏ အတွေးအခေါ် အယူအဆများအတွက် အရွေ့ခေတ်ကာလတစ်ခုဖြစ်ခဲ့ကြောင်း ယခုအခါ နားလည်သဘောပေါက်ခဲ့ကြသည်။

***အလယ်ခေတ် အစောပိုင်း – နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှု ဆိုင်ရာ ပြန်လည်ဖွဲ့စည်းမှုများ***

အလယ်ခေတ်အစောပိုင်း၌ ရောမအင်ပါယာမှ ဓလေ့များနေရာတွင် ယခင်အနောက်ပိုင်းအင်ပါယာ၌ ဘုရင့်နိုင်ငံငယ်များ ထူထောင်ခဲ့ကြသည့် ဂျာမန်လူမျိုးတို့၏ ဓလေ့ထုံးတမ်းများဖြင့် အစားထိုး၍ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ဖွဲ့စည်းတည်ဆောက်ပုံများကို အလေးအနက် ပြန်လည်ဖွဲ့စည်းခဲ့သည်။ နိုင်ငံရေးခေါင်းဆောင်မှု ပုံစံအသစ်များ အစပျိုးခဲ့ကြပြီး ဥရောပနိုင်ငံသားများသည် ခရစ်ယာန် ဘာသာဝင်များအဖြစ် တဖြည်းဖြည်း ခံယူလာကြကာ ဘာသာတရား ကိုင်းရှိုင်းသော စံပြဘဝရှင်သန်မှုပုံစံများကို အစပျိုးထူထောင်ခဲ့ကြသည်။

***အလယ်ခေတ် အထွတ်အထိပ်ပိုင်း – စီးပွားရေးနှင့် နယ်မြေများ ချဲ့ထွင်လာခြင်း***

အလယ်ခေတ် အဓိကအပိုင်း (သို့မဟုတ်) အထွတ်အထိပ်ရောက်ချိန်တွင် တိုးတက်မှုများ ပိုမို ဖြစ်ပေါ်ခဲ့သည်။ စီးပွားရေးနှင့် နယ်မြေ ချဲ့ထွင်လာခြင်း၊ လူဦးရေ နှင့် မြို့ပြများ ဖွံ့ဖြိုးတိုးတက်လာခြင်း၊ အမျိုးသားရေး ဝိသေသလက္ခဏာရပ်များ ပေါ်ပေါက်လာခြင်းနှင့် ဘာသာရေး လွှမ်းမိုးမှုကင်းသည့် လောကီရေးရာ အသင်းအဖွဲ့များနှင့် ခရစ်ယာန် အသင်းအဖွဲ့များ အသစ်ပြန်လည် ဖွဲ့စည်းလာကြခြင်းတို့ဖြင့် အမှတ်အသားပြုရမည့် ခေတ်တစ်ခေတ် ဖြစ်ခဲ့သည်။

၁၅ Encyclopedia Britannica. (n.d.).

ယင်းခေတ်ကာလမှာ ဂရိလူမျိုး ဂရိဘာသာစကားနှင့်ဆိုင်သော အနုပညာနှင့် ဗိသုကာ လက်ရာများ၊ ပုပ်ရဟန်းမင်းကြီးက ကြီးစိုးသည့် ဘုရင်စနစ်၊ တက္ကသိုလ်ကြီးများ မွေးဖွား ပေါ်ပေါက်လာခြင်း၊ ရှေးခေတ် ဂရိ အတွေးအခေါ် အယူအဆများ ပြန်လည် ရှင်သန်လာခြင်းနှင့် စိန့်သောမတ်စ်အကွီနာ (၁၂၂၄–၁၂၇၄) ၏ အသိပညာဆိုင်ရာ အောင်မြင်မှုများနှင့် ခရူးဆိတ်စစ်ပွဲများ (၁၀၉၅–၁၂၉၁) ဖြစ်ပွားသည့် ခေတ်ကာလဖြစ်သည်။

*အလယ်ခေတ်နှောင်းပိုင်း*

၁၄ ရာစုနှစ်အား အလယ်ခေတ် လူနေမှု၏ အရွေ့အင်အား တစ်ခုဖြစ်စေသည့် ရာစုနှစ် အဖြစ် အစဉ်အလာအားဖြင့် လက်ခံသတ်မှတ်ခဲ့ကြပြီး အလယ်ခေတ် နှောင်းပိုင်းကို ဆုတ်ယုတ်သောခေတ်၊ ပျက်စီးယိုယွင်းသော ခေတ်စသည်ဖြင့် သရုပ်ဖော်သတ်မှတ်ခဲ့ကြသည်။ ဥရောပတွင် ၁၄ ရာစုနှစ်၌ စစ်ဘေး အန္တရာယ်များ၊ ငတ်မွတ်ခေါင်းပါးမှုများနှင့် ကပ်ရောဂါ (ပလိပ်ရောဂါ) များ အလူးအလဲ ခံစားခဲ့ကြရသည်။ သို့သော်လည်း ငုပ်လျှိုးနေသည့် လူမှုရေး၊ အသိဉာဏ်ပညာနှင့် နိုင်ငံရေး ဖွဲ့စည်းတည်ဆောက်ပုံများမှာ အကောင်းပကတိ ဆက်လက်တည်ရှိနေခဲ့သည်။

*ရီနေဆဲန်းခေတ်*

၁၅ ရာစုနှင့် ၁၆ ရာစုများ၌ ဥရောပတွင် အသိအမြင်နှင့် စီးပွားရေးဆိုင်ရာ ပြန်လည်ဆန်းသစ်လာခြင်းများ ကြုံတွေ့ခဲ့ရပြီး ယင်းကာလကို ရီနေဆဲန်းခေတ်ဟု အများအားဖြင့် ခေါ်ဆိုခဲ့ကြသည်။ ယင်းကာလအလွန်တွင် ဥရောပယဉ်ကျေးမှု ကမ္ဘာအနှံ့ ပြန့်ပွားစေရန်အတွက် ရီနေဆဲန်းခေတ်က အခြေခံအုတ်မြစ်ချပေးခဲ့သည်။

## ဆရာလမ်းညွှန် လေးထောင့်ကွက် ၇.၃။ ပထမ ခရူးဆိတ်စစ်ပွဲ[၁၆]

၁၀၉၅ ခုနှစ်၊ ပြင်သစ်နိုင်ငံ ကလာမွန် ဖားရဲန့်တွင် ပုပ်ရဟန်းမင်း ဒုတိယ အာဗန်က တရားဟောကြားခဲ့ခြင်းသည် မွတ်စလင်တို့ ထိန်းချုပ်ထားသည့် မြင့်မြတ်ရာ နယ်မြေအား သိမ်းယူမည့် စစ်ရေး စုပေါင်းလှုပ်ရှားမှု လှိုင်းလုံးတစ်ခုကို တောက်လောင်စေခဲ့သည့် မီးပွား တစ်ခု ဖြစ်ခဲ့သည်ဟု သမိုင်းပညာရှင် အများစုက ယူဆခဲ့ကြသည်။

ရက်စက်ကြမ်းကြုတ်သည့် တိုက်ပွဲများဖြစ်ပွားခဲ့သော ဤစစ်မက်ရေးရာလှုပ်ရှားမှုများ (သို့မဟုတ်) ခရူးဆိတ်စစ်ပွဲများသည် ဘုရားသခင် အလိုတော်အတိုင်း တိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်ဟု ထိုအချိန်က မှတ်ယူခဲ့ကြသည်။ ၎င်းတို့သည် သခင်ယေရှု၏ နေထိုင်မှုဘဝ၊ အမှုတော်ထမ်းခြင်းနှင့် ဆက်စပ်နီးနွယ်သည့် အထွတ်အမြတ်ထားရာ ဗိမာန်ဆောင်များကို ရယူလိုစိတ် ပြင်းပြခဲ့ကြခြင်း ဖြစ်သည်။ အတိအကျဆိုရသော် ခရစ်တော်၏ ဂူသင်္ချိုင်းရှိ သည်ဟု ဆိုကြသည့် ဂျေရုဆလင်မြို့မှ ဘုရားကျောင်းဖြစ်သော မြင့်မြတ်သည့် သင်္ချိုင်းတော်ရာကို အရယူလိုခြင်းဖြစ်သည်။

အရှေ့အလယ်ပိုင်းဒေသတွင် နယ်မြေများ ရရှိရန်နှင့် ချမ်းသာကြွယ်ဝရန် မျှော်လင့်၍ တိုက်ခိုက်ခဲ့ကြသော ခရူးဆိတ် စစ်သားများကို အပြစ်များမှ အာပတ်ဖြေပေးပြီး ထာဝရ ဘုန်းတော်ကို ခံစားခွင့်ရစေရမည်ဟု ကတိကဝတ်ပြုခဲ့သည်။ ရလဒ်အနေဖြင့် သူကောင်းမျိုးများနှင့် လယ်သမားများက ဥရောပတိုက်ကို ဖြတ်၍ ဘိုင်ဇန်တိုင်းအင်ပါယာ၏ မြို့တော် ကွန်စတန်တီနိုပယ်လ် မြို့သို့ ချီတက်ခဲ့ကြသည်။

ဘိုင်ဇန်တိုင်းအင်ပါယာ၏ ထောက်ပံ့ကူညီမှုဖြင့် အာမေးနီးယန် ခရစ်ယာန်များ ဦးဆောင် လမ်းညွှန်သော ခရူးဆိတ်စစ်သားများသည် ယနေ့ခေတ် တူရကီနှင့် ဆီးရီးယားတို့ရှိ ဆော့ဂျူခ် ထိန်းချုပ်နယ်မြေများကို ဖြတ်သန်း၍ ဂျေရုဆလင်မြို့သို့ ချီတက်လာခဲ့သည်။

၁၀၉၉ ဇွန်လမှစ၍ ခရူးဆိတ်စစ်သားများက ဂျေရုဆလင်မြို့ကို ငါးပတ်ကြာ ဝိုင်းထားလိုက်သဖြင့် ဂျေရုဆလင်မြို့သည် ၁၀၉၉ – ဇူလိုင်လ ၁၅ ရက်နေ့တွင် ကျဆုံးခဲ့သည်။ မျက်မြင်သက်သေများက ထိတ်လန့်တုန်လှုပ်ဖွယ်ရာ စစ်ပွဲအဖြစ် အခိုင်အမာ ထောက်ခံခဲ့ကြသည်။

၁၆ Department of Medieval Art and the Cloisters. (2014).

| သံလွင်တောင်ကုန်းပေါ်မှ ကြည့်ရှုနေသော ကော့နီမြို့သား ရာ့ဗ်က |
|---|
| ...ပြေးလွှားနေသော လူထု၊ အင်အားဖြည့်တင်းထားပြီး အခိုင်အမာ ခုခံသည့် မျှော်စင်၊ ဒေါသထွက်နေသော မြို့စောင့်တပ်ကြီး၊ လက်နက်ကိုင် တိုက်ခိုက်နေသော အမျိုးသားများ၊ မျက်ရည်များနှင့် အမျိုးသမီးများ၊ လှည့်လည် ဆုတောင်းနေသော ဘုန်းတော်ကြီးများ၊ ငိုသံများနှင့် မြည်ဟီးနေသော လမ်းများ၊ စက်ဆုပ်ဖွယ် ကောင်းသော ပြိုကျပျက်စီးမှုများ၊ ဝုန်းဒိုင်းကြဲမြည်သံများနှင့် မြင်းဟီသံများကို တွေ့မြင်ကြားသိခဲ့ကြောင်း မှတ်တမ်းတင်ခဲ့သည်။ |

## စာသင်ချိန် (၂)

## ဥရောပတိုက်ရှိ ပြောင်းလဲမှုများ

ဤစာသင်ချိန်ကို အောက်ပါအတိုင်း ဖွဲ့စည်းထားသည် –

| | |
|---|---|
| မိတ်ဆက် | ၁၅ မိနစ် |
| သင်ယူမှုလုပ်ငန်း (၂) | ၃၀ မိနစ် |
| ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း | ၅ မိနစ် |
| အိမ်စာလုပ်ငန်း | ကိုယ်ပိုင်အချိန် |

## မိတ်ဆက်

| | |
|---|---|
| **အချိန်** | ၁၅ မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | ကျောင်းသားလေးဦး ပါဝင်သော အုပ်စုများ |

၁။ ကျောင်းသားများအား တစ်အုပ်စုလျှင် လေးဦးပါဝင်သော အုပ်စုငယ်များအဖြစ် ဖွဲ့ပါ။
၂။ အုပ်စုငယ်များဖွဲ့၍ အုပ်စုဝင်တစ်ဦးချင်းစီအား ခရူးဆိတ်စစ်ပွဲ ကဏ္ဍများနှင့် ပတ်သက်သော ၎င်းတို့၏ သုတေသန တွေ့ရှိချက်များကို တင်ပြစေပါ။ ကျောင်းသားတိုင်း တင်ပြရန်အတွက် အချိန် (၃) မိနစ်ရမည်။
၃။ တစ်တန်းလုံးအနေဖြင့် အုပ်စုများအဖြစ် ပြန်လည်နေရာယူစေပြီး သင်ယူမှုလုပ်ငန်း (၂) အတွက် နှစ်ယောက်တစ်တွဲ တွဲပေးပါ။

# သင်ယူမှုလုပ်ငန်း (၂)။ တွေး–တွဲ–သုတေသနပြု–မျှဝေခြင်း – ဥရောပနယ်ချဲ့ခြင်း

| | |
|---|---|
| အချိန် | ၃၀ မိနစ် |
| စာသင်ခန်းဖွဲ့စည်းပုံ | နှစ်ယောက်တစ်တွဲ |

## ရည်ရွယ်ချက်

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ကျောင်းသားများအနေဖြင့် အကြောင်းအရာ ဆက်သွယ်ပြပုံ အသုံးပြု၍ ဥရောပနယ်ချဲ့ထွင်ခြင်း၏ အဓိက အကြောင်းပြချက်များကို ဆက်သွယ်ပြောဆို တင်ပြရန်ဖြစ်သည်။

၁။ သင်ယူမှုလုပ်ငန်းမှ အမျိုးမျိုးသော အဆင့်များကို ကျောင်းသားများအား အသိပေးပါ။

- **စဉ်းစားတွေးတောပါ** – ကျောင်းသားများအနေဖြင့် သင်ခန်းစာ (၇.၁.၂)၊ စာသင်ချိန် (၂) ကို ဖတ်ရှုလေ့လာရမည်။ ဖတ်ရှုစဉ် ဥရောပနယ်ချဲ့ရခြင်း၏ အဓိက အကြောင်းပြချက်များကို မျဉ်းသားရန်။
- **နှစ်ယောက်တစ်တွဲ တွဲပါ** – ၎င်းတို့၏ ထင်မြင်ချက် အယူအဆများကို တွဲဖက် ကျောင်းသားတစ်ဦးနှင့် မျှဝေပေးရန်။ ကျောင်းသားများ၏ တွဲဖက်တွင် အခြားသော တွေးထင်ချက် အကြောင်းပြချက် တစ်ခုခု ရှိနေသလား။
- **သုတေသနပြုပါ** – ဖြစ်နိုင်မည်ဆိုပါက ကျောင်းသားများ၏ အဖြေများကို ထပ်မံ ဖြည့်ဆည်းပေးနိုင်ရန် အွန်လိုင်းမှတစ်ဆင့် သုတေသနပြု ရှာဖွေမှုများ လုပ်ဆောင်ရန်။
- **မျှဝေပါ** – လေးထောင့်ကွက် (၇.၄) တွင် အကြောင်းအရာဆက်သွယ်ပြပုံ တစ်ခုပြုလုပ်ရန် ၎င်းတို့၏စိတ်ကူးအကြံအစည်များကို ပေါင်းစပ်စုစည်းရန်။

## ဆရာ့မှတ်စု

သုတေသနပြုရန်အတွက် ကျောင်းသားများကို နှစ်ယောက်တစ်တွဲ တွဲရာတွင် ၎င်းတို့တွင် ဒစ်ဂျစ်တယ်နည်းပညာသုံး ကိရိယာရှိ/မရှိ ပေါ်မူတည်ပြီး တွဲပေးနိုင်သည်။

အကယ်၍ ဖြစ်နိုင်မည်ဆိုပါက ကျောင်းသားအတွဲတစ်တွဲလျှင် ဒစ်ဂျစ်တယ် နည်းပညာသုံး ကိရိယာ အနည်းဆုံး တစ်ခု ရှိပါစေ။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများက ၎င်းတို့၏ တွေး–တွဲ–သုတေသနပြု–မျှဝေခြင်း လေ့ကျင့်ခန်းကို ပြီးမြောက်အောင် လုပ်ဆောင်နေစဉ် ဆရာက မေးခွန်းများကို ဖြေကြားရန်နှင့် ၎င်းတို့၏ လုပ်ဆောင်မှု ပြန်လည်ဆန်းစစ်ရန် အခန်းထဲ လှည့်လည်ကြည့်ရှုနေရမည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

### နမူနာအဖြေတစ်ခု




**ဆရာ့လမ်းညွှန် ပုံ ၇.၁။ ဥရောပနယ်ချဲ့ရခြင်း၏ အကြောင်းပြချက်များကို အကြောင်းအရာ ဆက်သွယ်ပြပုံဖြင့် ပြသခြင်း**

(ကျောင်းသားကိုင်စာအုပ်ပါ လေးထောင့်ကွက် ၇.၄ ကို ကြည့်ပါ။)

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း

| အချိန် | ၅ မိနစ် |
|---|---|
| စာသင်ခန်းဖွဲ့စည်းပုံ | တစ်တန်းလုံး |

၁။ ကျောင်းသားများအား ၎င်းတို့နေရာတွင် ပြန်လည်နေရာယူစေပါ။
၂။ သင်ပုန်းကြီးပေါ်တွင် စက်ဝိုင်းပုံတစ်ခုရေးဆွဲ၍ အလယ်ဗဟိုတွင် "ဥရောပနယ်ချဲ့ရခြင်း၏ အကြောင်းပြချက်များ" ဟု ရေးပါ။
၃။ ကျောင်းသားများအား ၎င်းတို့၏ အကြောင်းအရာဆက်သွယ်ပြပုံမှ အကြောင်းပြချက်များကို ဖတ်ပြစေပါ။
၄။ ကျောင်းသားများအား စိတ်ကူးအကြံအစည်များ ကုန်သည်အထိ တစ်တန်းလုံး အတူတကွ အကြောင်းအရာဆက်သွယ်ပြပုံတစ်ခုကို တည်ဆောက်စေပါ။
၅။ ကျောင်းသားများအား ၎င်းတို့၏ လုပ်ဆောင်ချက်ကို အမှန်ပြင်စေ၍ ၎င်းတို့၏ အကြောင်းအရာဆက်သွယ်ပြပုံများကို ကိုက်ညီစေရန် ချဲ့ထွင်စေပါ။
၆။ ကျောင်းသားများအား ၎င်းတို့၏ ကိုယ်ပိုင်အချိန်တွင် လုပ်ဆောင်ရမည့် အိမ်စာလုပ်ငန်းသို့ လမ်းညွှန်ပါ။

### အိမ်စာလုပ်ငန်း။ ဖတ်ရှုခြင်း – သင်ခန်းစာ (၇.၁.၂)၊ စာသင်ချိန် (၃) ကို ကြိုတင်ဖတ်ရှုခြင်း

ဤအိမ်စာလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ကျောင်းသားများအနေဖြင့် ကြိုတင်ဖတ်ရှုခြင်းကို ဆောင်ရွက်ရန် ဖြစ်သည်။

ကျောင်းသားများအား ကျောင်းသားကိုင်စာအုပ်ပါ သင်ခန်းစာ (၇.၁.၂)၊ စာသင်ချိန် (၃) ကို ကြိုတင်ဖတ်ရှုလေ့လာရန် ညွှန်ကြားပါ။ ၎င်းတို့၏ စာအုပ်တွင် စိတ်ဝင်စားဖွယ် အချက်များအား မှတ်စုထုတ် ရေးသားရန် (သို့မဟုတ်) ရောင်စုံမင်ဖြင့် မျဉ်းသားရန် တိုက်တွန်းအားပေးပါ။

## စာသင်ချိန် (၃)

## ဥရောပတိုက်ရှိ ပြောင်းလဲမှုများ

ဤစာသင်ချိန်ကို အောက်ပါအတိုင်း ဖွဲ့စည်းထားသည် –

| | |
|---|---|
| မိတ်ဆက် | ၂၀ မိနစ် |
| သင်ယူမှုလုပ်ငန်း (၃) | ၂၀ မိနစ် |
| ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း | ၁၀ မိနစ် |
| အိမ်စာလုပ်ငန်း | ကိုယ်ပိုင်အချိန် |

## မိတ်ဆက်

| | |
|---|---|
| **အချိန်** | ၂၀ မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ ကျောင်းသားများအား စာသင်ခန်းမှ ကြိုဆိုပါ။ 'ဘူဇွာ' ဟူသော စကားလုံးကို သင်ပုန်းပေါ်တွင် ရေးပါ။ ကျောင်းသားများအား ထိုစကားလုံး၏ အဓိပ္ပာယ်နှင့် ပတ်သက်၍ တွေးထင်သည့် အရာများကို မေးမြန်းပါ။ ဤလုပ်ငန်း၏ ရည်ရွယ်ချက်မှာ အဖြေမှန်ရရှိရန်မဟုတ်ဘဲ ကျောင်းသားများ၏ မသင်ပြမီ အခြေအနေ (ယခင်သိရှိပြီး အသိပညာ) ကို ဆုံးဖြတ်ရန် ဖြစ်သည်။

၂။ 'ဘူဇွာ' ဟူသော စကားလုံးမှာ အလယ်အလတ် လူတန်းစားလွှာဟု အဓိပ္ပာယ်ရသည့် ပြင်သစ် စကားလုံး တစ်ခုဖြစ်ကြောင်း ရှင်းပြပါ။ မြေရှင်ပဒေသရာဇ်စနစ် ပျက်သုဉ်းပြီး အရင်းရှင်စနစ် ပေါ်ပေါက်လာခြင်းကြောင့် ကုန်သည်များ၊ ထုတ်လုပ်သူများနှင့် မြေရှင်ငယ်များ ပါဝင်သည့် ချမ်းသာကြွယ်ဝသော အလတ်အလယ် လူတန်းစားလွှာ တစ်ခု ပေါ်ထွက်လာခြင်းဖြစ်ကြောင်း ရှင်းပြခြင်းဖြင့် ဤစာသင်ချိန်ကို ယခင်စာသင်ချိန် နှစ်ခုနှင့် ချိတ်ဆက်ပါ။ ယင်းအလွှာမှာ 'ဘူဇွာ' ဟုခေါ်တွင်သည့် လူတန်းစားတစ်ရပ်ဖြစ်သည်။

၃။ ငွေကြေးနှင့် လုပ်ပိုင်ခွင့် အာဏာများကို ချုပ်ကိုင်ထားသော ပဒေသရာဇ်ဘုရင်၊ သူကောင်းမျိုးများနှင့် သူရဲကောင်းများပါဝင်သည့် လူမှုဖွဲ့စည်းပုံဟောင်းနှင့် ချမ်းသာကြွယ်ဝလာသည့် လူလတ်တန်းစားအလွှာတို့အကြား ထိပ်တိုက်ရင်ဆိုင် ဖြစ်ပွားရာမှ လူထုလှုပ်ရှားမှုတစ်ခု ပေါ်ပေါက်ခဲ့ပြီး ဥရောပတိုက်နှင့် အမေရိကတိုက်တစ်လွှားတွင် တော်လှန်ရေးများ ဆက်တိုက် ပေါ်ပေါက်လာခဲ့ကြောင်း ရှင်းပြပါ။

၄။ ကျောင်းသားများအား စာသင်ခန်းသို့မလာမီ သင်ခန်းစာ (၇.၁.၂)၊ စာသင်ချိန် (၃) ကို ဖတ်ရှုလေ့လာပြီးဖြစ်သည်ဟု မျှော်လင့်ယူဆထားပါ။

၅။ ကျောင်းသားများ၏ နားလည်သဘောပေါက်မှုကို စစ်ဆေးရန် အောက်ဖော်ပြပါ မေးခွန်းများ မေးမြန်းပါ။

- ဘုရှ္စာတော်လှန်ရေးကို ကြုံတွေ့ခံစားခဲ့ရသော နိုင်ငံ သုံးနိုင်ငံမှာ အဘယ်နည်း။
- ပြင်သစ်တော်လှန်ရေးသည် မည်သို့ စတင်ခဲ့သနည်း။
- ပြင်သစ်တော်လှန်ရေးသည် မည်သည့်ခုနှစ်တွင် စတင်ပေါ်ပေါက်ခဲ့သနည်း။
- 'တတိယမဏ္ဍိုင်' ခေါ် တတိယလူတန်းစားဆိုသည်မှာ အဘယ်နည်း။ ယင်းသည် တော်လှန်ရေးတွင် မည်သည့် အခန်းကဏ္ဍမှ ပါဝင်ခဲ့ကြသနည်း။
- ပြင်သစ်တော်လှန်ရေးသည် မည်သည့်အချိန်တွင် မည်သို့ အဆုံးသတ်ခဲ့သနည်း။

## သင်ယူမှုလုပ်ငန်း (၃)။ အတန်းတွင်း ဆွေးနွေးခြင်း – ပြင်သစ်တော်လှန်ရေး ဖြစ်ပွားရခြင်း အကြောင်းတရားများ

| | |
|---|---|
| **အချိန်** | ၂၀ မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

## ရည်ရွယ်ချက်

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ကျောင်းသားများအနေဖြင့် ပြင်သစ်တော်လှန်ရေး ဖြစ်ပွားရခြင်း၏ အကြောင်းတရားများနှင့် အကျိုးဆက်များကို ဆန်းစစ်လေ့လာရန် ဖြစ်သည်။

၁။ ကျောင်းသားများအား ၎င်းတို့၏ ကျောင်းသားကိုင်စာအုပ်မှ ဇယား (၇.၂) ကို ကြည့်ရှုလေ့လာစေပါ။

၂။ ကျောင်းသားများအား ပြင်သစ်တော်လှန်ရေး ဖြစ်ပွားရခြင်း၏ အဓိကအကြောင်းရင်း တစ်ချက်အဖြစ် ၎င်းတို့၏ ယုံကြည်လက်ခံထားသည့်အရာကို သတ်မှတ်ဖော်ထုတ်စေပါ။ ကျောင်းသားကိုင်စာအုပ်၏ လေးထောင့်ကွက် (၇.၅) တွင် ၎င်းတို့၏ ထင်မြင်ယူဆချက်များကို ရေးသားရန် ညွှန်ကြားပါ။

၃။ ကျောင်းသား နှစ်ဦး (သို့မဟုတ်) သုံးဦးအား ၎င်းတို့၏ အဖြေများကို မျှဝေစေပါ။

၄။ ၎င်းတို့အတန်းဖော်များ၏ အဖြေကို အခြေပြု၍ သဘောတူလက်ခံပါက သဘောတူကြောင်း (သို့မဟုတ်) သဘောမတူ လက်မခံပါက သဘောမတူကြောင်း ပါဝင်အကြံပြုစေပါ။

၅။ အကယ်၍ ၁၇၈၉ ခုနှစ်တွင် ငတ်မွတ်ခေါင်းပါးမှုဘေး မရှိခဲ့ပါက ပြင်သစ်တော်လှန်ရေး ဖြစ်ပွားခဲ့မည်ဟု သင်တို့ ထင်ပါသလားဟု ကျောင်းသားများကို မေးပါ။

၆။ ၎င်းတို့၏ အဖြေများပေးရန် ကျောင်းသား နှစ်ဦး (သို့မဟုတ်) သုံးဦး ရွေးချယ်ပါ။ ထို့နောက် ဆက်လက်ဆွေးနွေးရန်အတွက် ဆွေးနွေးမည့်နေရာတွင် နေရာယူစေပြီး ကျောင်းသားများအား တစ်ဦး၏ အဖြေပေါ်အခြေခံ၍ အခြားတစ်ဦးက ထပ်ဆင့်ဆွေးနွေးဖြေကြားရန် တိုက်တွန်းအားပေးပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ဆွေးနွေးနေစဉ် အကြောင်းအရာနှင့်ပတ်သက်၍ ကျောင်းသားများ၏ နားလည်သဘောပေါက်မှုကို စစ်ဆေးအကဲဖြတ်ရန် 'အဘယ်ကြောင့် သင်ထိုသို့ ထင်သနည်း' အစရှိသည့် အစပျိုးမေးခွန်းများ (သို့မဟုတ်) ရှင်းလင်းလွယ်ကူစေမည့် မေးခွန်းများ မေးမြန်းပါ။

ကျောင်းသားများအား ဆွေးနွေးပွဲတွင် ပါဝင်စေရန် ရွေးချယ်သည့်အခါ ကျောင်းသား/ကျောင်းသူ နှစ်မျိုးစလုံး ပါဝင်အောင် ရွေးချယ်ရမည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ပြင်သစ်တော်လှန်ရေး ဖြစ်ပွားရန် အကြောင်းတရား တစ်ခုတည်းသာရှိသည် မဟုတ်ဘဲ အကြောင်းတရားများစွာ ပေါင်းစပ်ပါဝင်နေသည်ဟူသော ကောက်ချက်သို့ ရောက်သည်အထိ ဆက်လက် ဆွေးနွေးနေရမည်။ ဇယား (၇.၂) သည် စေ့စပ်ပြည့်စုံသော စာရင်းတစ်ခု မဟုတ်ကြောင်း ထောက်ပြပါ။

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း

| | |
|---|---|
| **အချိန်** | ၁၀ မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

ကျောင်းသားများအား ၎င်းတို့နေရာတွင် ပြန်လည်နေရာယူစေပါ။ ကျောင်းသားများအား ပြင်သစ်တော်လှန်ရေး၏ အကျိုးရလဒ်များမှာ အဘယ်နည်းဟု မေးပါ။ ကျောင်းသားများက ပေးသည့် အဖြေမှန်သမျှ လက်ခံရယူထားပါ။

ကျောင်းသားများအား ပြင်သစ်တော်လှန်ရေးသည် အပြုသဘောဆောင်သော အဖြစ်အပျက် ဖြစ်ပါသလား (သို့မဟုတ်) အပျက်သဘောဆောင်သော အဖြစ်အပျက် ဖြစ်ပါသလားဟု မေးပါ။ ကျောင်းသား သုံးဦး (သို့မဟုတ်) လေးဦးကို ဖြေဆိုစေပြီး ၎င်းတို့၏ အဖြေအတွက် ကျိုးကြောင်းသင့် ရှင်းပြစေပါ။

သင်ယူမှုရလဒ်များအား သင်ပုန်းပေါ်တွင် ရေးပါ။ ကျောင်းသားများအား သင်ယူမှုလုပ်ငန်းများ လုပ်ဆောင်ခြင်းဖြင့် သင်ယူမှုရလဒ်များ ရရှိခဲ့ပုံကို သတ်မှတ်ဖော်ထုတ်စေပါ။ သင်ယူမှုရလဒ် တစ်ခုချင်းစီအတွက် အဖြေ (၁) ခု (သို့မဟုတ်) (၂) ခု လက်ခံရယူထားပါ။

ကျောင်းသားများအား ၎င်းတို့၏ ကိုယ်ပိုင်အချိန်တွင် လုပ်ဆောင်ရမည့် ကျောင်းသားကိုင် စာအုပ်ရှိ အိမ်စာလုပ်ငန်းသို့ လမ်းညွှန်ပါ။

### အိမ်စာလုပ်ငန်း။ ဖတ်ရှုခြင်း – သင်ခန်းစာ (၇.၁.၃) ကို ကြိုတင်ဖတ်ရှုခြင်း

ဤအိမ်စာလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ကျောင်းသားများအနေဖြင့် ကြိုတင်ဖတ်ရှုခြင်းကို ဆောင်ရွက်ရန် ဖြစ်သည်။

ကျောင်းသားများအား ကျောင်းသားကိုင်စာအုပ်ပါ သင်ခန်းစာ (၇.၁.၃) အား ကြိုတင်ဖတ်ရှု လေ့လာထားရန် ညွှန်ကြားပါ။ ၎င်းတို့၏ စာအုပ်တွင် စိတ်ဝင်စားဖွယ်အချက်များအား မှတ်စုထုတ် ရေးသားရန် (သို့မဟုတ်) ရောင်စုံမင်ဖြင့် မျဉ်းသားရန် တိုက်တွန်းအားပေးပါ။

# ၇.၁.၃။ စက်မှုတော်လှန်ရေး

## မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် –**

- စက်မှုတော်လှန်ရေး ပေါ်ပေါက်စေခဲ့သော အခြေအနေများကို ဖော်ပြတတ်မည်။
- စက်မှုတော်လှန်ရေး၏ ကောင်းကျိုးသက်ရောက်မှုများနှင့် ဆိုးကျိုးသက်ရောက်မှုများကို အကဲဖြတ်သုံးသပ်တတ်မည်။

## ရရှိသွားမည့် တတ်ကျွမ်းမှုများ

(က) (၄.၁.၁) အဆင့်အလိုက်၊ အတန်းအလိုက်၊ ဘာသာရပ်အလိုက် သင်ကြားသော မူလတန်း သင်ရိုးညွှန်းတမ်းသင်ယူမှု၏ အဓိကအသိသညာများ၊ အကြောင်းအရာများ၊ သင်ယူမှု ဦးတည်ချက်များနှင့် သင်ယူမှုရလဒ်များကို ဖော်ပြသည်။

(က) (၄.၁.၂) သင်ရိုးညွှန်းတမ်း၏ လိုအပ်ချက်များကို ထင်ဟပ်စဉ်းစားပြီး ဆီလျော်သော သင်ကြား၊ သင်ယူမှု လုပ်ငန်းများနှင့် သင်ထောက်ကူပစ္စည်းများ ပါဝင်သော သင်ပြမှုပုံစံများကို ပြင်ဆင်ရေးဆွဲသည်။

(က) (၅.၁.၁) အတန်းအဆင့်များအလိုက် သင်ကြားသော ဘာသာရပ်ဆိုင်ရာ အဓိက အသိ သညာများ၊ ကျွမ်းကျင်မှုများ၊ နည်းလမ်းများနှင့် အသုံးချမှုများကို ဖော်ပြသည်။

(က) (၅.၁.၂) ကျောင်းသားများ ဘာသာရပ်ဆိုင်ရာ အကြောင်းအရာများနှင့် ကျွမ်းကျင်မှုများ သင်ယူရာတွင် အထောက်အပံ့ပြုနိုင်ရန် တိကျမှန်ကန်ဆီလျော်သော သတင်းအချက်အလက်များ၊ နမူနာများနှင့် လေ့ကျင့်ခန်းများကို သင်ခန်းစာများတွင် ထည့်သွင်းသည်။

**အချိန်** – မိနစ် (၅၀) ကြာ စာသင်ချိန် တစ်ချိန်။

## သင်ယူမှုနည်းလမ်း

သင်ယူမှုလုပ်ငန်း။ ကောင်းကျိုး၊ ဆိုးကျိုးနှင့် စိတ်ဝင်စားဖွယ်ကောင်းသော အချက်များ – စက်မှုတော်လှန်ရေး၏ သက်ရောက်မှုများ

**စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများ** – မေးခွန်းမေးမြန်းခြင်း၊ ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း။

လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ

ကျောင်းသားကိုင်စာအုပ်ပါ သင်ခန်းစာ (၇.၁.၃) အား ဖတ်ရှုပါ။

## လိုအပ်သော ရင်းမြစ်

သင်ယူမှုလုပ်ငန်း။ ကျောင်းသားကိုင်စာအုပ်

ဤစာသင်ချိန်ကို အောက်ပါအတိုင်း ဖွဲ့စည်းထားသည် –

| | |
|---|---|
| မိတ်ဆက် | ၁၅ မိနစ် |
| သင်ယူမှုလုပ်ငန်း | ၂၀ မိနစ် |
| ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း | ၁၅ မိနစ် |

## မိတ်ဆက်

| | |
|---|---|
| **အချိန်** | ၁၅ မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ ကျောင်းသားများအား စာသင်ခန်းမှ ကြိုဆိုပါ။ ကျောင်းသားများအား ဘူဗွာတော်လှန်ရေးမှ ၁၇၀၀ ပြည့်နှစ် အင်္ဂလန်နိုင်ငံတွင် အစပြုခဲ့သော စက်မှုတော်လှန်ရေးသို့ ဆက်လက် လေ့လာသင်ယူရမည်ဖြစ်ကြောင်း ရှင်းပြပါ။

၂။ ကျောင်းသားများအား စာသင်ခန်းသို့ မလာမီ သင်ခန်းစာ (၇.၁.၃) အား ဖတ်ရှုလေ့လာထားပြီး ဖြစ်သည်ဟု မျှော်လင့်ယူဆထားပါ။

၃။ ၎င်းတို့၏ နားလည်သဘောပေါက်မှုကို စစ်ဆေးရန် အောက်ပါ မေးခွန်းများ မေးမြန်းပါ။

- အင်္ဂလန်နိုင်ငံတွင် သစ်တောများ ပြုန်းတီးမှုက စက်မှုတော်လှန်ရေး ပေါ်ပေါက်ရန် မည်ကဲ့သို့ အကျိုးသက်ရောက်မှုရှိခဲ့သနည်း။
- ဂျိန်းဝပ်၏ အင်ဂျင်စက်တွင် ထိန်းချုပ်အသုံးပြုခဲ့သော စွမ်းအင်ရင်းမြစ် (၂) ခုမှာ အဘယ်နည်း။
- စက်မှုတော်လှန်ရေးက ကုန်ထုတ်လုပ်မှု ကဏ္ဍအား မည်သို့ပြောင်းလဲစေခဲ့သနည်း။
- စက်မှုတော်လှန်ရေးက သယ်ယူပို့ဆောင်ရေးလုပ်ငန်းအား မည်သို့ ပြောင်းလဲစေခဲ့သနည်း။

၄။ သင်ယူမှုလုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် ကျောင်းသားများအား နှစ်ယောက်တစ်တွဲ အုပ်စုများအဖြစ် ဖွဲ့ပါ။

## သင်ယူမှုလုပ်ငန်း။ ကောင်းကျိုး၊ ဆိုးကျိုးနှင့် စိတ်ဝင်စားဖွယ်ကောင်းသော အချက်များ – စက်မှုတော်လှန်ရေး၏ သက်ရောက်မှုများ

| | |
|---|---|
| **အချိန်** | ၂၀ မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | နှစ်ယောက်တစ်တွဲ |

## ရည်ရွယ်ချက်

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ကျောင်းသားများအနေဖြင့် စက်မှုတော်လှန်ရေး၏ ကောင်းကျိုး သက်ရောက်မှုများနှင့် ဆိုးကျိုးသက်ရောက်မှုများကို အကဲဖြတ် သုံးသပ်ရန် ဖြစ်သည်။

၁။ နှစ်ယောက်တစ်တွဲ ကျောင်းသားများအား သင်ခန်းစာ (၇.၁.၃) မှ အချက်အလက်များကို ပြန်လည်ဆန်းစစ်စေပြီး စက်မှုတော်လှန်ရေး၏ ကောင်းကျိုးသက်ရောက်မှုများနှင့် ဆိုးကျိုးသက်ရောက်မှုများကို အမျိုးအစား ခွဲခြားစေပါ။

၂။ ကျောင်းသားများ၏ အတွေးအခေါ်များ စုစည်းရာတွင် အထောက်အကူ ဖြစ်စေရန် ဇယား (၇.၃) အား အသုံးပြုနိုင်ကြောင်း ထောက်ပြပါ။

၃။ စက်မှုတော်လှန်ရေး၏ ကောင်းကျိုးသက်ရောက်မှုများနှင့် ဆိုးကျိုးသက်ရောက်မှုများကို အမျိုးအစားခွဲခြားပြီးသောအခါ ကျောင်းသားများအား စက်မှုတော်လှန်ရေးနှင့် ပတ်သက်၍ အွန်လိုင်းမှ ရင်းမြစ်များ အသုံးပြု၍ ဆက်လက်သုတေသန ပြုလုပ်ရန်နှင့် ကောင်းကျိုး၊ ဆိုးကျိုးများအား သက်ဆိုင်ရာ ဇယားတိုင်တွင် ဖြည့်သွင်းရန် ညွှန်ကြားပါ။

၄။ ကျောင်းသားများအား သတိပြု မှတ်သားဖွယ်ကောင်းသည့် ရှာဖွေတွေ့ရှိချက်များကို ဇယားမှ 'စိတ်ဝင်စားဖွယ်ကောင်းသောအချက်များ' ဟူသည့် ဇယားတန်းတွင် မှတ်တမ်းတင် ရေးသွင်းရန် အလေးပေး ပြောကြားပါ။

**ဆရာ့မှတ်စု**

ကျောင်းသားများကို နှစ်ယောက်တစ်တွဲ တွဲရာတွင် ၎င်းတို့တွင် သုတေသနပြုရန် အတွက် ဒစ်ဂျစ်တယ်နည်းပညာသုံး ကိရိယာရှိ/မရှိ ပေါ်မူတည်ပြီး တွဲပေးနိုင်သည်။

အကယ်၍ ဖြစ်နိုင်မည်ဆိုပါက ကျောင်းသားအတွဲတစ်တွဲလျှင် ဒစ်ဂျစ်တယ် နည်းပညာသုံး ကိရိယာ အနည်းဆုံး တစ်ခု ရှိပါစေ။

## စစ်ဆေးအကဲဖြတ်ခြင်း

အုပ်စုများက နှစ်ယောက်တစ်တွဲဖြင့် ၎င်းတို့၏ ဇယားများကို ဖြည့်စွက်နေစဉ် ဆရာက အတန်းတွင်း လှည့်လည်ကြည့်ရှု၍ မေးခွန်းများကို ဆွေးနွေးရမည်။

ကျောင်းသားများ၏ လုပ်ဆောင်မှုများကို ပြန်လည် ဆန်းစစ်ခြင်းနှင့် ဆွေးနွေးနေမှုများကို နားထောင်ခြင်းအားဖြင့် ၎င်းတို့၏ နားလည်သဘောပေါက်မှုကို စစ်ဆေးအကဲဖြတ်ပါ။

ကျောင်းသားများအား ‘သင် အဘယ်ကြောင့် ထိုသို့ ထင်သနည်း’ ဟူသော အစပျိုးမေးခွန်းများ (သို့မဟုတ်) ရှင်းလင်းလွယ်ကူစေမည့် မေးခွန်းများ မေးမြန်းခြင်းဖြင့် ၎င်းတို့၏ အဖြေများကို ကျိုးကြောင်းသင့်ရှင်းပြစေရန် တိုက်တွန်းအားပေးပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

**ဆရာလမ်းညွှန် ဇယား ၇.၁။ ဖြည့်စွက်ပြီး – ကောင်းကျိုး၊ ဆိုးကျိုးနှင့် စိတ်ဝင်စားဖွယ်ကောင်းသောအချက်များ (စက်မှုတော်လှန်ရေး)**

| ကောင်းကျိုး | ဆိုးကျိုး |
|---|---|
| • ကုန်ထုတ်လုပ်မှုစွမ်းအား မြင့်မားလာခြင်း<br>• ခေတ်မီနည်းပညာများ အစပျိုးလာခြင်း<br>• သယ်ယူပို့ဆောင်ရေး ပိုမိုမြန်ဆန်လာခြင်း<br>• အစားအသောက် ထုတ်လုပ်မှုများ ပိုမိုကောင်းမွန်လာခြင်း/ပိုမိုများပြားလာခြင်း<br>• ငွေကြေးကြွယ်ဝမှု မြင့်မားလာခြင်း (အချို့လူပုဂ္ဂိုလ်များအတွက်)<br>• လူဦးရေများပြားလာခြင်းနှင့် အသက်ရှင်သန်မှု သက်တမ်း ပိုမိုရှည်လာခြင်း | • ချမ်းသာသူနှင့် ဆင်းရဲသူတို့ကြား ကွာဟချက်မြင့်မားလာခြင်း<br>• လုပ်ငန်းခွင်အခြေအနေ လုံခြုံစိတ်ချရမှု မရှိခြင်း<br>• ကလေးလုပ်သားများပြားခြင်း<br>• တစ်ကိုယ်ရေကျန်းမာရေးနှင့်ပတ်ဝန်းကျင် သန့်ရှင်းမှု၊ မိလ္လာနှင့် ရေဆိုးစနစ် အားနည်းညံ့ဖျင်းပြီး အသက်ရှင်နေထိုင်မှု အခြေအနေများ ဆင်းရဲခြင်း<br>• လေထုညစ်ညမ်းမှု မြင့်မားလာခြင်း<br>• ရေထုညစ်ညမ်းမှု မြင့်မားလာခြင်း |
| **စိတ်ဝင်စားဖွယ်ကောင်းသော အချက်များ** | |
| ကျောင်းသားများက ၎င်းတို့ သုတေသနပြု လေ့လာရာမှ တွေ့ရှိခဲ့သော သတိပြု မှတ်သားဖွယ် ကောင်းသည့်အချက်များဖြင့် ဤဇယားတန်းကို ဖြည့်သွင်းရမည်။ | |

(ကျောင်းသားကိုင်စာအုပ်ပါ ဇယား ၇.၃ ကို ကြည့်ပါ။)

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း

| | |
|---|---|
| **အချိန်** | ၁၅ မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

ကျောင်းသားများအား ၎င်းတို့နေရာတွင် ပြန်လည်နေရာယူစေပါ။ သင်ပုန်းကြီးပေါ်တွင် ကောင်းကျိုး၊ ဆိုးကျိုးနှင့် စိတ်ဝင်စားဖွယ်ကောင်းသော အချက်များ ဇယား ဆွဲပါ။

ကျောင်းသားများအား စက်မှုတော်လှန်ရေး၏ ကောင်းကျိုးသက်ရောက်မှုများကို မေးမြန်းပါ။ ၎င်းတို့၏ အဖြေများကို ပထမဇယားတိုင်တွင် ရေးပါ။

ကျောင်းသားများအား စက်မှုတော်လှန်ရေး၏ ဆိုးကျိုးသက်ရောက်မှုများကို မေးမြန်းပါ။ ၎င်းတို့၏ အဖြေများကို ဒုတိယဇယားတိုင်တွင် ရေးပါ။

ကျောင်းသားများအား စက်မှုတော်လှန်ရေးမှ သတိပြုမှတ်သားဖွယ်ကောင်းသည့်တွေ့ရှိချက်များကို မျှဝေစေပါ။ ကျောင်းသားများအား ၎င်းတို့၏ အဖြေများအတွက် ကျိုးကြောင်းသင့် ရှင်းလင်း ပြစေ၍ အဖြေနှစ်ခု (သို့မဟုတ်) သုံးခုကို လက်ခံရယူထားပါ။

သင်ယူမှုရလဒ်များကို သင်ပုန်းကြီးပေါ်တွင် ရေးပါ။ ကျောင်းသားများအား သင်ယူမှုလုပ်ငန်းများ လုပ်ဆောင်ခြင်းဖြင့် သင်ယူမှုရလဒ်များရရှိခဲ့ပုံကို သတ်မှတ်ဖော်ထုတ်စေပါ။ သင်ယူမှုရလဒ် တစ်ခုချင်းစီအတွက် အဖြေတစ်ခု (သို့မဟုတ်) နှစ်ခု လက်ခံရယူထားပါ။

## ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန် မေးခွန်းများအတွက် ကျောင်းသားများထံမှ မျှော်မှန်းထားသောအဖြေများ

မေးခွန်း ၁။ ရှေးဦးလူနေမှုများနှင့် နီးနွယ်နေသည့် လက္ခဏာရပ်များမှာ အဘယ်နည်း။

အဖြေ။ *ရှေးဦးလူနေမှုတွင်မြို့ပြဧရိယာများ၊ သမိုင်းဝင်အထိမ်းအမှတ်အဆောက်အအုံများနှင့် အနုပညာလက်ရာများ၏ ကွဲပြားသော ဟန်ပန် ပုံသဏ္ဍာန်များ၊ စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးစနစ်၊ မျှဝေသုံးစွဲသော ဆက်သွယ်ပြောဆိုရေး နည်းလမ်းများ၊ ဘာသာပေါင်းစုံ ကိုးကွယ်ယုံကြည်မှု၊ အလုပ်ခွဲဝေ လုပ်ကိုင်မှုနှင့် လူတန်းစား ဖွဲ့စည်းတည်ဆောက်ပုံတို့ ရှိသည်။*

မေးခွန်း ၂။ မြေရှင်ပဒေသရာဇ်စနစ်တွင် မည်သို့သော အဓိက ယုံကြည်ချက်အယူဝါဒများ ရှိခဲ့သနည်း။

အဖြေ။ *မြေရှင်ပဒေသရာဇ်စနစ်သည် အလယ်ခေတ်ဟု သိရှိထားသည့် သမိုင်းကာလအတွင်း အနောက်ဥရောပတွင် ထွန်းကားခဲ့သော အုပ်ချုပ်မှု စနစ်တစ်ခုဖြစ်သည်။ မြေရှင်ပဒေသရာဇ် စနစ်သည် နိုင်ငံအတွင်းရှိ နယ်မြေအားလုံးကို ဘုရင်က ပိုင်ဆိုင်သည်ဟူသော အတွေးအခေါ် အယူအဆအပေါ်တွင် အခြေခံထားသည်။ တာဝန်ထမ်းရွက်မှုအတွက် (သို့မဟုတ်) လုပ်သားအင်အား စိုက်ထုတ်မှုအတွက် မြေအပိုင်စားရသည့် ပုဂ္ဂိုလ်များနှင့် အမျိုးတော်စပ်မှုအပေါ် အခြေပြု၍ လူတန်းစားအလွှာခွဲခြားသော လူ့အဖွဲ့အစည်းတစ်ရပ် ဖြစ်သည်။*

မေးခွန်း ၃။ စက်မှုတော်လှန်ရေးဆိုသည်မှာ အဘယ်နည်း။

အဖြေ။ *စက်မှုတော်လှန်ရေးဆိုသည်မှာ နည်းပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများ လျင်မြန်စွာ ပေါ်ထွန်းလာသည့် ခေတ်ကာလတစ်ခုကို ဆိုလိုခြင်းဖြစ်ပြီး သက္ကရာဇ် ၁၇၅၀ မှ ၁၈၅၀ ထိ ကြာမြင့်ခဲ့ကာ အခြေခံအားဖြင့် လူသားတို့၏ နေထိုင်မှုပုံစံများကို ပြောင်းလဲစေခဲ့သည်။ ဤအချိန်ကာလ အတောအတွင်းတွင် စက်နှင့် စက်ပစ္စည်း အသစ်အဆန်းများ၊ သယ်ယူပို့ဆောင်ရေး ကိရိယာများနှင့် နည်းလမ်းအသစ်များ တီထွင်ဖန်တီးခဲ့ကြသည်။ ဤဖွံ့ဖြိုးတိုးတက်မှုများက ကုန်ပစ္စည်း အမြောက်အမြား ထုတ်လုပ်ခြင်း၊ လူနှင့်ကုန်ပစ္စည်းများ ရွှေ့လျားသယ်ဆောင်သွားလာမှု ပိုမိုကြီးမား ကျယ်ပြန့်လာခြင်းနှင့် စိုက်ပျိုးရေး လွှမ်းမိုးသော အလယ်ခေတ် စီးပွားရေးမှ စက်ပစ္စည်း တပ်ဆင်အသုံးပြုသော ကုန်ထုတ်လုပ်မှု စီးပွားရေးသို့ ပြောင်းလဲစေသည့် အခြေအနေ တစ်ရပ်ကို ဖြစ်ပေါ်စေခဲ့သည်။*

# အခန်းဆုံးအနှစ်ချုပ်

## အဓိကအချက်များ

- လူနေမှုကို စီမံခန့်ခွဲမှုနှင့် အုပ်ချုပ်မှု ဖွဲ့စည်းပုံ၊ ဆက်သွယ်ရေး နည်းစနစ်များနှင့် အလုပ်အကိုင်မျိုးစုံ ခွဲဝေလုပ်ကိုင်မှု အစရှိသည်တို့ဖြင့် မျှဝေ ချိတ်ဆက်ထားသော မြို့များ၊ မြို့ကြီးများနှင့် အလွှာပေါင်းစုံ စုဝေးတည်ရှိရာ ရှုပ်ထွေးသည့် လူ့အဖွဲ့အစည်းတစ်ခုဟု အဓိပ္ပာယ်ဖွင့်ဆိုနိုင်သည်။ လူသားများအတွက် အတည်တကျ အခြေချနေထိုင်မှုကို အစပျိုးနိုင်စေခဲ့သော အရေးအကြီးဆုံးနှင့် တစ်ခုတည်းသောအရာမှာ စိုက်ပျိုးမွေးမြူရေး ဖွံ့ဖြိုးတိုးတက်လာမှုပင်ဖြစ်သည်။
- ရှေးဦးလူနေမှုတွင် ပင်ကိုလက္ခဏာရပ် (၇) မျိုးရှိသည်။ မြို့ပြဧရိယာများ၊ သမိုင်းဝင် အထိမ်းအမှတ် အဆောက်အအုံများနှင့် အနုပညာလက်ရာများ၏ ကွဲပြားသော ဟန်ပန် ပုံသဏ္ဌာန်များ၊ စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး စနစ်၊ မျှဝေသုံးစွဲသော ဆက်သွယ် ပြောဆိုရေး နည်းလမ်းများ၊ ဘာသာပေါင်းစုံ ကိုးကွယ်ယုံကြည်မှု၊ အလုပ်ခွဲဝေ လုပ်ကိုင်မှုနှင့် လူတန်းစား ဖွဲ့စည်းတည်ဆောက်ပုံတို့ ဖြစ်ကြသည်။
- မြေရှင်ပဒေသရာဇ်စနစ်သည် အလယ်ခေတ်ဟု သိရှိထားသည့် သမိုင်းကာလအတွင်း အနောက်ဥရောပတွင် ထွန်းကားခဲ့သော အုပ်ချုပ်မှုစနစ်တစ်ခုဖြစ်သည်။ ထိုကာလသည် သက္ကရာဇ် ၅၀၀ ပြည့်နှစ်များမှ ၁၅၀၀ ပြည့်နှစ်များအထိ နှစ်ပေါင်းတစ်ထောင်ကျော် တည်တံ့ကြာမြင့်ခဲ့သည်။ မြေရှင်ပဒေသရာဇ်စနစ်သည် နိုင်ငံအတွင်းရှိ နယ်မြေ အားလုံးကို ဘုရင်က ပိုင်ဆိုင်သည် ဟူသော အတွေးအခေါ် အယူအဆအပေါ်တွင် အခြေခံထားသည်။
- တောင်သူလယ်သမားများနှင့် မြေကျွန်များအတွက် အလယ်ခေတ် ဥရောပ အသက် ရှင်သန်မှု ဘဝမှာ အလွန်ခက်ခဲသည်။ ကျန်းမာရေးနှင့် မညီညွတ်သော နေထိုင်မှု အလေ့အထများ ရှိနေခြင်း၊ ကျန်းမာရေး စောင့်ရှောက်မှု မရှိခြင်း၊ အမှိုက်သရိုက် အညစ်အကြေးများ သိမ်းဆည်းသန့်ရှင်းမှု မရှိခြင်းနှင့် ရောဂါများ ဖြစ်စေသည့် အကြောင်းရင်းများနှင့် ကူးစက်ပျံ့နှံ့ပုံများနှင့် ပတ်သက်သည့် အသိအမြင် အားနည်းမှုတို့ကြောင့် အသက်ရှင်သန်မှု သက်တမ်းမှာ နှစ် (၃၀) ဝန်းကျင်သာ ရှိပြီး အလွန်တိုတောင်းသည်။

- ၁၆ ရာစုတွင် ပင်လယ်ခရီး သွားလာခြင်းနှင့် ရေကြောင်းသွားလာမှု နည်းပညာများ တိုးတက်လာခြင်း၊ သိပ္ပံနှင့် မိုးလေဝသဆိုင်ရာ အသိပညာများ ပိုမိုတိုးတက်လာခြင်းကြောင့် ဥရောပဘုရင့်နိုင်ငံများသည် ၎င်းတို့၏ နယ်မြေ နယ်နိမိတ်များကို ကျော်၍ ပြင်ပကမ္ဘာကြီးအား စတင်၍ စူးစမ်းလေ့လာခဲ့သည်။ ဤအချက်သည် ကမ္ဘာ့နေရာအစိတ်အပိုင်းများကို ကိုလိုနီပြုခြင်းသို့ ဆိုက်ရောက်စေခဲ့ပြီး စပိန်၊ ပေါ်တူဂီ၊ နယ်သာလန်၊ ပြင်သစ်နှင့် အင်္ဂလန် စသည့် ဥရောပ အင်အားကြီးနိုင်ငံများသည် အာဖရိကတိုက်နှင့် အာရှတိုက်တို့ရှိ နယ်မြေများနှင့် လူတို့အပေါ် အချုပ်အခြာအာဏာ လွှမ်းမိုးကြောင်း ကြေညာခဲ့သည်။
- မြေရှင်ပဒေသရာဇ်စနစ် ပျက်သုဉ်းပြီး အရင်းရှင်စနစ် ပေါ်ပေါက်လာကာ ဥရောပတွင် ကူးသန်းရောင်းဝယ်ရေးနှင့် ချမ်းသာကြွယ်ဝလိုမှုအတွက် နယ်မြေအပြိုင်ချဲ့ထွင်ရာမှတစ်ဆင့် ဥရောပတိုက် တစ်လွှားရှိ လူ့အဖွဲ့အစည်း တည်ဆောက်ပုံများတွင် သိသာထင်ရှားသည့် ပြောင်းလဲမှု ပေါ်ပေါက်လာခဲ့သည်။ ပဒေသရာဇ်စနစ်၏ နေရာတွင် အစားထိုး ဝင်ရောက်လာသည့် ကုန်သွယ်မှု အခြေပြုစီးပွားရေးကြောင့် ချမ်းသာကြွယ်ဝသော အလယ်အလတ်တန်းစား လူတန်းစားအသစ်တစ်ရပ် ပေါ်ပေါက်လာခဲ့သည်။ ဤလူတန်းစားအလွှာကို ဘူဇွာများဟု သိကြသည့် ကုန်သည်ကြီးများ၊ ကုန်ထုတ်လုပ်သူများ၊ မြေပိုင်ရှင်ကြီးများနှင့် အတတ်ပညာရှင်များဖြင့် ဖွဲ့စည်းထားသည်။
- ဘူဇွာတော်လှန်ရေး လှုပ်ရှားမှုများသည် ဥရောပ နှင့် ထိုအချိန်က ဗြိတိသျှကိုလိုနီဖြစ်နေသည့် အမေရိကတိုက်များသို့ ပျံ့နှံ့သွားပြီး ဗြိတိသျှကိုလိုနီနယ်များ တွင်လည်း မြေရှင်ပဒေသရာဇ်စနစ် ယိုယွင်း ပျက်စီးသွားသည့် သက္ကရာဇ် ၁၆၄၀ ပြည့်နှစ်မှ ၁၆၆၀ ပြည့်နှစ်များအတွင်း အင်္ဂလိပ်တော်လှန်ရေး၊ အင်္ဂလိပ် ကိုလိုနီအုပ်ချုပ်မှုအောက်မှ ခွဲထွက်လိုသော အမေရိကန်ကိုလိုနီများတွင် သက္ကရာဇ် ၁၇၆၅ ခုနှစ်မှ ၁၇၈၃ ခုနှစ်အတွင်း အမေရိကန်တော်လှန်ရေးနှင့် ပြင်သစ်ဘုရင်အား ကွပ်မျက်စီရင်ခြင်းနှင့် ပြင်သစ်သမ္မတနိုင်ငံ ထူထောင်ခြင်းတို့ ဖြစ်ပေါ်စေခဲ့သည့် သက္ကရာဇ် ၁၇၈၉ ခုနှစ်မှ ၁၇၉၉ ခုနှစ်အတွင်း ပြင်သစ်တော်လှန်ရေးတို့ကို ပေါ်ပေါက်စေခဲ့သည်။
- စက်မှုတော်လှန်ရေးဆိုသည်မှာ နည်းပညာဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုများ လျင်မြန်စွာ ပေါ်ထွန်းလာသည့် ခေတ်ကာလတစ်ခုကို ဆိုလိုခြင်းဖြစ်ပြီး သက္ကရာဇ် ၁၇၅၀ မှ ၁၈၅၀ ထိ ကြာမြင့်ခဲ့ကာ အခြေခံအားဖြင့် လူသားတို့၏ နေထိုင်မှုပုံစံများကို ပြောင်းလဲစေခဲ့သည်။ ဤအချိန်ကာလ အတောအတွင်းတွင် စက်နှင့် စက်ပစ္စည်း

အသစ်အဆန်းများ၊ သယ်ယူပို့ဆောင်ရေး ကိရိယာများနှင့် နည်းလမ်းအသစ်များ တီထွင်ဖန်တီးခဲ့ကြသည်။ ဤဖွံ့ဖြိုးတိုးတက်မှုများက ကုန်ပစ္စည်း အမြောက်အမြား ထုတ်လုပ်ခြင်း၊ လူနှင့်ကုန်ပစ္စည်းများ ရွှေ့လျားသယ်ဆောင်သွားလာမှု ပိုမိုကြီးမား ကျယ်ပြန့်လာခြင်းနှင့် စိုက်ပျိုးရေး လွှမ်းမိုးသော အလယ်ခေတ် စီးပွားရေးမှ စက်ပစ္စည်း တပ်ဆင်အသုံးပြုသော ကုန်ထုတ်လုပ်မှု စီးပွားရေးသို့ ပြောင်းလဲစေသည့် အခြေအနေတစ်ရပ်ကို ဖြစ်ပေါ်စေခဲ့သည်။

## အခန်းဆုံးပြန်လည်သုံးသပ်စဉ်းစားခြင်း

အောက်ပါဖော်ပြချက်ကို ရည်ညွှန်းဖြေရှင်းမည့် ပြန်လည်သုံးသပ်ချက် တစ်စောင်ကို စာလုံးရေ (၃၀၀) ခန့်ဖြင့် ရေးသားပါ။

*'စက်မှုတော်လှန်ရေးက မျက်မှောက်ခေတ် ကမ္ဘာကြီးအပေါ် မည်သို့သော လွှမ်းမိုးမှုများ ရှိခဲ့သနည်း။'*

## ဆက်လက်ဖတ်မှတ်စရာများ

၇.၁။

National Archives. (n.d.). *French Revolution. How did the British react to July 1789?* https://cdn.nationalarchives.gov.uk/documents/education/french-revolution.pdf

Stearns, P., Treasure, G., Peters, E., Champion, T., Salmon, J. et al. (n.d.). *History of Europe.* Encyclopedia Britannica. https://www.britannica.com/topic/history-of-Europe

Violatti, C. (2014). *Civilization*. World History Encyclopedia. https://www.worldhistory.org/civilization/

White, M. (2009). *Georgian Britain: The Industrial Revolution.* https://leocontent.umgc.edu/content/umuc/tus/hist/hist2228/125/learning-resourcelist/industrial-revolution.html

# အခန်း ၈

# စစ်ဆေးအကဲဖြတ်ခြင်း

ဤအခန်းတွင် ကျောင်းသားများသည် စစ်ဆေးအကဲဖြတ်ခြင်း အခန်းကဏ္ဍနှင့် စစ်ဆေးအကဲဖြတ်ခြင်း အမျိုးအစားများကို စမ်းသပ်လေ့လာခြင်းဖြင့် လူမှုရေးဘာသာရပ်ရှိ စစ်ဆေးအကဲဖြတ်မှုကို စူးစမ်းလေ့လာဖော်ထုတ်ပြီး ၎င်းတို့၏ လူမှုရေးဘာသာ အတန်းများတွင် ထိရောက်စွာ အသုံးချနိုင်သော သင်ယူစဉ်၊ သင်ယူပြီးနှင့် လူတိုင်းအကျုံးဝင်သော စစ်ဆေးအကဲဖြတ်ခြင်း နည်းလမ်းများကို ကြည့်ရှုလေ့လာသွားရမည် ဖြစ်သည်။

## မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

**ဤအခန်းကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် –**

- သင်ယူမှုရလဒ်များ၊ သင်ယူမှုလုပ်ငန်းများနှင့် စစ်ဆေးအကဲဖြတ်မှုတို့ အကြားရှိ ဆက်နွယ်မှုများကို ပြန်လည်သုံးသပ်တတ်မည်။
- မူလတန်းဆင့် လူမှုရေးဘာသာရပ်တွင် စစ်ဆေးအကဲဖြတ်ခြင်း ကျွမ်းကျင်မှုများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် မဟာဗျူဟာများကို သတ်မှတ်ဖော်ထုတ်တတ်မည်။
- လူမှုရေးဘာသာအတန်းတွင် ဆရာနှင့်ကျောင်းသား နှစ်ဦးစလုံးအတွက် သင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်း၏ အကျိုးကျေးဇူးများကို အကြမ်းဖျင်း ဖော်ပြတတ်မည်။
- မူလတန်းဆင့် လူမှုရေးဘာသာ သင်ခန်းစာတစ်ခုအတွက် သင်ယူစဉ် စစ်ဆေး အကဲဖြတ်ခြင်း လုပ်ငန်းတစ်ခုကို ဖန်တီးတတ်မည်။
- မူလတန်းဆင့် လူမှုရေးဘာသာ သင်ခန်းစာတစ်ခုအတွက် သင်ယူပြီး စစ်ဆေး အကဲဖြတ်ခြင်း လုပ်ငန်းတစ်ခုကို ဖန်တီးတတ်မည်။

- သင်ယူပြီး စစ်ဆေးအကဲဖြတ်ခြင်း လုပ်ငန်းတစ်ခုအတွက် အပြုသဘောဆောင်သော တုံ့ပြန်အကြံပြုချက်များ အချင်းချင်း ပေးတတ်မည်။
- မူလတန်းဆင့် လူမှုရေးဘာသာ သင်ကြားခြင်းတွင် လူတိုင်းအကျုံးဝင်သော စစ်ဆေးအကဲဖြတ်ခြင်းကို ဖော်ပြတတ်မည်။
- မူလတန်းဆင့် လူမှုရေးဘာသာ သင်ခန်းစာ တစ်ခုအတွက် လူတိုင်းအကျုံးဝင်သော စစ်ဆေးအကဲဖြတ်မှု လုပ်ငန်းတစ်ခုကို ဖန်တီးတတ်မည်။

## ရရှိသွားမည့် တတ်ကျွမ်းမှုများ

(က) (၄.၁) အခြေခံပညာသင်ရိုးညွှန်းတမ်းတွင် ဖော်ပြထားသည့် သင်ရိုးဖွဲ့စည်းပုံ၊ အကြောင်းအရာနှင့် မျှော်မှန်းထားသော သင်ယူမှုရလဒ်များကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(ခ) (၂.၁) ကျောင်းသား၏ သင်ယူမှုကို လေ့လာကြီးကြပ် တည့်မတ်ပေးရန်နှင့် စစ်ဆေးအကဲဖြတ်နိုင်ရန် စွမ်းရည်များကို ပြသသည်။

(ဂ) (၃.၂) ကျောင်းသားများ၏ မတူကွဲပြားသော ခြားနားချက်များကို လေးစားပြီး ကျောင်းသားအားလုံး မိမိတို့၏ စွမ်းရည်အလိုက် သင်ယူနိုင်သည် ဟူသော ယုံကြည်မှုသဘောထားကို ဖော်ပြသည်။

# ၈.၁။ လူမှုရေးဘာသာရပ်ရှိ စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာ ချဉ်းကပ်နည်းများ

ဤအခန်းငယ်တွင် ကျောင်းသားများသည် စစ်ဆေးအကဲဖြတ်ခြင်း အခန်းကဏ္ဍနှင့် စစ်ဆေးအကဲဖြတ်ခြင်း အမျိုးအစားများကို စမ်းသပ်လေ့လာခြင်းဖြင့် လူမှုရေးဘာသာရပ်ရှိ စစ်ဆေးအကဲဖြတ်မှုကို စူးစမ်းလေ့လာဖော်ထုတ်ပြီး ၎င်းတို့၏ လူမှုရေးဘာသာအတန်းများတွင် ထိရောက်စွာ အသုံးချနိုင်သော သင်ယူစဉ်၊ သင်ယူပြီးနှင့် လူတိုင်းအကျုံးဝင်သော စစ်ဆေးအကဲဖြတ်ခြင်း နည်းလမ်းများကို စစ်ဆေးလေ့လာသွားရမည် ဖြစ်သည်။

## ၈.၁.၁။ စစ်ဆေးအကဲဖြတ်ခြင်း၏ အခန်းကဏ္ဍ

**မျှော်မှန်းထားသော သင်ယူမှုရလဒ်များ**

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် –**

- သင်ယူမှုရလဒ်များ၊ သင်ယူမှုလုပ်ငန်းများနှင့် စစ်ဆေးအကဲဖြတ်မှုတို့ အကြားရှိ ဆက်နွယ်မှုကို ပြန်လည်သုံးသပ်တတ်မည်။
- မူလတန်းဆင့် လူမှုရေးဘာသာရပ်တွင် စစ်ဆေးအကဲဖြတ်ခြင်း ကျွမ်းကျင်မှုများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် မဟာဗျူဟာများကို သတ်မှတ်ဖော်ထုတ်တတ်မည်။

## ရရှိသွားမည့် တတ်ကျွမ်းမှုများ

(က) (၄.၁.၃) မူလတန်းသင်ရိုးညွှန်းတမ်း၏ စစ်ဆေး အကဲဖြတ်ခြင်းဆိုင်ရာမှုများကို ဖော်ပြသည်။

(ခ) (၂.၁.၁) ကျောင်းသားများ၏ သင်ယူမှုရလဒ်များကို ပေါက်မြောက်အောင်မြင်ရန် အထောက်အကူ ပေးရန်အတွက် သင်ခန်းစာ၏ အစိတ်အပိုင်းတစ်ခု အနေဖြင့် စစ်ဆေး အကဲဖြတ်နည်းများကို သုံးသည်။

(ခ) (၂.၁.၃) ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးနိုင်သည့်၊ သုံးသပ်အကြံပြုချက်များ ပေးနိုင်သည့် မေးခွန်းမေးနည်းနှင့် ဆွေးနွေးနည်းများကို အသုံးပြုသည်။

(ဂ) (၃.၂.၁) သင်ခန်းစာအကြောင်းအရာများ၊ သင်ယူမှု လုပ်ငန်းများတွင် ကျောင်းသားများ အားလုံးပါဝင်ခွင့်ရရှိရန်၊ ဆရာနှင့် အပြန်အလှန် ပြောဆိုဆက်သွယ်ခွင့်ရရှိရန် စာသင်ခန်းကို ဖွဲ့စည်းသည်။

**အချိန်** – မိနစ် (၅၀) ကြာ စာသင်ချိန် တစ်ချိန်။

## သင်ယူမှုနည်းလမ်းများ

သင်ယူမှုလုပ်ငန်း (၁)။ ကိုယ်ပိုင်ပြန်လည်သုံးသပ်ခြင်း – စစ်ဆေးအကဲဖြတ်ခြင်း

သင်ယူမှုလုပ်ငန်း (၂)။ ဥာဏ်ဖွင့်ဆွေးနွေးခြင်း – လူမှုရေးဘာသာရပ်တွင် စစ်ဆေးအကဲဖြတ်နိုင်သော ကျွမ်းကျင်မှုများ

**စစ်ဆေးအကဲဖြတ်မှု နည်းလမ်းများ** – မေးခွန်းမေးမြန်းခြင်း၊ ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း၊ ကြည့်ရှုလေ့လာခြင်း၊ အချင်းချင်း စစ်ဆေးအကဲဖြတ်ခြင်း။

## လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ

ကျောင်းသားကိုင်စာအုပ်ပါ သင်ခန်းစာ (၈.၁.၁) ကို ဖတ်ရှုပါ။

## လိုအပ်သော ရင်းမြစ်

သင်ယူမှုလုပ်ငန်း (၁)။ ကျောင်းသားကိုင်စာအုပ်

သင်ယူမှုလုပ်ငန်း (၂)။ ကျောင်းသားကိုင်စာအုပ်

**စစ်ဆေးအကဲဖြတ်ခြင်း၏ အခန်းကဏ္ဍ**

ဤစာသင်ချိန်ကို အောက်ပါအတိုင်း ဖွဲ့စည်းထားသည် –

| | |
|---|---|
| မိတ်ဆက် | ၁၀ မိနစ် |
| သင်ယူမှုလုပ်ငန်း (၁) | ၁၅ မိနစ် |
| သင်ယူမှုလုပ်ငန်း (၂) | ၂၀ မိနစ် |
| ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း | ၅ မိနစ် |

## မိတ်ဆက်

| | |
|---|---|
| **အချိန်** | ၁၀ မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ ကျောင်းသားများအား အတန်းမှ ကြိုဆိုပါ။ ကျောင်းသားများအား စစ်ဆေးအကဲဖြတ်ခြင်းနှင့် ပတ်သက်၍ ၎င်းတို့ သိသည့်အချက်များကို မေးပါ။ ၎င်းတို့၏ အဖြေမှတ်တမ်းကို သင်ပုန်းကြီး (သို့မဟုတ်) ကားချပ်ကြီးတစ်ခုပေါ်တွင် အကြောင်းအရာ ဆက်သွယ်ပြပုံတစ်ခုအနေဖြင့် ဖန်တီးပါ။

ဆရာများအနေဖြင့် အမျိုးမျိုးသော ရည်ရွယ်ချက်များ (ဆိုလိုသည်မှာ အခက်အခဲအားနည်းချက် ရှာဖွေဖော်ထုတ်လိုခြင်း၊ သင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်း၊ သင်ယူပြီး စစ်ဆေးအကဲဖြတ်ခြင်း) နှင့် ဆက်စပ်၍ ဖြစ်စေ(သို့မဟုတ်) စစ်ဆေးအကဲဖြတ်မှု နည်းလမ်းတစ်ခုချင်းစီ (ဆရာက စောင့်ကြည့်လေ့လာခြင်းနှင့် မေးခွန်းမေးမြန်းခြင်း၊ လုပ်ဆောင်မှု စစ်ဆေးအကဲဖြတ်ခြင်းများ၊ စစ်မှန်သော လုပ်ငန်းများ၊ စာမေးပွဲများ စသည်ဖြင့်)နှင့် ဆက်စပ်၍ ဖြစ်စေ အဖြေများကို မျှော်မှန်းနိုင်သည်။

၂။ ကျောင်းသားများအား ၎င်းတို့အနီးအနားမှ ကျောင်းသားများနှင့်အတူ ကျောင်းသားကိုင်စာအုပ်ပါ သင်ခန်းစာ (၈.၁.၁) ကို ဖတ်ရှုစေပါ။ ၎င်းတို့ ဖတ်ရှုစဉ် သင်ပုန်းကြီးပေါ်တွင် ဤသင်ခန်းစာအတွက် သင်ယူမှု ရလဒ်များကို ရေးပါ။

၃။ ကျောင်းသားများအား ၎င်းတို့အနေဖြင့် သင်ယူမှုရလဒ်များ မည်သို့ ရရှိနိုင်သည်ကို ရှင်းပြပါ။

## သင်ယူမှုလုပ်ငန်း (၁)။ ကိုယ်ပိုင်ပြန်လည်သုံးသပ်ခြင်း – စစ်ဆေးအကဲဖြတ်ခြင်း

| | |
|---|---|
| အချိန် | ၁၅ မိနစ် |
| စာသင်ခန်းဖွဲ့စည်းပုံ | တစ်ဦးချင်း |

## ရည်ရွယ်ချက်

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ကျောင်းသားများအနေဖြင့် စစ်ဆေးအကဲဖြတ်ခြင်း၏ ရည်ရွယ်ချက်ကို ပြန်လည်သုံးသပ်ရန် ဖြစ်သည်။

၁။ ကျောင်းသားများအား ၎င်းတို့ နားလည်ထားသော စစ်ဆေးအကဲဖြတ်ခြင်းနှင့် ၎င်းတို့ ယူဆထားသော စစ်ဆေးအကဲဖြတ်ခြင်း၏ ရည်ရွယ်ချက်ကို ပြန်လည်သုံးသပ်စေပါ။

၂။ ကျောင်းသားများအား ၎င်းတို့၏ ကျောင်းသားကိုင်စာအုပ်မှ လေးထောင့်ကွက် (၈.၁) တွင် ၎င်းတို့၏ ထင်မြင်ချက် အတွေးစိတ်ကူးများကို ရေးသားစေပါ။

၃။ ကျောင်းသားများအား ဤယူဆချက်များမှာ တစ်ကိုယ်ရေ ထင်မြင်ယူဆချက်များသာဖြစ်ပြီး အဖြေမှန်သည် / မှားသည်ဟူ၍ မရှိကြောင်း ထပ်လောင်းပြောပေးပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများ ရေးသားနေစဉ် ဆရာက အခန်းထဲလှည့်လည်နေပြီး ကျောင်းသားတစ်ဦးချင်းစီ စစ်ဆေးပေးပါ။ ကျောင်းသားနှစ်ဦး (သို့မဟုတ်) သုံးဦးအား ၎င်းတို့၏ ထင်မြင်ချက်များကို ကျန်သည့် အတန်းသားအား မျှဝေစေပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ပြန်လည်သုံးသပ်ချက်တစ်ခု ဖြစ်သောကြောင့် အဖြေမှန်သည် (သို့မဟုတ်) မှားသည်ဟူ၍ မရှိပါ။

## သင်ယူမှုလုပ်ငန်း (၂)။ ဉာဏ်ဖွင့်ဆွေးနွေးခြင်း – လူမှုရေးဘာသာရပ်တွင် စစ်ဆေးအကဲဖြတ်နိုင်သော ကျွမ်းကျင်မှုများ

| | |
|---|---|
| အချိန် | ၂၀ မိနစ် |
| စာသင်ခန်းဖွဲ့စည်းပုံ | အုပ်စုငယ်များ |

### ရည်ရွယ်ချက်

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ကျောင်းသားများအနေဖြင့် လူမှုရေးဘာသာရပ်တွင် စစ်ဆေးအကဲဖြတ်နိုင်သော ထူးခြားသည့် ကျွမ်းကျင်မှုများကို သတ်မှတ်ဖော်ထုတ်ပြီး အဆိုပါ ကျွမ်းကျင်မှုများအား စစ်ဆေးအကဲဖြတ်မည့် စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာ နည်းဗျူဟာများကို ရွေးချယ်ရန် ဖြစ်သည်။

၁။ ကျောင်းသားများအား နှစ်ယောက်တစ်တွဲ (သို့မဟုတ်) အုပ်စုငယ်များအဖြစ် ဖွဲ့ပါ။

၂။ ကျောင်းသားများအား ၎င်းတို့အနေဖြင့် ဤသင်ရိုးတစ်လျှောက် လူမှုရေးဘာသာ သင်ကြားရန် လိုအပ်သော အသိပညာ၊ ကျွမ်းကျင်မှု အမျိုးမျိုးတို့ကို လေ့လာသင်ယူခဲ့ပြီး ဖြစ်ကြောင်း ရှင်းပြပါ။

ကျောင်းသားများအနေဖြင့် သမိုင်းဝင် အချက်အလက်များ လေ့လာသင်ယူခဲ့ကြသလို ပထဝီဝင်ဆိုင်ရာ သဘာဝဖြစ်စဉ်များကိုလည်းဖော်ပြခဲ့ပြီးဖြစ်သည်။ ထို့ပြင် ၎င်းတို့သည် –

- ရင်းမြစ်များကို အဓိပ္ပာယ်သတ်မှတ် ကောက်ချက်ချခဲ့၍ ဆန်းစစ်လေ့လာခဲ့သည်။
- အတွေးအမြင်ရှုထောင့်နှင့် ဘက်လိုက်မှုတို့နှင့် ပတ်သက်၍ လေးနက်စွာ စဉ်းစား တွေးခေါ်ခဲ့သည်။
- အကြောင်းရင်းနှင့် အကျိုးဆက်များ အကဲဖြတ်သုံးသပ်ခဲ့သည်။
- သမိုင်းဝင်အဖြစ်အပျက်များနှင့် ပထဝီဝင်ဆိုင်ရာ အဖြစ်အပျက်များကို သုတေသနပြု လေ့လာခဲ့သည်။
- စုပေါင်းလှုပ်ရှားမှုအစီအစဉ်များကို ဖန်တီးခဲ့သည်။
- အကျိုးသက်ရောက်မှုများကို ဆန်းစစ်လေ့လာခဲ့သည်။
- အနာဂတ်အတွက် ကြိုတင်ခန့်မှန်းချက်များ ပြုလုပ်ခဲ့သည်။

  ကျောင်းသားများအား အဆိုပါကျွမ်းကျင်မှုများကို စိတ်ထဲတွင် အမြဲအမှတ်တရရှိရန် ပြောပြီး လူမှုရေးဘာသာရပ်အတွက် အထူးတလည် လိုအပ်သော ကျွမ်းကျင်မှုများနှင့် အဆိုပါ ကျွမ်းကျင်မှုများအား စစ်ဆေးအကဲဖြတ်မည့်ပုံကို စဉ်းစားတွေးတောစေပါ။

၃။ ကျောင်းသားများအား အဆိုပါကျွမ်းကျင်မှုများနှင့် စပ်လျဉ်း၍ ဉာဏ်ဖွင့်ဆွေးနွေးစေပြီး ဇယား (၈.၁) ၏ ပထမ ဇယားတိုင်တွင် ကျွမ်းကျင်မှု စာရင်းတစ်ခု ရေးသွင်း ပြုစုစေပါ။

၄။ ဤကျွမ်းကျင်မှုများကို ဆရာတစ်ဦး၏ အတွေးအမြင် ရှုထောင့်မှနေ၍ ကျောင်းသားများအား စဉ်းစားစေပါ။ ၎င်းတို့ ဆရာဖြစ်ခဲ့လျှင် ဤကျွမ်းကျင်မှုများအား မည်သို့ စစ်ဆေးအကဲဖြတ်မည်နည်းဟု မေးပါ။ ကျောင်းသားများအား ၎င်းတို့၏ စိတ်ကူးအကြံဉာဏ်များကို ဇယား (၈.၁) ၏ ဒုတိယဇယားတိုင်တွင် ရေးသွင်းစေပါ။

၅။ ကျောင်းသားများအား ၎င်းတို့၏ အဖြေများကို အတန်းသားများနှင့် မျှဝေစေပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများက ရေးသားနေစဉ် ဆရာက အတန်းတွင်း လှည့်လည်ကြည့်ရှုနေပြီး ကျောင်းသားများ၏ အဖြေများကို စစ်ဆေးပါ။

သင်ပုန်းပေါ်တွင် ဆရာလမ်းညွှန် ဇယား (၈.၁) ကို ရေးဆွဲပြီး ကျောင်းသားများ၏ အဖြေများကို မှတ်တမ်းတင်ပါ။ သင်ပုန်းပေါ်တွင် အသေးစိတ် ဇယားတစ်ခု ရေးဆွဲပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

**ဆရာလမ်းညွှန် ဇယား ၈.၁။ ဖြည့်စွက်ပြီး – လူမှုရေးဘာသာရပ်တွင် စစ်ဆေးအကဲဖြတ်နိုင်သော ကျွမ်းကျင်မှုများ**

| ကျွမ်းကျင်မှုများ | စစ်ဆေးအကဲဖြတ်မှုနည်းဗျူဟာများ |
|---|---|
| စူးစမ်းမေးမြန်းခြင်း | အဖြေထက် မေးခွန်း၏ အရည်အသွေးကို အလေးပေးသော လုပ်ငန်းများ |
| ရင်းမြစ်များ စိစစ်လေ့လာခြင်း | ကျောင်းသားများ၏ လူမှုဘဝဝန်းကျင်မှ ဓာတ်ပုံများ ဆန်းစစ် လေ့လာခြင်း၊ ရှေးဦးလူ့အသုံးအဆောင်ပစ္စည်းများ ဆန်းစစ် လေ့လာခြင်း၊ ရင်းမြစ်များအား သတ်မှတ်ဖော်ထုတ်ခြင်း |
| လေးနက်စွာ ဝေဖန်စဉ်းစားခြင်း | နှစ်ဖက်စလုံးမှ ငြင်းခုံဆွေးနွေးနိုင်သော စကားရည်လုပွဲများ၊ အတွေးအမြင် ရှုထောင့်နှင့် ဘက်လိုက်မှုတို့ကို သတ်မှတ် ဖော်ထုတ်သည့် ရင်းမြစ်ဆန်းစစ် လေ့လာခြင်း၊ တစ်ဆင့်ခံရင်းမြစ် တစ်ခုအတွက် ဝေဖန်ချက် စာတမ်းရေးခြင်း |
| အဓိပ္ပာယ်သတ်မှတ် ကောက်ချက်ချခြင်း/ ကြောင်းကျိုးဆက်စပ် စဉ်းစားခြင်း | ဓာတ်ပုံ/စာအုပ် ကဲ့သို့သော ရင်းမြစ်များကို ဆန်းစစ်လေ့လာခြင်၊ တစ်ဆင့်ခံ ရင်းမြစ် တစ်ခုအတွက် ဝေဖန်ချက် စာတမ်းရေးခြင်း |
| နောက်ခံအခြေအနေနှင့် ဆက်စပ်ပေးခြင်း | အချိန်ပြမျဉ်းတစ်ခု တည်ဆောက်ခြင်း၊ တီထွင်ဖန်တီး ရေးသားရသည့် လေ့ကျင့်ခန်းများ |
| ဆက်သွယ်ပြောဆိုခြင်း | စကားအချီအချ (ဒိုင်ယာလော့) ပြောခြင်း/ ဆွေးနွေးခြင်း၊ တင်ပြမှုအစီအစဉ်၊ ငြင်းခုံဆွေးနွေးခြင်း(စကားရည်လုပွဲ) |
| ပူးပေါင်းဆောင်ရွက်ခြင်း | အုပ်စုလုပ်ငန်းပေးခြင်း |

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း

| | |
|---|---|
| အချိန် | ၅ မိနစ် |
| စာသင်ခန်းဖွဲ့စည်းပုံ | တစ်တန်းလုံး |

၁။ ကျောင်းသားများအား ၎င်းတို့နေရာတွင် ပြန်လည်နေရာယူစေပါ။ သင်ပုန်းပေါ်ရှိ ဆရာလမ်းညွှန်ဇယား (၈.၁) ကို ခုံတစ်ခုံ မှတ်တမ်းတင် ရယူထားရန် ကျောင်းသားများအား တိုက်တွန်းအားပေးပါ။

၂။ သင်ပုန်းပေါ်တွင် သင်ယူမှုရလဒ်များကို ရေးပါ။ ကျောင်းသားများအား သင်ယူမှု လုပ်ငန်းများ လုပ်ဆောင်ခြင်းဖြင့် သင်ယူမှုရလဒ်များ ရရှိခဲ့ပုံကို သတ်မှတ် ဖော်ထုတ်စေပါ။ သင်ယူမှုရလဒ် တစ်ခုချင်းစီအတွက် အဖြေတစ်ခု (သို့မဟုတ်) နှစ်ခု လက်ခံရယူထားပါ။

# ၈.၁.၂။ သင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်း

### မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် –**

- လူမှုရေးဘာသာအတန်းတွင် ဆရာနှင့်ကျောင်းသား နှစ်ဦးစလုံးအတွက် သင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်း၏ အကျိုးကျေးဇူးများကို အကြမ်းဖျင်း ဖော်ပြတတ်မည်။
- မူလတန်းဆင့် လူမှုရေးဘာသာ သင်ခန်းစာတစ်ခုအတွက် သင်ယူစဉ် စစ်ဆေး အကဲဖြတ်ခြင်း လုပ်ငန်းတစ်ခုကို ဖန်တီးတတ်မည်။

## ရရှိသွားမည့် တတ်ကျွမ်းမှုများ

(က) (၄.၁.၃) မူလတန်းသင်ရိုးညွှန်းတမ်း၏ စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာမှုများကို ဖော်ပြသည်။

(ခ) (၂.၁.၁) ကျောင်းသားများ၏ သင်ယူမှုရလဒ်များကို ပေါက်မြောက်အောင်မြင်ရန် အထောက်အကူ ပေးရန်အတွက် သင်ခန်းစာ၏ အစိတ်အပိုင်းတစ်ခု အနေဖြင့် စစ်ဆေး အကဲဖြတ်နည်းများကို သုံးသည်။

(ခ) (၂.၁.၃) ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးနိုင်သည့်၊ သုံးသပ်အကြံပြုချက်များ ပေးနိုင်သည့် မေးခွန်းမေးနည်းနှင့် ဆွေးနွေးနည်းများကို အသုံးပြုသည်။

(ဂ) (၃.၂.၁) သင်ခန်းစာအကြောင်းအရာများ၊ သင်ယူမှု လုပ်ငန်းများတွင် ကျောင်းသားများ အားလုံးပါဝင် ခွင့်ရရှိရန်၊ ဆရာနှင့် အပြန်အလှန် ပြောဆိုဆက်သွယ် ခွင့်ရရှိရန် စာသင်ခန်းကို ဖွဲ့စည်းသည်။

**အချိန်** – မိနစ် (၅၀) ကြာ စာသင်ချိန် တစ်ချိန်။

## သင်ယူမှုနည်းလမ်း

သင်ယူမှုလုပ်ငန်း။ တွေး-တွဲ-မျှဝေ သင်ယူခြင်း – သင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်း

**စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများ** – မေးခွန်းမေးမြန်းခြင်း၊ ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း၊ ကြည့်ရှုလေ့လာခြင်း၊ အချင်းချင်း စစ်ဆေးအကဲဖြတ်ခြင်း။

## လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ

ကျောင်းသားကိုင်စာအုပ်ပါ သင်ခန်းစာ (၈.၁.၂) ကို ဖတ်ရှုပါ။

## လိုအပ်သော ရင်းမြစ်

သင်ယူမှုလုပ်ငန်း။ ကျောင်းသားကိုင်စာအုပ်

ဤစာသင်ချိန်ကို အောက်ပါအတိုင်း ဖွဲ့စည်းထားသည် –

| | |
|---|---|
| မိတ်ဆက် | ၁၅ မိနစ် |
| သင်ယူမှုလုပ်ငန်း | ၂၅ မိနစ် |
| ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း | ၁၀ မိနစ် |

## မိတ်ဆက်

| | |
|---|---|
| အချိန် | ၁၅ မိနစ် |
| စာသင်ခန်းဖွဲ့စည်းပုံ | တစ်တန်းလုံး |

၁။ ကျောင်းသားများအား အတန်းမှ ကြိုဆိုပါ။ သင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်း ဆိုသည်မှာ မည်သည့်အရာကို ဆိုလိုကြောင်း ကျောင်းသားများအား မေးပါ။ အဖြေ နှစ်ခု (သို့မဟုတ်) သုံးခု ရယူထားပါ။

၂။ ကျောင်းသားများအား သင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်း နည်းလမ်း၏ ဥပမာ အချို့ကို မေးမြန်းပါ။ ၎င်းတို့၏ အဖြေများကို သင်ပုန်းကြီးပေါ်တွင် စာရင်းပြုစုပါ။

၃။ ကျောင်းသားများအား ၎င်းတို့၏ ကျောင်းသားကိုင်စာအုပ်မှ သင်ခန်းစာ (၈.၁.၂) ကို ဖတ်စေပါ။ ၎င်းတို့ ဖတ်ရှုစဉ် သင်ပုန်းကြီးပေါ်တွင် ဤသင်ခန်းစာအတွက် သင်ယူမှု ရလဒ်များကို ရေးပါ။

၄။ ကျောင်းသားများအနေဖြင့် သင်ယူမှုရလဒ်များကို မည်သို့ ရရှိနိုင်ကြောင်း ရှင်းပြပါ။

## ဆရာ့မှတ်စု

ကျောင်းသားကိုင်စာအုပ်တွင် ဖော်ပြထားသော လေးထောင့်ကွက် (၈.၂) နှင့် စပ်လျဉ်း၍ အလေးပေး ဆွေးနွေးလိုပါက ဆွေးနွေးနိုင်သည်။ ကျောင်းသားများနှင့် ဆရာများ ရရှိမည့် အကျိုးကျေးဇူးများကို သင်ယူစဉ် စစ်ဆေးအကဲဖြတ်ပါ။

ဤလေးထောင့်ကွက်ကို တစ်တန်းလုံး အနေဖြင့် အတူတကွ ဖတ်နိုင်သည်။

## သင်ယူမှုလုပ်ငန်း။ တွေး-တွဲ-မျှဝေ သင်ယူခြင်း – သင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်း

| | |
|---|---|
| **အချိန်** | ၂၅ မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | နှစ်ယောက်တစ်တွဲ |

## ရည်ရွယ်ချက်

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ကျောင်းသားများအနေဖြင့် မူလတန်းဆင့် လူမှုရေးဘာသာ သင်ခန်းစာတစ်ခုအတွက် လူတိုင်းအကျုံးဝင်သော သင်ယူစဉ် စစ်ဆေးအကဲဖြတ်မှု လုပ်ငန်းတစ်ခုကို ဖန်တီးရေးဆွဲရန် ဖြစ်သည်။

၁။ ကျောင်းသားများအား နှစ်ယောက်တစ်တွဲ တွဲစေ၍ အောက်ပါတို့ကို တွေးတောစိတ်ကူးစေပါ။

- ကျောင်းသားများသည် အနော်ရထာ၊ ဘုရင့်နောင်နှင့် အလောင်းဘုရားကဲ့သို့သော သမိုင်းဝင်ပုဂ္ဂိုလ်များအကြောင်း စုံစမ်းလေ့လာ၍ ထိုပုဂ္ဂိုလ်များ၏ မြန်မာနိုင်ငံ အပေါ် အကျိုးပြုခဲ့ပုံများကို အကဲဖြတ်သုံးသပ်ကာ ပထမတန်း လူမှုရေးဘာသာ သင်ခန်းစာတစ်ခုကို သင်ကြားနေကြသည်။
- ဤစာသင်ချိန်အတွက် သင်ယူမှုရလဒ်မှာ – "*အနော်ရထာဘုရင်၏ ဘဝရှင်သန်မှုနှင့် အောင်မြင်မှုများကို ဆွေးနွေးပြီး ယနေ့ခေတ် မြန်မာနိုင်ငံအတွက် အရေးပါသော သမိုင်းဝင်ပုဂ္ဂိုလ်တစ်ဦး ဖြစ်နေရသည့် အကြောင်းရင်းကို ရှင်းပြတတ်ရန်*" ဖြစ်သည်။

၂။ ကျောင်းသားများအား သင်ယူမှုလုပ်ငန်းများနှင့် ၎င်းတို့၏ ပထမတန်းကျောင်းသားများ သင်ယူမှုရလဒ်များ ပြီးမြောက်အောင်မြင်မှု ရှိ/မရှိ ဆုံးဖြတ်နိုင်ရန် အသုံးပြုမည့် သင်ယူစဉ် စစ်ဆေးအကဲဖြတ်မှု နည်းလမ်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးစေပါ။

၃။ ကျောင်းသားများအနေဖြင့် ပြန်းဆင်ဖြေကြားနိုင်စေရန် အောက်ပါမေးခွန်း လေးခုကို သင်ပုန်းပေါ်တွင် ရေးသားပါ။

- သင်၏ ကျောင်းသားများကို သိစေချင်၊ လုပ်တတ်စေချင်သည့်အရာများမှာ အဘယ်နည်း။
- သတ်မှတ်ထားသည့် သင်ယူမှု ရလဒ်များအတွက် မည်သည့် စစ်ဆေးအကဲဖြတ်မှု နည်းလမ်းကို အသုံးပြုခြင်းက ထိရောက်မှု အရှိဆုံးဖြစ်မည်နည်း။
- ကျောင်းသားများက သင်ယူမှုရလဒ်များကို ပြီးမြောက်အောင်မြင်စွာ ရရှိသွားကြောင်း သင် မည်သို့ သိနိုင်သနည်း။
- ကျောင်းသားများ၏ အချက်အလက်များအရ သင် မည်သည်ကို ဆက်လက် လုပ်ဆောင်မည်နည်း။

၄။ ကျောင်းသားများအား ၎င်းတို့၏ ကျောင်းသားကိုင်စာအုပ်ရှိလေ့ထောင့်ကွက် (၈.၃) တွင် သင်ယူစဉ် စစ်ဆေးအကဲဖြတ်မှု လုပ်ငန်းကို အကြမ်းဖျင်း ရေးသားစေပါ။

၅။ ကျောင်းသားအတွဲများအား ၎င်းတို့၏ သင်ယူစဉ် စစ်ဆေးအကဲဖြတ်မှု လုပ်ငန်းကို အခြားသော အတွဲများနှင့် မျှဝေရန် ညွှန်ကြားပါ။

**စစ်ဆေးအကဲဖြတ်ခြင်း**

ကျောင်းသားများ ရေးသားနေစဉ် ဆရာက အခန်းထဲတွင် လှည့်လည်ကြည့်ရှုနေပြီး ကျောင်းသားများ၏ လုပ်ဆောင်မှုများကို ပြန်လည်ဆန်းစစ်ပေးပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

## ဆရာလမ်းညွှန် လေးထောင့်ကွက် ၈.၁။ ဖြည့်စွက်ပြီး – သင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်း လုပ်ငန်း

*သင်၏ ကျောင်းသားများကို သိစေချင်၊ လုပ်တတ်စေချင်သည့်အရာများမှာ အဘယ်နည်း။*

ကျောင်းသားများအနေဖြင့် အနော်ရထာဘုရင်၏ ဘဝရှင်သန်မှုနှင့် အောင်မြင်မှုများကို ဆွေးနွေးနိုင်ပြီး ယနေ့ခေတ် မြန်မာနိုင်ငံတွင် အရေးပါသော သမိုင်းဝင် ပုဂ္ဂိုလ်တစ်ဦး ဖြစ်နေရသည့် အကြောင်းရင်းကို ရှင်းပြနိုင်ရမည်။

*သတ်မှတ်ထားသည့် သင်ယူမှု ရလဒ်များအတွက် မည်သည့် စစ်ဆေးအကဲဖြတ်မှု နည်းလမ်းကို အသုံးပြုခြင်းက ထိရောက်မှု အရှိဆုံးဖြစ်မည်နည်း။*

အနော်ရထာဘုရင်၏ ဘဝရှင်သန်မှု အချိန်ပြမျဉ်းကို သင်ပုန်းကြီးပေါ် (သို့မဟုတ်) ကားချပ်ကြီးပေါ်တွင် အတူတကွ တည်ဆောက်ခြင်း၊ ထိုကဲ့သို့ တည်ဆောက်နေစဉ် မေးခွန်းများ မေးမြန်းဖြေဆိုစေခြင်းဖြင့် ကျောင်းသားများ၏ နားလည်သဘောပေါက်မှုကို စစ်ဆေးခြင်းက ထိရောက်မှု အရှိဆုံးဖြစ်သည်။

*ကျောင်းသားများက သင်ယူမှုရလဒ်များကို ပြီးမြောက်အောင်မြင်စွာ ရရှိသွားကြောင်း သင် မည်သို့ သိနိုင်သနည်း။*

ကျောင်းသားများက အချိန်ပြမျဉ်းပါ အချက်အလက်များအတိုင်း မေးခွန်းများကို နှုတ်အားဖြင့် ဖြေဆိုနိုင်ပါက သင်ယူမှုရလဒ်များ ပြီးမြောက်အောင်မြင်စွာ ရရှိသွားကြောင်း သိနိုင်သည်။

*ကျောင်းသားများ၏ အချက်အလက်များအရ သင် မည်သည်ကို ဆက်လက်လုပ်ဆောင်မည်နည်း။*

အနော်ရထာဘုရင်၏ ဘဝရှင်သန်မှုနှင့်ပတ်သက်သည့် အဓိက အဖြစ်အပျက်များကို ကျောင်းသားများ နားလည်သဘောပေါက်မှု ရှိ/မရှိ စစ်ဆေးရန် မေးခွန်းတစ်ခုချင်းစီက အခွင့်အလမ်းပေးသွားမည် ဖြစ်သည်။ အကယ်၍ ကျောင်းသားများ နားလည်သဘောပေါက်ခြင်း မရှိခဲ့ပါက သင်ခန်းစာ၏ လာမည့် ကဏ္ဍတစ်ခုသို့ မသွားမီ နောက်သို့ပြန်ပြီး အခြားနည်းလမ်းတစ်ခုဖြင့် အချက်အလက်များကို တင်ပြနိုင်သည်။

(ကျောင်းသားကိုင်စာအုပ်ပါ လေးထောင့်ကွက် ၈.၃ ကို ကြည့်ပါ။)

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း

| | |
|---|---|
| **အချိန်** | ၁၀ မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

ကျောင်းသားများအား ၎င်းတို့နေရာတွင် ပြန်လည်နေရာယူစေပါ။ ကျောင်းသား နှစ်ယောက်တွဲ နှစ်တွဲ (သို့မဟုတ်) သုံးတွဲအား အတန်းထဲ ကျန်ရှိသောအတွဲများနှင့် ၎င်းတို့၏ စစ်ဆေးအကဲဖြတ်မှု လုပ်ငန်းများကို မျှဝေစေပါ။

သင်ယူမှုရလဒ်များကို သင်ပုန်းပေါ်တွင်ရေးသားပါ။ ကျောင်းသားများအား သင်ယူမှုလုပ်ငန်းများကို လုပ်ဆောင်ခြင်းဖြင့် သင်ယူမှုရလဒ်များ ရရှိခဲ့ပုံကို သတ်မှတ်ဖော်ထုတ်စေပါ။ သင်ယူမှုရလဒ် တစ်ခုချင်းစီအတွက် အဖြေ တစ်ခု (သို့မဟုတ်) နှစ်ခု လက်ခံရယူထားပါ။

# ၈.၁.၃။ သင်ယူပြီး စစ်ဆေးအကဲဖြတ်ခြင်း

## မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် –**

- မူလတန်းဆင့် လူမှုရေးဘာသာ သင်ခန်းစာတစ်ခုအတွက် သင်ယူပြီး စစ်ဆေးအကဲဖြတ်ခြင်း လုပ်ငန်းတစ်ခုကို ဖန်တီးတတ်မည်။
- သင်ယူပြီး စစ်ဆေးအကဲဖြတ်ခြင်း လုပ်ငန်းတစ်ခုအတွက် အပြုသဘောဆောင်သော တုံ့ပြန်အကြံပြုချက်များ အချင်းချင်း ပေးတတ်မည်။

## ရရှိသွားမည့် တတ်ကျွမ်းမှုများ

(က) (၄.၁.၃) မူလတန်းသင်ရိုးညွှန်းတမ်း၏ စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာမူများကို ဖော်ပြသည်။

(ခ) (၂.၁.၁) ကျောင်းသားများ၏ သင်ယူမှုရလဒ်များကို ပေါက်မြောက်အောင်မြင်ရန် အထောက်အကူ ပေးရန်အတွက် သင်ခန်းစာ၏ အစိတ်အပိုင်းတစ်ခု အနေဖြင့် စစ်ဆေးအကဲဖြတ်နည်းများကို သုံးသည်။

(ခ) (၂.၁.၃) ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးနိုင်သည့်၊ သုံးသပ်အကြံပြုချက်များ ပေးနိုင်သည့် မေးခွန်းမေးနည်းနှင့် ဆွေးနွေးနည်းများကို အသုံးပြုသည်။

(ဂ) (၃.၂.၁) သင်ခန်းစာအကြောင်းအရာများ၊ သင်ယူမှု လုပ်ငန်းများတွင် ကျောင်းသားများ အားလုံးပါဝင်ခွင့်ရရှိရန်၊ ဆရာနှင့် အပြန်အလှန် ပြောဆိုဆက်သွယ်ခွင့်ရရှိရန် စာသင်ခန်းကို ဖွဲ့စည်းသည်။

**အချိန်** – မိနစ် (၅၀) ကြာ စာသင်ချိန် တစ်ချိန်။

**သင်ယူမှုနည်းလမ်း**

သင်ယူမှုလုပ်ငန်း။ ဖန်တီးခြင်း – သင်ယူပြီး စစ်ဆေးအကဲဖြတ်မှု လုပ်ငန်း

**စစ်ဆေးအကဲဖြတ်မှု နည်းလမ်းများ** – မေးခွန်းမေးမြန်းခြင်း၊ အချင်းချင်း စစ်ဆေးအကဲဖြတ်ခြင်း။

**လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ**

ကျောင်းသားကိုင်စာအုပ် သင်ခန်းစာ (၈.၁.၃) ကို ဖတ်ရှုပါ။

**လိုအပ်သော ရင်းမြစ်**

သင်ယူမှုလုပ်ငန်း။ ကျောင်းသားကိုင်စာအုပ်

ဤစာသင်ချိန်ကို အောက်ပါအတိုင်း ဖွဲ့စည်းထားသည် –

| | |
|---|---|
| မိတ်ဆက် | ၁၀ မိနစ် |
| သင်ယူမှုလုပ်ငန်း | ၃၀ မိနစ် |
| ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း | ၁၀ မိနစ် |

## မိတ်ဆက်

| | |
|---|---|
| **အချိန်** | ၁၀ မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ ကျောင်းသားများအား အတန်းမှကြိုဆိုပါ။ သင်ယူပြီး စစ်ဆေးအကဲဖြတ်ခြင်း ဆိုသည်မှာ မည်သည့်အရာ ဆိုလိုကြောင်းမေးမြန်းပါ။ အဖြေ နှစ်ခု (သို့မဟုတ်) သုံးခု ရယူထားပါ။

၂။ ကျောင်းသားများအား သင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်းနှင့် သင်ယူပြီး စစ်ဆေးအကဲဖြတ်ခြင်းတို့၏ ကွဲပြားခြားနားချက်များကို မေးမြန်းပါ။ အဖြေ နှစ်ခု (သို့မဟုတ်) သုံးခု ရယူထားပါ။

၃။ ကျောင်းသားများအား ၎င်းတို့၏ ကျောင်းသားကိုင်စာအုပ်ပါ သင်ခန်းစာ (၈.၁.၃) ကို ဖတ်ရှုစေပါ။ ၎င်းတို့ဖတ်ရှုနေစဉ် ဤသင်ခန်းစာအတွက် သင်ယူမှုရလဒ်များကို သင်ပုန်းပေါ်တွင် ရေးသားပါ။

၄။ ကျောင်းသားများအနေဖြင့် သင်ယူမှုရလဒ်များကို မည်သို့ ရရှိနိုင်ကြောင်း ရှင်းပြပါ။

## သင်ယူမှုလုပ်ငန်း။ ဖန်တီးခြင်း – သင်ယူပြီး စစ်ဆေးအကဲဖြတ်မှု လုပ်ငန်း

| | |
|---|---|
| အချိန် | ၃၀ မိနစ် |
| စာသင်ခန်းဖွဲ့စည်းပုံ | တစ်ဦးချင်း |

## ရည်ရွယ်ချက်

ဤလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ကျောင်းသားများအနေဖြင့် မူလတန်းဆင့် လူမှုရေးဘာသာ သင်ခန်းစာ တစ်ခုအတွက် သင်ယူပြီး စစ်ဆေးအကဲဖြတ်မှု လုပ်ငန်းတစ်ခုကို ဖန်တီးတတ်ရန် ဖြစ်သည်။

၁။ ကျောင်းသားများအား အောက်ပါအတိုင်း တွေးတောစိတ်ကူးစေပါ။

- ကျောင်းသားများသည် လူမှုအဖွဲ့အစည်း အခန်းကဏ္ဍများနှင့် နေ့စဉ်ဘဝအပေါ် အဆိုပါ အခန်းကဏ္ဍများ၏ အကျိုးပြုပုံတို့အား အလေးပေးသော ပထမတန်း လူမှုရေးဘာသာ သင်ခန်းစာကို သင်ကြားနေသည်။
- သင်ခန်းစာ၏ သင်ယူမှုရလဒ်မှာ *“လူမှုအဖွဲ့အစည်းအတွင်းရှိ အခန်းကဏ္ဍ အမျိုးမျိုး နှင့် ယင်းအခန်းကဏ္ဍများက ကျောင်းသားများ၏ လူမှုဘဝ လိုအပ်ချက်များပြည့်မီစေရေးအတွက် အထောက်အကူပြုနေကြောင်း သတ်မှတ် ဖော်ထုတ်တတ်ရန်”* ဖြစ်သည်။

၂။ ကျောင်းသားများအား သင်ယူမှုလုပ်ငန်းများနှင့် ၎င်းတို့၏ ပထမတန်းကျောင်းသားများ သင်ယူမှုရလဒ်များ ပြီးမြောက်အောင်မြင်မှု ရှိ/မရှိ ဆုံးဖြတ်နိုင်ရန် အသုံးပြုမည့် သင်ယူပြီး စစ်ဆေးအကဲဖြတ်မှု နည်းလမ်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးစေပါ။

၃။ ကျောင်းသားများအနေဖြင့် ငြိမ်းဆင်ဖြေကြားနိုင်စေရန် အောက်ပါမေးခွန်း လေးခုကို သင်ပုန်းပေါ်တွင် ရေးသားပါ။

- သင်၏ ကျောင်းသားများကို သိစေချင်၊ လုပ်တတ်စေချင်သည့်အရာများမှာ အဘယ်နည်း။
- သတ်မှတ်ထားသည့် သင်ယူမှု ရလဒ်များအတွက် မည်သည့် စစ်ဆေးအကဲဖြတ်မှု နည်းလမ်းကို အသုံးပြုခြင်းက ထိရောက်မှု အရှိဆုံးဖြစ်မည်နည်း။
- ကျောင်းသားများက သင်ယူမှုရလဒ်များကို ပြီးမြောက်အောင်မြင်စွာ ရရှိသွားကြောင်း သင်မည်သို့ သိနိုင်သနည်း။
- ကျောင်းသားများ၏ အချက်အလက်များအရ သင်မည်သည်ကို ဆက်လက် လုပ်ဆောင်မည်နည်း။

၄။ ကျောင်းသားများအား ၎င်းတို့၏ ကျောင်းသားကိုင်စာအုပ်ရှိလေးထောင့်ကွက် (၈.၄) တွင် သင်ယူစဉ် စစ်ဆေးအကဲဖြတ်မှု လုပ်ငန်းကို အကြမ်းဖျင်း ရေးသားစေပါ။

၅။ ကျောင်းသားများ ရေးသားပြီးသွားသောအခါ ၎င်းတို့၏ ကျောင်းသားကိုင်စာအုပ်ကို တွဲဖက်အတန်းဖော်တစ်ဦးနှင့် လဲလှယ်စေပါ။ ကျောင်းသားများအား ဇယား (၈.၂) ပါ လုံ့ဆော်ချက် အထောက်အပံ့များကို အသုံးပြုစေ၍ အတန်းဖော်များ၏ သင်ယူပြီး စစ်ဆေးအကဲဖြတ်မှုကို ပြန်လည်ဆန်းစစ်ပြီး အချင်းချင်း တုံ့ပြန်အကြံပြုချက်များ ပေးစေပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများ ရေးသားနေစဉ် ဆရာက အခန်းထဲတွင် လှည့်လည်ကြည့်ရှုနေပြီး ကျောင်းသားများ၏ လုပ်ဆောင်မှုများကို ပြန်လည် ဆန်းစစ်ပေးပါ။ ကျောင်းသား နှစ်ဦး (သို့မဟုတ်) သုံးဦးအား ၎င်းတို့၏ စစ်ဆေးအကဲဖြတ်မှု လုပ်ငန်းများကို ကျန်သောအတန်းဖော် ကျောင်းသားများနှင့် မျှဝေစေပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

**ဆရာလမ်းညွှန် လေးထောင့်ကွက် ၈.၂။ ဖြည့်စွက်ပြီး – သင်ယူပြီး စစ်ဆေးအကဲဖြတ်မှု လုပ်ငန်း**

*သင်၏ ကျောင်းသားများကို သိစေချင်၊ လုပ်တတ်စေချင်သည့်အရာများမှာ အဘယ်နည်း။*

ကျောင်းသားများအနေဖြင့် လူမှုအဖွဲ့အစည်းအတွင်းရှိ အခန်းကဏ္ဍများနှင့် အဆိုပါ အခန်းကဏ္ဍများက ၎င်းတို့၏ လူမှုဘဝ လိုအပ်ချက်များ ပြည့်မီစေရေးအတွက် အထောက်အကူပြုနေပုံကို သတ်မှတ်ဖော်ထုတ်နိုင်ရမည်။

*သတ်မှတ်ထားသည့် သင်ယူမှု ရလဒ်များအတွက် မည်သည့် စစ်ဆေးအကဲဖြတ်မှု နည်းလမ်းကို အသုံးပြုခြင်းက ထိရောက်မှု အရှိဆုံးဖြစ်မည်နည်း။*

လယ်သမားတစ်ဦး၊ ဆောက်လုပ်ရေးလုပ်သားတစ်ဦး၊ အင်ဂျင်နီယာတစ်ဦး၊ မိခင်နှင့် ဆရာတစ်ဦးတို့၏ပုံ ပါရှိသော လုပ်ငန်းပေးစာရွက်။

ကျောင်းသားများက တစ်ဦးချင်းစီ၏ အလုပ်အကိုင်ကို အညွှန်းရေးထိုး၍ ၎င်းတို့က ကျောင်းသားများ၏ ဘဝရှင်သန်မှုအတွက် မည်သို့မည်ပုံ အထောက်အကူပြုလျက်ရှိကြောင်း ၎င်းတို့၏ ဆရာအား ဖော်ပြတတ်ရမည်။ ဥပမာအားဖြင့် –

- လယ်သမားများသည် ကျွန်ုပ်တို့ စားသုံးသည့် အစားအစာများကို စိုက်ပျိုးကြသည်။

- အင်ဂျင်နီယာများသည် ကျွန်ုပ်တို့ နေထိုင်သည့် အဆောက်အအုံများနှင့် အသုံးပြုနိုင်သော တံတားများ၊ လမ်းများကို ဖန်တီးတည်ဆောက်ကြသည်။
- ကျွန်ုပ်၏ ဆရာသည် ကျောင်းတွင် ကျွန်ုပ်တို့၏ သင်ယူမှုကို ကူညီပေးသည်။

*ကျောင်းသားများက သင်ယူမှုရလဒ်များကို ပြီးမြောက်အောင်မြင်စွာ ရရှိသွားကြောင်း သင် မည်သို့ သိနိုင်သနည်း။*

ကျောင်းသားများအနေဖြင့် မတူညီသော အလုပ်အကိုင် အမျိုးမျိုးကို သတ်မှတ်ဖော်ထုတ်နိုင်ပြီး အမျိုးမျိုးသော အလုပ်အကိုင်များနှင့် ၎င်းတို့၏ ကိုယ်ပိုင်ဘဝ ရှင်သန်မှုတို့ကို ချိတ်ဆက်ပေးနိုင်သည်ဆိုပါက ၎င်းတို့သည် သင်ယူမှုရလဒ်များကို ပြီးမြောက်အောင်မြင်စွာ ရရှိပြီး ဖြစ်သည်။

*ကျောင်းသားများ၏ အချက်အလက်များအရ သင် မည်သည်ကို ဆက်လက် လုပ်ဆောင်မည်နည်း။*

သင်ယူပြီး စစ်ဆေးအကဲဖြတ်မှုအဖြစ် ဤအချက်အလက်များကို ကျောင်းတက်စဉ် ကျောင်းသား တစ်ဦး၏ တိုးတက်မှု မှတ်တမ်းအဖြစ် အစီရင်ခံရာ၌ အသုံးပြုမည်ဖြစ်ပြီး ၎င်းတို့အနေဖြင့် လာမည့်ခေါင်းစဉ်သို့ တက်လှမ်းရန် အဆင့်သင့် ဖြစ်/မဖြစ် ဆုံးဖြတ်မည် ဖြစ်သည်။

(ကျောင်းသားကိုင်စာအုပ်ပါ လေးထောင့်ကွက် ၈.၄ ကို ကြည့်ပါ။)

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း

| အချိန် | ၁၀ မိနစ် |
|---|---|
| စာသင်ခန်းဖွဲ့စည်းပုံ | တစ်တန်းလုံး |

ကျောင်းသားများအား ၎င်းတို့နေရာတွင် ပြန်လည်နေရာယူစေပါ။

အချင်းချင်း တုံ့ပြန်အကြံပြုချက် ပေးထားသော သင်ယူပြီး စစ်ဆေးအကဲဖြတ်မှု လုပ်ငန်းများကို တင်ပြအစီရင်ခံရန် ကျောင်းသားများကို ရွေးချယ်ပါ။ တစ်တန်းလုံးအနေဖြင့် စစ်ဆေးအကဲဖြတ်မှု လုပ်ငန်းအမျိုးမျိုးကို ပြန်လည်ဆန်းစစ်ပေးပါ။

သင်ခန်းစာအတွက် သင်ယူမှုရလဒ်များကို သင်ပုန်းပေါ်တွင် ချရေးပါ။ ကျောင်းသားများအား သင်ယူမှုလုပ်ငန်းများ လုပ်ဆောင်ခြင်းဖြင့် သင်ယူရလဒ်များ ပြည့်မီနိုင်ပုံကို သတ်မှတ်ဖော်ထုတ်စေပါ။ သင်ယူမှု ရလဒ်တစ်ခုချင်းစီအတွက် အဖြေ တစ်ခု (သို့မဟုတ်) နှစ်ခု လက်ခံရယူထားပါ။

## ၈.၁.၄။ လူတိုင်းအကျုံးဝင်သော စစ်ဆေးအကဲဖြတ်ခြင်း

### မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် –**

- မူလတန်းဆင့် လူမှုရေးဘာသာ သင်ကြားခြင်းတွင် လူတိုင်းအကျုံးဝင်သော စစ်ဆေးအကဲဖြတ်ခြင်းကို ဖော်ပြတတ်မည်။
- မူလတန်းဆင့် လူမှုရေးဘာသာ သင်ခန်းစာ တစ်ခုအတွက် လူတိုင်းအကျုံးဝင်သော စစ်ဆေးအကဲဖြတ်မှု လုပ်ငန်းတစ်ခုကို ဖန်တီးတတ်မည်။

## ရရှိသွားမည့် တတ်ကျွမ်းမှုများ

(က) (၄.၁.၃) မူလတန်းသင်ရိုးညွှန်းတမ်း၏ စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာ မူများကို ဖော်ပြသည်။

(ခ) (၂.၁.၁) ကျောင်းသားများ၏ သင်ယူမှုရလဒ်များကို ပေါက်မြောက်အောင်မြင်ရန် အထောက်အကူ ပေးရန်အတွက် သင်ခန်းစာ၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် စစ်ဆေးအကဲဖြတ်နည်းများကို သုံးသည်။

(ခ) (၂.၁.၃) ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးနိုင်သည့်၊ သုံးသပ်အကြံပြုချက်များ ပေးနိုင်သည့် မေးခွန်းမေးနည်းနှင့် ဆွေးနွေးနည်းများကို အသုံးပြုသည်။

(ဂ) (၃.၂.၁) သင်ခန်းစာအကြောင်းအရာများ၊ သင်ယူမှု လုပ်ငန်းများတွင် ကျောင်းသားများ အားလုံးပါဝင် ခွင့်ရရှိရန်၊ ဆရာနှင့် အပြန်အလှန် ပြောဆိုဆက်သွယ်ခွင့်ရရှိရန် စာသင်ခန်းကို ဖွဲ့စည်းသည်။

**အချိန်** – မိနစ် (၅၀) ကြာ စာသင်ချိန် တစ်ချိန်။

## သင်ယူမှုနည်းလမ်းများ

သင်ယူမှုလုပ်ငန်း (၁)။ အုပ်စုငယ်ဖွဲ့ဆွေးနွေးခြင်း – လူတိုင်းအကျုံးဝင်သော စစ်ဆေးအကဲဖြတ်ခြင်း၊

သင်ယူမှုလုပ်ငန်း (၂)။ လူတိုင်းအကျုံးဝင်သော စစ်ဆေးအကဲဖြတ်မှုကို ဖန်တီးခြင်း

**စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများ** – မေးခွန်းမေးမြန်းခြင်း၊ အချင်းချင်း စစ်ဆေးအကဲဖြတ်ခြင်း။

## လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ

ကျောင်းသားကိုင်စာအုပ်ပါ သင်ခန်းစာ (၈.၁.၄) ကို ဖတ်ရှုပါ။

## လိုအပ်သော ရင်းမြစ်

သင်ယူမှုလုပ်ငန်း (၁)။ ကျောင်းသားကိုင်စာအုပ်

သင်ယူမှုလုပ်ငန်း (၂)။ ကျောင်းသားကိုင်စာအုပ်

## လူတိုင်းအကျုံးဝင်သော စစ်ဆေးအကဲဖြတ်ခြင်း

ဤစာသင်ချိန်ကို အောက်ပါအတိုင်း ဖွဲ့စည်းထားသည် –

| | |
|---|---|
| မိတ်ဆက် | ၁၀ မိနစ် |
| သင်ယူမှုလုပ်ငန်း (၁) | ၁၅ မိနစ် |
| သင်ယူမှုလုပ်ငန်း (၂) | ၂၀ မိနစ် |
| ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း | ၅ မိနစ် |

## မိတ်ဆက်

| | |
|---|---|
| **အချိန်** | ၁၀ မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ ကျောင်းသားများအား စာသင်ခန်းမှ ကြိုဆိုပါ။ ကျောင်းသားများအား လူတိုင်းအကျုံးဝင် စစ်ဆေးအကဲဖြတ်ခြင်းနှင့် ပတ်သက်၍ ၎င်းတို့သိသည့် အချက်များကို မေးပါ။ ကျောင်းသားများ၏ အဖြေများကို မှတ်တမ်းတင်မည့် အကြောင်းအရာ ဆက်သွယ်ပြပုံ တစ်ခုကို သင်ပုန်းပေါ် (သို့မဟုတ်) ကားချပ်ကြီး တစ်ခုပေါ်တွင်

ဖန်တီးရေးဆွဲပါ။ သင့်အနေဖြင့် "ညီမျှမှုရှိသည်"၊ "သင့်တင့်မှုရှိသည်"၊ "ကျောင်းသားများအားလုံးအား ၎င်းတို့ သိသောအချက်ကို ဖော်ပြခွင့်ပေးသည်" အစရှိသည့် အဖြေများကို မျှော်လင့်ထားနိုင်သည်။ ဤလုပ်ငန်း၏ ရည်ရွယ်ချက်မှာ သင်ခန်းစာ မစတင်မီ ကျောင်းသားများ သိထားပြီးဖြစ်သော အရာများကို ဆုံးဖြတ်ရန် ဖြစ်သည်။

၂။ လူတိုင်းအကျုံးဝင်သော စစ်ဆေးအကဲဖြတ်ခြင်း ဆိုသည်မှာ ကျောင်းသားအားလုံးအား ၎င်းတို့၏ သင်ယူမှုကို ထုတ်ဖော်ပြသနိုင်ရန် တူညီသော အခွင့်အလမ်းတစ်ခု ပေးသည့် စစ်ဆေးအကဲဖြတ်မှု နည်းလမ်းများနှင့် နည်းဗျူဟာများကို ဆိုလိုကြောင်း ရှင်းပြပါ။

၃။ ကျောင်းသားများအား စိတ်မှန်းဖြစ်ရပ် အပါအဝင် ၎င်းတို့၏ ကျောင်းသားကိုင် စာအုပ်တွင် ဖော်ပြထားသော သင်ခန်းစာ (၈.၁.၄) ကို ဖတ်ရှုစေပါ။ ၎င်းတို့ ဖတ်ရှုနေစဉ် ဤသင်ခန်းစာအတွက် သင်ယူမှုရလဒ်များကို သင်ပုန်းပေါ်တွင်ရေးသားပါ။

၄။ ၎င်းတို့အနေဖြင့် သင်ယူမှုရလဒ်များကို မည်သို့ပြီးမြောက်အောင်မြင်စွာ ရရှိနိုင်ကြောင်း ရှင်းပြပါ။

၅။ သင်ယူမှုလုပ်ငန်း (၁) နှင့် (၂) တို့အတွက် ကျောင်းသားများအား အုပ်စုငယ်များအဖြစ် ဖွဲ့ပါ။

### သင်ယူမှုလုပ်ငန်း (၁)။ အုပ်စုငယ်ဖွဲ့ဆွေးနွေးခြင်း – လူတိုင်းအကျုံးဝင်သော စစ်ဆေးအကဲဖြတ်ခြင်း

| | |
|---|---|
| အချိန် | ၁၅ မိနစ် |
| စာသင်ခန်းဖွဲ့စည်းပုံ | တစ်ဦးချင်း |

## ရည်ရွယ်ချက်

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ကျောင်းသားများအနေဖြင့် မူလတန်းဆင့် လူမှုရေးဘာသာ အတန်းတွင် လူတိုင်းအကျုံးဝင်သော စစ်ဆေးအကဲဖြတ်ခြင်း၏ အခန်းကဏ္ဍကို အကဲဖြတ်သုံးသပ်ရန် ဖြစ်သည်။

၁။ ကျောင်းသားများအား ကျောင်းသားကိုင်စာအုပ်မှ လေးထောင့်ကွက် (၈.၅) ကို ဖတ်ရှုစေပြီး အောက်ပါမေးခွန်းများကို ဆွေးနွေးစေပါ –

- ဤစိတ်မှန်းဖြစ်ရပ်တွင် မူလတန်းကျောင်းသားများသည် မည်သည့် သင်ယူမှုရလဒ်ကို သရုပ်ဖော်ပြသရန် လိုအပ်သနည်း။
- ဤသင်ယူမှုရလဒ်ကို မူလတန်းကျောင်းသားများက သရုပ်ဖော်ပြရန် မျှော်မှန်းထားသည့် နည်းလမ်းများမှာ အဘယ်နည်း။
- အတန်းရှိ ကျောင်းသားသစ်သည် သင်ယူမှုရလဒ်အား သရုပ်ဖော်ပြသမှု ရှိခဲ့သလား။ အဘယ်ကြောင့် ပြသခဲ့သနည်း။ အဘယ်ကြောင့် မပြသခဲ့သနည်း။
- ကျောင်းသားများကို အအောင်မပေးခြင်းသည် မှန်ကန်သည့် ချဉ်းကပ်မှုနည်းလမ်း ဖြစ်ပါသလား။
- ကျောင်းသားသစ်မှ နားလည်ကြောင်း သရုပ်ဖော်ပြသနိုင်ရန် စစ်ဆေးအကဲဖြတ်မှုကို မည်သို့ ပြုပြင်ပြောင်းလဲနိုင်သနည်း။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများက မေးခွန်းများအား အုပ်စုဖွဲ့ ဆွေးနွေးနေစဉ် ဆရာက စာသင်ခန်းအတွင်း လှည့်လည်ကြည့်ရှုပြီး အုပ်စုများအား စစ်ဆေးပါ။ အုပ်စု နှစ်စု (သို့မဟုတ်) သုံးစုအား ၎င်းတို့၏ အဖြေများကို အတန်းရှိ ကျန်အုပ်စုများနှင့် မျှဝေစေပါ။

မေးခွန်းများကို ဖြေဆိုရန် ကျောင်းသားများ အခက်အခဲတွေ့နေလျှင် ၎င်းတို့၏ လူမှုရေး ဘာသာ အတန်းများ၌ လူတိုင်းအကျုံးဝင်သော စစ်ဆေးအကဲဖြတ်ခြင်းကို ပေါင်းစပ် အသုံးပြုနိုင်သော နည်းလမ်းများမှာ –

- အခန်း (သို့မဟုတ်) သင်ခန်းစာအကြောင်းအရာများအား စစ်ဆေးအကဲဖြတ်ရာတွင် ကျောင်းသားအားလုံး အဆင်ပြေစွာ ဖြေဆိုနိုင်စေရန် အမျိုးမျိုးသော နည်းလမ်းများ အသုံးပြုခြင်း။ ဥပမာ – ရေးသားဖြေဆိုခြင်း၊ နှုတ်ဖြင့်ဖြေဆိုခြင်း၊ ထိုးထွင်းဖြေဆိုခြင်း
- ကျောင်းသားများ၏ သိရှိနားလည်မှုကို သရုပ်ဖော် ပြသနိုင်ရန် စွမ်းဆောင်ရည် မတူညီသော ကျောင်းသားများနှင့် ကိုက်ညီမည့် စစ်ဆေးအကဲဖြတ်မှုများကို မွမ်းမံ ပြင်ဆင်ထားခြင်း

- စစ်ဆေးအကဲဖြတ်မှုကို လုံ့ဆော်ပေးသည့်အနေဖြင့် ယဉ်ကျေးမှုအရ (သို့မဟုတ်) ကျား၊မ ကွဲပြားမှုအရ ပုံသေကားကျ လုပ်ဆောင်ခြင်းများမှ ရှောင်ကြဉ်ခြင်း
- စစ်ဆေးအကဲဖြတ်မှုအတွက် ကြိုတင်ပြင်ဆင်သည့်အခါ လိုက်နာစောင့်ထိန်းရမည့် ယဉ်ကျေးမှုနှင့် ဘာသာတရားများကို ထည့်သွင်းစဉ်းစားခြင်း
- စစ်ဆေးအကဲဖြတ်မှုအတွက် ကြိုတင်ပြင်ဆင်သည့် အခါနှင့် စစ်ဆေးမှု လုပ်ဆောင်သည့်အခါ များတွင် ကျောင်းသားများ၏ နောက်ခံအခြေအနေ၊ အထောက်အပံ့နှင့် ရင်းမြစ်များ ရရှိနိုင်မှုတို့ကို ထည့်သွင်းစဉ်းစားခြင်းစသည်တို့ ပါဝင်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ဆွေးနွေးမှုလုပ်ငန်း တစ်ခု ဖြစ်သောကြောင့် အဖြေမှန်သည် (သို့မဟုတ်) မှားသည်ဟူ၍ မရှိပါ။

## သင်ယူမှုလုပ်ငန်း (၂)။ လူတိုင်းအကျုံးဝင်သော စစ်ဆေးအကဲဖြတ်မှုကို ဖန်တီးခြင်း

| | |
|---|---|
| အချိန် | ၂၀ မိနစ် |
| စာသင်ခန်းဖွဲ့စည်းပုံ | အုပ်စုငယ်များ |

## ရည်ရွယ်ချက်

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ကျောင်းသားများအနေဖြင့် မူလတန်းဆင့် လူမှုရေးဘာသာ သင်ခန်းစာတစ်ခုအတွက် လူတိုင်းအကျုံးဝင်သော စစ်ဆေးအကဲဖြတ်မှုတစ်ခု ဖန်တီးရန် ဖြစ်သည်။

၁။ ဤသင်ယူမှုလုပ်ငန်းအတွက် ကျောင်းသားများအား ၎င်းတို့၏ အုပ်စုငယ်များတွင် ဆက်လက် နေစေပါ။

၂။ လေးထောင့်ကွက် (၈.၅) မှ စိတ်မှန်းဖြစ်ရပ်ကို အသုံးပြု၍ ၎င်းသိရှိသည့်အရာများနှင့် လုပ်နိုင်သည့်အရာများကိုကျောင်းသားသစ်က သရုပ်ဖော်ပြသနိုင်ရန် ကျောင်းသားများအား လူတိုင်းအကျုံးဝင်သော စစ်ဆေးအကဲဖြတ်မှု တစ်ခု ဖန်တီးစေပါ။

၃။ ကျောင်းသားများအား ၎င်းတို့၏ ကျောင်းသားကိုင်စာအုပ်၏ လေးထောင့်ကွက် (၈.၆) တွင် လူတိုင်းအကျုံးဝင်သော စစ်ဆေးအကဲဖြတ်မှုကို ရေးသားရန် ညွှန်ကြားပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများ ရေးသားနေစဉ် ဆရာက အခန်းထဲတွင် လှည့်လည်ကြည့်ရှုနေပြီး အုပ်စုများကို စစ်ဆေးပေးပါ။ အုပ်စု နှစ်စု (သို့မဟုတ်) သုံးစုအား ၎င်းတို့၏ လူတိုင်းအကျုံးဝင်သော စစ်ဆေးအကဲဖြတ်မှုကို အတန်းရှိ ကျန်အုပ်စုများနှင့် မျှဝေစေပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

**ဆရာလမ်းညွှန် လေးထောင့်ကွက် ၈.၃။ ဖြည့်စွက်ပြီး – လူတိုင်းအကျုံးဝင်သော စစ်ဆေးအကဲဖြတ်ခြင်း**

ဖြစ်နိုင်ခြေရှိသော နည်းဗျူဟာများတွင် –

- ဘာသာပြန်တစ်ဦး ရှာဖွေထားရှိခြင်း (ဥပမာ – ၎င်းထက်ကြီးသူ အစ်ကို) နှင့် အခြေခံသဘောတရားများအပေါ် ကျောင်းသားများ၏ နားလည်သဘောပေါက်မှုအား စစ်ဆေးအကဲဖြတ်ရန် စစ်ဆေးအကဲဖြတ်မှု တစ်ခုတည်းကိုပင် ၎င်း၏ မိခင်ဘာသာစကားဖြင့် ဖြေဆိုစေပါ။
- ဆက်နွှယ်မှုများထက် မိသားစုကို ရည်ညွှန်းသော အသုံးအနှုန်းများကို အလေးပေးမည့် စစ်ဆေးအကဲဖြတ်ခြင်းအဖြစ် မွမ်းမံပြင်ဆင်ထားရန်နှင့် “ဤသည်မှာ ကျွန်တော်၏ မိခင်ဖြစ်သည်။ ဤသည်မှာ ကျွန်တော်၏ အစ်ကို ဖြစ်သည်” စသည်ဖြင့် ၎င်းကျောင်းသားအား မိသားစုဝင် တစ်ဦးချင်းစီတိုင်းကို သင့်လျော်ရာ ပိုင်ဆိုင်မှုပြ နာမဝိသေသနများ အသုံးပြု၍ အသုံးအနှုန်း အမှန်ကို ရေးသား/ပြောကြားစေပါ။

(ကျောင်းသားကိုင်စာအုပ်ပါ လေးထောင့်ကွက် ၈.၆ ကို ကြည့်ပါ။)

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း

| | |
|---|---|
| **အချိန်** | ၅ မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

ကျောင်းသားများအား ၎င်းတို့၏နေရာတွင် ပြန်လည် နေရာယူစေပါ။ သင်ပုန်းပေါ်တွင် သင်ယူမှု ရလဒ်များကို ရေးပါ။ ကျောင်းသားများအား သင်ယူမှုလုပ်ငန်းများ လုပ်ဆောင်ခြင်းဖြင့် သင်ယူမှုရလဒ်များ ရရှိနိုင်ပုံကို သတ်မှတ်ဖော်ထုတ်စေပါ။ သင်ယူမှုရလဒ် တစ်ခုစီအတွက် အဖြေတစ်ခု (သို့မဟုတ်) နှစ်ခု လက်ခံရယူထားပါ။

ကျောင်းသားများအား တတိယနှစ် လူမှုရေးဘာသာ အောင်မြင်ပြီးမြောက်ခြင်းအတွက် ဝမ်းမြောက်ကြောင်း ပြောကြားပါ။

## ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန် မေးခွန်းများအတွက် ကျောင်းသားများထံမှ မျှော်မှန်းထားသောအဖြေများ

မေးခွန်း ၁။ သင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်းနှင့် သင်ယူပြီး စစ်ဆေးအကဲဖြတ်ခြင်းတို့၏ ကွဲပြားခြားနားချက်မှာ အဘယ်နည်း။

အဖြေ။ *သင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်းဆိုသည်မှာ ကျောင်းသားများ အသုံးပြုနိုင်သော လက်ငင်း တုံ့ပြန်အကြံပြုချက်များနှင့် ဆရာများ ရှေ့ဆက်သင်ကြားရမည့် အရာများကို သတ်မှတ် ဖော်ထုတ်ပေးခြင်းဖြင့် သင်ယူမှု တိုးတက်စေရေးကို အလေးပေးသည့် အလွတ်သဘောဆောင် စစ်ဆေးအကဲဖြတ်မှုကို ဆိုလိုသည်။ သင်ယူပြီး စစ်ဆေးအကဲဖြတ်ခြင်း ဆိုသည်မှာ ကျောင်းသား တစ်ဦး၏ စာသင်ချိန် တစ်ချိန် ပြီးဆုံးချိန် (သို့မဟုတ်) အခန်းတစ်ခန်း ပြီးဆုံးချိန်တွင် သင်ယူတတ်မြောက်ထားသည့် အရာများအား အလေးပေး စစ်ဆေးအကဲဖြတ်သည့် သမားရိုးကျ စစ်ဆေးအကဲဖြတ်ခြင်းကို ဆိုလိုသည်။ သင်ယူပြီး စစ်ဆေးအကဲဖြတ်ခြင်းကို ရမှတ် (သို့မဟုတ်) အဆင့် (သို့မဟုတ်) ရာခိုင်နှုန်းဖြင့် သတ်မှတ်ဖော်ပြလေ့ရှိသည်။*

မေးခွန်း ၂။ လူတိုင်းအကျုံးဝင်သော စစ်ဆေးအကဲဖြတ်ခြင်းကို အဓိပ္ပာယ်ဖွင့်ဆိုပါ။

အဖြေ။ *လူတိုင်းအကျုံးဝင်သော စစ်ဆေးအကဲဖြတ်ခြင်းဆိုသည်မှာ ကျောင်းသားများအား ၎င်းတို့၏ သင်ယူမှုအခြေအနေကို ထုတ်ဖော်ပြသနိုင်ရန် တူညီသော အခွင့်အလမ်းတစ်ခု ပေးနိုင်သော စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများနှင့် နည်းဗျူဟာများကို ဆိုလိုသည်။*

# အခန်းဆုံးအနှစ်ချုပ်

## အဓိကအချက်များ

- ဆရာများသည် ၎င်းတို့၏ ကျောင်းသားများ သင်ယူပုံနှင့် ပတ်သက်၍ အဆက်မပြတ် အချက်အလက်များ စုဆောင်းနေပြီး ယင်းအချက်အလက်များအား ၎င်းတို့၏ သင်ကြားခြင်းတွင် ပြန်လည် အသုံးပြုနေသောကြောင့် စစ်ဆေးအကဲဖြတ်ခြင်းမှာ သင်ကြား၊သင်ယူခြင်း နှင့် တစ်သားတည်းဖြစ်နေသော အစိတ်အပိုင်းတစ်ခုဖြစ်သည်။
- စစ်ဆေးအကဲဖြတ်ခြင်း၏ အခြေခံ ရည်ရွယ်ချက်မှာ ကျောင်းသားတစ်ဦး (သို့မဟုတ် ကျောင်းသားအုပ်စုတစ်စု) သိထားသော အရာများ၊ နားလည်သဘောပေါက်သည့် အရာများ နှင့် လုပ်နိုင်သည့်အရာများမှ စတင်သင်ကြားခြင်းဖြင့် ဆရာတစ်ဦးသည် ကျောင်းသားများ သင်ယူမှုရလဒ်များ ပြီးမြောက်အောင်မြင်ပြီးမှုနှင့် သင်ယူမှုလုပ်ငန်း နောက်တစ်ဆင့်သို့ တိုးမြှင့်ရန် အဆင်သင့် ဖြစ်/မဖြစ်ကို ဆုံးဖြတ်ရန် အချက်အလက် အထောက်အထားများကို သိရှိပြီး ယင်းအထောက်အထား အချက်အလက်များအား အသုံးပြုနိုင်သည့် အခြေအနေတွင် ရှိနေခြင်းဖြစ်သည်။
- စစ်ဆေးအကဲဖြတ်ခြင်းသည် သင်ယူမှုရလဒ်များနှင့် သင်ယူမှုလုပ်ငန်းတို့နှင့် အနီးကပ် ဆက်စပ်မှုရှိသော စဉ်ဆက်မပြတ် လုပ်ငန်းစဉ် တစ်ခုဖြစ်သည်။ သင့်အနေဖြင့် သင် သင်ကြားရမည့် အခန်းကို ပြင်ဆင်ရေးဆွဲနေချိန်၊ သင်ယူမှု ရည်မှန်းချက်များ ပြည့်မီစေရန်အတွက် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် သင်ယူမှုလုပ်ငန်းများအကြောင်း စဉ်းစားတွေးတောနေချိန်တွင် လူမှုရေးဘာသာရပ်အတွက် စစ်ဆေးအကဲဖြတ်ခြင်းကို စတင်ရေးဆွဲသင့်သည်။
- လူမှုရေးဘာသာရပ်တွင် ကျောင်းသားများကို စစ်ဆေးအကဲဖြတ်ရန် ပထမအဆင့် အနေဖြင့် သင်သည် ၎င်းတို့ကို သိစေချင်သည့် အရာ၊ လုပ်တတ်စေချင်သည့် အရာများကို ဆုံးဖြတ်ရမည်။ လူမှုရေး ဘာသာရပ်သည် အကြောင်းအရာများကို သာမန်သိရုံ၊ နားလည်ရုံထက် သာလွန်ကျယ်ပြန့်သည့် ထူးခြားသော ကျွမ်းကျင်မှုများစွာ ရှိနေသည့် ဘာသာရပ် ဖြစ်သည်။
- သင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်းတွင် ရည်ရွယ်သူ ပရိသတ် နှစ်မျိုးရှိသည်။ ပထမရည်ရွယ်သူမှာ ဆရာဖြစ်သည်။ ဆရာတစ်ဦးအနေဖြင့် ကျောင်းသား၏

နားလည်သဘောပေါက်မှုကို စစ်ဆေးရန် ၎င်းတို့ သင်ယူရသည့် သင်ခန်းစာတစ်လျှောက် သင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်းကို အသုံးပြုနိုင်သည်။ သင်ယူစဉ်စစ်ဆေးအကဲဖြတ်ခြင်းအတွက် ဒုတိယ ရည်ရွယ်သူ ပရိသတ်မှာ ကျောင်းသားဖြစ်သည်။ သင်ယူမှု တိုးတက်ရန်အတွက် ကျောင်းသားများသည် ၎င်းတို့၏ သင်ယူမှုအခြေအနေနှင့် စပ်လျဉ်း၍ ရှင်းလင်းစွာ ဖော်ပြသော တုံ့ပြန်အကြံပြုချက်များ ရရန်လိုအပ်သည်။

- သင်ယူပြီး စစ်ဆေးအကဲဖြတ်ခြင်းသည် ကျောင်းသားတစ်ဦး၏ သင်ယူမှုရလဒ်များပြီးမြောက်အောင်မြင်မှု ရှိ/မရှိ ဆုံးဖြတ်ပေးသည့် သမားရိုးကျ စစ်ဆေးအကဲဖြတ်ခြင်းတစ်ခု ဖြစ်သည်။ စာသင်ခန်းများတွင် သင်ယူပြီး စစ်ဆေးအကဲဖြတ်ခြင်းကိုသင်ခန်းစာ ခေါင်းစဉ်တစ်ခု ပြီးဆုံးချိန် (သို့မဟုတ်) အခန်းတစ်ခန်း ပြီးဆုံးချိန်၌ဆောင်ရွက်လေ့ရှိပြီး ကျောင်းသားများ သင်ယူနေသော အကြောင်းအရာများကိုမှတ်တမ်းတင်ထားသည်။
- လူတိုင်းအကျုံးဝင် စစ်ဆေးအကဲဖြတ်ခြင်းဆိုသည်မှာ ကျောင်းသားများအား ၎င်းတို့၏သင်ယူမှုအခြေအနေကို ထုတ်ဖော်ပြသနိုင်ရန် တူညီသော အခွင့်အလမ်းတစ်ခုပေးနိုင်သော စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများနှင့် နည်းဗျူဟာများကို ညွှန်းဆိုသည်။

## အခန်းဆုံးပြန်လည်သုံးသပ်စဉ်းစားခြင်း

စစ်ဆေးအကဲဖြတ်ခြင်း ရည်ရွယ်ချက်နှင့် ၎င်းတို့ကို လူမှုရေးဘာသာ စာသင်ခန်းတစ်ခန်းတွင် မည်သို့ ပေါင်းစပ်အသုံးပြုနိုင်သည်တို့ကို ဖော်ပြပါရှိသော ပြန်လည်သုံးသပ်ခြင်း နေ့စဉ်မှတ်တမ်း (ဂျာနယ်) တစ်စောင်ကို စာလုံးရေ (၃၀၀) ခန့်ဖြင့် ရေးသားဖော်ပြပါ။

ကျောင်းသားများ၏ ပြန်လည်သုံးသပ်ခြင်း နေ့စဉ်မှတ်တမ်း (ဂျာနယ်) ရေးသွင်းချက်ကို ဆရာ့တတ်ကျွမ်းမှုဆိုင်ရာ စံသတ်မှတ်ချက် အညွှန်းဘောင် (ခ) (၂.၁) ၏ အထောက်အထားအဖြစ် သင်ကြားမှု အထောက်အထားမှတ်တမ်းတွင် ထည့်သွင်းဖော်ပြနိုင်သည်။

## ဆက်လက်ဖတ်မှတ်စရာများ

**၈.၁။**

Griffin, P. (Ed.). (2018). *Assessment for teaching* (2nd ed.). Cambridge University Press.

Masters, G. (2014a). Assessment: Getting to the essence. *Designing the Future,* (1), Australian Council for Educational Research. https://www.acer.org/files/uploads/Assessment_Getting_to_the_essence.pdf

Ministry of Education. (2019). *National assessment policy for basic education*. The Republic of the Union of Myanmar. https://neqmap.bangkok.unesco.org/resource/national-assessment-policy-for-basic-education-nap

Myers, J. (2004). Assessment and evaluation in social studies classrooms: A question of balance. In A. Sears, & I. Wright (Eds.), *Challenges and prospects in Canadian social studies* (pp. 290–301). Pacific Educational Press.

Office of Academics. (n.d.). *Formative assessment strategies for social studies.* Austin Independent School District. https://curriculum.austinisd.org/schoolnetDocs/socialStudies/generalResources/FormativeAssessment_SocialStudies_CLI.pdf

Urban, D. (2013). *Toward a framework of inclusive social studies: Obstacles and opportunities in a preservice teacher education program*. [Doctoral dissertation, Columbia University]. file:///C:/Users/ACERLA~1/AppData/Local/Temp/Urban_columbia_0054D_11407.pdf

# ခက်ဆစ်အဘိဓာန်

| အသုံးအနှုန်းများ | အသေးစိတ်ရှင်းလင်းချက် |
|---|---|
| ဘက်လိုက်မှု (Bias) | အဖြစ်အပျက်တစ်ခု (သို့မဟုတ်) လူပုဂ္ဂိုလ်တစ်ဦးနှင့် ပတ်သက်၍ တရားမျှတသော ဝေဖန်ပိုင်းခြားနိုင်စွမ်းကို ကန့်သတ်အားနည်းစေသည့် အထူးတလည် စိတ်ဝင်စားမှု (သို့မဟုတ်) ရှုထောင့်။ |
| ဘူဇွာလူတန်းစား (Bourgeoisie) | မြေရှင်ပဒေသရာဇ်စနစ်အား အစားထိုးခဲ့သော ကုန်သွယ်မှု အခြေပြု စီးပွားရေးလုပ်ငန်း လုပ်ကိုင်သည့် ဥရောပတွင် ပေါ်ပေါက်လာသော ချမ်းသာကြွယ်ဝသည့် လူလတ်တန်းစား အလွှာသစ်တစ်ခု။ ဤလူတန်းစား အလွှာတွင် ကုန်သည်များ၊ ကုန်ထုတ်လုပ်သူများ၊ မြေပိုင်ရှင်ကြီးများနှင့် ကျွမ်းကျင်အတတ်ပညာရှင်များဖြင့် ပါဝင်ဖွဲ့စည်းထားသည်။ |
| လူနေမှု (Civilisation) | စီမံခန့်ခွဲမှုနှင့် အုပ်ချုပ်မှု ဖွဲ့စည်းပုံ၊ ဆက်သွယ်ရေး နည်းစနစ်များနှင့် အလုပ်အကိုင်မျိုးစုံ ခွဲဝေလုပ်ကိုင်မှု အစရှိသည်တို့ဖြင့် မျှဝေချိတ်ဆက်ထားသော မြို့များ၊ မြို့ကြီးများနှင့် အလွှာပေါင်းစုံ စုဝေးတည်ရှိရာ ရှုပ်ထွေးသည့် လူ့အဖွဲ့အစည်းတစ်ခု။ |
| ခရစ်ယာန် ဘုန်းတော်ကြီး (Clergy) | ခရစ်ယာန်ဘုန်းတော်ကြီးများသည် အလယ်ခေတ်၏ ဘာသာရေးနှင့် ဆိုင်သော လူပုဂ္ဂိုလ်များ ဖြစ်ကြသည်။ ပုပ်ရဟန်းမင်းကြီး ပြီးနောက် ခရစ်ယာန် ဂိုဏ်းအုပ်၊ ခရစ်ယာန် ဘုန်းတော်ကြီး၊ ဘုန်းကြီးရဟန်းနှင့် သီလရှင် စသည်ဖြင့် ရာထူးအဆင့်အတန်းအရ ကြီးစိုးခဲ့ကြသည်။ |
| ဥတုရာသီ (Climate) | နေရာဒေသတစ်ခု၏ ကမ္ဘာ့လေထု အခြေအနေများကို ကာလရှည်ကြာစွာ ပျမ်းမျှပြုထားခြင်း။ |
| ကိုလိုနီပြုခြင်း (Colonisation) | အဓိကအားဖြင့် စီးပွားရေး ကိုယ်ကျိုးရှာ အမြတ်ထုတ်လိုမှုအတွက် အခြားသော နိုင်ငံတစ်နိုင်ငံနှင့် ၎င်း၏ လူမျိုးတို့အပေါ် နိုင်ငံရေးအရ ချုပ်ကိုင်မှု အပြည့်အဝ (သို့မဟုတ်) တစ်စိတ်တစ်ဒေသ ရယူသော မူဝါဒ (သို့မဟုတ်) လက်တွေ့ကျင့်သုံးမှု။ |
| ရပ်ရွာ ရင်းမြစ်များ (Community resources) | လူမှုရေးဘာသာ အကြောင်းအရာများကို ပိုမိုနက်နဲစေပြီး၊ သင်ယူသူ ကလေးများ၏ အသိဥာဏ် အဝန်းအဝိုင်းကို ပိုမိုကျယ်ပြန့်ကာ လူမှုရေးဘာသာ သင်ကြားသင်ယူမှုကို အားဖြည့်ပေးနိုင်သည့် လူပုဂ္ဂိုလ်များ၊ နေရာဒေသများနှင့် လူမှုအဖွဲ့အစည်းများ။ |
| ဖွဲ့စည်းပုံ အခြေခံ ဥပဒေ အရ အုပ်ချုပ်သည့် သမ္မတနိုင်ငံ (Constitutional Republic) | အခြေခံဥပဒေတစ်ခု ရေးသားပြီး အုပ်ချုပ်မှုနည်းဥပဒေများ ချမှတ်ပြဋ္ဌာန်းကာ အဆိုပါ အခြေခံဥပဒေနှင့်အညီ နိုင်ငံအုပ်ချုပ်မှုဆိုင်ရာ အကြီးအကဲနှင့် ကိုယ်စားလှယ်များအား ရွေးကောက်သည့် နိုင်ငံ။ |
| စားသုံးသူ ဈေးကွက် (Consumer market) | တစ်ကိုယ်ရေ အသုံးပြုရန်အတွက် ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများအား ဝယ်ယူသုံးစွဲသော လူများ၊ အိမ်ထောင်စုများအား ရည်ညွှန်းသည်။ |
| အချက်အလက် (Data) | ကျောင်းသား၏ သင်ယူမှု အထောက်အထားများ (စစ်ဆေးအကဲဖြတ်ခြင်းနှင့် စပ်လျဉ်း၍) ။ |
| ဖွံ့ဖြိုးဆဲ ဈေးကွက် စီးပွားရေး (Developing market economy) | ကမ္ဘာ့တောင်ပိုင်း နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးချဲ့ထွင်မှု အနေဖြင့် ကမ္ဘာ့ဈေးကွက်များနှင့် ပိုမို ပေါင်းစပ် ဆက်စပ်လာခြင်းဖြစ်သည်။ စက်မှုခေတ်ကြို ဝင်ငွေနည်းစီးပွားရေးမှ လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားသော ခေတ်မီ စက်မှုစီးပွားရေးဆီသို့ ကူးပြောင်းနေခြင်း ဖြစ်သည်။ |

| အသုံးအနှုန်းများ | အသေးစိတ်ရှင်းလင်းချက် |
|---|---|
| ကဏ္ဍစုံ စီးပွားရေး (Diversified economy) | တစ်ခုတည်းသော ဝင်ငွေရ ရင်းမြစ်မှ ကဏ္ဍ အသီးသီးနှင့် ဈေးကွက်များရှိသော ရင်းမြစ်များစွာသို့ ပြောင်းရွှေ့လာသော စီးပွားရေးစနစ်တစ်ခု။ |
| အီကွေတာ (Equator) | မြောက်ဝင်ရိုးစွန်းနှင့် တောင်ဝင်ရိုးစွန်း နှစ်ခုစလုံးမှ အညီအမျှကွာဝေးပြီး ကမ္ဘာ့၏ အလယ်မှ ပတ်ဆွဲထားသည့် (မျက်စိဖြင့် မမြင်နိုင်သော) စိတ်ကူးယဉ်မျဉ်း။ |
| ဥရောပသမဂ္ဂ (EU) (European Union –EU) | အဓိကအားဖြင့် ဥရောပတိုက်တွင် တည်ရှိသည့် အဖွဲ့ဝင် (၂၇)နိုင်ငံနှင့် ဖွဲ့စည်းထားသည့် နိုင်ငံရေးရာနှင့် စီးပွားရေး အဖွဲ့အစည်းတစ်ခု ဖြစ်သည်။ အဖွဲ့ဝင်တစ်နိုင်ငံ ဖြစ်လာရန် နိုင်ငံတစ်နိုင်ငံအနေဖြင့် သတ်မှတ်ထားသော စံနှုန်းများနှင့် ပြည့်မီရမည်။ ယင်းစံနှုန်းများအရ လူ့အခွင့်အရေးနှင့် တရားဥပဒေစိုးမိုးရေးကို လေးစား၍ တည်ငြိမ်သော ဒီမိုကရေစီစနစ်ရှိရမည်ဖြစ်ပြီး လည်ပတ်နေသော ဈေးကွက်စီးပွားရေးစနစ်နှင့် ဥရောပ သမဂ္ဂက ချမှတ်ထားသည့် ဥပဒေများအပါအဝင် အသင်းဝင် ဝတ္တရားများကို လက်ခံနိုင်ရမည် ဖြစ်သည်။ |
| ယူရိုဇုန် (Eurozone) | အဓိက ငွေကြေးနှင့် တစ်ခုတည်းသော တရားဝင်ရောင်းဝယ်မှု ငွေကြေး အဖြစ် ယူရို (€) အသုံးပြုရန် ချမှတ်ထားသော ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများမှာ ဩစတြီးယား၊ ဘယ်ဂျီယံ၊ ဆိုက်ပရပ်စ်၊ အက်စတိုးနီးယား၊ ဖင်လန်၊ ပြင်သစ်၊ ဂျာမနီ၊ ဂရိ၊ အိုင်ယာလန်၊ အီတလီ၊ လတ်ဗီးယား၊ လစ်သူယေးနီးယား၊ လူဇင်ဘတ်၊ မော်လ်တာ၊ နယ်သာလန်၊ ပေါ်တူဂီ၊ ဆလိုဗက်ကီးယား၊ ဆလိုဗေးနီးယားနှင့် စပိန်နိုင်ငံတို့ ဖြစ်ကြသည်။ |
| ပြည်ပပို့ကုန်များ (Exports) | နိုင်ငံရပ်ခြားသို့ ရောင်းချသည့် ကုန်ပစ္စည်းများ (သို့မဟုတ်) ဝန်ဆောင်မှုများ။ |
| အချက်အလက် (Fact) | မှန်ကန်သည်ဟု သိရှိထားသော ဖော်ပြချက် (သို့မဟုတ်) မှန်ကန်ကြောင်း သက်သေပြနိုင်သည့် ဖော်ပြချက်။ |
| မြေရှင်ပဒေသရာဇ်စနစ် (Feudal system) | အလယ်ခေတ်ဟု သိရှိထားသော သမိုင်းခေတ်ကာလအတွင်း ဥရောပတိုက် အနောက်ပိုင်းတွင် ရှိခဲ့သော အုပ်ချုပ်မှုစနစ်တစ်ခု။ ဤခေတ်သည် သက္ကရာဇ် ၅၀၀ မှ ၁၅၀၀ ထိ နှစ်ပေါင်းတစ်ထောင်ကျော်ကြာ တည်တံ့ခဲ့သည်။ အုပ်ချုပ်သူ ဘုရင်က နိုင်ငံတွင်းရှိ နယ်မြေအားလုံးကို ပိုင်ဆိုင်သည် ဟူသော အယူအဆပေါ်တွင် အခြေပြုထားသည်။ တာဝန်ထမ်းရွက်မှုအတွက် (သို့မဟုတ်) လုပ်သားအင်အား စိုက်ထုတ်မှုအတွက် မြေအပိုင်စားရသည့် ပုဂ္ဂိုလ်များနှင့် အမျိုးတော်စပ်မှုအပေါ် အခြေပြု၍ လူတန်းစားအလွှာခွဲခြားသော လူ့အဖွဲ့အစည်းတစ်ရပ် ဖြစ်သည်။ |
| သင်ယူစဉ် စစ်ဆေး အကဲဖြတ်ခြင်း (Formative assessment) | ဆရာများအနေဖြင့် ၎င်းတို့၏ သင်ကြားရေးကို ပိုမိုကောင်းစေရန်နှင့် ကျောင်းသားများအနေဖြင့် ၎င်းတို့၏ သင်ယူမှု ပိုမိုတိုးတက်မှုရှိစေရန် အသုံးပြုနိုင်သည့် ကျောင်းသားများ၏ တိုးတက်မှုကို စောင့်ကြည့်လေ့လာ၍ တုံ့ပြန်အကြံပြုချက်များ ချက်ချင်းလက်ငင်းပေးနိုင်ရန် ရည်ရွယ်ထားသော အအောင်/အရှုံး မသတ်မှတ်သည့် စစ်ဆေးအကဲဖြတ်ခြင်း လုပ်ငန်းများ။ |
| လူတိုင်း အကျုံးဝင်စစ်ဆေး အကဲဖြတ်ခြင်း (Inclusive assessment) | ကျောင်းသားများ ၎င်းတို့၏ သင်ယူမှုကို ထုတ်ဖော်ပြသရန် တူညီသော အခွင့်အလမ်းတစ်ခု ပေးသည့် စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများနှင့် နည်းဗျူဟာများ။ |
| စက်မှုတော်လှန်ရေး (Industrial Revolution) | ဥယျာဉ်ခြံမြေ စီးပွားရေးမှ ထုတ်လုပ်ရေး စက်မှုလုပ်ငန်းများနှင့် ယန္တရား လွှမ်းမိုးကြီးစိုးထားသည့် စီးပွားရေးလုပ်ငန်းသို့ ပြောင်းလဲမှု။ ဤသို့သော နည်းပညာများ ဖွံ့ဖြိုးတိုးတက်လာမှုသည် လူတို့၏ လုပ်ကိုင်ပုံနည်းလမ်း အသစ်များ၊ အသက်ရှင်နေထိုင်မှု ပုံစံအသစ်များနှင့် လူ့အဖွဲ့အစည်း အသစ်တစ်ခုကို ပြောင်းလဲစေရန် အစပျိုးခဲ့သည်။ |

| အသုံးအနှုန်းများ | အသေးစိတ်ရှင်းလင်းချက် |
|---|---|
| သင်ထောက်ကူပစ္စည်းများ (Instructional materials) | ကျောင်းသုံးပြဋ္ဌာန်းစာအုပ်၊ သင်ပုန်းကြီးမှ အစပြု၍ ဆရာကိုယ်တိုင် ဖန်တီးထားသော လက်ဖြစ် သင်ကြားမှု အထောက်အကူပစ္စည်းများ (ဥပမာ – ပိုစတာများ၊ မူလရင်းမြစ် ရုပ်ဝတ္ထုပစ္စည်းများ၊ (သို့မဟုတ်) လက်တွေ့စမ်းသပ်ပစ္စည်းကိရိယာများ)၊ ဒစ်ဂျစ်တယ် နည်းပညာသုံး သင်ယူမှုရင်းမြစ်များ ဖြစ်သည့် ပါဝါပွိုင့် သင်ခန်းစာတင်ပြမှုများ၊ အွန်လိုင်း ဗီဒီယိုသင်ခန်းစာများ (သို့မဟုတ်) ဘာသာရပ် ဆိုင်ရာ အင်တာနက် သတင်းအချက်အလက်များ အစရှိသည့် စာသင်ခန်းတစ်ခန်းတွင် အသုံးပြုသော ရင်းမြစ်အစုအဝေး။ |
| ဘုရင် (ပဒေသရာဇ် စနစ်နှင့်ဆိုင်သော) (King (feudal)) | ပဒေသရာဇ်ဘုရင်သည် နယ်မြေအားလုံးကို ပိုင်စိုးသည်။ ဘုရင်၏ အခွင့်အာဏာသည် အကြွင်းမဲ့ အာဏာဖြစ်သည်။ |
| မြင်းစီး သူရဲကောင်းများ (Knights) | ကာကွယ်ခြင်းနှင့် စစ်မှုထမ်းခြင်းတို့အတွက် သူကောင်းမျိုး အကြီးအကဲများနှင့် အရှင်သခင် ရှင်ဘုရင်တို့ထံမှ နယ်မြေ အနည်းငယ် အပိုင်စားရရှိထားသော စစ်မှုထမ်း ယောကျ်ားများ။ |
| စကေးချဲ့ မြေပုံများ (Large-scale maps) | သေးငယ်သော ဧရိယာတစ်ခုကို အသေးစိတ် အကျယ်ချဲ့ပြသနိုင်သည်။ စကေးချဲ့မြေပုံ တစ်ခုပေါ်တွင် ၁ စင်တီမီတာသည် ၅၀၀ မီတာကို ကိုယ်စားပြုနိုင်သည် (၁: ၅၀,၀၀၀)။ |
| လတ္တီကျု (Latitude) | အီကွေတာ၏ မြောက်ဘက် (သို့မဟုတ်) တောင်ဘက်ရှိ တည်နေရာတစ်ခုကို ဒီဂရီဖြင့် ဖော်ပြနိုင်သော အတိုင်းအတာတစ်ခု။ |
| လောင်ဂျီကျု (Longitude) | ဂရင်းနစ်မျဉ်း၏ အရှေ့ဘက် (သို့မဟုတ်) အနောက်ဘက်ရှိ တည်နေရာ တစ်ခုကို ဒီဂရီဖြင့် ဖော်ပြနိုင်သော အတိုင်းအတာတစ်ခု။ |
| အရှင်သခင်များ (Lords) | အရှင်သခင်များသည် တောင်သူလယ်သမားများ၊ ကောက်ပဲသီးနှံများနှင့် ရွာများအပါအဝင် ၎င်းတို့မြေပေါ်ရှိ အရာအားလုံးကို ပိုင်ဆိုင်ကြသည်။ အရှင်သခင်များသည် ယင်းတို့၏ မြေတွင် တောင်သူလယ်သမားများအား လယ်ယာလုပ်စေပြီး အိမ်ငှားရမ်းခအနေဖြင့် စိုက်ပျိုးထားသော ကောက်ပဲသီးနှံများနှင့်တကွ အခြားသော အစားအစာများကို မပျက်မကွက် ပေးဆောင်နေစေရန် အရာရှိများကို ခန့်အပ်ထားသည်။ |
| စံအိမ် (Manor) | အလယ်ခေတ် ဥရောပတွင် အတွေ့ရများသည့် လယ်ယာမြေ ပိုင်ဆိုင်မှု စနစ်တစ်ခုဖြစ်ပြီး ပဒေသရာဇ်ခေတ် အရှင်သခင်များက ကြီးမားသည့် ကျေးလက် အိမ်ကြီးများတွင် နေထိုင်ရင်း တွဲလျက် စိုက်ပျိုးမြေ၊ သစ်တောမြေနှင့် ကျေးရွာများကို စီမံလည်ပတ်စေကြသည်။ |
| ကုန်သည်ကြီးများ (Merchants) | ကုန်သည်ကြီးများသည် ၎င်းတို့၏ ကုန်ပစ္စည်းများနှင့် ထုတ်ကုန်များကို ဈေးကွက်ရှိရာ နေရာများတွင် ရောင်းချခြင်းဖြင့် မြို့ကြီးတစ်မြို့မှ တစ်မြို့ လှည့်လည်သွားလာနေကြသူများ ဖြစ်ကြသည်။ |
| အလယ်ခေတ် (Middle Ages) | သက္ကရာဇ် ၅၀၀ မှ ၁၅၀၀ အထိ နှစ်ပေါင်းတစ်ထောင်ကျော်ကြာ တည်တံ့ခဲ့သည့် ဥရောပ သမိုင်းမှ ခေတ်တစ်ခေတ် (ရောမလူနေမှု ပျက်သုဉ်းပြီး ရီနေဆွန်း ခေတ်တစ်ခေတ် ဆန်းသစ်လာသည့် ကာလ)။ |
| သူကောင်းမျိုးများ (Nobles) | သူကောင်းမျိုးများသည် သစ္စာရှိမှု၊ ကာကွယ်စောင့်ရှောက်ပေးမှုနှင့် တာဝန်ထမ်းဆောင်မှုတို့ အတွက် ပဒေသရာဇ်ဘုရင်၏ နယ်မြေအပိုင်စား ချီးမြှောက်ခြင်းကို ခံရသည်။ |
| အတွေးအမြင် ရှုထောင့် (Perspective) | လူတစ်ဦးက ၎င်း၏ ပတ်ဝန်းကျင်ရှိ အရာများအား ၎င်းတို့တွေ့မြင်ရသည့်အတိုင်း အဓိပ္ပာယ် သတ်မှတ် ကောက်ချက်ချသည့် အမြင်။ |
| ဝင်ရိုးစွန်းဇုန် (Polar Zone) | မြောက်နှင့် တောင် လတ္တီကျု ၆၆.၅ ဒီဂရီမှ ဝင်ရိုးစွန်းများအထိ ကျယ်ဝန်းသည်။ ဤဇုန်သည် နွေရာသီ တိုတောင်းပြီး ဆောင်းရာသီမှာအေး၍ ရှည်လျားကာ နေရောင်ခြည် အနည်းငယ်သာ ရရှိသည့် လက္ခဏာရပ်များရှိသည်။ |

| အသုံးအနှုန်းများ | အသေးစိတ်ရှင်းလင်းချက် |
|---|---|
| နိုင်ငံရေး မြေပုံများ (Political maps) | ပြည်နယ်နှင့် နိုင်ငံနယ်နိမိတ်များ၊ မြို့တော်ကြီးများနှင့် အဓိက မြို့ကြီးများကို ဖော်ပြထားသည်။ |
| မူလရင်းမြစ် (Primary source) | မူလရင်းမြစ်များသည် သမိုင်းဆိုင်ရာ ခေတ်တစ်ခေတ် (သို့မဟုတ်) ပထဝီဝင်ဆိုင်ရာ သဘာဝ ဖြစ်စဉ်များနှင့် ပတ်သက်၍ လေ့လာထားသည့် ကိုယ်တွေ့ဖြစ်ရပ်များ ဖြစ်သည်။ မူလရင်းမြစ်များမှာ စာရေးသူ (သို့မဟုတ်) ဖန်တီးသူထံမှ တိုက်ရိုက်ဆင်းသက်လာသော မူလအခြေခံ ရင်းမြစ်များ ဖြစ်ကြပြီး အခြား တစ်စုံတစ်ယောက်မှ ဆန်းစစ်လေ့လာထားခြင်း၊ ဝေဖန်သုံးသပ် ပိုင်းခြားထားခြင်း (သို့မဟုတ်) အဓိပ္ပာယ် သတ်မှတ် ကောက်ချက်ချထားခြင်းလည်း မရှိပေ။ |
| ဂရင်းနစ်မျဉ်း (သုညဒီဂရီ လောင်ဂျီကျု/ စံတော်ချိန်မျဉ်း) (Prime Meridian) | လန်ဒန်မြို့ကို ဖြတ်သန်းသွားပြီး သုညဒီဂရီလောင်ဂျီကျု အမှတ်အသားရှိသော စိတ်ကူးယဉ် မျဉ်းတစ်ကြောင်း။ |
| မြေမျက်နှာပြင် အနေအထားပြ ရုပ်ကြွ မြေပုံများ (Relief maps) | မြေအနေအထား၊ အသွင်သဏ္ဌာန် စသည့် ကုန်းမြေ၏ အခြေအနေကို ကိုယ်စားပြုဖော်ပြသည့် နှစ်ဖက်မြင် (သို့မဟုတ်) သုံးဖက်မြင် မြေပုံ။ |
| တစ်ဆင့်ခံရင်းမြစ် (Seondary source) | မူလရင်းမြစ်များအား ဆန်းစစ်လေ့လာထားခြင်း၊ ထပ်ဆင့် အဓိပ္ပာယ် သတ်မှတ်ကောက်ချက်ချ ထားခြင်း ဖြစ်သည်။ တစ်ဆင့်ခံရင်းမြစ်များကို ရှေးဟောင်း သုတေသန ပညာရှင်၊ မိုးလေဝသ ပညာရှင်များကဲ့သို့သော သက်ဆိုင်ရာ ဘာသာရပ် နယ်ပယ်၏ ကျွမ်းကျင်ပညာရှင်များ၊ အခြားသော စာရေးဆရာများနှင့် သတင်းစာ ဆရာများက ရေးသားထားနိုင်သည်။ တစ်ဆင့်ခံရင်းမြစ်များတွင် မူလရင်းမြစ်များစွာ ပေါင်းစပ် ပါဝင်နေပြီး အကြောင်းအရာ ခေါင်းစဉ်တစ်ခုနှင့် ပတ်သက်၍ မူလ ရင်းမြစ်ထက် ပိုမို ကျယ်ဝန်းသော အမြင်များဖြင့် ရှုထောင့်စုံမှ တင်ပြထားသည်။ |
| မြေကျွန်များ (Serfs) | စံအိမ်ပိုင်ရှင် အရှင်သခင်များအတွက် အလုပ်လုပ်ကိုင်ခဲ့သော တောင်သူလယ်သမားများ။ |
| စကေးချုံ့ မြေပုံများ (Small-scale maps) | ကြီးမားသော ဧရိယာတစ်ခုအား အသေးစိတ်အချက်အလက်များဖြင့် ဖော်ပြသော မြေပုံဖြစ်သည်။ စကေးသေးမြေပုံတစ်ခုပေါ်တွင် ၁ စင်တီမီတာသည် ၁၀၀၀ ကီလိုမီတာ (၁: ၁၀၀,၀၀၀,၀၀၀) ကို ကိုယ်စားပြုနိုင်သည်။ |
| ရင်းမြစ်များ (Sources) | လူမှုရေးဘာသာ လေ့လာရာတွင် အသုံးပြုနိုင်သည့် အချက်အလက်များ။ |
| သင်ယူပြီး စစ်ဆေး အကဲဖြတ်ခြင်း (Summative assessment) | သင်ယူမှု အဆင့်တစ်ဆင့် ပြီးဆုံးချိန်တွင် ကျောင်းသားများ သိရှိသွားသည့် အချက်များကို အကဲဖြတ်သုံးသပ်ရန်၊ ကျောင်းသားအနေဖြင့် ရည်ရွယ်ထားသော သင်ရိုးညွှန်းတမ်း ရလဒ်များနှင့် ပြည့်မီမှု ရှိ/မရှိ သိရှိရန် (နှင့်/သို့မဟုတ်) တစ်ဦးချင်းအလိုက် သင်ယူမှု ရည်မှန်းချက်များ ပြည့်မီခြင်း ရှိ/မရှိ အကဲဖြတ်သုံးသပ်ရန် ဒီဇိုင်းရေးဆွဲထားသော စစ်ဆေးအကဲဖြတ်မှု နည်းလမ်းများ။ |
| သမပိုင်းဇုန် (Temperate Zone) | မြောက်ကမ္ဘာခြမ်းတွင် မြောက်ယဉ်စွန်းတန်းမှ အာတိတ်စက်ဝိုင်း (၆၆.၅ ဒီဂရီ-မြောက်) အထိနှင့် တောင်ကမ္ဘာခြမ်းတွင် တောင်ယဉ်စွန်းတန်းမှ အန္တာတိတ်စက်ဝိုင်း (၆၆.၅ ဒီဂရီ-တောင်) အထိ ကျယ်ဝန်းသည်။ သမပိုင်းဇုန် အတွင်းရှိ နိုင်ငံများသည် နွေရာသီတွင် ပူနွေးပြီး ဆောင်းရာသီတွင် အေးကာ တစ်နှစ်ပတ်လုံး အပူချိန် အပြောင်းအလဲ အလွန်များသည်။ |

| အသုံးအနှုန်းများ | အသေးစိတ်ရှင်းလင်းချက် |
|---|---|
| ဆင့်ပွားရင်းမြစ် (Tertiary source) | စွယ်စုံကျမ်း (သို့မဟုတ်) မြေပုံစာအုပ်ကဲ့သို့သော မူလရင်းမြစ်နှင့် ဆင့်ပွား ရင်းမြစ်များအား အမျိုးအစားအဆင့်အလိုက် အုပ်စုခွဲပြုစုထားသော ရင်းမြစ်များ ဖြစ်သည်။ ဆင့်ပွားရင်းမြစ်မှ သတင်းအချက်အလက်များသည် မူလရင်းမြစ် (သို့မဟုတ်) တစ်ဆင့်ခံရင်းမြစ် တစ်ခုခုမှ သော်လည်းကောင်း၊ ဖော်ပြပါ အမျိုးအစား နှစ်မျိုးစလုံးမှသော်လည်းကောင်း ပေါင်းစပ်ပါဝင်နိုင်သည်။ |
| အကြောင်းအရာပြ မြေပုံများ (Thematic maps) | ရင်းမြစ်များ၊ မိုးလေဝသ၊ သဘာဝ ပေါက်ပင် အစရှိသည့် အဓိကဆိုလိုရင်းတစ်ခု (သို့မဟုတ်) အကြောင်းအရာခေါင်းစဉ် တစ်ခုကို အခြေခံထားသော မြေပုံများ။ |
| မြေမျက်နှာသွင်ပြင်ပြ မြေပုံများ (Topographic maps) | ကုန်းမြေအခြေအနေနှင့် အရေးပါသော သဘာဝ အင်္ဂါရပ်များ (ဥပမာ – ကုန်းမြေ ပုံသဏ္ဍာန်များ၊ သဘာဝပေါက်ပင်များ)နှင့် လူမှုအခြင်းအရာများ (ဥပမာ – လမ်းများ)ကို ဖော်ပြရန် ကွန်တိုမျဉ်းများ အသုံးပြု ဆွဲထားသော မြေပုံများ။ |
| အပူပိုင်းဇုန် (Tropical zone) | မြောက်ယဉ်စွန်းတန်း (အီကွေတာ၏ မြောက်ဘက် ၂၃.၅ ဒီဂရီ)နှင့် တောင်ယဉ်စွန်းတန်း (အီကွေတာ၏ တောင်ဘက် ၂၃.၅ ဒီဂရီ)တို့ အကြား ကျရောက်သည်။ အပူပိုင်းဇုန်တွင် အအေးဆုံးလ၏ ပျမ်းမျှအပူချိန်မှာ ၁၈ ဒီဂရီ ဆဲလ်စီးယပ်ဖြစ်သည်။ အပူပိုင်းရာသီဥတုဇုန် အတွင်းရှိ နိုင်ငံများသည် မိုးများပြီး ပူအိုက်စိုစွတ်သော မိုးလေဝသကို တွေ့ကြုံခံစားရသည်။ |
| လူတိုင်း လက်လှမ်းမီနိုင်သော ကျန်းမာရေး စောင့်ရှောက်မှု (Universal healthcare) | လူတိုင်း ငွေရေးကြေးရေး စိုးရိမ်ကြောင့်ကြစရာမလိုဘဲ အခြေခံ ကျန်းမာရေး ဝန်ဆောင်မှု အခွင့်အလမ်း ပမာဏအပြည့်အဝ ရရှိသည်။ |
| မိုးလေဝသ (Weather) | နေ့စဉ် ဖြစ်ပေါ်နေသော အပူချိန်၊ မိုးရွာခြင်း၊ ဆီးနှင်းကျခြင်းနှင့် အခြားသော ကမ္ဘာ့လေထုနှင့် စပ်လျဉ်းသော အခြေအနေများ။ |

# ကျမ်းကိုးစာရင်း


Allen, R. C. (2007). *The Industrial Revolution: A very short introduction.* Oxford University Press.

Anderson, M., Keese, I., & Low, A. (2005). *Retroactive world history.* John Wiley and Sons.

Britannica Kids. (2021). *Ancient civilisation.* https://kids.britannica.com/students/article/ancient-civilisation/272856

Brooks, C. (2019). *Western civilisation: A concise history (Volume 2).* LibreTexts.

Carlye, T. (1837). *The French Revolution: A history.* https://socialsciences.mcmaster.ca/econ/ugcm/3ll3/carlyleT/French%20Revolution.pdf

Darling-Hammond, L., Barron, B., Pearson, P. D., Schoenfeld, A. H., Stage, E. K., Zimmerman, T. D., Tilson, J. L., & Cervetti, G. N. (2008). *Powerful learning: What we know about teaching for understanding.* Jossey Bass Wiley.

Department of Medieval Art and the Cloisters. (2014). *The Crusades (1095–1291).* The Metropolitan Museum of Art. https://www.metmuseum.org/toah/hd/crus/hd_crus.htm

Edmunds, J. (2006). *How to assess student performance in history: Going beyond multiple-choice tests.* SERVE, University of North Carolina.

Education Services Australia Ltd. (2013). S*electing a fieldwork site: Years 5 and 6. Geogspace for teachers and secondary students.* Australian Geography Teachers Association.

Encyclopedia Britannica. (n.d.). *The Middle Ages.* https://www.britannica.com/topic/history-of-Europe/The-Middle-Ages

Griffin, P. (Ed.). (2018). *Assessment for teaching* (2nd ed.). Cambridge University Press.

Intergovernmental Committee on Surveying and Mapping. (n.d.). *Cartographic considerations.* https://www.icsm.gov.au/education/fundamentals-mapping/cartographic-considerations

International Monetary Fund. (2021a). *India at a glance.* https://www.imf.org/en/Countries/IND

International Monetary Fund. (2021b). *World economic outlook.* https://www.imf.org/en/Publications/SPROLLs/world-economic-outlook-databases

Kawoosa, V., Jha, A., & Sachdev, V. (2021). *The number theory: Imagining India, 10 years from now.* Hindustan Times, New Delhi. https://www.hindustantimes.com/india-news/the-number-theory-imagining-india-10-years-from-now/story-G7aIUgKlehi1yewcG4rOOJ.html

Kipling, R. (2010). *From sea to sea.* https://www.gutenberg.org/files/32977/32977-h/32977-h.htm#Page_202

Kochhar, S. K. (1991). *The teaching of social studies.* Sterling Publishers.

Lockheed, M. E., & Verspoor, A. M. (1991). *Improving primary education in developing countries.* Oxford University Press.

Marks, J. (2019). *History stories: How did the American Revolution influence the French Revolution?* https://www.history.com/news/how-did-the-american-revolution-influence-the-french-revolution

Masters, G. (2014a). Assessment: Getting to the essence. *Designing the Future,* (1), Australian Council for Educational Research. https://www.history.com/news/how-did-the-american-revolution-influence-the-french-revolution

Masters, G. (2014b). *Getting to the essence of assessment.* ACER Discover. https://www.acer.org/au/discover/article/getting-to-the-essence-of-assessment

Ministry of Education. (2019). *National assessment policy for basic education.* The Republic of the Union of Myanmar. https://neqmap.bangkok.unesco.org/resource/national-assessment-policy-for-basic-education-nap

Ministry of Natural Resources and Environmental Conservation. (2017). *Myanmar climate change strategy and action plan 2016–2030.* The Republic of the Union of Myanmar. https://policy.asiapacificenergy.org/sites/default/files/MCCSAP-Feb-Version.pdf

Myers, J. (2004). Assessment and evaluation in social studies classrooms: A question of balance. In A. Sears, & I. Wright (Eds.), *Challenges and prospects in Canadian social studies* (pp. 290–301). Pacific Educational Press.

NASA. (2021). *Atmosphere.* Climate Kids. https://climatekids.nasa.gov/weather-climate/

National Archives. (n.d.). *French Revolution. How did the British react to July 1789?* https://cdn.nationalarchives.gov.uk/documents/education/french-revolution.pdf

National Centre for Atmospheric Science. (2020). *What causes weather?* https://ncas.ac.uk/learn/what-causes-weather/

National Geographic. (n.d.–a). *Civilisations.* https://www.nationalgeographic.org/encyclopedia/civilisations/

National Geographic. (n.d.–b). *Climate change.* https://www.nationalgeographic.org/encyclopedia/climate-change/

National Geographic. (n.d.–c). *Continent.* https://www.nationalgeographic.org/encyclopedia/Continent/7th-grade/

National Geographic. (n.d.–d). *Industrial Revolution and technology.* https://www.nationalgeographic.org/article/industrial-revolution-and-technology/7th-grade/

National Geographic. (n.d.–e). *Key components of civilisation.* https://www.nationalgeographic.org/article/key-components-civilisation/

National Oceanic and Atmospheric Administration. (2021). *What are the different climate types?* https://scijinks.gov/climate-zones/

NSW Department of Education. (2016). *Geographical toolkit K–6.* Consultation draft 14–06–2016. https://rumbalara-e.schools.nsw.gov.au/content/dam/doe/sws/schools/r/rumbalara-e/localcontent/geographical_toolkitforprimaryteachersdraftv2sm8.pdf

Observatory of Economic Complexity. (2018). *Country profile: France.* https://oec.world/en/profile/country/fra

Office of Academics. (n.d.). *Formative assessment strategies for social studies.* Austin Independent School District. https://curriculum.austinisd.org/schoolnetDocs/socialStudies/generalResources/FormativeAssessment_SocialStudies_CLI.pdf

Owen, L. (2016). The impact of feedback as formative assessment on student performance. *International Journal of Teaching and Learning in Higher Education, 28*(2), 168–175.

Parsons, C., & Wilson, L. (1996). *Dark ages to discovery.* Science Press.

Quickonomics. (2020, June 26). *Indian economy at a glance* [Infographic]. https://quickonomics.com/indian-economy-at-a-glance-infographic/

Quigley, M. (2003). *Understanding people in the past: The Middle Ages.* Heinemann Library.

Rees, D., & Townson, D. (2015). *Access to history: France in revolution 1774–1815.* (5th ed.). Hodder Education.

Regional Integrated Multi–Hazard Early Warning System & UN Human Settlements Programme (UN–Habitat). (n.d.). *Climate profile: Climate variabilities, extremes and trends in central dry, coastal and hilly zones, Myanmar.* https://themimu.info/sites/themimu.info/files/documents/Climate_Profile_Myanmar.pdf

Royal Geographical Society. (n.d.). *A 60 second guide to the Global North/South divide.* https://www.rgs.org/CMSPages/GetFile.aspx?nodeguid=9c1ce781-9117-4741-af0a-a6a8b75f32b4&lang=en-GB

Sandwell, R. (2008). Using primary documents in social studies and history. In R. Case, & P. Clark (Eds.), *The anthology of social studies Vol 2: Issues and strategies for secondary teachers* (pp. 295–307). Pacific International Press.

Sciencing. (2021). *The differences between Northern and Southern Hemispheres.* https://sciencing.com/differences-between-northern-southern-hemisphere-8260091.html

Smithsonian National Museum of American History. (n.d.). *Engaging students with primary sources.* Kenneth E. Behring Centre. https://historyexplorer.si.edu/sites/default/files/PrimarySources.pdf

St. Laurence's College. (2021). *History: The French Revolution 1774–1779.* LibGuide. https://libguides.slc.qld.edu.au/historyguide/frenchrev

State Library of Victoria. (2008). *Source analysis templates.* http://ergo.slv.vic.gov.au/teachers/student-templates-source-analysis

Stearns, P., Treasure, G., Peters, E., Champion, T., Salmon, J. et al. (n.d.). *History of Europe.* Encyclopedia Britannica. https://www.britannica.com/topic/history-of-Europe

Tuimur, H., & Chemwei, B. (2015). Availability and use of instructional materials in the teaching of conflict and conflict resolution in primary schools in Nandi North District, Kenya. *International Journal of Education and Practice, 3*(6), 224–234. https://doi.org/10.18488/journal.61/2015.3.6./61.6.224.234

UN Department of Economic and Social Affairs. (2019a). *Population pyramids.* Population Division. https://population-pyramid.net/en

UN Department of Economic and Social Affairs. (2019b). *World population prospects 2019: Highlights* (ST/ESA/SER.A/423). Population Division. https://population.un.org/wpp/

UN Development Program. (2020). *India: Human development report. Human development indicators.* http://hdr.undp.org/en/countries/profiles/IND

United Nations. (2021). *Sustainable Development Goals. Goal 13: Take urgent action to combat climate change and its impacts.* https://www.un.org/sustainabledevelopment/climate-change/

Upgren, A., & Stock, J. (2000). *Weather: How it works and why it matters.* Basic Books.

Urban, D. (2013). *Toward a framework of inclusive social studies: Obstacles and opportunities in a preservice teacher education program.* [Doctoral dissertation, Columbia University]. file:///C:/Users/ACERLA~1/AppData/Local/Temp/Urban_columbia_0054D_11407.pdf

Violatti, C. (2014). *Civilisation.* World History Encyclopedia. https://www.worldhistory.org/civilisation/

White, M. (2009). *Georgian Britain: The Industrial Revolution.* British Library. https://www.bl.uk/georgian-britain/articles/the-industrial-revolution#

World Bank. (2021). *Population growth (annual %). All countries and economies.* https://data.worldbank.org/indicator/SP.POP.GROW?

World Health Organisation. (2017). *Plague.* https://www.who.int/news-room/fact-sheets/detail/plague

# နောက်ဆက်တွဲများ

## နောက်ဆက်တွဲ (၁)။ သင်ခန်းစာ (၅.၁.၁)၊ စာသင်ချိန် (၁) အတွက် ရင်းမြစ် ဆန်းစစ်လေ့လာချက်

**နောက်ဆက်တွဲ လေးထောင့်ကွက် ၁.၁။ ရွှေတိဂုံဘုရားတောင်ဘက်မုခ်**[၁၇]



၁၇ Original image by Phillip Klier (1906), available in the Public Domain.

| ရင်းမြစ် | မူလရင်းမြစ် |
|---|---|
| ရင်းမြစ်ကို မည်သူ ဖန်တီးခဲ့သနည်း။ | ဖိလစ်ကလိုင်ယာ – မြန်မာနိုင်ငံတွင် နေထိုင်သည့် ဂျာမန် လူမျိုးတစ်ဦး |
| မည်သည့်အချိန်က ဖန်တီးခဲ့သနည်း။ | ဓာတ်ပုံကို ၁၉၀၆ ခုနှစ်တွင် မှတ်တမ်းတင် ရိုက်ကူးခဲ့သည်။ |
| မည်သူ့အတွက် ဖန်တီးခဲ့သနည်း။ (ရည်ရွယ်သူ ပရိသတ်မှာ အဘယ်နည်း)။ | ဒေသခံများ၊ ကမ္ဘာလှည့်ခရီးသည်များနှင့် သမိုင်းပညာရှင်များ |
| ရင်းမြစ်၏ နောက်ခံရည်ရွယ်ချက်မှာ အဘယ်နည်း။ | • ငွေကြေးရရှိရန်အတွက် – ကလိုင်ယာက သူ၏ ဓာတ်ပုံကို ရန်ကုန်မြို့တွင် ရောင်းချခဲ့သည်။<br>• သမိုင်းမှတ်တမ်းတင်ရန်<br>• ၁၉၀၆ ခုနှစ် မြန်မာနိုင်ငံ၏ ဗိသုကာ လက်ရာနှင့် ယဉ်ကျေးမှုမှာ မည်သို့မည်ပုံ ရှိခဲ့ကြောင်း ပြသရန်<br>• ရွှေတိဂုံဘုရား၏ မုခ်ဝ အလှအပကို ဖော်ပြရန် |
| ဤရင်းမြစ်ကို လေ့လာဆန်းစစ်ရာတွင် မည်သို့သော ဘက်လိုက်မှုနှင့် အတွေး အမြင် ရှုထောင့်တို့ကို ထည့်သွင်း စဉ်းစားရန် လိုအပ်သနည်း။ | • ယင်းဓာတ်ပုံသည် သမိုင်း အထောက်အထားအရ တိတိကျကျ ဖော်ပြထားသော အဆောက်အအုံ တစ်ခု၏ ပုံဖြစ်သည်။<br>• ယင်းဓာတ်ပုံသည် မြန်မာနိုင်ငံ၏ အစောဆုံး ဓာတ်ပုံ အတတ်ပညာရှင်များအနက် တစ်ဦးမှ ရိုက်ကူးထားသော ဓာတ်ပုံဖြစ်သည်။<br>• သူ၏ ဓာတ်ပုံများကို ယူနိုက်တက်ကင်းဒမ်းတွင် မော်ကွန်းတင်ထားသည်။ |

| ရင်းမြစ် | မူလရင်းမြစ် |
| --- | --- |
| ရင်းမြစ်သည် ခိုင်လုံမှု ရှိပါသလား။<br>အဘယ်ကြောင့် ခိုင်လုံသနည်း။<br>အဘယ်ကြောင့် မခိုင်လုံသနည်း။ | ဤရင်းမြစ်မှာ ခိုင်လုံမှုရှိသည်။<br>ဤရင်းမြစ်မှာ သမိုင်း မှတ်တမ်းအတွက် မူလရင်းမြစ် တစ်ခုဖြစ်သည်။ ဓာတ်ပုံ ပညာရှင်က သူ၏ မြန်မာနိုင်ငံ ဘဝနေထိုင်မှုကို သရုပ်ဖော်သော ဓာတ်ပုံများကြောင့် နာမည်ကျော်ကြားသည်။ ၎င်းသည် ၁၉၀၆ ခုနှစ် ရွှေတိဂုံဘုရား တောင်ဘက် ဝင်ပေါက် ဖွဲ့စည်းတည်ဆောက်ပုံကို ယနေ့ လက်ရှိ အခြေအနေနှင့် နှိုင်းယှဉ်ခွင့်ရရှိ စေသည်။ |

## နောက်ဆက်တွဲ လေးထောင့်ကွက် ၁.၂။ ကောက်နုတ်ချက် – ပင်လယ်မှသည် ပင်လယ်ဆီသို့[၁၈]

| |
| --- |
| မွတ်စလင် ဗလီအမိုးခုံး၊ ဟိန္ဒူ ဘုရားကျောင်းရှိ ပြာသာဒ်တို့၏ သဏ္ဌာန်ကို မဆောင်၊ နေရောင်တွင် တင့်တယ်စွာ တဖိတ်ဖိတ် တောက်ပလျက်ရှိသည့် ရွှေရောင် ပဟေဠိကြီး တစ်ခုသည် မိုးကုတ်စက်ဝိုင်းပေါ်တွင် မားမားမတ်မတ်ရှိနေ၏။ တောင်ကုန်း၊ တောင်ပူစာတို့၏ အထက်တွင် တည်ရှိပြီး ယင်းတို့၏အောက်တွင်မူ ဂိုဒေါင်များ၊ ရုံများ၊ ကြိတ်ခွဲစက်များက စီတန်းလျက် ရှိလေသည်။ “ဘယ်ဘုရားသခင် လက်ထက်မှာများ ငါတို့ အင်္ဂလိပ်တွေဟာ အတောမသတ်နိုင်တဲ့ လူမျိုးတွေ ဖြစ်ကုန်ကြပါလိမ့်” ဟု ကျွန်ုပ်စိတ်ထဲမှ ရေရွတ်မိ၏။<br><br>“ဟိုမှာ ရွှေတိဂုံဘုရားကြီးလေ” ဟု ကျွန်ုပ်၏ မိတ်ဆွေက ပြော၏။ “အလိုလေး”ဟု ကျွန်ုပ် ရေရွတ်မိသည်။ သို့ရာတွင် အာမေဋိတ်ပြုစရာတော့ မဟုတ်။ အစကတည်းက ရန်ကုန်ကို သိမ်းရသည့် အကြောင်းရင်း၊ ဤနိုင်ငံ၏ ကြွယ်ဝသော အရာများ၊ ရှားပါးသော အရာများအား ဆက်လက်ရှာဖွေရသော အကြောင်းရင်းတို့ကို ရှင်းရှင်းလင်းလင်း သိခဲ့ရပြီးလည်း ဖြစ်၏။ |

၁၈ Kipling, R. (2010, pp. 204 – 209).

ကျွန်ုပ်ရှေ့က မြင်ကွင်းကို မမြင်ခင်အထိတော့ ဤနိုင်ငံကို ဆန်ဒါဘန်တောနှင့် သိပ်မကွာလှပဟု ထင်ခဲ့မိသည်။ သို့ရာတွင် ရွှေစေတီကြီးက "ဒါက ဗမာပြည်၊ မင်းသိတဲ့ တိုင်းပြည်တွေနဲ့ တူမှာတော့မဟုတ်ဘူး" ဟု လှမ်းပြောနေသယောင်ပင်။ ကျွန်ုပ်၏ မိတ်ဆွေက "အထွတ်အမြတ်ထားကြတဲ့ နာမည်ကြီး စေတီပေါ့ကွာ" ဟု ဆို၏။ "တောင်ငူ–မန္တလေး လမ်းကြောင်းကို အခု ဖွင့်လိုက်ပြီဆိုတော့ တဖွဲဖွဲလာကြတဲ့ ဘုရားဖူးတွေကလည်း အရေအတွက် ထောင်ချီလောက်ရောပေ့။ ငလျင်ဒဏ်ကြောင့် 'ထီး' လို့ခေါ်တဲ့ ရွှေထိပ်ဖူးကြီး ပျက်စီးသွားတဲ့အတွက် စေတီဥဏ်တော်အမြင့်ရဲ့ သုံးပုံ တစ်ပုံလောက်ကို ဝါးငြမ်းတွေနဲ့ တည်ထားရတယ်လေ။ အခုတော့ ရွှေတွေပြန်ကပ်နေပြီ။ ငြမ်းစင်တွေ ဖြုတ်ချပြီးရင် ခင်ဗျား ကြည့်ကြည့်သင့်တယ်" ဟု ဆက်ပြောလေသည်။

ကျွန်ုပ်သည် ရန်ကုန်မြို့တွင် နာရီပိုင်းမျှသာ နားခဲ့ရသည်။ ထို့ကြောင့် ဘုရားစောင့် နတ်ကျားများ၏ အဓိပ္ပာယ်၊ ဘုရားကြီး၏ အတွင်းသဘော၊ လက်ညှိုးထိုးမလွဲသော ဘုရား ဆင်းတုတော်များ၏ ရည်ရွယ်ချက် စသည့် တွေ့သမျှမြင်သမျှ အရာတိုင်းကို အပြည့်အဝ နားလည်ခြင်းမရှိသောကြောင့် လေ့ကားအုံအောက်တွင် ဂနာမငြိမ်နိုင်ဖြစ်နေသည်။ ကျွန်ုပ်၏အဖြစ်ကို စာဖတ်သူတို့ စာနာနားလည်နိုင်မည်ဟု မျှော်လင့်ပါသည်။

ဆေးပြင်းလိပ်ခဲထားသည့် မိန်းမလှလေးများက အဘယ်ကြောင့် ဗုဒ္ဓရုပ်ပွားတော် ရှေ့မှောက်၌ ထွန်းရန် တုတ်ချောင်းငယ်လေးများနှင့် ရောင်စုံ ဖယောင်းတိုင်များ ရောင်းချ နေပါသနည်း။ ကျွန်ုပ်အဖို့ အရာရာမှာ နားမလည်နိုင်စရာများသာ ဖြစ်၍ ကျွန်ုပ်အား ရှင်းပြမည့် တစ်စုံတစ်ယောက်ဟူ၍လည်း မရှိပေ။ ကျွန်ုပ် သိထားသည်မှာ ငလျင်ကြောင့် ပျက်စီးသွားသည့် ရွှေထီးတော်ကြီးကို ရက်အနည်းငယ် အတွင်း၌ မူလနေရာသို့ ပြန်တင် မည်ဖြစ်ကြောင်း၊ စတုဒိသာများကျွေးမွေးပြီး သီချင်းများ သီဆိုကြမည်ဖြစ်ကြောင်း၊ ထီးတော်တင်သည်ကို အထက်ဗမာပြည် ထက်ဝက်ခန့်က လူများ လာရောက်ကြည့်ရှုကြမည် ဖြစ်ကြောင်း စသည်တို့သာ ဖြစ်လေသည်။

ကျွန်ုပ်သည် ခြသေ့်ကြီးနှစ်ကောင်ကြားမှ ရှေ့သို့ ချီတက်သွားလေရာ ထုံးဖြူသုတ်ထားသော ပရဝဏ်ကို ဖြတ်ပြီးလျှင် ခြေမသန်သူများ၊ မျက်မမြင်များ၊ နူနာစွဲများနှင့် ကိုယ်အင်္ဂါချို့တဲ့ နေသူများနှင့် ဝန်းရံနေသည့် အမိုးပြား စောင်းတန်းသို့ ရောက်လေသည်။ ကျွန်ုပ်ဖြတ်သွားစဉ် ထိုလူများမှာ ကျွန်ုပ်၏ အင်္ကျီစကို ဆွဲ၍ ညည်းတွား မြည်တမ်းကြသည်။ သို့ရာတွင်

| |
|---|
| လှေကား၏ ကုန်းမော့သို့ ရောက်သောအခါ ထိုလူတန်းကြီးမှာ အလျှိုလျှို ပျောက်ကွယ်ကုန်၍ ၎င်းတို့အား သတိမပြုမိတော့ချေ။ ကျွန်ုပ်သည် ဘေးတစ်ဖက်တစ်ချက်တွင် ဈေးဆိုင်ငယ်လေးများ ရှိနေသည့် မှောင်ရိပျပျ စကြံလမ်းရှည်ကြီးတစ်လျှောက် လျှောက်လှမ်းလာခဲ့သည်။ ထိုစကြံလမ်းကို ခင်းထားသော ကျောက်တုံးလေးများမှာ လူတို့၏ ဖြတ်သန်းသွားလာမှုများကြောင့် ညီညာချောမွတ်နေကြကုန်၏။<br><br>စောင်းတန်းအမိုး၏ အဆုံးတစ်ဖက်တွင် ကျယ်ပြောသော ညနေခင်း ကောင်းကင်ကြီးက စောင့်ကြိုနေသည်။ ဒုတိယမြောက်ဖြစ်သည့် ပို၍ မတ်စောက်သော လှေကားထစ်များက ရွှေတိဂုံဘုရားသို့ တည့်တည့်မတ်မတ်ကြီး ဦးတည်လျက် တက်သွားသည်။ နောက်တွင် ကျန်ခဲ့သော လှေကားထစ်လမ်းမှာ မှောင်ရိပျပျရှိရာမှ ပိန်းပိတ်အောင် မှောင်လာသည်။ ယခုတွင်မူ ကျွန်ုပ် ရှေ့ဆက်မသွားနိုင်တော့။ အကြောင်းမှာ ကျွန်ုပ်၏ ရှေ့တည့်တည့်တွင် ကျောက်စာဖြင့် တန်ဆာဆင်ထားသည့် လှပသော ဗမာ့လက်ရာ မုခ်ခုံးကြီးတစ်ခုကို တွေ့လိုက်ရသောကြောင့် ဖြစ်သည်။ ရှေ့ဆက်သွားခဲ့ပါက သည်ထက်ပို၍ ကျေနပ်စရာ ကောင်းလောက်သော မြင်ကွင်းမျိုး တွေ့နိုင်တော့မည် မဟုတ်ဟု ကျွန်ုပ်မှာ ရှူးမိုက်စွာ လက်ခံယုံကြည်မိသောကြောင့်ပင်။ |

| ရင်းမြစ် | မူလရင်းမြစ် |
|---|---|
| ရင်းမြစ်ကို မည်သူ ဖန်တီးခဲ့သနည်း။ | စာရေးဆရာ ရတ်ဒ်ယက် ကစ်ပလင် |
| မည်သည့်အချိန်က ဖန်တီးခဲ့သနည်း။ | ၁၈၉၉ ခုနှစ် |
| မည်သူ့အတွက် ဖန်တီးခဲ့သနည်း။<br>(ရည်ရွယ်သူ ပရိသတ်မှာ အဘယ်နည်း)။ | ကိုလိုနီပြုခြင်းကို အားပေးသည့် ဗြိတိန် ပရိသတ်အတွက် ရင်းမြစ်ကို ဖန်တီးခဲ့သည်။ |
| ရင်းမြစ်၏ နောက်ခံ ရည်ရွယ်ချက်မှာ အဘယ်နည်း။ | ပေးစာတွင် သူ၏ ခရီးသွားအတွေ့အကြုံများကို လူများအား ပြောပြခဲ့သည်။ |

| ရင်းမြစ် | မူလရင်းမြစ် |
| --- | --- |
| ဤရင်းမြစ်ကို စိစစ်ခွဲခြားရာတွင် မည်သို့သော ဘက်လိုက်မှု၊ အတွေးအမြင် ရှုထောင့်တို့ကို ထည့်သွင်း စဉ်းစားရန် လိုအပ်သနည်း။ | • ရွှေတိဂုံဘုရားသို့ သွားရောက် လည်ပတ်ရန် အချိန်အလုံအလောက် မရှိသည့် ကြေးရတတ် အင်္ဂလိပ်ခရီးသည် တစ်ဦး၏ ရှုထောင့်မှ ရေးသားထားခြင်းဖြစ်သည်။<br>• ရွှေတိဂုံဘုရား၏ ဗိသုကာလက်ရာကို သမိုင်း အထောက်အထားအရ တိကျမှန်ကန်စွာ အားထုတ်၍ သရုပ်ဖော်ပြထားခြင်း မရှိပါ။<br>• ရွှေတိဂုံဘုရား၏ စကြံလမ်းများမှာ စိတ်မချမ်းသာဖွယ်ဖြစ်ကြောင်း၊ မသန့်စွမ်းများ၊ သူဖုန်းစားများ၊ မျက်မမြင်များနှင့် အနာကြီးရောဂါသည်များမှာ စကြံလမ်းကို စောင့်ကြပ်စဉ် တအီအီဖြင့် ညည်းတွားနေကြောင်း စသည်ဖြင့် တစ်ဖက်စွန်းရောက် ဖော်ကျူးထားသဖြင့် ဘက်လိုက်မှုများ ရှိနေသည်။ |
| ရင်းမြစ်သည် ခိုင်လုံမှု ရှိပါသလား။ အဘယ်ကြောင့် ခိုင်လုံသနည်း။ အဘယ်ကြောင့် မခိုင်လုံသနည်း။ | • စာရေးသူက မြန်မာနိုင်ငံ ဗြိတိသျှ ကိုလိုနီ လက်အောက်ခံအဖြစ် ကျရောက်နေစဉ် ၁၈၉၉ ခုနှစ်က ရွှေတိဂုံဘုရားရှိ စကြံများအကြောင်းကို ဖော်ပြထားခဲ့ခြင်း ဖြစ်သည်။ |

| ရင်းမြစ် | မူလရင်းမြစ် |
|---|---|
| | • စာရေးသူသည် သူမြင်ခဲ့သောအရာနှင့် ၎င်းအရာများက သူ့အား သက်ရောက်ခဲ့ပုံကိုသာ ပြောပြခဲ့သည့်အတွက် သူ၏ စာမှာ သူ၏ အမြင်တစ်ခုတည်းကိုသာ ဖော်ပြထားသည့် ပုဂ္ဂလဓိဋ္ဌာန်မှတ်တမ်းတစ်ခုသာ ဖြစ်သည်။<br>• ရင်းမြစ်အမျိုးမျိုးကို လေ့လာခြင်းဖြင့် ပိုမို၍ များပြားသော အတွေးအမြင် ရှုထောင့်များ ရရှိလာနိုင်ပြီး (ဘက်လိုက်မှု) များကို လျှော့ချပေးနိုင်သည်။ |

# နောက်ဆက်တွဲ (၂)။ သင်ခန်းစာ (၆.၁.၂) အတွက် မီဒီယာဆောင်းပါး

**နောက်ဆက်တွဲ လေးထောင့်ကွက် ၂.၁။ ဟင်ဒူစတန်နီ တိုင်း(မ်)ဆောင်းပါး၊ နယူးဒေလီ၊ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ (၅) ရက်နေ့**

**ကိန်းသီအိုရီ။ ယနေ့မှစ နောင်ဆယ်နှစ် အိန္ဒိယနိုင်ငံအား မြင်ယောင်ကြည့်ခြင်း**[၁၉]

*ပီရှိဒန် မိုဟာမက် ကာဝူးဆာ၊ အဘိရှက်ဂျာ နှင့် ဗီးနစ်တ် ဆက်ချ်ဒေ့ဗ်*

- ကမ္ဘာအနှံ့ဖြစ်ပွားခဲ့သည့် ကိုဗစ်–၁၉ ၏ အလွန်ကြီးမားသော နှောင့်ယှက်ဖျက်ဆီးမှုများကြောင့် ၂၀၂၀ ပြည့်နှစ် အချိန်ကာလအများစုမှာ ကာလတို စာရင်းအင်းများဖြစ်ကြသော နေ့စဉ်စစ်ဆေးမှုကိစ္စများ၊ ကိုဗစ်လူနာသစ်များ၊ စီးပွားရေး လုပ်ငန်းများ၏ အပတ်စဉ် လစဉ် အညွှန်းကိန်းများကိုသာ ခြေရာခံရင်း ကုန်ဆုံးခဲ့ရသည်။ နှစ်သစ်ကူး၏ အစသည် ယခုမှစ နောင်ဆယ်နှစ်အကြာ အိန္ဒိယ၏ ရေရှည်အခြေအနေကို ရှုမြင်ကြည့်ရန် အချိန်အခါသင့်သော ကာလဖြစ်ရာ ထိုသို့ရှုမြင်ကြည့်ခြင်းမှာလည်း ရေးကတည်းက အရေးပါခဲ့သလို နောင်တွင်လည်း ဆက်လက် အရေးပါနေဦးမည် ဖြစ်သည်။

*အိန္ဒိယနိုင်ငံသည် ကမ္ဘာတွင် လူဦးရေ အများဆုံးနိုင်ငံဖြစ်လာမည်။*

- ကမ္ဘာ့ဘဏ်၏ ခန့်မှန်းချက် အလားအလာအရ သက္ကရာဇ် ၂၀၂၃ ခုနှစ်တွင် အိန္ဒိယသည် လူဦးရေ ၁.၄၂ ဘီလျံ/ သန်း (၁၄၀၀)ကျော် ရှိလာမည်ဖြစ်ပြီး တရုတ်နိုင်ငံကို ကျော်၍ ကမ္ဘာ့လူဦးရေ အများဆုံးနိုင်ငံဖြစ်လာမည်။ ၂၀၁၁ ခုနှစ် သန်းခေါင်စာရင်းအရ အိန္ဒိယတွင် လူဦးရေ ၁.၂၁ ဘီလျံ/ သန်း (၁၂၀၀)ကျော်ရှိခဲ့ပြီး ၂၀၂၁ ခုနှစ်အတွက် သန်းခေါင်စာရင်းကောက်ခံမှုမှာမူ သတ်မှတ်ထားသော အချိန်အတွင်း ပြီးဆုံးနိုင်ခြင်း ရှိ/မရှိနှင့် စပ်လျဉ်း၍ ယနေ့တိုင် ရေရေရာရာ မသိရသေးပေ။

[၁၉] Kawoosa, V., Jha, A., & Sachdev, V. (2021).

အိန္ဒိယနိုင်ငံ၏ လူဦးရေမှာ အနည်းဆုံး ၂၀၄၈ ခုနှစ် မတိုင်မီအထိ ကျဆင်းဦးမည်မဟုတ်ဘဲ ထို့နောက်တွင်မှ နိုင်ငံ၏ လူဦးရေ အထွတ်အထိပ်အဖြစ် ၁.၆ ဘီလျံ/ သန်း (၁၆၀၀) ဝန်းကျင်သို့ ရောက်ရှိပြီးမှသာ စတင်ကျဆင်းလာမည် ဖြစ်သည်။ *ရာသီဥတု ကပ်ဘေးများ၏ အကျိုးဆက်များက အိန္ဒိယ၏ လက်ရှိ အခြေအနေများကို ခံစား ဖြစ်ပေါ်စေသည်။*

၂၀၂၀ ပြည့်နှစ် ကမ္ဘာ့သိပ္ပံဝန်ကြီးဌာန (MoES) မှ ထုတ်ဝေသော အိန္ဒိယနိုင်ငံ၏ ပထမဦးဆုံး ဥတုရာသီ ဖောက်ပြန်မှုဆိုင်ရာ စစ်ဆေးအကဲဖြတ်ချက်အရ ၂၀ ရာစု အလယ်ပိုင်းကတည်းက ကြုံတွေ့လာခဲ့ရသည့် နိုင်ငံ၏ ဥတုရာသီ ဖောက်ပြန်မှုများကို အနာဂတ်ကာလများတွင်လည်း ဆက်လက်ကြုံတွေ့ရနိုင်ကြောင်း မျှော်မှန်းထားရှိသည်ဟု သိရသည်။

ဥပမာအားဖြင့် ပျှမ်းမျှအပူချိန်များသည် စစ်ဆေးအကဲဖြတ်မှုအရ ၁၉၀၁ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း ၀.၇ ဒီဂရီဆဲလ်စီးယပ်ခန့် မြင့်တက်လာခဲ့သည်။ များမကြာသေးမီ အတိတ်ဖြစ်ရပ်များ (၁၉၇၆ –၂၀၀၅ ) နှင့် နှိုင်းယှဉ်ကြည့်ခြင်းအားဖြင့် အပူချိန် မြင့်မားလာမှုသည် ၂၁ ရာစု နှစ်အကုန် (၂၀၇၀–၂၀၉၉) တွင် ၄.၄ ဒီဂရီဆဲလ်စီးယပ်ခန့် တိုးလာမည်ဟု မျှော်မှန်းထားသည်။

နွေရာသီ (ဧပြီလမှ ဇွန်လထိ) အပူလှိုင်းကြိမ်နှုန်းများသည်လည်း (၃) ဆမှ (၄) ဆ အထိ တိုးလာမည်ဟု ခန့်မှန်းရသည်။ အစီရင်ခံစာအရ မုတ်သုံရာသီ မိုးရွာသွန်းမှု (မိုးရေချိန်) မှာလည်း ကျဆင်းလာပြီး ခြောက်သွေ့ကာလ ကြိမ်နှုန်းတိုးလာကာ စိုစွတ်ကာလ ကြိမ်နှုန်းများလည်း တိုးလာခဲ့သည်။

၂၀၁၈ ခုနှစ် ကမ္ဘာ့ဘဏ်အစီရင်ခံစာအရ တောင်အာရှ ဒေသအများစုသည် ရာသီဥတုအလွန်ပူပြင်း ခြောက်သွေ့သည့် နေရာဒေသများဖြစ်လာမည်ဖြစ်ပြီး သက္ကရာဇ် ၂၀၃၀ တွင် အပူချိန်နှင့် မိုးရွာသွန်းမှု အပြောင်းအလဲများကြောင့် လူတို့၏ လူနေမှု အဆင့်အတန်းများသည် ဆိုးရွားစွာ ထိခိုက်လာမည် ဖြစ်သည်။

# မှတ်စုများ

# မှတ်စုများ

# မှတ်စုများ

ယူနက်စကို မြန်မာစီမံကိန်းရုံး